၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၁၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက် ၊ ကြာသပတေး၊ (မေ ၂၄ ၊ ၂၀၁၂)



ဓာတ်ပုံ-ညီညီဇော်

# လျှပ်စစ်မီးရရှိရေး ဆန္ဒဖော်ထုတ်ပွဲများ ဆက်တိုက်ဖြစ်ပေါ်

**ညီညီဇော်၊ သန်းဌေး၊ အေးမြတ်သူ၊ သိမ့်သိမ့်စိုး၊ မျိုးမင်းဦး**

**ရန်ကုန်၊ မေ-၂၁**

ရန်ကုန်မြို့ အပါအဝင် နေရာအနှံ့တွင် လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် ပြီးခဲ့သည့် မေလဒုတိယပတ်အတွင်းကပင် ဆန္ဒဖော်ထုတ်မှုများ နေရာအချို့၌ ဖြစ်ပွားခဲ့သည်။ ယခု မေလ ၂၁ ရက်မှ မြို့ကြီးများတွင် အချိန်ပိုင်းမီးပေးစနစ် စတင်မည်ဖြစ်ပြီး မြို့ပြင်နှင့်ကျေးရွာများ၌ နေ့ပိုင်းလုံးဝမီးမပေးတော့ဆိုသည့် ကြေညာချက်ထွက်ပေါ်လာရာမှ ဆန္ဒဖော်ထုတ်မှုများ ယခုကဲ့သို့ ဆက်တိုက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စာ(၈)သို့

# သမ္မတဦးသိန်းစိန် ကျန်းမာရေး ကောင်းမွန်စွာဖြင့် အလုပ် ပုံမှန်လုပ်လျက်ရှိ

**အေးမြကျော်**

**ရန်ကုန်- မေ ၂၁**

ရန်ကုန်မြို့သို့ မေလ ၁၇ ရက်က ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ကျန်းမာရေး အခြေအနေနှင့်ပတ်သက်ပြီး သတင်းမျိုးစုံထွက်ပေါ်လာခဲ့ပြီး ယခုအခါ သမ္မတသည် မေလ ၂၀ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကာ ပုံမှန်အလုပ်များလုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတရုံးမှ သတင်းရရှိသည်။

"အဲဒီနေ့(မေလ၁၇ရက်)က ရန်ကုန်မှာ မိုးရွာတယ်။ သမ္မတကြီးက နေ့လယ်ပိုင်းမှာ အဲကွန်းဖွင့်ပြီးအိပ်လိုက်တာမှာ နည်းနည်းအအေးပတ်သွားတာပါ။ ဘာမှမဖြစ်ပါဘူး။ မနေ့(မေ ၂၀ရက်)က နေပြည်တော်ပြန်ရောက်ပြီး ပုံမှန်အစည်းအဝေးတွေ လုပ်နေပါပြီ" ဟု

စာ(၁၂)သို့

## ရှမ်းပြည်တပ်မတော်နှင့် ၁၁နာရီကျော်ကြာ ဆွေးနွေးအပြီး အချက်(၁၂)ချက် သဘောတူ

ဒုကာချုပ်ကိုယ်တိုင် ပထမဆုံးအကြိမ် ဝင်ရောက်ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲလည်းဖြစ်သည်

**သီဟ**

**ကျိုင်းတုံ၊မေ-၁၉**

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ရှမ်းပြည်တပ်မတော်(RCSS/SSA)နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ကျိုင်းတုံမြို့နယ်ရှိ ရွှေတြိဂံတိုင်းစစ်ဌာနချုပ်တွင် ဆွေးနွေးချိန် ၁၁ နာရီကျော်အကြာ ငြိမ်းချမ်းရေးဆွေးနွေးပြီးနောက်တွင် သဘောတူညီချက်(၁၂)ချက်ကို လက်မှတ်ရေးထိုး သဘောတူညီမှုရယူနိုင်ခဲ့သည်။

စာ(၁၂)သို့



## ရန်ကုန်လေဆိပ်တွင် စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ စတင်ရုပ်သိမ်း

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်တာဝန်ထမ်းဆောင်နေသော စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့(စရဖ)အား မေ၁၆ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"သမ္မတအမိန့်နဲ့ မထားတော့တာပါ။ ဒုရဲမှူးကြီးခေါင်းဆောင်တဲ့ အင်အား ၇၀လောက်ရှိတဲ့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့နဲ့ အစားထိုးလဲလှယ်လိုက်တာပါ" ဟု ရန်ကုန်လေဆိပ်တွင် တာဝန်ထမ်းဆောင်သော အမည်မဖော်လိုသူအရာရှိကြီးတစ်ဦးက ပြောသည်။

အဆိုပါ ဒုရဲမှူးကြီးတစ်ဦး ခေါင်းဆောင်သောအဖွဲ့အား ရန်ကုန်လေဆိပ်နှင့်နေပြည်တော်၊ မန္တလေးမြို့များတွင်ပါ ပြောင်းလဲတာဝန်ချထားလိုက်ကြောင်း သတင်းရရှိသည်။

"နိုင်ငံတကာ လေဆိပ်တွေမှာ စစ်တပ်မရှိရဘူးဆိုတဲ့ အချက်ရှိတဲ့အတွက် ဒါကိုပြင်ပေးလိုက်တာဖြစ်တယ်" ဟုပြည်ပအခြေစိုက်လေကြောင်းလိုင်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးကပြောသည်။

စာ(၁၂)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

## ကားသွင်းခွင့် မူဝါဒသစ်စတင်ပြီးတစ်ပတ်အတွင်း ကားအစီး ၄၀ တင်သွင်းခွင့်ပြု

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကားတင်သွင်းခွင့်မူဝါဒသစ်စတင်အသက်ဝင်ပြီး တစ်ပတ်အကြာ မေလ ၁၁ ရက်မှ မေလ ၁၆ ရက်အထိ မော်တော်ကားတင်သွင်းခွင့်လိုင်စင် ၄၀ချထားပေးလိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

"စဖွင့်တဲ့ ၁၁ ရက်က တစ်ဦးပဲ လာလျှောက်တယ်။ နောက်ပိုင်းမှ များလာတယ်။ မေလ ၁၆ ရက်ထိ လာလျှောက်တဲ့လူ ၄၀ စလုံးကိုလိုင်စင်ထုတ်ပေးလိုက်ပါတယ်။ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့အတွက်ပါ"ဟုစီးပွား/ကူးသန်းဝန်ကြီးဌာန နေပြည်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ဟံသာဝတီကားပွဲစားတန်းအတွင်းမှ ရောင်းရန်ပြသထားသည့် ကားများ
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လာရောက်လျှောက်ထားသူများထဲမှ သဘော်ာသားပါမစ် (သို့မဟုတ်)အလုပ်သမားပါမစ်ဖြင့် လျှောက်ထားခဲ့ပြီးသူများ ဟုတ်၊ မဟုတ် အမိကစစ်ဆေးပြီး အခြားသော အချက်အလက်များ ပြည့်စုံပါက နေ့ချင်းပြီး ထုတ်ပေးနေကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

သဘော်ာသား ပါမစ်နှင့် အလုပ်သမားပါမစ်ဖြင့် လျှောက်ထားခဲ့သူများအား ကားဝယ်ခွင့်လိုင်စင်များ ထပ်မံချထားမပေးတော့ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

ထို့အပြင် ဖွင့်ပေးခြင်းနှင့် လေလံဆွဲပေးခြင်းဝန်ဆောင်မှုပေးနေသော Farmer Auto ကားအရောင်းစင်တာသို့ လေလံဆွဲပေးရန်လာရောက် လျှောက်ထားသူ ယခုရက်ပိုင်းအတွင်း ၁၀၀ ဦးခန့်ရှိကြောင်း အဆိုပါကားအရောင်းပြခန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစိုးထွန်းကပြောသည်။

ပါမစ်မလိုဘဲ ကားတင်သွင်းခွင့်ပြုခဲ့ပြီး နောက်ပိုင်းမှစ၍ ဒေါ်လာဈေးမှာလည်း တဖြည်းဖြည်းတက်လာခဲ့ကာ ယခုရက်ပိုင်းတွင် တစ်ဒေါ်လာလျှင် ၈၃၀ ကျပ်ဝန်းကျင်ထိဈေးရောက်လာသည်။

ထို့အတူ ဘဏ်အကောင့်များ ဖွင့်ပေးနေသော ဘဏ်နှစ်ခုတွင်လည်း ယခုရက်ပိုင်းအတွင်း လာရောက်လျှောက်ထားသူများ ပြားနေဆဲဖြစ်ကြောင်းသတင်းရရှိသည်။

## ဘရာဇီးအေးခဲ ကြက်သား ပြည်တွင်းကြက်သားဈေးကွက်ကို ခြိမ်းခြောက်

**သန်းဌေး**

**ရန်ကုန်၊ မေ- ၁၅**

ဘရာဇီးနိုင်ငံမှ အေးခဲကြက်သားများ တင်သွင်းကာ ဈေးလျှော့ရောင်းချနေခြင်းမှာ တရားမဝင်ကြောင်း ရန်ကုန်တိုင်း အသားတိုးကြက်မွေးမြူထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှသိန်းကပြောသည်။

"ခွင့်ပြုချက်တောင်းထားတာမှန်ပေမယ့် တင်သွင်းခွင့်ပြု၊ မပြုမဆုံးဖြတ်ရသေးခင် ဘယ်လိုရောက်လာပြီး ရောင်းနေသလဲဆိုတာ မသိလိုက်ဘူး။ ဒါကြက်မွေးမြူသူလုပ်ငန်းတွေကို ထိခိုက်နစ်နာစေတယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်းမှ ကြက်အရှင်ခြံဖမ်းဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် နှစ်ဒေါ်လာနီးပါး ရှိနေချိန်တွင် ယခု အေးခဲကြက်သားမှာ တစ်ကီလိုဂရမ်လျှင်တစ်ဒေါ်လာခွဲနှင့်ရောင်းချနေပြီး ခွင့်ပြုချက်မရမီတရားမဝင်တင်သွင်းလာ ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမွေး မြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ပြည်တွင်းကြက်သားဈေးကွက်သို့ ရှေးဦးစွာ ဝင်ရောက်လာသည့် အဆိုပါ ဘရာဇီးမှ အေးခဲကြက်သားအကောင်ရေ တစ်သောင်းခုနစ်ထောင်မှာ ဈေးနှုန်းအလွန်သက်သာနေသည်။

"အာဆီယံလွတ်လပ်စွာကုန်သွယ်ခွင့်ရှိလာရင်တင်သွင်းကြတော့မှာပဲ၊ စားသုံးသူတွေက လက်ခံရင် ပြည်ပကအေးခဲကြက်သားဈေးကွက်ရလာမှာပြည်တွင်းကုမ္ပဏီတွေရောပုဂ္ဂလိကတွေကပါကန့်ကွက်စရာ အကြောင်းမရှိပါဘူး"ဟု ထိုင်းနိုင်ငံမှ အသားတိုးကြက်မျိုးတင်သွင်းကာ မွေးမြူရောင်းချနေသော မြန်မာစီပီ လိုက်ဖ်စတော့ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အချိန်မတိုင်မီ ဈေးကွက်တွင်ယှဉ်ပြိုင်နေရသောကြောင့် ၎င်းတို့လုပ်ငန်းကို အစမှ အဆုံးပြုပြင်ပြောင်းလဲရတော့မည်ဖြစ်ကြောင်း၎င်းကပြောသည်။

"မွေးမြူထုတ်လုပ်တဲ့ ခြံပုံစံကို ပြောင်းမယ်။ ထွက်လာတဲ့ အသားတွေကို စက်ရုံတွေထောင်ပြီး အေးခဲကြက်သားလုပ်တာရော ထုတ်ပိုးစနစ်ရော နိုင်ငံတကာစံချိန်မီ ပြောင်းလဲဖို့ပြင်ရတော့မယ်။ အခုချက်ချင်းတော့ မဖြစ်နိုင်သေးပေမယ့် ပြောင်းလဲချိန်က တစ်နှစ်၊ နှစ်နှစ်လောက်တော့ အချိန်ယူရဦးမယ်"ဟု ၎င်းကပြောသည်။



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# ကန်ထရိုက်များကို စည်ပင်ခွန်ကျပ်သိန်းတစ်ရာမှ ငါးရာအထိ တိုးမြှင့်လိုက်ခြင်းကြောင့် ကန်ထရိုက်များ အကျပ်ရိုက်

ဇာဇာနီ

ရန်ကုန်၊ မေ-၁၈

မြို့တော်စည်ပင်နယ်နိမိတ်တွင်းရှိ အဆောက်အအုံများဆောက်လုပ်ရန် မြို့တော်စည်ပင်ခွန်ကို ကျပ်သိန်းတစ်ရာမှ ကျပ်သိန်းငါးရာသို့ တိုးမြှင့်လိုသည့်အတွက် အသေးစားကန်ထရိုက်လုပ်သူများ၊ အခန်းပေးအခန်းယူစနစ်ဖြင့် လုပ်ကိုင်သော မြေရှင်နှင့် ကန်ထရိုက်များ အကျပ်ရိုက်နေကြကြောင်း ကန်ထရိုက်လုပ်ငန်းရှင်များက ပြောကြားသည်။

"စည်ပင်ခွန်က သိန်းငါးရာဆိုတော့ ကန်ထရိုက်တာကြီးတွေအတွက်တော့ ဘာမှမဖြစ်လောက်ပေမယ့်ရပ်ကွက်တွေထဲမှာဆောက်တဲ့ အသေးစား ကန်ထရိုက်တွေအဖို့တော့ အဲဒီလောက် သွင်းထားရမယ်ဆိုတော့ အချို့ကန်ထရိုက်လိုင်စင် ငှားလုပ်တဲ့သူတွေ လိုင်စင်ကြေး မြင့်လာလိမ့်မယ်" ဟု Three Friends ဆောက်လုပ်ရေးမှအုပ်ချုပ်သူဦးကိုကိုလေးက ပြောသည်။

မြို့တွင်းအဆောက်အအုံများကို ဆောက်လုပ်ရာ၌ ကန်ထရိုက်လုပ်သူများမှာ ကိုယ်ပိုင်ကန်ထရိုက်လိုင်စင်ဖြင့် လုပ်ကိုင်သူရှိသကဲ့သို့ ကန်ထရိုက်မဟုတ်ဘဲ လိုင်စင်ရကန်ထရိုက်ဆီမှလိုင်စင်ငှားရမ်း၍ လုပ်ကိုင်သူများလည်း ရှိကြောင်းနှင့် လက်ရှိကန်ထရိုက်အငှားလိုင်စင်ကြေးမှာ ကျပ်၁၂သိန်းခန့်ဖြင့် ငှားရမ်းရကြောင်း ဦးကိုကိုလေးက ပြောသည်။

"သိန်းငါးရာ ရင်းထားရတော့ ၁၂ သိန်းနဲ့တော့ လက်မှတ်ထိုးပေးနိုင်မှာ မဟုတ်ဘူး။ ပျမ်းမျှ တစ်ဝက်လောက်တော့ တက်လာနိုင်တယ်" ဟု တာမွေမြို့နယ်မှ ကန်ထရိုက်တစ်ဦးက 7 Day News သို့ ပြောသည်။

"အခုလည်း သုံးလတော့ အချိန်ပေးထားတယ်ဆိုတော့ သွင်းနိုင်လိမ့်မယ်တော့ထင်တယ်။ ဒါပေမဲ့လည်း ငွေက အသေဖြစ်တော့ မြေရှင်နဲ့ ကန်ထရိုက်နှစ်ဦးနှစ်ဖက် ဘယ်လိုလုပ်မလဲ။ အကျပ်ရိုက်နေကြတယ်" ဟု ကန်ထရိုက်တစ်ဦးက ထပ်မံပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆောက်အအုံစည်ပင်ခွန် တိုးမြှင့်ပြီးနောက် တိုက်ခန်းဈေးနှုန်းများ တက်ရန်မဖြစ်နိုင်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်းမှ ဦးမြတ်သူဝင်းကပြောသည်။

"အနှစ်နှစ်ဆယ် အတွေ့အကြုံအရ ပြောရရင်တော့ စည်ပင်ကြေး ငါးသိန်းကနေ သိန်းငါးဆယ်၊ အဲဒီကနေ သိန်းတစ်ရာ၊ အခုနောက်ဆုံး သိန်းငါးရာ တိုးလိုက်တယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် တိုးတုန်းကတော့ အခန်းဈေးတွေ သိသိသာသာ မြင့်လာတာမတွေ့ရဘူး။ ဘာတွေဒုက္ခဖြစ်လဲဆိုရင် ပေ ၂၅၊ ပေ ၃၀ ဆောက်ကြတဲ့ အခန်းပေး၊ အခန်းယူသမားတွေတော့ အကျပ်ရိုက်မှာပဲ" ဟု ပြောသည်။

## ဒီချုပ်အမတ်များကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အင်္ဂလိပ်စာသင်ပေးမည်

အောင်သူရ

ရန်ကုန်၊ မေ-၁၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်အမတ်များကို ဒေါ်အောင်ဆန်းစုကြည်က အင်္ဂလိပ်စာသင်ကြားပေးရန် စီစဉ်နေကြောင်းသတင်းရရှိသည်။

"ဒီအပတ်ထဲမှာ ရုံးချုပ်မှာ စာမေးပွဲဖြေရတယ်။ လွှတ်တော်သွားတက်တဲ့ အချိန်မှာ အားတဲ့အချိန်ကို အန်တီက သင်ပေးဖို့ စီစဉ်နေပါတယ်" ဟု လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဖြိုးမင်းသိန်းကပြောသည်။

အင်္ဂလိပ်စာအပြင် အခြားသော ဘာသာရပ်ဆိုင်ရာဗဟုသုတများကိုလည်း အချိန်အားလပ်သည့်အချိန်များ၌သင်ကြားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

ယခုလက်ရှိတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်နှင့် မရမ်းကုန်းမြို့နယ်ရုံးတို့တွင် အင်္ဂလိပ်စာသင်တန်းများပို့ချပေးလျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

CRIME မှုခင်း သတင်း CORNER

## မုံရွာတွင် ကြိုးဆွဲချ သေဆုံးမှုဖြစ်ပွား

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၁၆**

မုံရွာမြို့ ဒေါနခြံရပ်ကွက် သူနာပြုသင်တန်းကျောင်းမှ ဒုတိယနှစ်ကျောင်းသူတစ်ဦး အဆောင်တွင် ကြိုးဆွဲချ သေဆုံးမှုတစ်ရပ် မေလ ၁၅ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ ဒေါနခြံရပ်ကွက် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူတစ်ဦး ကြိုးဆွဲချသေဆုံး၍ မုံရွာပြည်သူ့ ဆေးရုံကြီးတွင် ရောက်ရှိနေကြောင်း သတင်းအရ မုံရွာမြို့ အမှတ်(၁) ရဲစခန်းမှ ဒုရဲအုပ်မြလွင်ဦးမှ မုံရွာပြည်သူ့ဆေးရုံကြီးသို့ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ မုံရွာသူနာပြုသင်တန်း(ဒုတိယနှစ်)ကျောင်းသူတစ်ဦးဖြစ်ပြီး လည်ပင်းညိုမည်းသည့်ကြိုးဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း သိရှိရသည်။ အခင်းဖြစ်ပွားသောမုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အ. ထ. က(၂)လမ်းရှိ "စိမ့်"အမျိုးသမီးအဆောင်သို့ သွားစုံစမ်းခဲ့ရာ မေလ ၁၅ရက် နေ့လယ် ၁၂နာရီအချိန် ခန့်က မနှင်းဝေသာသည် ဘော်ဒါဆောင်၏ အပေါ်ထပ် ခုနစ်ပေခန့်မြင့်သည့် ထုတ်တန်းတွင် ချည်ကြိုးဖြင့် ကြိုးဆွဲချနေသည်ကို သင်တန်းမှ ပြန်လာသူ သူနာပြုသင်တန်း(ပထမနှစ်)ကျောင်းသူက တွေ့ရှိခဲ့သဖြင့် သူနာပြုကျောင်းအုပ်ဆရာမကြီးထံအကြောင်းကြားပြီး ဆေးဝါးကုသရန်ကြိုးကိုဖြုတ်ကာ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း စုံစမ်းသိရှိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် ဒုရဲအုပ်မြလွင်ဦးမှ တရားလိုပြုလုပ်တိုင်ကြားခဲ့ကြောင်းသိရှိရသည်။

အဆိုပါ ကြိုးဆွဲချသေဆုံးမှုနှင့်ပတ်သက်၍ မုံရွာမြို့နယ်၊ အမှတ်(၁) ရဲတပ်ဖွဲ့စခန်း သေမှုသေခင်း အမှတ် (၈/၂၀၁၂)ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်းသုံးခန်းမှ အနှိပ်သမ ၂၀ကျော်ကို ဝင်ရောက်ဖမ်းဆီး

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ-၁၆**

နေပြည်တော် ပျဉ်းမနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက အလှပြင်ဆိုင်အမည်ခံ အနှိပ်ခန်းသုံးခန်းအား နာရီပိုင်းအတွင်း ဝင်ရောက်ဖမ်းဆီးရာမှ အနှိပ်သမ ၂၂ ဦးနှင့် ဆိုင်ရှင်ဖြစ်သူများကို ဖမ်းဆီးနိုင်ခဲ့သော ဖြစ်စဉ်တစ်ခု မေလ ၉ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များမှာ ယခုလ ၉ ရက် ည ၁၁နာရီ မိနစ် ၄၀ခန့်က နေပြည်တော် ပျဉ်းမနားတွင်အနှိပ်ခန်းအများဆုံး ရှိသည့်နေရာဖြစ်သော ပေါင်းလောင်းရပ်ကွက်အတွင်းသို့ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ပေါင်းလောင်း ၁ မေတ္တာလမ်းရှိ အလှပြင်ဆိုင်တွင်မှု မန်နေဂျာ ထွက်ပြေးသွားပြီး စားပွဲထိုးအမျိုးသားတစ်ဦးနှင့် အနှိပ်သမရှစ်ဦးကိုလည်းကောင်း၊ ပေါင်းလောင်း ၃ရပ်ကွက် ၁၆လမ်းရှိအလှပြင်ဆိုင် မန်နေဂျာ အမျိုးသားတစ်ဦးနှင့် အနှိပ်သမ အမျိုးသမီးငယ် ခုနစ်ဦးကိုလည်းကောင်း၊ ပေါင်းလောင်း ၁၅လမ်းအတွင်းရှိ အလှပြင်ဆိုင်သို့ ဝင်ရောက်ရှာဖွေစဉ် ဆိုင်ရှင်မန်နေဂျာ အမျိုးသမီးမှာ ထွက်ပြေးသွားပြီး အနှိပ်သမ အမျိုးသမီးငယ် ခုနစ်ဦးနှင့် မန်နေဂျာအမျိုးသမီးတို့အား ဝင်ရောက်ဖမ်းဆီးသည်။ ယင်းတို့အား နေပြည်တော် ပျဉ်းမနားရဲစခန်းက ပြစ်မှုပုဒ်မ ၁၈၈ တို့ဖြင့် အသီးသီး အမှုဖွင့်ထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

# လေယာဉ်မောင်းသင်တန်းကြေး ကျပ်သိန်း ၆၀၀ ကျော်

**ညီညီဇော်**

**မန္တလေး၊ မေ - ၁၈**

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ဖွင့်လှစ်သည့် လေယာဉ်မောင်းသင်တန်းကို တက်ရောက်လိုပါက မြန်မာငွေ ကျပ်သိန်း ၆၀၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်ဒေါ်လာ၈၀,၀၀၀ ခန့် ကုန်ကျမည့်အဆိုပါသင်တန်းကိုနယူးဇီလန်အခြေစိုက် GOLDEN WINGS Flight Training နှင့်မြန်မာနိုင်ငံရှိJENKO GROUP OF EDUCARE SERVICES တို့ အကျိုးတူပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ၁၄ ပတ်ကြာ သီအိုရီပိုင်းကို သင်ကြားရမည်ဖြစ်ပြီး နယူးဇီလန်နိုင်ငံတွင် ၁၈လကြာ လက်တွေ့ပိုင်းနှင့်သီအိုရီပိုင်းများ ဆက်လက်သင်ကြားရမည်ဖြစ်သည်ဟုJENKO GROUP OF EDUCARE SERVICES မှ မန်နေဂျင်းဒါရိုက်တာဒေါ်နီမြစီက ပြောသည်။

သင်တန်းပြီးဆုံးပါက နယူးဇီလန်တွင်ပင် စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက နယူးဇီလန်မြို့ပြလေကြောင်းဦးစီးဌာနမှ အသိအမှတ်ပြုလိုင်စင်ရရှိမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုပါက ပညာအရည်အချင်း ကန့်သတ်မှုမရှိကြောင်း၊ အင်္ဂလိပ်စာ နားလည် ရမည် ဖြစ် ကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်ဟု အဆိုပါသင်တန်းတွင် သင်ကြားပေးမည့် Chief Examiner CAPT. PETER OBERSCHNEIDER ကပြောသည်။

သင်တန်းတက်ရောက်ရန် လာရောက် စာရင်းပေးထားသူ ခုနစ်ဦးရှိပြီး ရန်ကုန်မြို့မှ အမျိုးသမီးတစ်ဦးအပါအဝင် ခြောက်ဦး၊ မန္တလေးမြို့မှ အမျိုးသားတစ်ဦး တို့ဖြစ်သည်ဟုဆိုသည်။ သင်တန်းတက်ရောက်ရန် လူငယ်အများစု စိတ်ဝင်စားကြသော်လည်း ကုန်ကျမည့် ကုန်ကျစရိတ်ကြောင့် နောက်ဆုတ်သွားကြသည်ဟု အဆိုပါ သင်တန်း မိတ်ဆက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် မန္တလေးမြို့ခံတစ်ဦးကပြောသည်။

# အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိရှိနှင့် ရင်းနှီးမြှုပ်နှံကြရန် ဟီလာရီကလင်တန် တိုက်တွန်း



ကန်နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဓာတ်ပုံ - Department of State

**အားမာန်**

**ရန်ကုန်၊ မေ-၁၈**

အမေရိကန်ကုမ္ပဏီများကိုမြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်၊ကုန်သွယ်ခွင့်၊ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၌ဝင်ရောက်လုပ်ကိုင်ခွင့်ပြုလိုက်ပြီးနောက် ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိရှိနှင့် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းလိုက်သည်။

"ဒီကနေ့(မေ-၁၇)မှာ အမေရိကန်စီးပွားရေးလုပ်ငန်းတွေ ကို ကျွန်မတို့ ပြောပါမယ်။ မြန်မာနိုင်ငံမှာ တာဝန်ယူမှုရှိရှိနဲ့ ရင်းနှီးမြှုပ်နှံကြပါလို့၊ အပြုသဘောဆောင်တဲ့ပြောင်းလဲမှုတွေရဲ့ကိုယ်စားလှယ်ဖြစ်ပါစေ။ပြီးတော့ ကော်ပိုရိတ်နိုင်ငံသားကောင်းလည်း ဖြစ်ကြပါစေ။

စာ(၁၂)သို့

**TRADEMARK CAUTION**

Prudential IP Services Limited a company incorporated in United Kingdom at Laurence Pountney Hill, London EC4R 0HH, United Kingdom is the Owner and Sole Proprietor of the following Trademarks:-

"A" PRUDENCE FOUNDATION (colour version)

"B" PRUDENCE FOUNDATION (black & white version)

**Reg:No.4/2514/2012**

**PRUDENCE FOUNDATION**

**Reg:No.4/2516/2012**

In respect of : Class 35 : "Accounting services; business management; real estate auctioneering services; maintenance of registers, management, maintenance and updating of shareholder records, company management for others, all being company registrar services; company secretarial services; data processing and data verification services; data storage and retrieval services; updating of information on a computer database; personnel management consultancy and administration services; payroll system consultancy and administration services; business management services relating to charitable services, education services, social welfare services, academic scholarship and community services; advertising; business management and organisation consultancy; business management assistance; advisory services for business management; business research."

Class 36 : "Insurance; assurance; financial services; unit trust services; real estate agency services, management, administration and valuation services; financing and procurement of financing; loan advice; loan procurement; capital administration services; property administration and advice; financial administration services; actuarial services; mortgage, banking, investment management, trustee and financial advisory services; nominee services; provision of finance; financing services for securing of funds; pension fund administration; services for the financing of home loans; valuation of chattels; deposit taking services; funds transfer services; brokerage agencies for insurance and credit; financial services relating to lotteries; offering securities and handling subscriptions relating thereto; credit sales; guarantees and sureties; accommodation agencies and agencies for the recovery of debts; financial reports; deposits, credits and savings societies; management of wealth; financial management consultancy and administration services; advice on finance during retirement; advice on finance for retirement; advice relating to investment during retirement; advice relating to investment for retirement; financial advisory services relating to retirement plans; financial management services relating to retirement homes; retirement payment services; financial analysis; financial forecasting; financial management; financial planning; financial portfolio management; financial research; charitable fund raising; management of charitable funds; provision of finance for education services, social welfare services, academic scholarship and community services; information and advisory services relating to the above services."

Class 41 : "Educational services; nursery schools; vocational guidance [education or training advice]; arranging and conducting of workshops [training]; organisation of competitions [education or entertainment]; organisation of sports competitions; lending libraries; publication of books; distribution [other than transportation] of video tapes; translation; entertainment; gymnastic instruction; animal training; modelling for artists; operating of lotteries; providing of training; sporting and cultural activities."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

24.May.2012

# ရန်ကုန်တက္ကသိုလ်နှင့် ကျောင်းသားသမဂ္ဂ ပြန်လည်တည်ဆောက်ရေး ဒေါက်တာဦးမြင့် အိတ်ဖွင့်ပေးစာထုတ်ပြန်

**အောင်သူရ**

**ရန်ကုန်၊**

**မေ - ၁၉**

သမ္မတဦးသိန်းစိန်၏ စီးပွားရေးအကြံပေးခေါင်းဆောင်ဒေါက်တာဦးမြင့်က ရန်ကုန်တက္ကသိုလ်နှင့် ကျောင်းသားသမဂ္ဂ ပြန်လည်တည်ဆောက်ရေးအတွက် အိတ်ဖွင့်ပေးစာတစ်စောင်အားပြည်သူသို့ မေလ ၁၉ ရက်က ထုတ်ပြန်လိုက်သည်။

အဆိုပါ အိတ်ဖွင့်ပေးစာတွင် "ရန်ကုန်တက္ကသိုလ်ကို ရောဝတီမြစ်ကြီးနဲ့ နှိုင်းယှဉ်ကြည့်နိုင်မယ်ထင်ပါတယ်။ ရောဝတီလိုပါပဲ။ ရန်ကုန်တက္ကသိုလ်ကို မြန်မာပြည်သူတစ်ရပ်လုံးကပိုင်ဆိုင်ပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ အမျိုးသားအမွေအနှစ်ပါ။ ရန်ကုန်တက္ကသိုလ်ကိုထိန်းသိမ်းရမယ်"ဟုရေးသားထားသည်။

ထို့အပြင် ကျောင်းသားသမဂ္ဂနှင့်ပတ်သက်၍ "ကျောင်းသားသမဂ္ဂကို ရန်ကုန်တက္ကသိုလ်ပရဝုဏ်ထဲပြန်လည်တည်ဆောက်တဲ့ကိစ္စဟာမြန်မာပြည်သူတစ်ရပ်လုံးရဲ့ကိစ္စပဲဖြစ်ဖို့ကျွန်တော်အဆိုပြုပါရစေ။ ကျောင်းသားသမဂ္ဂအဆောက်အအုံအသစ်ဟာ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ရဲ့ အထိမ်းအမှတ်ဖြစ်လာမှာပါပဲ" ဟုလည်းပါရှိသည်။



"နိုင်ငံကို တကယ်ပြုပြင်ပြောင်းလဲတော့မယ်ဆိုရင်ကျောင်းသားသမဂ္ဂပြန်လည်တည်ဆောက်ဖို့ ကျောင်းသားသမဂ္ဂတွေ ပေါ်ထွန်းလာဖို့ကိစ္စဟာ ကျောင်းသားသမဂ္ဂတွေကို အခြေပြုပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မယ်လို့မြင်တယ်။ ကျွန်တော်တို့သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကိုပြန်လည်ထိန်းသိမ်းဖို့ဆိုတာ အမျိုးသားရေးတာဝန်ဖြစ်တယ်"ဟု ၈၈ မျိုးဆက်သစ် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကပြောသည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ကျောင်းသားသမဂ္ဂအဆောက်အအုံအား ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ရက်တွင် အစိုးရက ဖျက်ဆီးပစ်ခဲ့သည်။

ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ကိုဆလိုင်းတင်မောင်ဦးကို ဦးသန့်အရေးအခင်းပြီး၁၉၇၃-၇၄ ၌ သေဒဏ်ပေးပြီးနောက်ပိုင်း ကျောင်းသားသမဂ္ဂက လှုပ်ရှားမှုကနည်းသွားတယ်။ ၁၉၈၈နောက်ပိုင်း တစ်ခါပြန်ပေါ်လာခဲ့သေးတယ်"ဟု ၈၈ မျိုးဆက်သစ်အဖွဲ့မှ ကိုကိုကြီး(စမ်းချောင်း)က ပြောသည်။

ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုဖြစ်ခဲ့ပြီး တစ်ချိန်က အရှေ့တောင်အာရှတွင် ထင်ရှားသော တက္ကသိုလ်ဖြစ်ခဲ့သည်။

"ဘယ်ကျောင်းက ထွက်လဲ အရေးကြီးတယ်။ ဟားဗတ်က ထွက်တာလား၊ ယေးလ်က ထွက်တာလား၊နာမည်က အရမ်းအရေးကြီးတယ်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ရယ်၊ရန်ကုန်စီးပွားရေးတက္ကသိုလ်ရယ်၊ ရန်ကုန်စက်မှုတက္ကသိုလ်ရယ်ကိုနိုင်ငံတကာမှာ အလုပ်လျှောက်ရင်အသိအမှတ်ပြုတယ်"ဟု ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်တွင် စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့လွန်ရခဲ့သူ ဒေါက်တာစိုးထွန်းကပြောသည်။

ဆက်လက်၍ ဒေါက်တာစိုးထွန်းက "ဒီမှာရှိတဲ့ တက္ကသိုလ်တွေက ဘွဲ့ရပြီး ဘာဖြစ်မလဲ မေးရင်မဖြေနိုင်ဘူးဖြစ်နေတယ်။ နိုင်ငံတကာက တက္ကသိုလ်တွေမှာ ဘွဲ့ရပြီးရင် ဘာလုပ်လို့ရတယ်ဆိုတာပါ ထည့်ရေးပေးလိုက်တာ။ ဒါကြောင့် တက္ကသိုလ်ကြီးကို အဆင့်မြှင့်တယ်ဆိုပြီး အဲကွန်းတပ်တာထက်စာရင် ဘွဲ့ရပြီး ဘာလုပ်လို့ရတယ်ဆိုတဲ့အနေအထား ဖြစ်အောင်လုပ်ဖို့က ပိုအရေးကြီးတယ်"ဟု ဒေါက်တာစိုးထွန်းက အကြံပြုသည်။

ရန်ကုန်တက္ကသိုလ် ယခင်အတိုင်း ဂုဏ်သိက္ခာပြန်ရှိရေးအတွက် လက်ရှိ ရန်ကုန်တက္ကသိုလ်က ဘယ်လို၊ ဘာဖြစ်နေတယ်ဆိုတာနှင့်အရင်အတိုင်းဂုဏ်သိက္ခာပြန်ရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းတစ်ရပ်ကို ပြောဆိုရေးသား တင်ပြကြရန် ဒေါက်တာဦးမြင့်က ပြောဆိုခဲ့သည်။





circle tech
Connecting Tomorrow
P-410
Android Phone
Network : GSM / WCDMA
Display : 4.1"
Resolution : 800 x 480(WVGA)
Capacitive touch
Memory : 512MB NAND + 512MB
Camera : F/R - 0.3M / 8.0M AF
Battery : Li-Ion 2000mAh
Wi-Fi
The world is calling ...
M-800
Network : GSM
Display : 2.6"
Resolution : 240 x 320 Pixels
Memory : 128MB NAND + 64MB
Camera : 3.0 M Pixels
Battery : 1280mAh
Java
• ထိုင်ဝမ်နိုင်ငံမှ ထုတ်လုပ်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ဖုန်းဖြစ်သည်။
• Hardware & Software ပိုင်းဆိုင်ရာ တစ်နှစ်အာမခံ *
• (၄၈)နာရီအတွင်းပြင်ဆင်လဲလှယ်ပေးသည့် After Sale Service*
• ဖုန်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးရန် Hotline
* ဤအချက်အလက်များနှင့်ပတ်သက်၍အသေးစိတ်ကို Customer Care Counter တွင် မေးမြန်းဆွေးနွေးနိုင်ပါသည်။
Junction Square : C 121/ 122, 1st Floor. Ph: 01 527242, (Ext: 2072)
HOTLINE: 09421015168
Comes from TAIWAN

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# မြေဈေးကြီးမြင့်မှုကြောင့် ရင်းနှီးမြှုပ်နှံသူများ နောက်ဆုတ်သွား

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ-၁၉**

ပြည်ပမှ ရင်းနှီးမြှုပ်နှံရန် လာရောက်လေ့လာသူများသည် မြေဈေးကြီးခြင်းကြောင့် လက်လျှော့ကာ ပြန်သွားနေရကြောင်း နိုင်ငံတော်သမ္မတအကြံပေးဒေါက်တာဦးမြင့်က ပြောကြားသည်။

"အဓိကစက်မှုဇုန် မြေဈေးတွေ ဈေးကြီးနေတာ"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။

ထိုကဲ့သို့ မြေဈေးကြီးရခြင်းမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများကဝယ်ရောင်းပြုလုပ်၍ ဈေးကစားနေခြင်းကြောင့်ဖြစ်ကြောင်းဒေါက်တာဦးမြင့်ကစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနရုံးတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ယင်းအခြေအနေကို နိုင်ငံတော်အစိုးရမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ပြီး ဈေးသက်သက်သာသာနှင့် ရရှိဖို့ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ အကယ်၍ မလုပ်ပါကပြည်ပရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်နိုင်မည် မဟုတ်ကြောင်း ဦးမြင့်ကဆိုသည်။

"လုပ်ငန်းလုပ်ဖို့က ဦးဆုံးမြေဝယ်ရတာနဲ့တင် အရင်းအနှီးက တော်တော်ကြီးနေပြီ။ လုပ်ငန်းလုပ်ဖို့က နောက်မှစဉ်းစားရတယ်"ဟု ပြည်တွင်းမှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ စက်မှုဇုန်များ၏ မြေဈေးသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာမြင့်မားနေသည်။

**စာ(၁၂)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဥရောပသမဂ္ဂက လူမှုရေးဆိုင်ရာ အကူအညီများ ပေးရန် စတင်ပြင်ဆင်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ- ၁၇**

ဥရောပသမဂ္ဂ(အီးယူ)က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု တစ်နှစ်ဆိုင်းငံ့ပြီးနောက် လူမှုရေး အကူအညီများ ပေးရန် စတင်ကမ်းလှမ်းလာကြောင်း (အိုင်အင်န်ဂျီအို)နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှသတင်း ရရှိသည်။

ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့သည် လူမှုရေးလုပ်ငန်းကြီးခေါင်းစဉ်သုံးခုကို ပြည်တွင်းရှိ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုများကို ထောက်ပံ့ပေးရန် အဆိုပြုလွှာများ စတင်တောင်းခံနေသည်။ ယင်းအဆိုပြုလွှာကို ဇွန်လ ၁၆ရက် နောက်ဆုံးထား ပေးပို့ရန်ကိုလည်း ကြေညာထားကြောင်း အိုင်အင်န်ဂျီအိုများတွင် လုပ်ကိုင်နေသူများကပြောသည်။

ကူညီထောက်ပံ့မည့်ခေါင်းစဉ်သုံးခုတွင် အသေးစား ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယူရို ငွေ ၇၅,၀၀၀ မှ ၅၀၀,၀၀၀အထိလည်းကောင်းဒေသဆိုင်ရာဖွံ့ဖြိုး ရေး ခေါင်းစဉ်အောက်တွင် ယူရို ၁၀,၀၀၀မှ၇၅,၀၀၀ကြားနှင့်ဥရောပသမဂ္ဂ(သို့မဟုတ်)မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် အထူးပြုလူမှုရေးလုပ်ငန်းတစ်ခုတည်း မဟုတ်သောအဖွဲ့ (Non State Actor)ကို ယူရို ၁၀၀,၀၀၀မှ ၉၀၀,၀၀၀ ထိ ပေးရန်ကမ်းလှမ်းထားကြောင်း သတင်းရရှိ သည်။

"လောလောဆယ်အဆိုပြုလွှာတွေတင်ဖို့လုပ်နေတယ်။ ၂၀၁၃ နှစ်ဦးပိုင်းလောက်ဆိုရင် လုပ်ငန်းစတင်နိုင်မယ်ထင်တယ်"ဟုပြည်တွင်း အင်န်ဂျီအိုအဖွဲ့တစ်ခုမှ ဦးဆောင်သူတစ်ဦးကဆိုသည်။

လက်ရှိပြည်တွင်း၌ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့အစည်း ၉ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း အိုင်အင်န်ဂျီအို ၅၃ ခု ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012



## ၂၀၁၂ မေ ၂၃မှ ၂၉ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံတောင်ပိုင်းကို ဝင်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းမှာ လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင် ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဆက် လက်ဝင်ရောက်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်(၁ပေမှ ၂ပေခန့်)ရှိနိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်(၃ ပေ မှ ၅ ပေ ခန့်) ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ မေလ(၁၁) ရက်မှ မေလ (၁၇) ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မိုးအများဆုံးရွာတဲ့ ဒေသတွေကတော့ မွန်ပြည်နယ်ဖြစ်ပြီး မိုးရေချိန် ၄-၆ လက်မအထိ ရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းတောင်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့မှာ ၂-၄ လက်မ နဲ့ ကျန်ဒေသများတို့မှာ ၀ ဒသမ ၈ လက်မမှ ၂ လက်မအထိ ရရှိခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့မှာ (၄)ရက်မှ (၅)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ (၃)ရက်မှ(၄)ရက်ခန့်၊ ကျန်ဒေသတွေမှာ (၁)ရက်မှ (၂)ရက်ခန့် နေရာကွက်ကျား ထစ်ချုန်းရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့် အခြေအနေများ ပိုမိုဖြစ်ထွန်းလာနိုင်ပါတယ်။ တစ်ပြည်လုံးမှာ (၄)ရက်မှ(၅)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့် အခြေအနေများကိုဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန် လိုအပ်ပါမည်။

**နေ့အပူချိန်များအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးတိမ်များဖြစ်ထွန်းမှု များပြားလာမှုကြောင့် အပူချိန်များ၏ အတက်အကျ ပိုမိုများပြားနိုင်ပြီး အလယ်ပိုင်းဒေသများတွင် 38 - 40 °C ခန့်၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ 32 - 36 °C ခန့်၊ ကျန်ဒေသများမှာ 24 - 28 °C ခန့်မှန်းရပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ရေအနည်းငယ် ပိုမိုမြင့်တက်လာနိုင်သော်လည်း ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကိုဆက်လက်ကြုံတွေ့နေဖွယ်ရာ ရှိနေပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့မရှိသေးဘူးလို့ခန့်မှန်းရပါတယ်။

**အရေးကြီးသောအခြေအနေ**

လာမယ့် ရက်သတ္တပတ်အတွင်း မုတ်သုံလေ ဝင်ရောက်ခြင်းနဲ့ အတူ မိုးတိမ်တောင်များရဲ့ အန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကိုကြုံတွေ့နိုင်ပြီး တစ်ခါတစ်ရံ လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။ မုတ်သုံလေဝင်ရောက်ပြီး ရက်သတ္တတစ်ပတ်ခန့်အကြာမှာ မိုးထစ်ချုန်းမှုတွေလျော့နည်းသွားပါလိမ့်မယ်။

**ဒေါက်တာထွန်းလွင်**

## မျက်နှာဖုံး-လျှပ်စစ်မီးရရှိရေး ဆန္ဒဖော်ထုတ်ပွဲများ ဆက်တိုက်ဖြစ်ပေါ် မှ

လျှပ်စစ်မီးများမှာ နယ်မြို့များတွင် ထုတ်ပြန်ကြေညာသည့် ၂၁ ရက်မတိုင်မီကပင် ဆိုးရွားစွာ ပြတ်တောက်နေခဲ့သည့်အတွက် နယ်မြို့များတွင် ပုံစံအမျိုးမျိုးဖြင့် ဆန္ဒဖော်ထုတ်မှုများရှိခဲ့သည်။

မန္တလေးမြို့တွင် လျှပ်စစ်မီးရရှိရေးအတွက် သောင်းဂဏန်းခန့်ရှိသော မြို့နေလူထုပါဝင်ခဲ့သည့် ဖယောင်းတိုင် ထွန်းညှိဆန္ဒဖော်ထုတ်ပွဲကို မေ ၂၀ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အလားတူ ပဲခူးတိုင်း အနောက်ခြမ်း ပြည်ခရိုင်၊ ပြည်မြို့တွင် မေ ၁၇ ရက်ညက မြို့တွင်းနေထိုင်သူများက မီးသံချောင်းများရိုက်ခေါက်သည့် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ပြည်မြို့ခံများထံမှ သိရသည်။

မန္တလေးမြို့တွင်ဖြစ်ပွားသည့် ဆန္ဒထုတ်ဖော်ပွဲ စတင်ချိန်မှ ၂ နာရီကျော်ခန့်အကြာတွင် သတင်းထောက်များအားမန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရသည်။

ရွှေလီဓာတ်အားလိုင်းမှ တာဝါတိုင်တစ်ခု မိုင်းထိ ပျက်စီးသွား၍ မန္တလေးမြို့အတွက် လျှပ်စစ်မီးရရှိမှု လျော့နည်းသွားခြင်းဖြစ်ပြီး ၎င်းတာဝါတိုင်ကို အနည်းဆုံး ၁၀ ရက် ဝန်းကျင်ဖြင့် ပြန်လည်ပြုပြင်မည်ဟု ဒေါက်တာမြင့်ကြူကပြောကြားသည်။

ဆန္ဒဖော်ထုတ်တောင်းဆိုမှုရှိသော်လည်း လျှပ်စစ်ဓာတ်အားပေးရန်မရှိသဖြင့် မပေးနိုင်ကြောင်းကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတိုင်းရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဒေါ် အေးအေးမင်းက အောက်ပါအတိုင်းရှင်းပြသည်။ "မရှိလို့ကို မပေးနိုင်တာပါ။ ရှိရဲ့သားနဲ့ မပေးတာ မဟုတ်ပါဘူး။ ပေးလို့ရတာနဲ့ အပြည့်အဝပေးမှာပါ"

ထို့ကြောင့် မန္တလေးမြို့တွင် လျှပ်စစ်မီးကို ယခင်အခြေအနေအတိုင်း တစ်ရက်လျှင် ခြောက်နာရီခြားတစ်ကြိမ် အစီအစဉ်ဖြင့် ဆက်လက်ပေးနေရဦးမည်ဖြစ်ကြောင်း ၎င်းကပင် ဆက်လက်ပြောသည်။

မန္တလေး ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်ခဲ့သည့် လူငယ်အမျိုးသားတစ်ဦးက "ရာသီဥတုက ပူရတဲ့အထဲ မီးကလာချင်တဲ့အချိန်လာ၊ ပျက်ချင်တဲ့ အချိန်ပျက်နေတော့ တော်တော်ကို ဒုက္ခရောက်နေလို့ ဆန္ဒထုတ်ဖော်တာပါ" ဟု ပြောသည်။

အထက်မြန်မာပြည်မြို့ကြီးတစ်မြို့ဖြစ်သော မုံရွာမြို့တွင်လည်း လျှပ်စစ်မီးပိုမိုရရှိရန် ပထမဆုံးအဖြစ် ယနေ့(မေ ၂၁ရက်) ညတွင် ဖယောင်းတိုင်ထွန်းကာ ဆန္ဒဖော်ထုတ်မှုတစ်ခုကို ပြုလုပ်လျက်ရှိသည်။ ည ၇ နာရီမိနစ် ၃၀ အချိန်တွင် မုံရွာ အားကစားကွင်းမြောက်ဘက်၊ ရုံးကြီးလမ်းပေါ်ရှိ တိုင်းလျှပ်စစ်ရုံးရှေ့တွင် လူ ၃၀ ကျော်စုဝေးကာ ဖယောင်းတိုင်မီးထွန်းညှိကာ လျှပ်စစ်မီးပိုမိုရရှိရန် ဆန္ဒဖော်ထုတ်ပြီး ထိုမှဗိုလ်ချုပ်လမ်းအတွင်း မြို့တော်ခန်းမရှေ့သို့လမ်းလျှောက်လာရာ ခန်းမရှေ့အရောက်တွင် လူ ၅၀ အထိရှိလာပြီး ထိုမှတစ်ဆင့် မြို့တွင်းသို့ ဆက်လက်ထွက်ခွာလာရာမြို့လယ်နာရီစင်အရောက် လူ ၁၀၀ ခန့်ရှိလာကြောင်းသတင်းရရှိသည်။ မုံရွာမြို့မှဆန္ဒဖော်ထုတ်နေသများသည် ယခုအချိန်အထိမြို့တွင်းတွင် လှည့်လည်နေပြီး ယင်းတို့ကိုမြို့ခံလူထုကလည်း ဆိုင်ကယ်များဖြင့်ဘေးမှ လိုက်ပါကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ဖယောင်းတိုင်ထွန်းဆန္ဒပြရန် စီစဉ်နေသည်ဆိုသည့် မကွေးတိုင်းအတွင်းမှ ဒေသခံဦးမောင်မောင်စိုးက "မကွေးမှာ သူတို့ဖြတ်ချင်တဲ့ အချိန်ဖြတ်၊ လာချင်တဲ့ အချိန်လာနဲ့ အလှည့်ကျလည်း မဟုတ်ဘူး။ လုပ်ငန်းရှင်၊ ဝန်ထမ်း၊ အရပ်သားဆိုတဲ့ အလှည့်ကျ မီးပေးတာလည်း မဟုတ်ဘူး။ အေ၊ ဘီ၊ စီ၊ ဒီ ဆိုပြီး အုပ်စုခွဲပေးတာမျိုးလည်း မဟုတ်ဘူး။ ဒါကြောင့် ကန့်ကွက်ပိန်းလုပ်ဖို့ တိုင်ပင်နေကြပြီ" ဟု ဆိုသည်။

ရန်ကုန်မြို့တွင်း လူနေရပ်ကွက်များကို ယခုလ ၂၁ ရက်မှစ၍ ယခင်ကဲ့သို့ပင် အုပ်စုသုံးအုပ်စုခွဲကာ တစ်အုပ်စုလျှင် ခြောက်နာရီ အလှည့်ကျ ဓာတ်အားဖြတ်တောက်မှုပြုလုပ်သွားမည်ဖြစ်ကာ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စက်မှုဇုန်အားလုံးကို ယနေ့မေ၁၉ ရက်မှစ၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြတ်တောက်သွားမည်ဖြစ်သည်။

ထို့အပြင်မြို့ပြင်နေရာများနှင့် ကျေးရွာများကိုမူ နေ့ပိုင်းတွင် မီးလုံးဝမပေးတော့ဘဲ ညနေ ၅ နာရီမှ နောက်နေ့နံနက် ၆ နာရီထိ ညပိုင်းအချိန်များတွင်သာ လျှပ်စစ်မီးပေးတော့မည်ဖြစ်သည်။

ယင်းကဲ့သို့မီးပေးဝေမှုလျော့ချခြင်းနှင့်ပတ်သက်၍ ယနေ့ ၁၉ ရက် နံနက် ၂ နာရီ ၄၇ မိနစ်က ရွှေလီဓာတ်အားပေးစက်ရုံမှဓာတ်အားပို့လွှတ်နေသော ၂၃၀ ကေဗီ ရွှေလီ-မန်စံဓာတ်အားလိုင်းသည် အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးမှုခံခဲ့ရခြင်းကြောင်း ဓာတ်အားပို့လွှတ်မှုရပ်ဆိုင်းသွားခဲ့ခြင်းကြောင့်ဖြစ်ကြောင်းရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က သတင်းထုတ်ပြန်သည်။

"ဒီနေ့ကစပြီး ပြင်ဆင်မှုတွေလုပ်ပြီး မနက်ဖြန် စပြင်မယ်။ ဒါပေမဲ့ လုံခြုံရေးအရ လိုအပ်တာထက်ပိုကြာနိုင်တယ်။ ဒီတော့ဘယ်တော့လောက်ပြီးမယ်ဆိုတာမခန့်မှန်းနိုင်တော့ပုံမှန် ဘယ်တော့လောက်ပြန်ပေးနိုင်မယ်ဆိုတာတော့ မခန့်မှန်းနိုင်သေးဘူး" ဟု ဦးမောင်မောင်လတ် ကပြောသည်။

ယင်းကဲ့သို့ လျှပ်စစ်ဖြတ်တောက်ရာတွင် ၂၄ နာရီလုံးလုံး ဓာတ်အားဖြတ်တောက်ခံရမည့် စက်မှုဇုန်များကလည်း ရက်အကန့်အသတ် အတိအကျကို မသိရှိရသည့်အတွက် ဝေဖန်သံများထွက်ပေါ်နေသည်။

"ဘယ်နေ့ လာမယ်လို့လည်းမပြောဘူး။ လျှပ်စစ်ရုံးကို မေးတော့လည်း အထက်က ပြောလို့ အခုလို ဖြတ်တာပါတဲ့။ အဓိကကတော့မီးမလာရင်ထုတ်လုပ်မှုစရိတ်ကြီးတော့ ထုတ်ကုန်ပိုင်းမှာ အခက်အခဲဖြစ်တယ်။ ကုန်ကြမ်းစရိတ်က ကြိုတွက်လို့ရတယ်။ အခုလိုသာ ဆက်ဖြစ်နေရင် ၂၀၁၅ မှာ အာဆီယံလွတ်လပ်ကုန်သွယ်ခွင့်မှာ အခွန်မဲ့နဲ့ဝင်လာမယ့်အချိန်ကျရင် ရေရှည်ကျရင် အဆင်မပြေဘူး" ဟု လှိုင်သာယာစက်မှုဇုန်တွင်းရှိအထည်ချုပ်လုပ်ငန်းမှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

တောင်ဥက္ကလာစက်မှုဇုန်တွင်းရှိ အထည်ချုပ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကလည်း "အခုလို မီးပြတ်တော့ ပိုက်ဆံတွေ မီးရှို့သလိုဖြစ်နေတယ်။ မီးမလာရင် ဘာမှ လုပ်လို့မရဘူး။ ကျွန်တော်တို့အနေနဲ့ မီးမလာတော့ ဆီနဲ့မောင်းနေရတာပေါ့။ ဒီတော့ ထုတ်ကုန်ပိုင်းမှာ အပြည့်အဝမရတော့ ထုတ်ကုန်တွေနည်းတာပေါ့။ ပုံမှန် မီးပေးရက်မှာ သူတို့က ငါးနာရီပဲ မီးပေးတာဆိုရင် ကျန်တဲ့အချိန်တွေ မီးစက်မောင်းရင် ခြောက်ဂါလန်ကနေ ဆယ်ဂါလန်အထိ မောင်းရတယ်။ အခုမလာဘူးဆိုတော့ လုပ်ငန်းတွေခဏရပ်ထားဖို့ပဲရှိတယ်။ ဆီဖိုးရဖို့အတွက် လုပ်ငန်းတွေမရပ်ဘဲ ဈေးတက်ရောင်းလို့လည်းမဖြစ်ဘူး" ဟုဆိုသည်။

လျှပ်စစ်မီးများက ယခုကဲ့သို့ ဖောက်ခွဲမှုကိစ္စ ကြေညာချက်မထွက်ခင်ကပင် နယ်မြို့များတွင် လျှပ်စစ်မီးများပြတ်တောက်လျက်ရှိနေသည့်အတွက် ၂၀၁၀ပြည့်နှစ် စက်တင်ဘာ ၁၁ ရက်က နေပြည်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအစည်းအဝေးတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပြောကြားချက်ကို ပြန်လည်ပြောဆိုမေးခွန်းထုတ်လျက်ရှိကြသည်။

"ကျွန်တော်တို့နိုင်ငံမှာ အခု မဂ္ဂါဝပ် ၁၅၀၀ ပေးတာတောင် ကုန်အောင် မသုံးနိုင်ဘူး။ အဲဒီတော့ ဘယ်သူက သုံးမှာလဲ။ သုံးစရာမရှိရင် Market ရဲ့ သဘောအရ ရောင်းစားရမှာပေါ့။ သုံးစရာမရှိရင် ရောင်းစားရမယ်" ဟု ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုလ ၂၁ ရက် ညပိုင်းတွင်လည်းမန္တလေးမြို့၌ ဒေသခံများ ထပ်မံစုဝေးကာဆန္ဒဖော်ထုတ်မှု လုပ်ရန် ပြင်ဆင်လျက်ရှိကြသည်။

**ဝမ်းနည်းကြေကွဲခြင်း**

7Day News ဂျာနယ်တွင် နိုင်ငံတကာသတင်းဘာသာပြန်တာဝန် ထမ်းဆောင်နေသော ကိုကျော်မျိုးဦး၏ မိခင်ဖြစ်သူ ဒေါ်စိန်တင် အသက်(၅၂)နှစ်သည် မေ (၁၈)ရက်၌ ကွယ်လွန်အနိစ္စရောက် သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

7Day News ဂျာနယ်မိသားစု

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

Life
7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# လိင်တူချစ်သူများနေ့

နေလင်းအောင်၊ သီဟ

**လူရယ်အချင်းချင်း ချစ်တတ်ကြလို့×××တို့လည်း အချစ်ရှိနေပါတယ် စဉ်းစားကာပြန်တွေးကြည့်ရင်××× လူလူချင်းမို့မမှားနိုင်ပါ×××လိင်တူချင်းချင်း ချစ်ကြတာ×××ဒါအဆိုးဝါးဆုံး အရာလား××××**



ကြားဖူးနေကျမဟုတ်သည့် သီချင်းစာသားနှင့် Pop ဆန်ဆန် သီချင်းသံက ခန်းမကျယ်ကြီးအတွင်း ဖုံးလွှမ်းထားသည်။ လူ ၅၀၀ ခန့်ဆံ့သည့်ခန်းမကျယ်ကြီးအတွင်း အတန်းလိုက်စီရီထားသည့် ခုံများပေါ်တွင် နေရာယူထားကြသူများ၌ အများစုက ညနေခင်း ပွဲတက်အဆင်တန်ဆာများ၊ မိတ်ကပ်၊ ဆံထုံး၊ အိုင်းရှဲဒိုးစသည်တို့နှင့် မှုန်နေအောင် ပြင်ဆင်ခြယ်သထားသည်။ ထို့အတူ ရှပ်အင်္ကျီပွပွ ဘိုကေဆံပင်ပုံစံနှင့် စတိုင်ကျကျ ဝတ်ဆင်ထားသည့် အချို့သူများလည်း ရှိသည်။

စင်စစ်တွင်မူ ယင်းတို့အားလုံးသည် မိမိကိုယ်ပိုင် လိင်စိတ်အား အခြားဆန့်ကျင်ဘက် လိင်စိတ်သို့ တိမ်းညွတ်ပြောင်းလဲလိုကြသူများ ဖြစ်သည်။ ရှင်းရှင်းဆိုလျှင် ပြင်ပအသိုင်းအဝိုင်းက မိန်းမလျာ(သို့မဟုတ်)ယောကျ်ားလျာဟုခေါ်ဝေါ် သတ်မှတ်ခံနေရသူများဖြစ်ပါ၏။

အခမ်းအနား၏ရှေ့ဆုံးတန်းဖြစ်သည့် ခုံတန်းတွင် အကျအနနေရာပေးထားသည့် အဘွားအိုအရွယ်အဖွဲ့တစ်ဖွဲ့လည်း ရှိနေသေးသည်။ တစ်ခန်းတည်းတွင် အသက် ၄၀ ကျော်မှ ၁၀၅ နှစ်စွန်းစွန်းအရွယ်များထိ ဖြစ်ပါသည်။ တကယ်တော့ သူတို့အားလုံးကလည်း မူလပင်ကိုက ယောကျ်ားစစ်စစ်အဖြစ် ရှိနေခဲ့သော်လည်း ၎င်းတို့အားလုံးက အမျိုးသမီး လိင်စိတ်ကို ကျေကျေနပ်နပ် ခံယူထားကြသူများဖြစ်သည်။



"အခု ဒီအရွယ်အထိ မိန်းမလိုနေရတဲ့ ဘဝကိုပဲ ကျေနပ်ပါတယ်။ ဒီနေ့မှာ ဒီလို အခမ်းအနားမျိုး ဖြစ်လာတာကို ပျော်လည်းပျော်ပါတယ်" နားမကြားတော့သည့်တိုင်အောင် မေးခွန်းမေးမြန်းနေသူများအား ဘေးလူအကူအညီဖြင့် ဖြေကြားရင်းက ယင်းဘဝကို ကျေနပ်စွာခံယူထားသည့် ဘဝတူများထဲတွင် အသက်အကြီးဆုံး သက်ရှိထင်ရှားရှိနေသူ အသက် ၁၀၅ နှစ်အရွယ် အမေကျော်ကဆိုသည်။ အမေကျော် ရည်ရွယ်ပြောဆိုသည့် ထိုနေ့အခမ်းအနားမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လိင်တူချစ်သူများအား ကြောက်ရွံ့မုန်းတီးသူများအပေါ် ကန့်ကွက်ဆန့်ကျင်ရေးနေ့ အခမ်းအနားဖြစ်သည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တစ်ခုလုံးတွင် ရှေးယခင်ကတည်းက၊ ရှောက်သီးဆေးပြားရောင်းချသူ၊ နတ်ကတော်အလုပ်ဖြင့်အသက်မွေးဝမ်းကျောင်း ပြုသူတို့မှာ ယခုထက်တိုင် ရှိနေဆဲဖြစ်သော်လည်း ဘဝပေးကုသိုလ်ကြောင့် ခွဲခြားနှိမ့်ချ ဆက်ဆံခြင်း၊ ရှုံ့ချအထင်သေးသည့် အလေ့အထများ ယနေ့ထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။


"ကျွန်တော်တို့ ဖြစ်နေတဲ့ စိတ်ကြောင့် ဘယ်လောက် ပညာတတ်တတ်၊ ဘယ်လောက်အသက်မွေးဝမ်းကျောင်းတွေရှိနေပါစေ။ အလုပ်မခန့်ကြဘူး။ အဖက်မလုပ်ချင်ဘူး။ ဒါက ခွဲခြားမှုတွေ ရှိနေတာပေါ့"ဟု ၎င်းတို့ ပတ်ဝန်းကျင်တွင်ကြုံတွေ့ရသည်နှင့်ပတ်သက်၍ အသက် ၂၅ နှစ်အရွယ် လိင်တူနှစ်သက်သူတစ်ဦးက ဆိုသည်။

စာ(၁၁)သို့





## ကင်းမွန်အချိုကြော်ချက်



ဒီတစ်ပတ်ဝိုက်ဖီက ဟင်းချိုချိုလေးချက်ထားပါတယ်။ ဆီပြန်ဟင်းမဟုတ်ဘဲ အချိုကြော်ချက်လေးလုပ်ထားတာပါ။

ကင်းမွန်အချိုကြော်ချက်ဟင်းလေးပဲဖြစ်ပါတယ်။ အဓိကလိုအပ်တာကတော့ လတ်ဆတ်တဲ့ ကင်းမွန်အကောင် ချောချောတွေပဲဖြစ်ပါတယ်။ ကြက်သွန်နီ၊ ခရမ်းချဉ်သီးနဲ့ ပန်းငရုတ်ပွ အနည်းငယ်ပဲ လိုပါတယ်။

ပထမဆုံးတော့ ထုံးစံအတိုင်း ကင်းမွန်ကို အပေါ်အရေကြည်လွှာတွေ ဖယ်ထုတ်ပြီး ရေနည်းနည်းနဲ့ ရေပူထိုးပြီးပြုတ်ပါမယ်။ ရေခြောက်သွားတာနဲ့ ချလိုက်ပြီးတော့ အကွင်းခပ်ပါးပါးလေး လှီးပေးပါမယ်။ ကြက်သွန်နီကို အလုံးလိုက် ခပ်ပါးပါးကွင်း၊ ခရမ်းချဉ်သီးနဲ့ ပန်းငရုတ်ကိုလည်း အလားတူ ခပ်ပါးပါးလေးတွေ ကွင်းလှီးထားပါမယ်။

ပထမဆုံးတော့ ပဲဆီအနည်းငယ်ထဲကို ကြက်သွန်နီ အကွင်းလေးတွေထည့်လိုက်ပါ။ ကြက်သွန်နည်းနည်းလေး နွမ်းသွားတဲ့အခါ ကင်းမွန်တွေထည့်ပြီး မွှေပေးပါ။ ကြက်သွန်ထဲကအချို ကင်းမွန်ထဲကိုဝင်သွားအောင်ပါ။ ကင်းမွန်က အငန်ကြောက်တာကြောင့် ဟင်းခတ်မှုန့် နည်းနည်းထည့်လိုက်ရင်ပဲ အပေါ့အငန်က မျှတသွားပါလိမ့်မယ်။ ပြီးရင် ငရုတ်ပွထည့်ပါ။ အားလုံးရောမွှေပြီး နွမ်းသွားလောက်ပြီဆိုတော့မှ ခရမ်းချဉ်သီးလေး ထည့်ချလို့ရပါပြီ။ ငရုတ်ကောင်းနံ့ မွှေးမွှေးလေးစားချင်တဲ့သူတွေကတော့ လှော်ထောင်းထားတဲ့ ငရုတ်ကောင်းလေး နည်းနည်းဖြူးလိုက်ရင်ပဲ အနံ့အရသာနဲ့ ပြည့်စုံတဲ့ ဟင်းတစ်ခွက်ရပါပြီ။

ဈေးဝယ်ထွက်မယ်

## ကျောင်းဖွင့်ချိန်အတွက် လိုအပ်တာလေးတွေ စုံလင်တဲ့နေရာ

အိဖြူလွင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)





မိုးရေစက်တွေနဲ့ စိုစွတ်လာတဲ့ ရာသီက မကြာခင်မှာ ကျောင်းဝင်းတံခါးဖွင့်ချိန်တွေ ရောက်လာတော့မယ်လို့ သတိပေးနေပါပြီ။

အဖြူအစိမ်းဆင်တူအင်္ကျီလေးတွေနဲ့ ကျောင်းတံခါးဆီကို ချီတက်ဖို့ ဟန်ပြင်နေကြတဲ့ မိမိတို့ရဲ့ ရင်သွေးတွေ လိုတာတွေ ဝယ်ပေးဖို့ အချိန်ကလည်း ရောက်လာပြီဖြစ်တဲ့အတွက် ဒီတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍမှာ ကျောင်းသုံးပစ္စည်းတွေ ရောင်းမယ့်ဆိုင်ကို လမ်းညွှန်ပေးလိုက်ပါတယ်။

ကျောင်းသုံးပစ္စည်းဆိုရာမှာလည်း အရုပ်ကြိုက်တဲ့ကလေးတွေအတွက် အဆင်ပြေစေမယ့် စာရေးကိရိယာတွေ ရနိုင်တဲ့နေရာလေး ဖြစ်ပါတယ်။

ဒီဆိုင်က ကျောင်းသုံးစာရေးကိရိယာပစ္စည်းတွေက နိုင်ငံစုံကလာတာဖြစ်ပြီး ကလေးကြိုက်ပုံစံအစုံရှိသလို ထိုင်းနိုင်ငံက ထုတ်လုပ်ပြီး Disney အမှတ်တံဆိပ်နဲ့ ပစ္စည်းတွေလည်း ရှိပါတယ်။

Disney တံဆိပ်နဲ့ စာရေးကိရိယာတွေက ခဲတံ၊ ခဲဖျက်လေးတွေကစလို့ ထမင်းဘူး၊ ရေဘူး၊ ထမင်းဘူးအိတ်၊ ဖိုင်တွေ စသဖြင့် မျိုးစုံရှိပါတယ်။ Disneyရဲ့ ကာတွန်းဇာတ်ကောင်ရုပ်လေးတွေနဲ့ ကလေးတို့အကြိုက်စာရေးကိရိယာလေးတွေက ဆိုင်ထဲကနေ ပစ္စည်းတစ်ခုမပါဘဲ ပြန်မထွက်နိုင်အောင် ဆွဲဆောင်မှာ သေချာပါတယ်။

အရောင်တောက်တောက် အရုပ်လေးတွေနဲ့ ဒီပစ္စည်းက ကလေးတို့တင်မဟုတ်ဘဲ မိဘတွေကပါ ဝယ်ပေးချင်စိတ်နဲ့အတူ သင့်တင့်တဲ့ဈေးနှုန်းတွေကြောင့် စိတ်ကျေနပ်မှုပေးနိုင်မှာပါ။

ကျောင်းသုံးဖို့အတွက်တော့ စာရေးကိရိယာတွေကနေစပြီး ထမင်းဘူး၊ ရေဘူးလို အသုံးအဆောင်ပစ္စည်းတွေအားလုံး အစုံအလင်ရနိုင်တဲ့နေရာကို ဈေးဝယ်ထွက် မယ်ဆိုရင်တော့ တော်ဝင်စင်တာ တတိယထပ်က Tab Book Centre ကို သွားကြည့်ဖို့တိုက်တွန်းလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.11 · MAY 24 , 2012

## အယ်ဒီတာ့ထံ ပေးစာ

### ကြိုဆိုပါတယ် . . . ကားဝယ်ယူခွင့်

ပါမစ်မလိုဘဲ ကားသွင်းနိုင်ပြီဆိုသော သမ္မတကြီး၏ စကားသည် သန့်ရှင်းသော အစိုးရ၊ မြင်သာထင်သာလုပ်သော လုပ်ငန်းရပ်၊ ကောင်းသော အစိုးရ၊ အင်္ဂါရပ်များနှင့်ညီညွတ်မျှတပါသည်။ လူအများစုမှ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါသည်။

ပါမစ်ဆိုသော ဝေါဟာရသည် ယခင်အခါများကပင် အခွင့်ထူးခံ လူတန်းစားတစ်ရပ်အတွက် လုပ်ပိုင်ခွင့်ပင်ဖြစ်ရာ ယခုကဲ့သို့ ပွင့်လင်းသော ထင်သာမြင်သာဖြစ်သော အများပြည်သူ အကျိုးကို တိုက်ရိုက်အခွင့်အရေးပေးသော မူဝါဒဖြစ်သည့်အတွက် လူသာစုခေါ် နတ်သာစုခေါ်သော ကိစ္စရပ်ဖြစ်ပါသည်။

ဤကဲ့သို့သော ကိစ္စကို မကြိုက်မနှစ်သက်သောသူများမှာ ကုန်သွယ်ခွင့်အား လက်ဝါးအုပ်၍မရတော့သဖြင့်သာဖြစ်ပေလိမ့်မည်။ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်း၍ တိုင်းပြည်အကျိုးစီးပွား၊ တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးမှုကို နှောင့်ယှက်နေသော ညွှန်ကြားချက်၊ ကန့်သတ်ချက်များ ဖယ်ရှားပြီး တရားမျှတစွာ ယှဉ်ပြိုင်သော ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုများ ဖြစ်မှသာ တစ်နိုင်ငံလုံးနှင့် ယှဉ်၍ တိုးတက်ကြီးပွားမည်ဖြစ်ပါသည်။ မိမိသည် စီးပွားရေးပညာရှင်မဟုတ်သော်လည်း စီးပွားရေးလုပ်ကိုင်သူများသည် ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းမှ တစ်ဦးနှင့် တစ်ဦး ကောင်းသော ယှဉ်ပြိုင်ခြင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားနိုင်ငံများနှင့်လည်း ပစ္စည်းအရည်အသွေး၊ ဈေးကွက်ရရှိမှုတို့ကို ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ သို့မှသာ အလျင်အမြန် တိုးတက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏ မည်သည့်ကဏ္ဍတွင်မဆို (Fair Play) မျှတမှု ရှိမှသာ ပြိုင်ဘက်ကောင်းနှင့် တွေ့ဆုံတိုးတက်နိုင်မည်ဖြစ်ပါသည်။ ယခုကားသွင်းခွင့်ကို သမ္မတကြီးက မျှတမှုပေးအပ်လိုက်ပါပြီ။ မကြိုက်နှစ်သက်သူများရှိက လူနည်းစုသာ ဖြစ်ပါလိမ့်မည်။

ကျန်အများစုကြီးကတော့ ကားစီးနိုင်သည်၊ မစီးနိုင် သည်မှာ အရေးမကြီး။ မျှတမှုကိုတစ်ခဲနက်အားပေးနေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်ခင်ဗျား။


Dr. မင်းနိုင်(တိ / ကုဆရာဝန်)











7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

## စာ-၉၊ လိုင်တူချစ်သူများနေ့ မှ

တစ်ကမ္ဘာလုံးတွင် ၎င်းတို့ကဲ့သို့ အုပ်စုများမှာ ယင်းသို့ခွဲခြားနှိမ့်ချ ဆက်ဆံမှုများအပြင် အသက်အန္တရာယ်ခြိမ်းခြောက်ခံရသော အခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလျက်ရှိသည်။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်ခြင်းကို မုန်းတီးသူတို့က ၎င်းတို့အပေါ် ရိုက်နှက်သတ်ဖြတ်မှုသည် ၂၀၀၈ မှ ၂၀၁၁ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် အမှုပေါင်း ၆၈၁မှု ရှိနေကြောင်း Transrespect Versus Transphobia Worldwide အဖွဲ့က သုတေသနပြုထားသည်။

မြန်မာနိုင်ငံတွင်မူ ယင်းသို့ ဝတ်စားဆင်ယင် နေထိုင်မှုကြောင့်ဆိုးရွားသောဘေးအန္တရာယ်ပြုမှုများ မရှိသော်လည်း ၎င်းတို့ကို ဖယ်ကြဉ်ထားမှုတော့ ရှိနေသည်ဟု အခမ်းအနားစီစဉ်သူတို့က ဆိုသည်။

"ကျွန်တော်တို့ နိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံဆိုတော့ နိုင်ငံတကာမှာလို ခဲနဲ့ပေါက်သတ်တာ၊ အကြမ်းဖက်ရိုက်နှက်တာမျိုးတွေတော့ မရှိဘူးပေါ့။ ဝဋ်နာကံနာလို့ သဘောထားတဲ့ အတွက် တစ်ဆင့်နှိမ့်ပြီး မြင်တာပဲရှိတယ်" ယင်းစကားက လိင်တူချစ်သူများ အခွင့်အရေးနှင့် ပတ်သက်၍ လှုပ်ရှားနေသူတစ်ဦး ဖြစ်သည့် ကိုပေါင်ပေါင်က ပြောခြင်းဖြစ်သည်။

စင်စစ်တွင်မူ လိင်တူကို စိတ်ဝင်စားသူများ ဆန့်ကျင်ဘက်လိင်ကဲ့သို့ နှစ်သက်စွာ ဝတ်စားသူများ မြန်မာ့လူမှုဝန်းကျင်တွင် ဝဋ်ကြွေးဟု သဘောထားကြပြီး ၎င်းတို့ကိုယ်တိုင်လည်း ယင်းအချက်ကို မလွန်ဆန်နိုင်ဘဲ ရှိနေကြောင်း ၎င်းတို့၏ ဘဝတူများကဆိုသည်။

"ဘယ်တတ်နိုင်မလဲဗျာ။ လူက ယောက်ျား၊ စိတ်က အဲလိုဖြစ်နေတာ။ ဘယ်လိုမှ ဖျောက်လို့မရဘူးလေ။ ကျွန်တော်တို့ရဲ့ ကံပေါ့။ တကယ်တော့ ကျွန်တော်တို့ စိတ်တွေက ယောက်ျားခန္ဓာကိုယ်ထဲမှာ နေရတဲ့ ဘဝမျိုး ဘယ်နေချင်ပါ့မလဲ"

"တချို့လည်းတတ်နိုင်သလောက် ပတ်ဝန်းကျင် မိသားစုကို ငဲ့ပြီး ကိုယ့်အဖြစ်အမှန်ကို ဖုံးကွယ်ချင်ကြတာပဲ။ ဒါပေမဲ့ အဲဒါမကောင်းပါဘူး။ စိတ်ဒဏ်ရာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတာတွေတောင်ဖြစ်ခဲ့ကြတာ"

"တကယ်တော့ ခုမြန်မာပြည်မှာ အပွင့်ထက် အပုန်းက ပိုများပါတယ်။ အလွှာစုံ အသိုင်းအဝိုင်းစုံမှာ အပုန်းတွေ(လူသိမခံလိုသူ)များပါတယ်။ အဲလိုလူတွေကျတော့ အိမ်ထောင်တွေဘာတွေကျတော့မှ ဗီဇကိုထုတ်ပြလိုက်တာမျိုးကျတော့ ပိုရှုပ်ကုန်တာပေါ့"

အထက်ပါ စကားစုများက ယင်းနေ့က တက်ရောက်လာကြသည့် နယ်ပယ်ပေါင်းစုံမှ ဆန့်ကျင်ဘက်လိင်စိတ်အတိုင်း နေထိုင်လျက်ရှိသူများ၏ စကားသံများဖြစ်သည်။

လေးနာရီခန့်ကြာမြင့်သည့် ပွဲအစီအစဉ်အတွင်း လိင်တူချစ်သူ အခွင့်အရေးလှုပ်ရှားသူများ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ဝတ်စားဆင်ယင် နေထိုင်သူများ ယင်းတို့အား ကူညီပေးသူများ၏ စာတမ်းများ၊ သီချင်းအစီအစဉ်များ နိုင်ငံတကာရှိလိင်တူချစ်သူအခွင့်အရေးများ၊ ခွဲခြားနှိမ့်ချဆက်ဆံခံနေရခြင်းတို့အပေါ် လူလူချင်း တန်းတူ ဆက်ဆံပေးရေးတို့အတွက် တောင်းဆိုသည့် ဖျော်ဖြေတင်ဆက်မှုများ၊ ပြဇာတ်များကို ပြုလုပ်ကြသည်။ တက်ရောက်သည့်ဧည့်သည်များတွင်ပြည်တွင်း အင်န်ဂျီအိုများမှ နိုင်ငံခြားသားဧည့်သည်များ၊ ၎င်းတို့ကို အားပေးကူညီသူများ ပြည်တွင်းပြည်ပမီဒီယာများနှင့် နယ်ပယ်ပေါင်းစုံမှ လိင်တူချင်းနှစ်သက်သူများ၊ Gay များ Lesbian များ တက်ရောက်သည်။

ယခင်က ရှောက်သီးဆေးပြားသည်၊ နတ်ကတော်အသိုင်းအဝိုင်း စသည်တို့တွင်သာ ရှိခဲ့သည့်၎င်းတို့သည်ယခုအခါအသိုင်းအဝိုင်းပေါင်းစုံ နယ်ပယ်ပေါင်းစုံတွင် ရောက်ရှိနေကြသည်။ အချို့ကကိုယ်ပိုင်စီးပွားရေးများ၊ကုမ္ပဏီများတွင် အဆင့်ရာထူးများနှင့် ဖြစ်နေကြသည်များလည်း ရှိသည်။ အထင်ပေါ်ဆုံးကပြည်တွင်းရှိ နာမည်ကြီး မျက်နှာဖုံး၊ အောင်မြင်ကျော်ကြားသူများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထိုနေ့က Video Clip တစ်ခုတွင် နိုင်ငံကျော် အလှဖန်တီးရှင် NGO ဝန်ထမ်း၊ ထိုင်းနိုင်ငံတွင် Gay အလှမယ်ဆု ရရှိထားသူများ နယ်ပယ်ပေါင်းစုံမှ လိင်တူချစ်သူ အခွင့်အရေး လှုပ်ရှားသူများ၏ စကားသံကို ထည့်သွင်း ရိုက်ကူးပြသခဲ့သည်။

"လိင်တူချင်း ချစ်တာဟာ ရောဂါမဟုတ်ပါဘူး။ လိင်တူချင်း ချစ်တဲ့သူတွေကိုမုန်းတီးခြင်းသည်သာ ရောဂါဖြစ်သည်"ဟူ၍ ဖြစ်သည်။

တစ်ကမ္ဘာလုံးရှိ Gay ၊ Lesbian စသည်တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က လိင်တူခြင်း ကြိုက်နှစ်သက်သူများကို ရောဂါသည်စာရင်းမှ ပယ်ဖျက်ပေးခဲ့ပြီး ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားနေထိုင်သူများကိုမူ လက်ရှိအချိန်အထိ စိတ်ရောဂါသည်များ စာရင်းတွင် ထားရှိဆဲဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ထုထည်နှင့် ရှိနေပြီဖြစ်သည့် ၎င်းတို့အုပ်စုဝင်များ အဓိက တောင်းဆိုကြသည်က တန်းတူဆက်ဆံပေးရေးပင်ဖြစ်သည်။ နိုင်ငံတကာတွင် တရားဝင်ဖော်ထုတ်ပြောဆိုကြသည့် အလေ့အထများ၊ အခွင့်အရေးကြိုးပမ်းမှုများ တစ်စတစ်စ ကူးစက်လာခြင်းသည် မြန်မာနိုင်ငံကဲ့သို့၊ ယဉ်ကျေးမှု အယူအဆနှင့် ဥပဒေများ ရှိနေသည့် နိုင်ငံမျိုးတွင် ၎င်းတို့ ကြိုးပမ်းမှုက မလွယ်ကူသော အခြေအနေပင်ဖြစ်သည်။

မည်သို့ဆိုစေ ယင်းတို့၏ စိတ်များ ပြောင်းလဲ၍ရနိုင်မည် မဟုတ်သကဲ့သို့ ၎င်းတို့အပေါ် ခွဲခြားရှုမြင်သည့် လူတို့၏ အမြင်ကလည်း ပြောင်းလဲရန် လွယ်ကူမည် မဟုတ်သော အခြေအနေ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက်အကြီးဆုံးစာရင်းဝင် လိင်စိတ်ပြောင်းနေသူ အမေကျော်ကမူ ၎င်းတို့၏ ဘဝနှင့် ပတ်သက်၍ ဆန္ဒရှိနေသည်က "အမေကတော့ ဒီလို ဘဝမျိုး မလိုချင်ဘူး။ အဲဒီတော့ ဘဝဆက်တိုင်း ဆက်တိုင်း အမျိုးသမီးဖြစ်ရပါစေလို့ပဲ ဆုတောင်းပါတယ်"ဟူ၍ဖြစ်သည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကောင်းဆိုးမမြင်

တရားမမြင်သူတွေဟာ အကောင်းကို အဆိုးထင်၊ အဆိုးကိုတော့ အကောင်းထင်ပြီး အကန်းလမ်းသွားသလို အလွဲလွဲအချော်ချော်ဖြစ်နေတတ်တယ်။ အမှန်ကို အမှားထင်ပြီး အမှားကို အမှန်ထင်တတ်တယ်။ ခါးသီးတဲ့ဒုက္ခကို ခံရချိန်မှာတော့ ပြုပြင်လို့မရလောက်အောင် နောက်ကျနေပါပြီ။ တရားမမြင်တဲ့အတွက် မမြဲတာကိုလည်း မြဲတယ်ထင်တယ်။ ဆင်းရဲကိုလည်း ချမ်းသာလို့မြင်တယ်။ အစိုးမရ မပိုင်တာကိုလည်း အစိုးတရ ပိုင်တယ်လို့ ထင်နေတာဟာ ပုထုဇဉ်တွေပါ။ တရားမသိ တရားမမြင်တဲ့ပုထုဇဉ်ရဲ့အဖြစ်ဟာ ကြောက်စရာပါ။ ကိုယ့်ဒုက္ခ ကိုယ်တောင်း ယူသလိုပါပဲ။ လူဆိုတာ လူ့သဘာဝ ဒီလိုပဲနေရမှာပေါ့၊ လူဆိုတာ လူ့အလုပ် လုပ်ရမှာပေါ့ဆိုပြီး တစ်သက်လုံး အမှားနဲ့ နေမိတတ်ကြတယ်။ အကုသိုလ်က အကျိုးပေးရင် ရှောင်လို့ လွှဲလို့မရပါဘူး။ လူဆိုတာ လူလောက်ပဲ ကျင့်နိုင်မှာပဲဆိုပြီးတော့ ပြုလုပ်နေခဲ့သမျှဟာ အမှားကို အမှန်လို့မြင်နေတာသာ များတယ်။

သစ္စာတရားဆိုတာ အမှန်ကိုမြင်တဲ့တရားဖြစ်တယ်။ တရားမမြင်အောင် ဖုံးကွယ်ထားတာက မသိမှုမောဟ အဝိဇ္ဇာဖြစ်တယ်။ အဝိဇ္ဇာ ဖုံးနေရင် အမှားကို အမှန်လို့ထင်မြင်သွားပါတော့တယ်။ အမှန်ကိုကျ တော့ အမှားထင်သွားတယ်။ မလုပ်သင့်တာကို လုပ်သင့်တယ်လို့ထင်ပြီး၊ လုပ်သင့်တာကိုကျတော့ မလုပ်သင့်ဘူးလို့ထင်သွားတယ်။ ဒုက္ခကိုလည်း သုခလို့ထင်တယ်။ သုခကိုကျတော့ ဒုက္ခလို့ထင်ပြန်တယ်။ အဲဒီလို အလွဲ အမှားအဝိဇ္ဇာဟာ တရားမသိသူတွေမှာ တင်းပြည့်ကျပ်ပြည့် ရှိနေကြတယ်။ ကိုယ်က ကောင်းတယ်ထင်ပြီး ပြုကျင့်ခဲ့တာဟာ မကောင်းတာ တွေ ဖြစ်နေတတ်ပါတယ်။ ကိုယ်က ကောင်းတယ်လို့ ခံယူကျင့်သုံးခဲ့တာတွေဟာ အမှားတွေ ဖြစ်နေတတ်ပါတယ်။ မြတ်ဗုဒ္ဓဘုရားရှင်က အကုသိုလ်ကိုမပြုနဲ့၊ ကုသိုလ်ကိုပြု၊ အဝိဇ္ဇာတွေကို လက်ခံမထားနဲ့၊ အဝိဇ္ဇာတွေကို ဖယ်ရှင်းပါလို့ ဆုံးမဟောကြားတော်မူတယ်။

ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ် မှာ'



## လိင်တူစိတ်ဝင်စားသူများနှင့် လိင်စိတ်ပြောင်းသူများအတွက် လွှင့်တင်ထားသည့် လူမှုဝက်ဘ်ဆိုက် အသင်းဝင်တစ်သိန်းကျော်ရှိ

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၁၆**

လိင်တူချင်း စိတ်ဝင်စားသူများနှင့် ဆန့်ကျင်ဘက်လိင်စိတ်ပြောင်းသူများအတွက် လွှင့်တင်ထားသည့် ပြည်တွင်းလူမှုဝက်ဘ်ဆိုက်တစ်ခုတွင် တစ်နိုင်ငံလုံးမှ အသင်းဝင်အရေအတွက်မှာ တစ်သိန်းကျော်ခန့် ရှိနေပြီဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ကို တာဝန်ယူဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ယင်းပမာဏသည် ပြည်တွင်းရှိ အောင်မြင်သော အခြားဝါသနာတူ Social Website များ၏ အသင်းဝင်ပမာဏထက် လွန်စွာများပြားလျက်ရှိပြီး ပြည်တွင်း အင်တာနက်သုံးစွဲသူအရေအတွက်နှင့်နှိုင်းယှဉ်ပါက လေးပုံတစ်ပုံခန့် ရှိနေပြီဖြစ်သည်။

လေးနှစ်ကျော် ကြာမြင့်နေပြီဖြစ်သည့် ယင်းဝက်ဘ်ဆိုက်အတွင်း အသင်းဝင်အရေအတွက်မှာ တဖြည်းဖြည်း များပြားလာပြီး ငါးနှစ်ပြည့်နီးပါးတွင် ယခုပမာဏသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း Myanmar LGBT Website ၏ ကိုယ်စားလှယ်တစ် ဦးဖြစ်သူ ကိုပေါင်ပေါင်က 7Day News သို့ပြောသည်။

"အဓိကကတော့ ဒီ Society မှာ ရှိနေတဲ့သူတွေထဲမှာ တော်တော်များများက သူတို့ဖြစ်နေတာကို ရင်ဖွင့်ရမယ့်သူမရှိဘူး။ အဲဒီတော့ ဆိုက်ထဲမှာဝင်ပြီး ဘဝတူအချင်းချင်း ဖွင့်ပြောတိုင်ပင်ဆွေးနွေးကြတာပေါ့။ နောက် ကိုယ့်ဆိုက်မှာ ကိုယ်ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိနိုင်တဲ့ အတွက်လည်း များလာတာပေါ့" ဟု ကိုပေါင်ပေါင်ကဆို သည်။

"နယ်ပယ်တိုင်း၊ အလွှာတိုင်းမှာ အဲလိုလူတွေ အများကြီးရှိတယ်။ တရားဝင်ထုတ်မပြောတဲ့သူတွေကိုတော့ ဒီနယ်ပယ်မှာ အပုန်းလို့ခေါ်တာပေါ့။ အဲဒီတော့ အပုန်းဆိုတာက ပိုများပါတယ်"ဟု ယင်းဝက်ဘ်ဆိုက်တွင် ဝင်ရောက်အသုံးပြုနေသူများနှင့်ပတ်သက်၍ ယခုကဲ့သို့ဆိုသည်။

သို့သော် ယင်းဝက်ဘ်ဆိုက်ကို အသင်းဝင်သူအားလုံးမှာ လိင်စိတ်ပြောင်းသူများမဟုတ်သော်လည်း အချို့မှာ ၎င်းတို့၏အသိုက်အဝန်းကိုလေ့လာလိုသူများလည်း ပါဝင်နေကြောင်းသိရသည်။

အဆိုပါဆိုက်သည် အဓိကအားဖြင့် လိင်တူချစ်သူများနှင့် ပတ်သက်သည့် အခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် သတင်းအချက်အလက်များ၊ ဆွေးနွေးမှုများကို ဖလှယ်သည့်ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး ဆိုက်အမည်မှာ Myanmar LGBT Society ဖြစ်သည်။

## သက်ကြီးရွယ်အိုစာရင်း စက်တင်ဘာ နောက်ပိုင်းတွင် ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၀**

တစ်နိုင်ငံလုံးတွင်ရှိသော သက်ကြီးရွယ်အို အရေအတွက်ကို ပထမဆုံးအကြိမ်ကောက်ယူထားသောစာရင်း ယခုနှစ် စက်တင်ဘာတွင် ပြီးစီးမည်ဖြစ်ကြောင်း နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ Tapan Kumar Barman က ပြောသည်။

သက်ကြီးရွယ်အို စာရင်းကို ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ အဖွဲ့၏ ဘဏ္ဍာရေးအကူအညီ နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်ပြီး မြန်မာလူမှုရေး သုတေသနကောက်ယူသည့် အဖွဲ့အား ငှားရမ်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိသက်ကြီးရွယ်အို အရေအတွက်ကို ကောက်ယူရာတွင် နယ်မြေအေးချမ်းမှု မရှိသေးသော ကချင်ပြည်နယ်မှ လွဲ၍ နေရာအနှံ့အပြားမှ သက်ကြီးရွယ်အိုစာရင်းကို ကောက်ယူထားခြင်းဖြစ်ပြီး၊ ကောက်ယူထားသောစာရင်းများ ပြီးစီးသော်လည်း ကွန်ပျူတာတွင် စာရင်းသွင်းခြင်းနှင့် စိစစ်ခြင်းတို့ကို ပြုလုပ်နေသောကြောင့် စက်တင်ဘာတွင် ပြီးစီးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ထို့ကြောင့် စက်တင်ဘာနောက်ပိုင်းတွင် နေပြည်တော်(သို့မဟုတ်)ရန်ကုန်မြို့တွင် အများပြည်သူကို ထုတ်ပြန်သည့် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကောက်ယူရရှိသော စာရင်းကို လူမှုဝန်ထမ်းဦးစီးဌာနအား ပေးအပ်မည်ဖြစ်ကြောင်း ထိုသို့ ကောက်ယူရရှိခြင်း မြန်မာနိုင်ငံတွင် အသစ်ရေးဆွဲမည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဥပဒေအား အထောက်အကူပြုရန် ကောက်ယူခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မြန်မာနိုင်ငံသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ပျမ်းမျှကောက်ယူထားသော စာရင်းများအရ သက်ကြီးရွယ်အိုဦးရေမှာ တစ်နိုင်ငံလုံး လူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိပြီး အသက်(၆၀)အထက် သက်ကြီးရွယ်အိုမှာ ၅ ဒသမ ၄၅ သန်းရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.11 · MAY 24 , 2012

## စာ-၄၊ အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိရှိနှင့် ရင်းနှီးမြှုပ်နှံကြရန် ဟီလာရီကလင်တန် တိုက်တွန်း မှ

အလုပ်တွေ၊အခွင့်အလမ်းတွေပေါ်ထွန်းလာအောင် အားလုံးလက်တွဲကြပါစို့။ ပြုပြင်ပြောင်းလဲရေးကိုအားပေးထောက်ခံကြပါစို့။ မြန်မာနိုင်ငံကို ကမ္ဘာ့စီးပွားရေးထဲကို ကူညီပြီး ဆွဲခေါ်လာနိုင်ဖို့၊ ကျယ်ပြန့်တဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတွန်းအားပေးဖို့၊ ဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲရေးကို ထောက်ခံအားပေးဖို့အတွက်အဲဒါတွေဟာအရေးကြီးပါတယ်”ဟုဟီလာရီကလင်တန်က ဝါရှင်တန်ဒီစီတွင် မေ ၁၇ ရက်က မြန်မာနိုင်ငံခြားရေး ဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့်အတူ ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မေလ ၁၇ ရက်မှာပင် အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများကို ဆိုင်းငံ့လိုက်ပြီး မြန်မာနိုင်ငံ၏ ကဏ္ဍမျိုးစုံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်၊ ကုန်သွယ်ခွင့်၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အိမ်ဖြူတော်ကသတင်းထုတ်ပြန်သည့်အပြင် ဟီလာရီကလင်တန်ကလည်း မြန်မာအပေါ် ပိတ်ဆို့အရေးယူမှု ဖြေလျှော့ခြင်းကို တရားဝင် ကြေညာခဲ့သည်။ အမေရိကန်က မြန်မာနိုင်ငံ အပေါ် ပိတ်ဆို့အရေးယူမှုများကို ၁၉၉၀ ဝန်းကျင်မှ စတင်ချမှတ်ပြီး ၂၀၀၃ ခုနှစ်တွင် အရေးယူပိတ်ဆို့မှုများကို တိုးမြှင့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် နောက်ပြန်လှည့်ခဲ့ပါက အရေးယူပိတ်ဆို့မှုအချို့ကို ပြန်လည်ပြဋ္ဌာန်းမည်ဖြစ်သည်။ ထို့အပြင် လွန်ခဲ့သည့် ၂၆ ရက်ကြာအကြာ ၂၀၁၂ ဧပြီ ၂၃ ရက်က ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို တစ်နှစ်ဆိုင်းငံ့ကြောင်း ကြေညာစဉ်က ပါဝင်သော ခြွင်းချက်ကဲ့သို့ပင် မြန်မာနိုင်ငံအပေါ် လက်နက်တင်ပို့ရောင်းချခြင်း ပိတ်ပင်ထားခြင်းကိုမူ ဆက်လက်ထားရှိသည်။

ပိတ်ဆို့မှုများကို ဖယ်ရှားပြီး မြန်မာနိုင်ငံတွင် အမေရိကန်ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်ရာတွင် စံနမူနာကောင်းများ ပြသနိုင်ရန် ကန်နိုင်ငံခြားရေးဝန်ကြီးက အလေးထားတိုက်တွန်းသည်။

“တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဖို့နဲ့ အလွဲသုံးစားမှုတွေကို တားမြစ်ဖို့ လုပ်ဆောင်သွားပါမယ်။ ပုဂ္ဂလိက ကဏ္ဍကို ရာနှုန်းပြည့် စီးပွားဖက်အဖြစ်နဲ့ ကျွန်မတို့ အခိုင်အမာ အားပေးပါတယ်။ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ စီးပွားရေးလုပ်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုတွေ ရှိခြင်းအားဖြင့် ကော်ပိုရိတ်စံနမူနာကောင်းတွေပြစေချင်ပါတယ်။ အမေရိကန်ကုမ္ပဏီကြီးတွေက လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် ဘယ်ပြဿနာကိုမဆို အစဉ်အမြဲရှောင်ရှားကြဖို့ ကျွန်မတို့မျှော်လင့်ပါတယ်”ဟုဟီလာရီကလင်တန်က တိုက်တွန်းသည်။ ဆက်လက်၍လည်း သူမက အောက်ပါအတိုင်း အမေရိကန်ကုမ္ပဏီများကို မြန်မာနိုင်ငံ၌ ဝင်ရောက်လုပ်ကိုင်ရာတွင်လုပ်ဆောင်သင့်သည်များကို မှာကြားသည်။ “မတရားမှုတွေ ရှိခဲ့ရင် ဒါတွေကို ဒေသန္တရ လူ့အဖွဲ့အစည်းဆီအထိ ပေါက်စေဖို့၊ အလုပ်သမားတွေကိုသင့်တင့်လျောက်ပတ်စွာ ဆက်ဆံကြောင်းပြသဖို့ သဘာဝပတ်ဝန်းကျင်ကို အလေးထားဖို့၊ ကော်ပိုရိတ်နိုင်ငံသားကောင်း တစ်ယောက်ဖြစ်ဖို့၊ လူအများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် မျှတတဲ့၊ ရေရှည်ခံတဲ့ ဖွံ့ဖြိုးရေးတွေကို အားပေးဖို့ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခြေအနေတွေ ဖန်တီးပေးမယ်လို့လည်း မျှော်လင့်ပါတယ်”

အမေရိကန်အစိုးရက ကန်ကုမ္ပဏီများကို မြန်မာနိုင်ငံ၏ ကဏ္ဍတိုင်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံခွင့် ပြုလိုက်ခြင်းဖြစ်ပြီး မြန်မာကုမ္ပဏီများ၊ လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လိုပါကလည်း လွတ်လပ်စွာ ရွေးချယ်ခွင့်ပြုလိုက်သည်။

အမေရိကန်က မြန်မာအပေါ် စီးပွားရေးအရ အရေးယူမှုများကို ဆိုင်းငံ့လိုက်သော်လည်း မြန်မာနိုင်ငံတွင် ကာလတိုအတွင်း အမေရိကန်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် မဖြစ်နိုင်သေးကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက လက်ရှိပြည်တွင်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေများ အစဉ်သင့်မဖြစ်သေးခြင်း၊ အခြေခံအဆောက်အအုံများ ရှိနေသေးခြင်းစသည်တို့ကြောင့်လာရောက်လေ့လာခြင်း၊ အချက်အလက် စုဆောင်းခြင်းများ လုပ်မည်ဖြစ်သော်လည်းလတ်တလောလာရောက်ရင်းနှီးမြှုပ်နှံမည်မဟုတ်သေးကြောင်း ဒေါက်တာမောင်မောင်လေးက သူ၏အမြင်ကို ပြောသည်။

“ကြိုးနီစနစ်ကို ဖျက်ပေးရမယ်။ အနီရောင်ကောဇောကို ခင်းထားပေးရမယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ လုပ်ခွင့်ကိုင်ခွင့်သာအောင် လုပ်ပေးဖို့ လိုသေးတယ်။ သူတို့က လုပ်ခွင့်ကိုင်ခွင့်သာမှလာမှာ”ဟု ၎င်းက ဆက်ပြောသည်။

အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ တင်းကျပ်စွာ ချမှတ်ထားစဉ်ကာလမှာပင် အမေရိကန်ကုမ္ပဏီအချို့မှာ မြန်မာနိုင်ငံတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားခဲ့ကြသည်။ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေများ လေ့လာရန် အမေရိကန်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ မေလ တတိယအပတ်တွင် ၄ ရက်ကြာ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

“လူတွေက အမေရိကန်ကုမ္ပဏီတွေကိုကြည့်ပြီး အလုပ်သမားတွေကို ဒီလို ဆက်ဆံသင့်တယ်၊ သဘာဝပတ်ဝန်းကျင်ကို ဒီလိုအလေးထားဆက်ဆံသင့်တယ်၊ ဆိုးရွားတဲ့ဖောက်သည်တွေလိုမဆက်ဆံသင့်ဘူး၊ နိုင်ငံပိုင် စီးပွားလုပ်ငန်းပဲဖြစ်ဖြစ်၊ လွတ်လပ်တဲ့ပုဂ္ဂလိကလုပ်ငန်းပဲဖြစ်ဖြစ် စီးပွားရေးကို လေးလေးစားစား တာဝန်သိသိနဲ့ လုပ်ကိုင်သင့်တယ်လို့မြင်လာစေချင်တယ်”ဟုဟီလာရီကလင်တန်ကပြောသည်။

ဟီလာရီကလင်တန် ၂၀၁၁ နှစ်ကုန်ပိုင်းက သမိုင်းဝင်ခရီး မြန်မာနိုင်ငံသို့ လာရောက်စဉ် လူများကိုဆက်ဆံရာတွင် နာမည်ကောင်းမရှိသော ကုမ္ပဏီများအတွက် အခြေခံလိုက်နာသင့်သည်များကိုပင် မလိုက်နာသော ကုမ္ပဏီအချို့ အကြောင်းကြားခဲ့ရကြောင်းလည်း သူမက ပြောသည်။

## မျက်နှာဖုံး-ရှမ်းပြည်တပ်မတော်နှင့် (၁၁) နာရီကျော်ကြာ ဆွေးနွေးအပြီး အချက်(၁၂) ချက် သဘောတူ မှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ် ဦးဆောင်သည့်RCSS/SSAအဖွဲ့တို့သည် ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲအား ကျိုင်းတုံမြို့ရှိ ရွှေတြိဂံတိုင်းစစ်ဌာနချုပ်တွင် ယနေ့ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သဘောတူလက်မှတ်ရေးထိုးခဲ့သည့် အချက် ၁၂ချက်မှာ မူးယစ်ဆေးဝါး ပူးတွဲနှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်၊ RCSS/SSA အဖွဲ့ဝင်များအား နေရာချထားရေးနှင့်ပတ်သက်၍သဘောတူညီချက်၊RCSS/SSA အဖွဲ့ဝင်များနှင့်၎င်းတို့၏မိသားစုများ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် သဘောတူညီချက်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လွတ်လပ်စွာထိန်းသိမ်းပျိုးထောင်ရာတွင် ပံ့ပိုးကူညီရန် အစရှိသည့် လူမှုရေးစီးပွားရေးဆိုင်ရာ သဘောတူညီချက်များဖြစ်ကြသည်။

RCSS/SSA အဖွဲ့မှပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့သို့ မူးယစ်ဆေးဝါးပူးပေါင်းနှိမ်နင်းရေး စီမံချက်အပါအဝင် တင်ပြဆွေးနွေးချက်(၂၆) ချက်အား တင်ပြဆွေးနွေးခဲ့ခြင်းဖြစ်သည်။ RCSS/SSA အဖွဲ့နှင့်ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့၏ ယနေ့တွေ့ဆုံခြင်းသည် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ဇန်နဝါရီလ ၁၆ ရက်ကလည်း တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံးတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီးကြောင်း သိရသည်။

## စာ-၇၊ မြေဈေးကြီးမြင့်မှုကြောင့် ရင်းနှီးမြှုပ်နှံသူများ နောက်ဆုတ်သွား မှ

အိမ်နီးချင်းနိုင်ငံအချို့၏ စက်မှုဇုန်များတွင် မြေတစ်ဧကသည် ကန်ဒေါ်လာ ၂၀၀၀၀(ကျပ်ငွေသိန်း ၁၆၀ကျော်)သာရှိသည်။ မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးမှု အားကောင်းသည့် လှိုင်သာယာစက်မှုဇုန်တွင်ပင် တစ်ဧကလျှင် ကျပ်သိန်း ၂,၀၀၀ ကျော်ရှိသည်၊ အခြားသော စက်မှုဇုန်များတွင် အနည်းဆုံး ကျပ်သိန်း ၆၀၀ ဝန်းကျင်ထိရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ စုံစမ်းသိရ သည်။

နိုင်ငံတော်သမ္မတကြီးက ဂျပန်နိုင်ငံသို့သွားရောက်စဉ် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။ ယင်းသတင်းများ ထွက်ပေါ်လာပြီးနောက် သီလဝါစက်မှုဇုန်တွင် အရောင်းအဝယ်များ ပြန်လှုပ်လာသည်။

တိုင်းဒေသကြီးအစိုးရများက စက်မှုဇုန်များတွင် မြေကွက်များကို ခြောက်လအတွင်း အုတ်တံတိုင်းခတ်ပြီး တစ်နှစ်အတွင်း အဆောက်အအုံဆောက်ရန် ကြေညာခဲ့သည်။ ထို့နောက် စက်မှုဇုန်များတွင် အရောင်းအဝယ်များ အေးသွားသည်။ မြေတစ်ကွက်၏ တန်ဖိုးများလည်း ၃၀ ရာခိုင်နှုန်းဝန်းကျင်ခန့် ကျသွားကြောင်း အကျိုးဆောင်များကဆိုသည်။ နိုင်ငံရေးအပြောင်းအလဲများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဟု မျှော်လင့်ချက်ဖြင့် စက်မှုဇုန်များတွင် ငွေရှိသူများသည် မြေကွက်များ ဝယ်ထားကြသည်။ ယင်းသို့ဝယ်ယူမှုများများလာခြင်းကြောင့် ၂၀၀၈ ခုနှစ်က ကျပ်သိန်း ၁၀၀၀ မှ ၁၅၀၀ကြားရှိသည့် စက်မှုဇုန် မြေကွက်များမှ သိန်း ၃၀၀၀ နီးပါးထိ ဈေးတက်သွားကြောင်းကိုလည်း သိရသည်။

## မျက်နှာဖုံး-ရန်ကုန်လေဆိပ်တွင် စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ စတင်ရုပ်သိမ်း မှ

သို့သော် လေဆိပ်တွင် ထောက်လှမ်းရေးအဖွဲ့အစည်းများဖြစ်သော အထူးသတင်းတပ်ဖွဲ့(SB)နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(စစ)များကို-မူဆက်လက်ထားရှိကြောင်း သတင်းရရှိသည်။ “အဓိက စာအုပ်ရယ် စာရွက်စာတမ်းတွေကို မယူလာရဲကြဘူး။ အရက်ပုလင်းတို့ ဆေးဝါးတို့လည်း စစ်ဆေးတယ်”ဟု ပြည်ပနိုင်ငံများသို့ မကြာခဏသွားရောက်လေ့ရှိသူ NGOမှ ဝန်ထမ်းတစ်ဦးကပြောသည်။ စရဖအဖွဲ့များသည် လေဆိပ်တစ်ခုလုံး၏ လုံခြုံရေးတာဝန်ကိုယူထားသော ဩဇာရှိသောအဖွဲ့အစည်းဖြစ်သည်။ ရန်ကုန်လေဆိပ်တွင် စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့ကို ထောက်လှမ်းရေးအဖွဲ့အပြောင်းအလဲလုပ်ပြီး ၂၀၀၄နှစ်ကုန်တွင် စတင်ထားရှိခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး-သမ္မတဦးသိန်းစိန် ကျန်းမာရေးကောင်းမွန်စွာဖြင့် အလုပ်ပုံမှန်လုပ်လျက်ရှိ မှ

နိုင်ငံတော်သမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတဦးသိန်းစိန်သည် မေလ၁၇ရက်ကနေပြည်တော်မှရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေစဉ် အအေးမိကာဖျားခဲ့ခြင်းသာ ဖြစ်ပြီး သမ္မတ၏ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ သတင်းစကားမျိုးစုံ ထွက်ပေါ်လာခဲ့ပြီး မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သော ဖေ့စ်ဘွတ်ခ်စာမျက်နှာများ၌စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ရေးသားကြသလို အမြန် နေကောင်းစေကြောင်း ဆုတောင်းစကားများ ပြောကြားကြသည်ကိုလည်း တွေ့ရသည်။

နိုင်ငံ့ခေါင်းဆောင် တစ်ဦး၏ကျန်းမာရေးကိုစိုးရိမ်ပူပန်ကာ ဆုတောင်းစကားများ ထုတ်ဖော်ရေးသားကြသည်မှာ သမိုင်းတွင် ပထမဆုံးဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောဆိုနေကြသည်။

ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်း၏ ကမ္ဘာ့ဩဇာလွှမ်းမိုးမှု အရှိဆုံး လူသား ၁၀၀ စာရင်းတွင် ပါဝင်ခဲ့စဉ်က သမ္မတဦးသိန်းစိန်အကြောင်းကို သုံးသပ်ရေးသားပေးသော သမိုင်းပညာရှင်၊စာရေးဆရာဦးသန့်မြင့်ဦးကလည်းသူ၏ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်“လွန်ခဲ့တဲ့အပတ်က ဦးသိန်းစိန်နဲ့တွေ့ခဲ့ပါတယ်။ သူဟာအလုပ်ကိုအလုပ်ကို အလွန်အကျွံကြိုးစားသူတစ်ယောက်ပါ။ အထူးသဖြင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာပေါ့။သမ္မတကြီးအနေနဲ့ ပြည့်စုံလုံလောက်တဲ့အနားယူမှုရှိဖို့ လိုသလိုမကြာခင်ကျန်းမာရေးကောင်းမွန်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်” ဟု မေ ၁၈ ရက် နေ့စွဲဖြင့်ရေးသားဖော်ပြထားသည်။

လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်ကလည်း ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍လည်း သတင်းမျိုးစုံ ထွက်ပေါ်ခဲ့သေးပြီး ရာထူးမှနုတ်ထွက်ရန်အထိပင် စာတင်ထားပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

မေလ ၂၀ ရက်တွင်အသက်၆၇နှစ်ပြည့်ခဲ့သော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၁ခုနှစ်မတ်၃၀မှစတင်ကာ နိုင်ငံတော်သမ္မတတာဝန်ကိုထမ်းဆောင်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း နိုင်ငံတွင်း ပြုပြင်ပြောင်းလဲမှု များစွာကိုဆောင်ရွက်နိုင်သူ တစ်ဦးအဖြစ် နိုင်ငံတကာ၏ အသိအမှတ်ပြုခံထားရသူလည်းဖြစ်သည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်
တက္ကသိုလ်ရိပ်သာလမ်း (ဆိုင်ခွဲ) ကို
စားသုံးသူများ ပိုမိုအဆင်ပြေစေရန်



၂၄-၅-၂၀၁၂ ရက်နေ့မှစ၍

ပြည်လမ်း၊ (၅မိုင်ခွဲ)၊ မာလာဆောင်မှတ်တိုင်
ကမ္ဘာ့ဘောဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊
ပြည်လမ်းမမှ တတိယခြံ၊ အမှတ် (၆၁၇/A)သို့ပြောင်းရွှေ့၍

- ကျယ်ဝန်းသောကားရပ်နားရန်နေရာ
- အဲယားကွန်းပါရှိသော သီးသန့်အခန်းများ
- ကျေးလက်သဘာဝသုံးဆောင်နိုင်ရန် နေရာများဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ် ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ကုက္ကိုင်းဆိုင်ခွဲ - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း။ ကုက္ကိုင်းမီးပွိုင့်အနီး။
ဖုန်း ၀၉-၅၁၅၉၀၀၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

# Health

7 DAY NEWS JOURNAL

Vol.11, No.11 • MAY 24 , 2012


## ကြယ်သီးအရွယ် ဘက်ထရီများ ကလေးငယ်များအတွက် အန္တရာယ်ရှိ



**ကိုလံဘတ်စ်၊ မေ - ၁၄**

ဘက်ထရီများကြောင့်ကလေးများ ဆေးရုံရောက်လာခြင်းအရေအတွက်မှာ အနှစ် ၂၀အတွင်း နှစ်ဆတိုးလာကြောင်း အမေရိ ကန်သုတေသီများက လေ့လာမှုတစ်ခုတွင် တွေ့ရှိခဲ့သည်။

ဘက်ထရီများကြောင့် ကလေးငယ်များ ဆေးရုံအရေးပေါ်ဌာနသို့ ရောက်လာသော အရေအတွက်မှာ ၁၉၉၀က ၂,၅၉၁ ဦးရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ၅,၅၂၅ဦးရှိလာကြောင်း အိုဟိုင်းယိုးပြည်နယ်ကလေးဆေးရုံမှ သုတေသနနှင့်ပေါ်လစီဌာန ညွှန်ကြားရေးမှူး ဒေါက်တာဂယ်ရီစမစ်က ပြောကြားသည်။ ယင်းတွင် ကြယ်သီးဘက်ထရီများကြောင့် ဆေးရုံရောက်လာသော အရေအတွက်မှာ ၈၄ ရာခိုင်နှုန်းရှိသည်။

ကြယ်သီးအရွယ် ဘက်ထရီများကို မျိုချမိခြင်းနှင့် အခြားဘက်ထရီနှင့်ဆက်စပ်၍ ဆေးရုံရောက်လာသော ကလေးများတွင် အများစုမှာ အသက်ငါးနှစ်အောက်ဖြစ်ပြီး တစ်နှစ်သားအရွယ်ကလေးငယ်များမှာ အန္တရာယ်အများဆုံးဖြစ်ကြောင်းသိရသည်။

ယင်းအရေအတွက်တွင် ကလေးအရုပ်များနှင့် ကစားစရာ များ၌ ပါဝင်သော ဘက်ထရီများကြောင့် အန္တရာယ်ဖြစ်ခြင်းမှာ ၂၉ ရာခိုင်နှုန်းသာရှိပြီး နာရီမှ ဘက်ထရီများကြောင့် ဆေးရုံရောက်သူ ၁၄ရာခိုင်နှုန်း၊ ဂဏန်းပေါင်းစက်ဘက်ထရီကြောင့် ၁၂ ရာခိုင်နှုန်း၊ ဓာတ်မီး၉ရာခိုင်နှုန်း၊ တီဗီရီမုတ်ကွန်ထရိုးမှ ဘက်ထရီများကြောင့် ဆေးရုံရောက်သူ ကလေးငယ် ၆ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ —Ref: UPI

## နံပါတ် ၁၁ချိတ်တဲ့ မြွေဆိုးအန္တရာယ်

**ဝတ်ရည်အောင်**



စိုက်ပျိုးရေးကို အဓိကထားသည့် နိုင်ငံတွင် စိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များ၌ တောင်သူများ၏ အသက်အန္တရာယ်အား ခြိမ်းခြောက်သည့်အရာမှာ မြွေအန္တရာယ်ပင် ဖြစ်သည်။ မြွေဆိုးကိုက်ခံရခြင်း အန္တရာယ်သည် အမျိုးသားကျန်းမာရေးစီမံကိန်းတွင်လည်း နံပါတ် ၁၁မြောက်အရေးကြီးသောရောဂါများ၏ ဦးစားပေးစာရင်းတွင် ပါရှိသည်။

ယခင် တစ်သီးစားစိုက်ပျိုးသည့် အချိန်တွင် မြွေအန္တရာယ်မှာ စိုက်ပျိုးသည့်အချိန် မေ၊ ဇွန်၊ ဇူလိုင်လများတွင် အများဆုံး ဖြစ်ပေါ်ပြီး ယခုတစ်နှစ်ပတ်လုံး စိုက်ပျိုးသည့်အချိန်တွင်မြွေကိုက်ခံရသူများသည်လည်း တစ်နှစ်ပတ်လုံးဖြစ်ပေါ်ကာ အသက်ဆုံးရှုံးမှုသည်လည်း များပြားလာကြောင်း မြွေကိုက်ခံရခြင်းထိန်းသိမ်းရေးစီမံချက်မှ ထုတ်ပြန်သော စာရင်းဇယားများ၌ တွေ့ရသည်။

မြွေကိုက်ခြင်းကြောင့် သေဆုံးနှုန်းများပြားနေခြင်းသည် လူနာများတွင် တိကျပြည့်စုံသော ရှေးဦးသူနာပြုစုနည်းမရခြင်းနှင့် စောစောနှင့် လုံလောက်သော မြွေဆိပ်ဖြေဆေးမရှိခြင်းကြောင့်ဖြစ်သည်။

"လာတဲ့ လူနာမှာ တစ်ရာဆိုတစ်ရာလောက်က ဒဏ်ရာရဲ့ အပေါ်မှာကြိုးချည်လာကြတာတော့ ရှိတယ်။ တချို့တွေကတော့ အခုချိန်ထိ ဒဏ်ရာကို ဓားနဲ့ ခွဲလာကာ စုတ်ထိုးလာတာတွေတော့ထိ ရှိနေဆဲပဲ"ဟု သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ ဆီးနှင့်ကျောက်ကပ်ဆေးအထူးကုဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်သီတာသွင်က ပြောသည်။

ရှေးဦးသူနာပြုစုနည်းသည် ခန္ဓာကိုယ်အတွင်း အဆိပ်ပျံ့နှံ့မှုမရှိစေရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ပြီး အဆိပ်ထိန်းချုပ်ရန် အရေးကြီးသည့် အချက် နှစ်ချက်မှာ အကိုက်ခံရသောနေရာနှင့် အနီးတစ်ဝိုက်ကိုအဆိပ်မပြန့်အောင် ဒဏ်ရာအပေါ်မှ အဝတ်ထူထူ ခေါက်တင်ပြီး ပတ်တီးဖြင့် တင်းရုံသာ သုံးလေးပတ်စီးထားရန်နှင့် အကိုက်ခံရသော အစိတ်အပိုင်းများကို လုံးဝမလှုပ်ရှားစေဘဲ ငြိမ်သက်စေရန်၊ အကိုက်ခံရသော ခြေထောက်(သို့မဟုတ်)လက်ကိုငြိမ်ငြိမ် ဆန့်တန်းစေပြီး ဝါးခြမ်း(သို့မဟုတ်)တုတ်ချောင်းမာမာဖြင့် ကပ်၍ ချည်နှောင်ထားကာ နီးစပ်ရာ ကျန်းမာရေးဆေးပေးခန်းသို့ ခေါ်ဆောင်ပြီး မြွေဆိပ်ဖြေဆေးထိုးရန်ဖြစ်သည်။ လှုပ်ရှားမှုကြောင့် မြွေဆိပ်သည် ကိုက်သောနေရာမှ ကိုယ်ခန္ဓာတစ်ခုလုံးကို သွေးပြန်ကြောငယ်များ၊ သားနံ့ရည်ကြောငယ်များမှ ပျံ့နှံ့ခြင်းဖြင့် အဆိပ်တက်ပြီးအသက်အန္တရာယ်ထိခိုက်ခြင်းအပြင် အဆိပ်ကြောင့်အင်္ဂါအစိတ်အပိုင်းအချို့ပျက်စီးပြီး နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားရခြင်း ဖြစ်သည်။

"ကြိုးနဲ့စည်းလာတဲ့ လူအကုန်လုံးက အဆိပ်မပြင်အောင်ဆိုပြီး ကြိုးကို အရမ်းတင်းလာအောင် စည်းလာကြတယ်။ အဆိပ်က သွေးပြန်ကြောက ပြန့်တာဖြစ်တဲ့အပြင် အကိုက်ခံရတဲ့နေရာကို သွေးလွှတ်ကြောက သွေးရောက်ဖို့လည်း လိုအပ်တယ်။ ဒါကြောင့် စည်းတဲ့အခါလက်နှစ်လုံးလောက်ခံပြီး စည်းရင် သွေးပြန်ကြောကို ပိတ်မိပြီး သွေးလွှတ်ကြောက သွေးက ရောက်နိုင်တယ်။ မဟုတ်လို့ အရမ်းကို စည်းထားရင် သွေးမရောက်ပြီး ဆေးရုံကို ရောက်တဲ့အချိန်ကြာရင် အကိုက်ခံရတဲ့ အစိတ်အပိုင်းက ပုပ်သွားတဲ့ ပြဿနာတွေလည်း ဖြစ်လာကြတယ်" ဟု ဒေါက်တာခင်သီတာလွင်က ဆက်လက်ပြောသည်။

မြွေကိုက်ခံရခြင်း၏ ၉၀ ရာခိုင်နှုန်းမှာ မြွေပွေးကိုက်ခံရခြင်းကြောင့်ဖြစ်သည်။ မြွေပွေးသည် အကောင်ငယ်များတွင်ပင် ပြင်းထန်သောအဆိပ်ရှိသည်။ ယင်းတို့မှာ မျိုးဆက်ပြတ်ရန် ခဲယဉ်းပြီး သတိအမြဲရှိပြီး အလွန်လျင်မြန်ဖျတ်လတ်ကြသည်။

စာ(၁၄)သို့




Regional
7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# အိမ်ဖျက်၊ ရေတွင်းဆယ်ရာမှ ကျည်တောင့်မျိုးစုံနှင့် လူအရိုးစုတွေ့ရှိ

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၁၈**



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အိမ်တစ်အိမ်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရှေးဟောင်းရေတွင်းတစ်တွင်းမှ ကျည်ဆံနှင့် လူအရိုးစုများ မေလဒုတိယပတ်အတွင်းက တွေ့ရှိခဲ့ရသည်။

မေ ၁၂ ရက် နံနက်ပိုင်းက မန္တလေးအောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြား အိမ်အမှတ်(၂၈) တွင် ပန်းရန် လုပ်သားတစ်ဦးက အိမ်မျက်နှာကြက်အမိုးဖျက်ရာတွင် ကျည်အမျိုးအစားခြောက်မျိုး၊ ကျည် ၁၇၄ တောင့် တွေ့ရှိခဲ့သည်။ ၂၇. ၇. ၁၉၇၂ ခုနှစ်စာတန်းပါ စက္ကူထုပ်များဖြင့် ၁၀ တောင့်စီ ထုတ်ထားသည့် ဒသမ ၃၀၃ ထိပ်ဖူးမပါ ပို့ကျည် ၁၂၅ တောင့်၊ ပစ်စတိုပွိုင့် ၃၈ ကျည် ၃၈ တောင့်၊ ပွိုင့် ၃၂ ကျည်ခြောက်တောင့်၊ ၇ ဒသမ ၆၂ ကျည်သုံးတောင့်ခန့် ဖြစ်သည်။

အဆိုပါအိမ်မှာမြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး၊ တိုက်သက်တမ်း ၅၈ နှစ်ရှိပြီဖြစ်သည်။ အိမ်ပိုင်ရှင်မှာ မန္တလေးမြို့မှ ဆရာဝန်ကြီး တစ်ဦးဖြစ်ပြီး ၎င်းအမွေဆိုင်များမှ မန်းမြန်မာဆောက်လုပ်ရေးသို့ ရောင်းခဲ့ကြောင်း မန်းမြန်မာဆောက်လုပ်ရေးမှ ယခုအခါ မြန်မာနိုင်ငံဖွား တရုတ်မျိုးနွယ်စု မိသားစုသို့ ဆက်လက်ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်အိမ်ကို စန်းလွင်နှင့် အဖွဲ့က ကျပ်သိန်း ၁၈၀ ခန့်ဖြင့် ဝယ်ယူဖျက်သိမ်းရာမှ ကျည်ဆန်တောင့်များ တွေ့ရှိခြင်းဖြစ်သည်။ ၎င်းအိမ်သည် သကြ်န်မိုးရုပ်ရှင်ရိုက်သော တိုက်ဟု လူသိများသည့် အိမ်ဖြစ်သည်ဟု သိရသည်။

ထို့အပြင် မေ ၁၆ ရက် နံနက် ၆ နာရီခန့်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၃×၇၄ ကြီး၊ ၃၅×၃၆ လမ်းကြား စကြ်ာနွယ်စည်ရပ်ကွက်၊ ပုဏ္ဏားကုန်းကစ္စနားဘုရားကျောင်းအနီးလွန်ခဲ့သော နှစ်ပေါင်း ၁၅၀ခန့်က အများသုံး ရေတွင်းအား တူးဖော်ရာ ကျည်မျိုးစုံ ၉၇၁ တောင့် (971) နှင့် လူအရိုးတစ်စု တွေ့ရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ရပ်ကွက်သောက်သုံးရေဖူလုံရန် ရေတွင်းအား လုပ်အားပေးတူးဖော်ရာတွင် သစ်သားသေတ္တာဖြင့် ထည့်ထားသော ရှေးကျသည့် ကျည်ဆန်၉၇၁ တောင့်နှင့်အတူလူအရိုးစုတစ်ခုကို တွေ့ခဲ့ရခြင်း ဖြစ်သည်။

ယခင်က တွင်းကို ဆယ်ခဲ့ဖူးသော်လည်း ရေကြောတွေ့သဖြင့် ယခုသေတ္တာကို မတွေ့ခဲ့ရကြောင်း၊ ရပ်ကွက်ရေမလုံလောက်သဖြင့် ရေတွင်းကို အနက်ပေ ၅၀ ခန့်အထိ ဆယ်ယူရာ ယခုကျည်ဆန်များနှင့် လူအရိုးစုတစ်ခုပါရှိသော သေတ္တာကို တွေ့ခဲ့ခြင်းဖြစ်ကြောင်း ရပ်ကွက်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပုဏ္ဏားစုရပ်ကွက်သည် မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းကြီးက အမရပူရမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့စဉ် မဏိပူရအာသံဘက်မှပါလာသော ပုဏ္ဏားများကို နေရာပေးထားပြီး ယနေ့တိုင် ပုဏ္ဏားများ၏ သားစဉ်မြေးဆက်နေထိုင်လျက်ရှိသည်။

## တရုတ်သို့ တရားမဝင် နွားတင်ပို့သည့် သင်္ဘောတစ်စီးဖမ်းမိ

**နိုင်ကြီး(ကသာ)**

**ကသာ၊ မေ-၁၄**

ကသာမြို့တွင် ယခုလ ၄ ရက် ည ၈ နာရီ မိနစ် ၃၀ အချိန်က မန္တလေးမြို့မှ ကသာမြို့သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာသော သင်္ဘောတစ်စီးပေါ်၌ တရုတ်နိုင်ငံ နယ်စပ်မြို့သို့ တရားမဝင်ရောင်းချမည့် နွား ၂၀ကောင်အား သယ်ဆောင်လာသူများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

တာဝန်ရှိသူများအဖွဲ့သည် မန္တလေးမြို့မှ ကသာမြို့သို့ ဆိုက်ရောက်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး 'ပိတောက်' အမည်ပါ ရေယာဉ်(သင်္ဘော) အား သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြရာ ရေယာဉ်အနောက်ဘက် ဝဲဘက်ခြမ်းတွင် နွားထီး ၂၀ ကောင်၊ နွားမတစ်ကောင်၊ စုစုပေါင်းနွား ၂၁ ကောင်အား ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါနွားများအား တရားမဝင်သယ်ဆောင်လာသူ ရွှေကူမြို့နယ်၊ မဏိဩဂရွာနေ ဆန်းညွှန့် (၄၇နှစ်)၊ နိုင်ဝင်း (၂၁ နှစ်)၊ ဖဲကို (၄၆နှစ်)၊ ကျော်လင်းထွန်း(၂၈ နှစ်)တို့အား စစ်ဆေးမေးမြန်းရာ တရားမဝင်တင်ဆောင်လာသော ၎င်းနွားများကို မတ္တရာမြို့နယ်၊ သူဌေးကုန်းကျေးရွာအနီးမှ ဝယ်ယူခဲ့ပြီး ဗန်းမော်မြို့သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

နွားများအားတရားမဝင်သယ်ဆောင်လာသူ ဆန်းညွှန့်၊ နိုင်ဝင်း၊ ဖဲကို၊ ကျော်လင်းထွန်းတို့ လေးဦးအား ကသာရဲတပ်ဖွဲ့စခန်းမှ (ပ) ၁၃၉/ ၂၀၁၂အရေးကြီးကုန်ပစ္စည်းသယ်ဆောင်မှု ဂ(၁)/ ဂ(၃)အရ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## မိလ္လာကျင်းအတွင်းပြုတ်ကျသွားသည့် လက်စွပ်ဆင်းဆယ်သူနှစ်ဦးအနက် တစ်ဦး သေဆုံး

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၁၆**

မုံရွာမြို့နယ်၊ တောပုကျေးရွာတွင် အိမ်သာတက်စဉ် မိလ္လာကျင်းအတွင်း လက်စွပ်ပြုတ်ကျခဲ့ရာမှ လိုက်လံဆယ်သူနှစ်ဦးအနက် တစ်ဦးသေဆုံးပြီး ကျန်တစ်ဦးအား မုံရွာ ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူခဲ့ ရသည့် ဖြစ်ရပ် မေလ ၁၀ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မေလ ၁၀ ရက် မွန်းလွဲပိုင်းတွင် အစ်မဖြစ်သူ အိမ်သာတက်စဉ် လက်၌ဝတ်ဆင်ထားသော လက်စွပ်တစ်ကွင်း မိလ္လာကျင်းအတွင်း ပြုတ်ကျသွားသဖြင့် မောင်ဖြစ်သူ မောင်လှမျိုးအောင် (၁၈နှစ်)သည် မိလ္လာကျင်းအတွင်း ဝင်ရောက်ဆယ်ယူရာမှ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရှိရသည်။

မိလ္လာကျင်းအတွင်း မောင်လှမျိုးအောင်နှင့်အတူလိုက်လံဆယ်ယူသူ မောင်အောင်ဇော်ထွန်းမှာ ဒဏ်ရာရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မိလ္လာကျင်းအတွင်း လက်စွပ်လိုက်လံဆယ်ယူရာမှ မောင်လှမျိုးအောင် အသက်သေဆုံးမှုနှင့် ပတ်သက်၍ မုံရွာမြို့နယ်၊ အမှတ် (၁) ရဲတပ်ဖွဲ့စခန်း သေမှုသေခင်းအမှတ် (၇/ ၂၀၁၂)အရ အမှုဖွင့် စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# မန္တလေး-မူဆယ် ကုန်ကားများ နောက်တွဲယာဉ်များဖြင့် ကုန်သယ်ယူလာ

**စိုင်းသာအောင်**

**မန္တလေး၊ မေ-၁၈**

မန္တလေး-မူဆယ်ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လမ်းကြောင်းတွင်ကုန်တင်ယာဉ်များသည်ကုန်ပစ္စည်း သယ်ယူရာရာတွင် ငွေကုန်ကြေးကျနှင့် စရိတ်သက်သာသည့်ကွန်တိန်နာနောက်တွဲယာဉ်များဖြင့် ပြောင်းလဲသယ်ယူလာကြောင်း မန္တလေး-မူဆယ် ကုန်သည်ကြီးများထံမှ သိရသည်။

၁၂ ဘီး ကုန်တင်ယာဉ်များ၊ ၁၀ ဘီး ကုန်တင်ယာဉ်များသည် ယာဉ်နှင့် ကုန်စုစုပေါင်း တန်ချိန် ၂၅ တန်သာ သယ်ယူရန် သတ်မှတ်လိုက်ခြင်းကြောင့် ဖြစ်သည်။

မန္တလေး-မူဆယ်လမ်းတွင် ဓာတ်မြေသြဇာ အဓိက သယ်ဆောင်ဖြန့်ဖြူးသောကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ဦးက "မန္တလေး-မူဆယ်လမ်းမှာ အာဆီယံ စံနှုန်း မသတ်မှတ်ခင်က ၁၂ဘီးကုန်တင်ကားကြီးတစ်စီးကိုဓာတ်မြေသြဇာ အိတ်အနည်းဆုံး အိတ်၇၀၀ကနေ အများဆုံး အိတ်၉၀၀ အထိတင်ပါတယ်။ ယခု အာဆီယံစံနှုန်း သတ်မှတ်ချက်ကြောင့် ၁၂ဘီး ကုန်တင်ကားတစ်စီးဟာ ဓာတ်မြေသြဇာ အိတ် ၃၀၀ ပဲတင်နိုင်တော့တယ်။ ဓာတ်ဆီကားက မန္တလေး-မူဆယ် အသွားအပြန်ကို ဂါလန် ၂၀၀ ခန့် ကုန်တယ်။ ကုန်ကျစရိတ်က များလာပြီး ကုန်တင်ခရတဲ့ ငွေကနည်းလာပါတယ်"ဟု ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မန္တလေး-မူဆယ်အိမ်ဆောက်ပစ္စည်းနဲ့ လျှပ်စစ်ပစ္စည်းတင်သွင်းသော ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ကုန်သည်တွေက ပိုမိုသက်သာတဲ့ နည်းလမ်းကို ရှာကြတဲ့ အခါ နောက်တွဲယာဉ်နဲ့ ကုန်တင်တဲ့ စနစ်ကို သွားတွေ့ပါတယ်။ နောက်တွဲယာဉ်နဲ့တင်တာက ကား+ကုန် ၅၅ တန် အထိ ပစ္စည်းတင်လို့ရတယ်။ ဓာတ်ဆီက ၁၀ ဘီး၊ ၁၂ ဘီးကားလည်း ဂါလန် ၂၀၀။ နောက်တွဲယာဉ်ကလဲ ဂါလန် ၂၀၀ ပဲ အသွားအပြန်ကုန်တယ်။ လမ်းကြေးတော့နည်းနည်းပိုကုန်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကုန်ပစ္စည်းပိုတင်နိုင်တော့ တွက်ခြေကိုက်ပါတယ်" ဟု သူ၏ အမြင်ကို ပြောသည်။

"မန္တလေး-မူဆယ် ၁၂ ဘီး ကုန်တင်ယာဉ်မှူးတစ်ဦးက "ယခု မန္တလေးအတက်ကုန်က ပြောင်းဖူးစေ့၊ မြေပဲဆန်၊ ဆန်တို့ ရှိပါတယ်။ ယခင်က အတက်ကုန်တစ်ပိဿာ ၁၂၀ ကျပ် ရှိတယ်။ အခု နောက်တွဲ ၅၅ တန် ယာဉ်တွေနဲ့ သယ်ယူတော့ တစ်ပိဿာ ၉၀ ကျပ်ပဲရှိပါတယ်။ အဆင်းကုန်ကတော့ သက်သာပါတယ်။ တစ်ပိဿာ၆၀ ကျပ်ပဲရှိပါတယ်။ သင်္ကြန်အပြီးမှာ မန္တလေး-မူဆယ် ကုန်တန်ချိန် ၅၅ တန်တင်တဲ့ နောက်တွဲယာဉ် အစီး ၁၀၀ ကျော်သွားပါပြီ။ အားလုံး နောက်တွဲယာဉ်တွေက တစ်စီးတန်ဖိုး ကျပ်သိန်း ၈၀၀ ခန့်ရှိပါတယ်။ ကားတွေက တရားဝင်ဖြစ်တဲ့ကားတွေရှိတယ်။ တရားမဝင်သေးတဲ့ ကားတွေလည်းရှိတယ်။ တရားမဝင်သေးတဲ့ ကုန်တန်ချိန် ၅၅ တန်ခန့် နောက်တွဲယာဉ်တွေက ဒဏ်ကြေးဆောင်ပြီး ပြေးဆွဲနေကြပါတယ်"ဟု ပြောသည်။

အလားတူ အာဆီယံစံနှုန်း ကုန်တင်သတ်မှတ်မှုများကြောင့် ၅၅တန် နောက်တွဲယာဉ်များသည် မန္တလေး-မူဆယ်လမ်းကြောင်းသာမက၊ မန္တလေး-ရန်ကုန်လမ်းကြောင်းများကိုပါ ပြေးဆွဲနေပြီဖြစ်ကြောင်း၊ ကညနမှ ခွင့်ပြုချက်တောင်းခံခြင်း မရှိဘဲ နောက်တွဲတပ်ဆင်ပြီး ယာဉ်+ကုန်ချိန် ၅၅ တန်ပြေးဆွဲသော ကားများကို ရန်ကုန်-ပြည်လမ်းပေါ်ရှိ တိုက်ကြီးတိုးဂိတ်တွင်မတ်၃၁ရက်နှင့်ဧပြီ ရက်တွင် ဖြတ်သန်းသော ၂၂ ဘီး ယာဉ် ၁၁ စီးကို စာရွက်စာတမ်းပြည့်စုံမှု မရှိဘဲ ပြေးဆွဲနေသည်ကိုစစ်ဆေးတွေ့ရှိရကြောင်းကညန၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

မန္တလေး-မူဆယ်လမ်းကြောင်းတွင် ကုန်သည်အများစုက ကုန်ပစ္စည်းများ ပိုမိုတင်ဆောင်နိုင်ရန်နှင့် စရိတ်သက်သာရေးအတွက် နောက်တွဲယာဉ် ကုန်+ယာဉ် ၅၅ တန် နောက်တွဲယာဉ်များကို ပိုမိုအသုံးပြုလာနိုင်ကြောင်း ၁၂ ဘီး ကုန်တင်ယာဉ်မှူးကြီး ဦးကိုအေးက ပြောကြားသည်။










7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# တရုတ်နိုင်ငံသို့ ကျွဲ၊ နွားအရှင် တင်ပို့မှုများပြားလာ

**စိုင်းလူမင်း**

**ကောလင်း၊ မေ-၁၄**

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားထားရသော ခိုင်းကျွဲ၊ နွားများ ယခုနှစ်အတွင်း တရုတ်နိုင်ငံနယ်စပ်သို့ တင်ပို့မှုများပြားလာသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမြို့နယ်အချို့၌ ကျွဲ၊ နွားရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဒေသခံများက ပြောကြားသည်။

တရုတ်နိုင်ငံနယ်စပ်သို့တင်ပို့နေသော ကျွဲ၊ နွားများသည် ခိုင်း၍ကောင်းသော ကျွဲချော၊ ကျွဲလှ၊ နွားချော၊ နွားလှများဖြစ်သဖြင့် ကျွဲ၊ နွားရှားပါးမှုများ ဖြစ်ပေါ်လာကာ စိုက်ပျိုးရေးလုပ်ငန်းများ၌ လုပ်ကိုင်ရန် အခက်အခဲ အကျပ်အတည်းများ ပေါ်ပေါက်လာနိုင်သော်လည်း တောင်သူအများစုသည် ငွေကြေးကျပ်တည်းနေ၍ မဖြစ်မနေရောင်းချရသလို အချို့ကျေးရွာများသည် ကျွဲ၊ နွားစားကျက် နည်းပါးခြင်းတို့ကြောင့်



*ကျွဲကျောင်းနေသည့် မြင်ကွင်း*

ရောင်းချနေရခြင်းဖြစ်ကြောင်း ကောလင်းမြို့နယ်၊ သုဝဏ္ဏကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံနယ်စပ်သို့သွားရောက်ရောင်းချရာတွင် ကျွဲ၊ နွားများကို ကသာမြို့နယ်အတွင်းရှိ ညောင်ခြေထောက်၊သံပရာ၊အောက်ဝဲကြီးကျေးရွာ၊ ရောဝတီမြစ်ဆိပ်ကမ်းမှရောဝတီမြစ်တစ်ဖက်ကမ်းရှိအင်းရွာ၊ပုလွေရွှေ၊သစ်ဖြူကုန်း၊ ဒုံးအော၊ ဘန့်ဘွေးကုန်း၊ မြိုင်သာယာ၊ ကျောက်ထုံးကြီးကျေးရွာကိုဖြတ်ကျော်၍ ကချင်ပြည်နယ် ရွှေကူးမြို့နယ်သို့ ဗန်းမောက်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံနယ်စပ်နန့်တောင်းရွာသို့သယ်ယူပို့ဆောင် ရောင်းချနေကြောင်း ကသာမြို့နယ် ညောင်ခြေထောက်၊ သံပရာကျေးရွာ ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

## ချပ်သင်းဘေးမဲ့တောမှ တရားမဝင် သစ်သယ်ဆောင်သူများကို ဖမ်းဆီး

**စိုင်းလူမင်း**

**ကန့်ဘလူ၊ မေ-၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချပ်သင်းဘေးမဲ့တောမှ တရားမဝင် အင်သစ် ၃ ဒသမ ၅၁၅ တန်နှင့် ယင်းသစ်များသယ်ဆောင်သည့် လှည်းကိုးစီး၊ နွားရှစ်ကောင်၊ ကျွဲဆယ်ကောင်တို့အား ချပ်သင်း ဘေးမဲ့တောမှ တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့ပြီး ယခုလ ၉ ရက်တွင် ကောလင်းရဲစခန်း၌ အမှုဖွင့် အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် ည ၁၂ နာရီအချိန်က ချပ်သင်းဘေးမဲ့တောမှ တာဝန်ရှိသူများအဖွဲ့သည် ဘေးမဲ့တောအတွင်း ကင်းလှည့်ဆောင်ရွက်နေစဉ် ကောလင်းမြို့နယ် ဆင်ဂေါင်းကျေးရွာ၏ တောင်ဘက်ကန့်ဘလူမြို့နယ်၊ ချပ်သင်းဘေးမဲ့တောအတွင်းရှိ တောင်လျှိုကြီးကုန်းလယ်ကွင်းစပ်အနီးတွင် အောင်ထွန်းလွင်အပါဝင် လူကိုးဦးအား လှည်းကိုးစီး၊ နွားရှစ်ကောင်၊ ကျွဲဆယ်ကောင်နှင့်အတူ သယ်ဆောင်လာသော လှည်းကိုးစီးအား တရားမဝင် အင်သစ် ၉ လုံး (၃ ဒသမ ၅၁၅တန်) ကိုဖမ်းဆီးရမိခဲ့သဖြင့် ကောလင်းရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ကောလင်းရဲစခန်းမှ (ပ)အမှတ်-၁၃၈/၂၀၁၂သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန်ထိန်းသိမ်းရေးဥပဒေပုဒ်မ - ၃၆ (ခ)အရ၊ မေလ ၉ ရက်တွင် အောင်ထွန်းလွင် (၂၂ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ ဆန်းလွင်ဦး (၂၁ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ၊ ကျော်အောင် (၂၈ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ၊ ဝင်းချို (၃၅ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ၊ မြင့်ထွန်းနိုင် (၂၇ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ၊ ဇော်ထွန်း(၃၇ နှစ်)၊ ကန့်ဘလူမြို့နယ်၊ ချပ်ကုန်းကျေးရွာ၊ ဖိုးကြူ (၂၂ နှစ်)၊ ကောလင်းမြို့နယ်၊ ဆင်ဂေါင်းကျေးရွာ၊ စိန်ချိုလင်း (၂၆ နှစ်)၊ ကောလင်းမြို့နယ်၊ ဆင်ဂေါင်းကျေးရွာတို့ကို အမှုဖွင့် အရေးယူထားသည်။

# ပုသိမ်မြို့ ဆီသိုလှောင်ရုံအနီး လောင်သောမီး ဝိုင်းဝန်းငြှိမ်း၍ အချိန်မီ ထိန်းနိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၆**

ပုသိမ်မြို့ရှိ ဆောက်လုပ်ရေး ဝန်ထမ်းအိမ်ရာတွင်းရှိ ဆီသိုလှောင်ရုံအနီးတွင် မေလ ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပုသိမ်တိုင်းမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ထိုအိမ်ရာဝင်းအတွင်း၌ နေထိုင်သော အသက် ၁၂ နှစ် အရွယ်ရှိကလေးငယ်ကအိမ်ခန်းအတွင်း၌ ခြင်ဆေးခွေ မီးထွန်းထားပြီး ခြင်ထောင်သို့ ကူးစက်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်ဟု တိုင်းမီးသတ်မှ တာဝန်ရှိသူက ပြောသည်။

မီးစတင်လောင်ကျွမ်းချိန်မှာ ၁၀ နာရီခွဲဖြစ်ပြီး ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြှိမ်းခဲ့ရာ ၁၅ မိနစ်မျှသာ မီးလောင်ကျွမ်းခဲ့သော်လည်း ဆောက်လုပ်ရေးအိမ်ရာဝန်းအတွင်း၌ ရှိသော ပေ ၇၀ × ပေ ၂၀ အကျယ်ရှိသော ၅ ခန်းတွဲ ဝန်ထမ်းလိုင်းခန်းတစ်ခုလုံး မီး လောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ မီးလောင်စဉ်တွင် အတွင်းပစ္စည်းအများစု ထုတ်ယူနိုင်ပြီး အနည်းငယ်သာလောင်ကျွမ်းခဲ့သောကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်နှစ်သိန်းခွဲ သာရှိသည်ဟု မီးသတ်ဌာနမှ ခန့်မှန်းထားကြောင်းသိရသည်။

"မီးလောင်တဲ့ နေရာက ဆီသိုလှောင်ရုံနဲ့ နီးပြီး အဲဒီအကျော်မှာ ပုဂ္ဂလိက ဆီဆိုင်လည်းရှိတော့ ဒီနေရာမှာ မီးလောင်တယ်ဆိုတော့ တစ်မြို့လုံးက ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ ပြီးတော့ အဲဒီနားမှာ ပုသိမ်တက္ကသိုလ်နဲ့ ဂျီတီစီကျောင်းနဲ့လည်းနီးတော့ အားလုံးကစိတ်ပူသွားကြတာ"ဟုမီးလောင်ရာသို့ သွားရောက်ခဲ့သော ပုသိမ်မြို့ခံတစ်ဦးက ပြောသည်။

ယင်းနေရာသို့မီးသတ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှုတစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ပုသိမ်ရေတပ်မှ မီးသတ်ယာဉ်တစ်စီး၊ မြို့မရေသန့်အလှူတော်အသင်းက ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ၉ စီး သွားရောက်ကာ မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အရန် ၂၀ ဦးတို့နှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မြို့ခံလူထုကိုယ်တိုင် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြသည်။

ယင်းမီးလောင်မှုကို ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ပုသိမ်မြို့ တိုင်းမီးသတ်ဌာနမှ သိရသည်။

# ဒုက္ခသည်များ ရန်ပုံငွေအတွက် ရှမ်းတိုင်းရင်းသားများဖျော်ဖြေပွဲ ကျင်းပ

**ဦးဦးငြိမ်း(ဗန်းမော်)**

**ဗန်းမော်၊ မေ-၁၄**

နယ်မြေအခြေအနေအရ ရွှေ့ပြောင်းလာသော ဒုက္ခသည်မိသားစုများကို ကူညီရန်အတွက် ဗန်းမော်ခရိုင်၊ ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ကကြီးမှူး၍ ယခုလ ၅၊၆ ရက်က စင်တင်တေးဂီတဖျော်ဖြေပွဲကို ဗန်းမော်မြို့၊ အဝေရာခန်းမ၌ပြုလုပ်ခဲ့သည်။

ရှမ်းတိုင်းရင်းသားအဆိုတော်များဖြစ်သည့် နန်းမောက်စမ်ခမ်း၊ နန်းဖောင်လင်း၊စိုင်းတွံခေါင်ဝ်၊စိုင်းစွမ်လော(ဝ်)ခေးတို့နှင့်အတူ နယ်မြေခံ ရှမ်းတိုင်းရင်းသား အဆိုတော်များဖြစ်သည့် စိုင်းထွန်းအေး၊ စိုင်းဆိုင်ဝမ်း၊ စိုင်းဆိုင်ငင်း၊ နန်းတင်မာဦးတို့က ဖျော်ဖြေခဲ့ကြ သည်။ ထို့ပြင် နယ်မြေခံကချင်တိုင်းရင်းသားအဆိုတော်များဖြစ်ကြသည့် ကေသီရွယ်ဆန်း၊ ကိုင်ဂျီး၊ ဆိုင်းဘူ၊ W.P Ga La မင်းမင်း၊ အောင်အောင်တို့ကလည်း သီဆိုခဲ့ကြသည်ဟု သိရသည်။

အခြားသော တိုင်းရင်းသား အနုပညာရှင်များက ဒုက္ခသည်များအား ကူညီထောက်ပံ့ရေးအတွက် ရန်ပုံငွေရှာဖွေမှု၊ လှူဒါန်းမှုတို့ကို အားကျအတုယူကာ ရှမ်းတိုင်းရင်းသားများသည်လည်း ကူညီထောက်ပံ့ပေးနိုင်ရန်




ရည်ရွယ်၍ ဂီတဖျော်ဖြေပွဲပြုလုပ်ခြင်းဖြစ်သည်ဟုသိရသည်။ ၎င်းတို့အနေဖြင့် လှူဒါန်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗန်းမော်ခရိုင် ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌစိုင်းဆာအေးက ပြောကြားသည်။

## ပဲခူးတက္ကသိုလ်ဝန်းကျင်တွင် အဆောင်များအပြိုင်အဆိုင် ဆောက်လုပ်လာ

**ဖိုးကျော်မြင့်**

**ပဲခူး၊ မေ-၁၄**

ပဲခူးတက္ကသိုလ်ရှေ့ ဘုရားလမ်းမှတ်တိုင်ဝန်းကျင်တွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများအတွက် အဆောင်များကို စီးပွားဖြစ် အပြိုင်အဆိုင်တည်ဆောက်လျက်ရှိရာ အဆောင်ပေါင်း ၅၀ ကျော် တည်ဆောက်ပြီးခဲ့ပြီဖြစ်ကြောင်းသိရသည်။

ပဲခူးတက္ကသိုလ်မှာ ဥဿာမြို့သစ်နယ်မြေထဲတွင်ပါဝင်ပြီး ဥဿာမြို့သစ် အတွင်း မြန်စတားအထည်ချုပ်စက်ရုံ၊ အင်းလေးဖိနပ်စက်ရုံ၊ရှင်ဆောင်းအထည်ချုပ်စက်ရုံတို့ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး ရေသန့်ဘူးစက်ရုံများ၊ ရေခဲတုံးထုတ်လုပ်သည့် ရေခဲစက်ရုံများ၊ သစ်ခွဲစက်ရုံများ၊ ကြက်မွေးမြူရေးခြံများ၊ အိမ်သုံးဟင်းရွက်ခင်း စိုက်ပျိုးရေးခြံများ၊ ကွမ်းခြံများ၊ အဝေးပြေးကားဂိတ်နှင့် စားသောက်ဆိုင်တို့ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောင်ရွက်လာကြသဖြင့် ဥဿာမြို့ စည်ကားလာသည်။

ဥဿာမြို့သစ်တွင် ရပ်ကွက်ကြီးကိုးခုပါဝင်ပြီး ပဲခူးမြို့လယ် ပဲခူးမြို့မဈေးကြီး၏ တောင်ဘက် ၇ မိုင်အကွာအဝေးအထိ ကျယ်ပြန့်သည့် မြို့သစ်ဖြစ်သည်။

**ပြည်ပ ခရီး**

ဗန်ကောက် - ပတ္တရား (၄ ရက်)
ဗန်ကောက် - ပတ္တရား - အယုဒ္ဓယ (၅ ရက်)
စကင်ာပူ (၄ ရက်)
Thai, S'pore,Malaysia ရှိ ဟိုတယ် Booking အထူးဈေး
Hotel booking+Air ticket+Visa+D-from
သူရိယ ခရီးသွား ဖုန်း 09-7324 3989

**မန္တလေးမြို့တွင် ရောင်းမည်။**

ဆက်သွယ်ရန် - ဖုန်း - ၀၉ ၄၂၁၀ ၄၀၁၃၈၊ ၀၉ ၄၂၁၀ ၄၀၁၄၄၊ ၀၉ ၄၂၁ ၀၁၈၉၅၉

(Show Room) ပြခန်းဖွင့်ရန် ကောင်းသောနေရာ၊
(Office) ရုံးခန်းဖွင့်ရန် ကောင်းသောနေရာ၊
(၇၃) လမ်း၊ (၃၅ × ၃၆) လမ်းကြား၊ (၂၂ × ၆၀) ပေ၊
RC-2 ထပ်၊ Foundation (၅) ထပ်စာချပြီးသား၊
ဘိုးဘွားပိုင်မြေ၊ မန္တလေးမြို့။

**ကွန်ဒိုတိုက်ခန်းရောင်းရန်ရှိသည်**

၄၈'×၅၇'၊ ၆ လွှာ၊ ဓာတ်လှေကားပါ၊
အိပ်ခန်းသုံးခန်းပါ၊ အကြမ်းထည်၊ ရေ၊ မီး၊ ဖုန်းပါ။
၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း - ၅၅၄၁၀၀ (လိုင်းခွဲ - ၃၃၈)၊
၀၉ ၄၃၂၀၂၈၈၄
ပွဲစားများလည်းဆက်သွယ်နိုင်သည်။

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# ကျေးရွာအုပ်ချုပ်ရေးမှူး ငွေကြေးအလွဲသုံးစားလုပ်မှု တိုင်ကြားသူ ၁၄ ဦး အရေးယူခံရ

**မောင်ထီလာ**

**ဝမ်းတွင်း၊ မေ-၁၄**

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာအုပ်ချုပ်ရေးမှူး၏ ငွေအလွဲသုံးစားမှုများနှင့် စာကြည့်တိုက်ငွေများ စာရင်းမရှင်းလင်းမှုများအတွက် ကျေးရွာပြည်သူများကိုယ်စား တိုင်ကြားသူ ၁၄ ဦးအား ဝမ်းတွင်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အမှုရင်ဆိုင်နေရသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြသည် ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန် ကျေးရွာလူထု တစ်ဦးလျှင် ၁,၀၀၀ ကျပ်မှ ၃,၀၀၀ကျပ် အထိ ကောက်ခံခဲ့ရာ ကျပ်ဆယ့်ငါးသိန်းကျော် ကောက်ခံရရှိသော်လည်း ယနေ့အထိ စာရင်းမရှင်းလင်းခြင်း၊ နာဂသိမ်စာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ အငြိမ်းစား ပါမောက္ခဦးလှထွန်း(ကွယ်လွန်)က ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ စာအုပ်များကိုနှစ်တင်းဝင်အိတ်၁၂ အိတ်နှင့်လည်းကောင်း၊ မြန်မာ့အလင်းစာတည်းမှူးချုပ်ဟောင်း ဦးရဲမြင့်ဖေ(ငြိမ်း)ကလည်း သုံးသိန်းတန်ဖိုးရှိ စာအုပ် ၁၉၅အုပ် လှူဒါန်း၍လည်းကောင်း၊ ကျေးရွာ မင်္ဂလာကြေး ငွေလေးသိန်းကျော် ရရှိသော်လည်း ရွာဘုံထောင်ပစ္စည်း ထောင်မပေးဘဲ ကိုယ်ကျိုးအတွက် သုံးစွဲထားခြင်း၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် တောင်သူတစ်ဦးလျှင် ၃,၀၀၀ ကျပ် ကောက်ခံယူရာ စိုက်စရိတ် ကျပ်သိန်း ၈၀ အတွက်အုပ်ချုပ်ရေးမှူးက ၂၄၀,၀၀၀ ကောက်ယူထားခြင်း၊ မြေကန်ပြုပြင်ရာတွင် လယ်ဧက ၃၀၀ ကျော်မှ ကောက်ခံထားသည့် ကျပ် ၂၈ သိန်းအား စာရင်းမရှင်းလင်းခြင်းစသည့် ငွေအလွဲသုံးစားပြုမှုများကိုလည်းကောင်း၊ ကျေးရွာလူထုကိုယ်စား ဦးဝင်း၊ ဦးအောင်ထွန်း၊ ဦးဆန်း၊ ဦးအောင်လွင်၊ ဦးပြုံးချို၊ ဦးကျော်တင်၊ ဦးကိုကိုဦး၊ ဦးကျော်ခင်၊ ဦးကြိုင်၊ ဦးလင်းလင်းအောင်၊ ဦးအေးနိုင်စိုး၊ ဦးမောင်ရင်၊ ဦးဖိုးအေး၊ ဦးမြင့်သိန်းတို့၁၄ဦးက ဝမ်းတွင်းမြို့နယ် အုပ်ချုပ်ရေးမှူး နှင့် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးတို့ထံ ၂၀၁၁ဒီဇင်ဘာလကတည်းက အဆင့်ဆင့် တင်ပြတိုင်ကြားခဲ့ကြသည်ဟု ဆိုသည်။

ပင်းတလဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြ၏ ငွေကြေးအလွဲသုံးစားလုပ်မှုကိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ တင်ပြချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ကော်မတီများဖွဲ့စည်း၍ သုံးကြိမ်စစ်ဆေးပြီး ယနေ့အထိ အရေးယူအပြစ်ပေးခြင်း မရှိခဲ့သော်လည်း ကျေးရွာလူထုကိုယ်စား တိုင်ကြားသူ ၁၄ ဦးအား မေလ ၈ ရက်က ဝမ်းတွင်းမြို့နယ် တရားရုံးမှ ပြစ်မှုကြီးအမှတ် ၁၈၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ ဝမ်းတွင်းမြို့နယ် တရားရုံးသို့ မေလ ၁၄ ရက်တွင် ကြားနာစစ်ဆေးရန် ဒေါ်မိမိထွေး(တ ၂၅၆၅) တွဲဖက်မြို့နယ်တရားသူကြီး (အထူး ရာဇဝတ်အာဏာရ)ဝမ်းတွင်းမြို့နယ်တရားရုံးက ဆင့်ခေါ်စာ ထုတ်ထားသည်ဆိုသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၏ ငွေအလွဲသုံးစားလုပ်မှုကို ကျေးရွာလူထုက မခံမရပ်နိုင်၍ အထက်သို့ အဆင့်ဆင့်တိုင်ကြားခဲ့သော်လည်း ထိရောက်စွာ အပြစ်ပေးအရေးယူခြင်းမရှိဘဲ တိုင်ကြားသူများအား တရားစွဲဆိုထားသဖြင့် ယခုအမှုကို တရားရုံးက မည်ကဲ့သို့ စီရင်ဆုံးဖြတ်မည်ကိုဒေသခံများစိတ်ပါဝင်စားလျက်ရှိသည်ဟု ဆိုသည်။

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

**အမှတ်(၂၄၉)၊(2B,3B,5B,6B,7Bထပ်)၊ဗားဂရာလမ်းမကြီး၊ အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)၊ဗားဂရာလမ်းမကြီး၊ } ကပ်လျက်တိုက်၊**
**မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**(မြေနီကုန်း၊ ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀**
(Open 7:00 am To 7:00 pm)**ပိတ်ရက်မရှိပါ။**

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

(I) **တစ်လပြတ်အထူး (တစ်ပတ်ငါးရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**
**တနင်္လာ မှ သောကြာနေ့အထိ**

စဉ် (၂၁၁၄) ၁-၆-၁၂ စဉ် (၂၁၁၇) ၇-၆-၁၂
စဉ် (၂၁၁၅) ၄-၆-၁၂ စဉ် (၂၁၁၈) ၁၁-၆-၁၂
စဉ် (၂၁၁၆) ၆-၆-၁၂ စဉ် (၂၁၁၉) ၁၄-၆-၁၂

(II) **နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၁၂၀) ၂၉-၅-၁၂(Tue & Wed) စဉ်(၂၁၂၃) ၂-၆-၁၂ (Sat & Sun)
စဉ်(၂၁၂၁) ၃၀-၅-၁၂(Wed &Thur) စဉ်(၂၁၂၄) ၅-၆-၁၂ (Tue & Wed)
စဉ်(၂၁၂၂) ၃၁-၅-၁၂ (Thur & Fri) စဉ်(၂၁၂၅) ၇-၆-၁၂ (Thur & Fri)

(III) **သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ် (၂၁၂၆) ၂-၆-၁၂ (Sat) စဉ် (၂၁၂၇) ၃-၆-၁၂ (Sun)

(IV) **နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)**
(I) **သုံးလ၊** (II) **ခြောက်လ၊** (III) **တစ်နှစ်** (IV) **နှစ်နှစ်** (V) **သုံးနှစ်**

စဉ် (၂၁၂၈) ၁-၆-၁၂ စဉ် (၂၁၃၀) ၇-၆-၁၂
စဉ် (၂၁၂၉) ၅-၆-၁၂ စဉ် (၂၁၃၁) ၁၂-၆-၁၂

(V) **သားဖွားမီးယပ်(၃)လဒီပလိုမာ** (Sat, Sun, Mon, Tue, Wed)

စဉ် (၂၁၃၂) ၁၁-၆-၁၂ စဉ် (၂၁၃၃) ၁၈-၆-၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 8:00 am to 11:00 am (IV) 01:00 pm to 04:00 pm
(II) 9:00 am to 12:00 pm (V) 05:30 pm to 07:30 pm
(III) 11:00 am to 02:00 pm

## နေရပ်ပြန်ရန် ကားစောင့်စဉ် အတက်ရောဂါဖြင့် သေဆုံး

**တင်လှိုင်(မိတ္ထီလာ)**

**ဝမ်းတွင်း၊ မေ-၁၆**

မိမိနေထိုင်ရာရွာသို့ပြန်ရန် ကားစောင့်နေစဉ် အတက်ရောဂါဖြင့်သေဆုံးခဲ့မှု ဝမ်းတွင်းမြို့တွင် မေလ ၁၃ ရက်က ဖြစ်ပွားခဲ့သည်။

မိတ္ထီလာခရိုင်၊ဝမ်းတွင်းမြို့နယ်၊ အိုမတွေ့ကျေးရွာနေကိုစိုးသန်း(ခ)ကျော်ကျော်ဦး(၄၁နှစ်)နှင့် ဇနီးဖြစ်သူ မသန်းသန်းအေး(၂၉နှစ်)တို့သည် ယခုလ ၁၃ ရက်က မိဘများရှိရာ မလှိုင်မြို့နယ်၊ ရွာတန်းရွာသို့ သွားရောက်လည်ပတ်ခဲ့သည်။ မိဘများထံမှအလည်ပြန်လာပြီး ရွာသို့ပြန်ရန် ပင်းတလဲကားလမ်း မြင်တော်ကန်လမ်းဆုံမှ ကားစောင့်နေစဉ် ကိုစိုးသန်းမှာ ယခင်ရောဂါဟောင်း အတက်ရောဂါ ဖြစ်ပွားလာသဖြင့် ဇနီးဖြစ်သူက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခဲ့သည်။

ပတ်ဝန်းကျင်မှ လူများရောက်လာစဉ် ကိုစိုးသန်းမှာ အတက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သဖြင့် အမှတ်(၂) ရဲစခန်းက သေမှုသေခင်း၃/ ၂၀၁၂ဖြင့် ရေးဖွင့်ထားကြောင်း သိရသည်။

## တောင်ကုတ်တွင် စစ်ဆေးရေးဂိတ် ရုပ်သိမ်း

**အောင်ရက္ခ**

**တောင်ကုတ်၊ မေ-၁၇**

တောင်ကုတ်မြို့အဝင်တွင် ၁၉၈၈ နောက်ပိုင်းတွင် စတင်ပေါ်ပေါက်လာခဲ့သော ဌာနဆိုင်ရာများ စုပေါင်းစစ်ဆေးရေးဂိတ်အား ယခုနှစ် မေလ ၃ ရက်မှ စတင်၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

“ဒီစုပေါင်း စစ်ဆေးရေးဂိတ် ရုပ်သိမ်းသင့်တာ ကြာပါပြီ။ ဌာနဆိုင်ရာတွေကလည်းသက်ဆိုင်ရာ လုပ်ငန်းတွေကို ကိုယ့်ရုံးနဲ့ကိုယ် လုပ်ရင် ဖြစ်တာပဲ။ အခုလို စုပြီး စစ်ဆေးနေခဲ့တော့ အင်အားပြသလို ဖြစ်နေတာပေါ့”ဟု ဒေသခံတစ်ဦးကပြောသည်။

ယခုအခါ ရခိုင်ရိုးမတွင်သာ လူဝင်မှုကြီးကြပ်ရေး ကင်းစခန်း၊ ရဲကင်းစခန်းများမှသာ ဝင်ထွက်ကားများကို စောင့်ကြည့်လျက် ရှိတော့သဖြင့် တောင်ကုတ်မြို့တွင်းသို့ ကားများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံများမှသိရသည်။

REDLINK COMMUNICATIONS

Vacancy Announcement
(Local Service Only)

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries who are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Also we are welcome applicants from outskirts area. Applicant who is qualified to selection will be reward **by Attractive Salary.**

**ASSISTANT GENERAL MANAGER (HUMAN RESOURCES DEPT. )** **M/F (1) Post**

Must be any graduate, M.B.A or M.P.A or diploma in HR Management is preferred, At least 5 years experience in HRM, Fluent in English (4) skills, Age should be 30-45, Good leadership and Communication skill Experienced in all HR function like Recruitment & Selection, HR Policies, Performance Appraisal, Compensation & Benefits, Job Evaluation system & Remuneration Package System, Training & Development, Succession Plan etc.

**SALES MANAGER ( SALARY KS 6 LAKH PLUS INCENTIVE )** **M( 1 ) Post**

Must be any graduate with strong ICT knowledge. At least 3-5 years experience. Prefer in sales & marketing in ICT industry sector. Experience in sales strategy & sales plan well. Have management skill, Good PR skill, well operate in MS Office, Internet, E-mail etc. Can apply citizen, or Foreigner. Attractive salary & reward bonus.

Applicant who is interested in above mentioned positions should submit detail experience with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to HR Department, RedLink Communications Co., Ltd. NO. (20) ,Building (B), Mya Yeik Nyo Royal Hotel, Pale Road, Bahan Township, Ph: 551162-64 within 2 weeks. Only those who meet above mentioned requirements will be called for interview.

ဒူဘိုင်း(*U.A.E*) နိုင်ငံရှိ အဆင့်မြင့် *Super Market* တွင်လုပ်ရန်

**1.Cashier /-**(အရောင်း/ငွေကိုင်) (၁၀)ဦး **US$ 600**
**2.Bakery /-**(မုန့်ဖုတ်လုပ်သား) (၁၀)ဦး **US$ 600**
**3.Portor /-** (သယ်ပေးသူ) (၁၀)ဦး **US$ 600**

***Housing Allowance: Dhs 800*** ပုံမှန်အလုပ်ချိန် ***U.A.E Labor Law*** စုစုပေါင်းလစာခံစားခွင့် အလုပ်စာချုပ်သက်တမ်း(၂၂)လပြီးတိုင်းလေယာဉ်လက်မှတ်အသွားအပြန်ပေးပြီး၊(၂)လ၊လစာပြည့်မြန်မာပြည်တွင်နားခွင့်ပေးသည်။ ယူနီဖောင်း၊ဖိနပ်၊အလုပ်ခွင်ကားအကြိုအပို့နှင့် ကုမ္ပဏီဝန်ထမ်း၁၅%Discount နေစရာနှင့်အသုံးစရိတ်ကြိုတင်လစာငွေအတွက် (၂)လစာ ကြိုတင်ပေးမည်။ **အင်တာဗျူးအတွက် အင်္ဂလိပ်စာ သင်တန်းအခမဲ့ ပေးနေပါသည်။**

**အင်တာဗျူးရက်မှာ ၂၀၁၂ခုနှစ် ဇွန်လ ၁ ရက် မှ ၇ ရက် ထိ။**

**ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ**
KAUNG LUCK SAN
*Licence No.023/2012*
အမှတ် (၃၈၅/ ၃၈၉)၊ (၃)လွှာ(ညာ)ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်း(တောင်)၊Global(Tower) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း၊၀၁-၃၉၈၂၉၉၊ ၃၉၁၆၉၃၊ ၃၇၇၁၃၃၊ ၀၉-၅၁၇ ၃၉၇၉၊ ၀၉-၈၆၁၀၄၆၄၊ ၀၉-၈၇၀၁၅၃၉၊၀၅၇၂၅၃၅၃
E-mail: agencykls@gmail.com
S'pore Contact - HP: 65-90019420/Fax :65 65668784/ E-mail: sseagency@gmail.com

7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012



# အစိုးရဌာနများတွင် ကြားဖြတ်အလုပ်ဝင်သူများကြောင့် ရှိရင်းစွဲဝန်ထမ်းများ စိတ်ဓာတ်ကျနိုင်

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၆**

ဝန်ကြီးဌာနများတွင် ကြားမှဖြတ်ဝင်လာသော ပုဂ္ဂိုလ်များ ရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေနိုင်ကြောင်းနှင့် လုပ်ငန်းလည်း အထိုက်အလျောက်ကျဆင်းသွားနိုင်ကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"သာမန်အားဖြင့် အောက်ခြေမှ တက်လာသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုတွင် ပြောရန်မရှိသော်လည်း ကြားမှဖြတ်ဝင်လာသော ပုဂ္ဂိုလ်များရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းနိုင်ကြောင်းနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းလည်း အထိုက်အလျောက်ကျဆင်းသွားနိုင်ကြောင်း" မေလ ၁၃ ရက်က နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် Reform Strategy ရှင်းလင်းဆွေးနွေးညှိနှိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

သို့သော် ခန့်ထားလိုသူများရှိပါက အရည်အသွေးကို သိရှိနိုင်ရန် ဝင်ခွင့်စာမေးပွဲများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း ထည့်သွင်းပြောဆိုသွားသည်။

"ကြားမှဝင်လာတယ်ဆိုတဲ့သဘောတရားက အထူးသဖြင့် ပညာရှင်မဟုတ်ဘူး။ ကျွမ်းကျင်တဲ့လူ မဟုတ်ဘူး။ ဒါကြောင့် ဒေါက်တာလှမြင့် (စီးပွားရေးပညာရှင်) ပြောတာက စီးပွားရေးပြုပြင် ပြောင်းလဲမှုလုပ်တဲ့အခါမှာ လူမှန်နေရာမှန်ရှိပြီလား ပြန်ကြည့်ရမယ်" ဟု ဗဟိုဘဏ်တွင် ဒုဥက္ကဋ္ဌ (အငြိမ်းစား) တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန်းလွင်ကဆိုသည်။

ထိုကဲ့သို့ ကြားမှဝင်လာသော ပုဂ္ဂိုလ်များကြောင့် မွေးမြူရေးလုပ်ငန်းကြီးမှာ အရှုံးပေါ်ခဲ့သည့် သာဓကရှိခဲ့ဖူးကြောင်း စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းကဆိုသည်။

# ပြည်ပရောက် မြန်မာများထဲမှ နေရပ်ပြန်လာရန် လျှောက်ထားသူ အနည်းငယ်သာ ပြန်လာနိုင်သေး

**နေလင်းအောင်**

**ရန်ကုန်၊ မေ-၁၆**

သမ္မတက ပြည်ပရောက်ရှိနေသော မြန်မာများနေရပ်ပြန်လာနိုင်ကြောင်း ၂၀၁၁ ဩဂုတ်လတွင် ပြောကြားပြီးနောက် ပြည်တွင်း၌ပြန်လည် အခြေချနေထိုင်ခွင့်ရရန် လျှောက်ထားမှုအများအပြားရှိနေပြီး အများစုမှာနောက်ကြောင်းရာဇဝင် စစ်ဆေးဆဲဖြစ်သောကြောင့် ပြန်လည် ရောက်ရှိလာခြင်းမရှိသေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစတင်၍ ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများတွင် မြန်မာနိုင်ငံအတွင်း ပြန်လည်နေထိုင်ခွင့်ရရန် လျှောက်ထားသူအများအပြားရှိခဲ့ပြီး ယင်းတို့အနက်မှ အနည်းအကျဉ်းသာ ရောက်ရှိသေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောကြားသည်။

"တော်တော်များများ ပြန်မရောက်သေးဘူး။ အဓိကဘယ်မှာ ပြဿနာကြုံလဲဆိုတော့ ပြန်လာချင်သူတော့ရှိတယ်။ ဒါပေမဲ့ တချို့နှစ်တွေကြာတော့ ဒီမှာ သူတို့ဆွေမျိုး၊ မောင်နှမ၊ နေထိုင်ခဲ့တဲ့ အထောက်အထားတွေ မရှိကြတာများတယ်။ အခုမျက်နှာဖုံးထဲက လူကြီးတစ်ယောက်တောင် အဲဒီလိုမျိုးကြုံနေရတယ်" ဟု အထက်ပါတာဝန်ရှိသူက 7Day News သို့ပြောသည်။

ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် လက်ရှိရောက်ရှိနေသည့် နိုင်ငံရှိမြန်မာနိုင်ငံ ဆိုင်ရာသံရုံးသို့ ဆက်သွယ်လျှောက်ထားရသည်။ လျှောက်ထားချက်တွင် မိမိမြန်မာပြည်တွင်နေထိုင်ခဲ့သည့် အချက်အလက်အထောက်အထား၊ မွေးရပ်ဇာတိ၊ ဆွေမျိုးသားချင်း စသည်တို့ကို ဖြည့်သွင်းရမည်ဖြစ်ပြီး ယင်းမှာ အမှန်တကယ် မွေးဖွားနေထိုင်ခဲ့ခြင်း ဟုတ်၊ မဟုတ်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သံရုံးတွင် လျှောက်ထားသည့်အထောက်အထားများအား မြန်မာနိုင်ငံရှိ လဝကသို့ ပေးပို့ပြီး ယင်းအချက်များအား စစ်ဆေးစုံစမ်းပြီး အထောက်အထားမှန်ကန်ပါက ခွင့်ပြုပေးမည်ဟုဆိုသည်။

သမ္မတက မေလဒုတိယပတ်တွင် ပြည်ပရောက် မြန်မာများကို ပြန်လာရန် ထပ်မံဖိတ်ခေါ်ခဲ့သည်။ ထို့အပြင် နေရပ်ပြန်လာသော ပြည်ပရောက်မြန်မာများအတွက် ကြိုဆိုရေးနှင့် နေရာချထားရေးကော်မတီများ ဖွဲ့စည်းရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

## Free Classified ဝန်ထမ်းအလိုရှိသည် အခမဲ့ကြော်ငြာကဏ္ဍ

ဝန်ထမ်းအလိုရှိသည်
အရောင်းဝန်ထမ်း - မ ၂ ဦး
(အသက် ၂၀-၂၅)
Royal Marval
No.917, 10Mile, Pyay Road
**ဖုန်း-၆၆၄၃၃၇၊**
**၀၉-၄၃၀၅၃၀၁၃**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Site Engineer - ကျား ၃ ဦး
B.E(Civil) လုပ်သက်၅နှစ်
၂။ Project Manager - ကျား၃ဦး
သိပ္ပံဘွဲ့၊ စီမံခန့်ခွဲမှုအတွေ့အကြုံ ၅နှစ်
UOB Construction Co.,Ltd
**ဖုန်း-၅၄၄၆၂၄**
**(၁၀ ရက်အတွင်းလျှောက်ရန်)**

-------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Recycle Bag များဖြန့်ချိရန်အတွက်
၁။ Marketing Supervisor - မ ၂ဦး
၂။ Sales & Marketing - မ ၂ဦး

**ဖုန်း-၀၉-၇၃၀၆၀၂၅၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
Edit ကောင်းကောင်းလုပ်နိုင်ပြီး အင်္ဂလိပ်-မြန်မာ ဘာသာပြန်နိုင်သည့် ဘာသာပြန်- ၂ဦး
**ဖုန်း-၂၄၁၀၉၉၊ ၂၅၄၁၈၅**

-------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
မဂ္ဂဇင်းတိုက်တွင် တာဝန်ထမ်းဆောင်ရန်
၁။ ဒီဇိုင်နာ - ကျား/မ ၂ ဦး
၂။ စာရင်းကိုင် - မ ၁ ဦး
၃။ Marketing - ကျား/မ ၂ဦး
(လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)
**ဖုန်း-၂၁၀၈၀၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Security Guard - ကျား ၂၀ ဦး(အသက် ၁၈-၅၅နှစ်)
အမှတ်(၇၃)၊ ၄လွှာ၊ ၁၆၆လမ်းတို၊ တာမွေမြို့နယ်။
**ဖုန်း-၀၉-၇၃၀၆၄၂၉၈၊**

**၀၉-၄၂၀၀၀၄၅၀၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Account Staff - မ ၁ ဦး
၂။ Marketing Staff - ကျား/မ ၃ ဦး
၃။ Store - မ ၁ ဦး
THAR KI NWE CO., LTD
**ဖုန်း-၀၁-၈၅၅၀၁၆၈၊**
**၀၉-၇၃၀၉၆၉၅၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
လှည်းတန်းမြို့နယ်အတွင်းရှိ Internet ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အမျိုးသမီးဝန်ထမ်း ၁ ဦး။
**ဖုန်း-၀၉-၇၃၀၁၉၂၁၄**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
ကျား - ၁ ဦး B.E (Mechanical) (သို့) B.E (Electrical) - Internet သုံးတတ်ရမည်။
**ဖုန်း-၀၉-၅၁၃၆၃၆၀၊**
**၅၃၂၄၆၄**

-------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Japanese Language Trainer - 2 Posts အသက်(၂၃-၃၀)၊ ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ Level(2) နှင့်အထက်အောင်မြင်သူ၊အတွေ့အကြုံရှိသူ။
B.L.ACTY Co., Ltd
**ဖုန်း-၃၈၂၅၂၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing Manager - ကျား/မ ၃ ဦး၊ ၂။ Site Engineer - ကျား/မ ၃ ဦး၊ ၃။ Computer Operator - ကျား/မ ၅ဦး၊ ၄။ Office Staff/အရောင်း စာရေး - ကျား/မ ၅ဦး၊ ၅။ Marketing - ကျား/မ ၅ဦး၊ ၆။Driver - ကျား ၃ဦး၊ ၇။ အရောင်း ဝန်ထမ်း - ကျား/မ ၅ဦး၊ ၈။ Accountant (L.C.C.I Level III) - မ ၅ဦး။
(စေတနာ)အမှတ်၁၈၇၊၁၃၄လမ်း။
**ဖုန်း-၂၄၃၈၁၉**

**အမျိုးသမီးဝန်ထမ်းအလိုရှိသည်**
၁။ အခြေခံပညာအထက်တန်း အောင်မြင်ရမည်။ ၂။ စက်ဆီ၊ ချောဆီအရောင်းကျွမ်းကျင်ရမည်။ ၃။ Computer အခြေခံရှိသူနှင့် ဘုရင့်နောင်ဈေးအနီးတစ်ဝိုက် နေထိုင်သူဦးစားပေးမည်။
ထူး (စက်ဆီ၊ချောဆီ ရောင်းဝယ်ရေး)
**ဖုန်း-၆၈၃၆၇၈၊ ၆၈၆၄၇၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ HR Manager - ကျား/မ ၁ဦး၊ အသက်(၂၅-၃၅)၊ ၂။ Production Manager - ကျား ၁ဦး၊ အသက်(၂၅-၄၀)၊ ၃။ Marketing Manager - ကျား/မ ၁ဦး။
NIBBAN ELECTRIC & ELECTRONICS
**ဖုန်း-၃၈၉၅၂၃၊ ၃၈၄၇၃၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Courier စာပို့ဝန်ထမ်း - ကျား ၅ ဦး (အတွေ့အကြုံ၁နှစ်)၊ ၂။ Courier Service စာသိမ်း - မ၅ဦး၊ ၃။ Route Supervisor - ကျား ၂ဦး
UCS-Uniter Courier Services Co., Ltd
**ဖုန်း-၀၉-၇၃၀၇၃၀၉၉**
**Fax:95-1-214883**

-------------------------

အချိန်ပိုင်း အလုပ်ဆင်းနိုင်မည့် အမျိုးသမီးဝန်ထမ်းအလိုရှိသည်။
**ဖုန်း-၀၉-၄၂၀၁၉၉၉၇**

-------------------------

**အရောင်းဝန်ထမ်းနှစ်ဦး အလိုရှိသည်**
နိုင်ငံခြားကားကုမ္ပဏီကြီးတစ်ခု၏ ရန်ကုန်ရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန် (အင်္ဂလိပ်စာအရေး၊ အပြော၊ ကွန်ပျူတာ၊ အင်တာနက်ကျွမ်းကျင်၊ ရန်ကုန်မြို့တွင်း နေထိုင်သူ၊ လူမှုဆက်ဆံရေးကောင်းသူဖြစ်ရမည်)
Email: csrsmyanmar@hotmail.com

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

Money Transfer

C B BANK

IME®
International Money Express
Fast, reliable and secure remittance

CB Bank မလေးရှားနိုင်ငံမှ IME (International Money Express SDN BHD) နှင့်ချိတ်ဆက်ပြီး မြန်မာနိုင်ငံသားများအတွက် မလေးရှားနိုင်ငံမှမြန်မာနိုင်ငံအနှံ့အပြားသို့ ပြည်ပငွေလွှဲများလွှဲပို့ခြင်း လုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ မေလ (၁) ရက်နေ့မှစတင်ဆောင်ရွက်နေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



We value what you value most .

သင် တန်ဖိုးအထားဆုံးအရာ ကျွန်တော်တို့အတွက် အဓိကပါ။



ဘဏ်ရုံးချုပ်
အမှတ်-(၃၃၄/၃၃၆)၊ ကမ်းနားလမ်းနှင့်(၂၃)လမ်းထောင့်၊လသာမြို့နယ်၊ရန်ကုန်မြို့။
Tel : (95-1) 377 529, 371 848, 372 646, 372 655, 373 425, 373 426
Fax : (95-1) 377 529, 371 851, 377 027, 389 594
E-mail : ibs@cbbankmm.com
Website : www.cbbankmm.com

Let's Win Win Together !

Education
7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# 'ဘက' ကျောင်းများနှင့် ကျောင်းဖွင့်ချိန်



နေလင်းထွန်း

"ဗလာစာအုပ်တွေ၊ အဘိဓာန်စာအုပ်တွေနဲ့ ပုံနှိပ်စာအုပ်တွေတော့ လိုနေတယ်။ ပုံနှိပ်စာအုပ်အတွက် နိုင်ငံတော်ကို ဆက်သွယ်ထားတယ်။ ရသလောက်ဝယ်မယ်ပေါ့။ မူလတန်းကျောင်းသားတွေ အတွက်ဗလာစာအုပ်ရမရတော့မသိဘူး။ စာရင်းတော့တောင်းထားတယ်" ဟု မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဆိပ်ဖူးတောင်ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၏ တာဝန်ရှိသူ ပါမောက္ခဒေါက်တာဦးစိုးက ပြောသည်။

ကျောင်းဖွင့်ရာသီနီးကပ်လာပြီဖြစ်၍ ငွေကြေးချို့တဲ့သော ကလေးငယ်များနားခိုပညာသင်ကြားရာ ဘုန်းတော်ကြီးပညာရေး ကျောင်းများ၌ သင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများ၊ ကျောင်းပရိဘောဂပစ္စည်းများအတွက် အလှူရှင်များ လိုအပ်နေခြင်းဖြစ်သည်။

အခြေခံပညာအဆင့်အလိုက် ကျောင်းသား၊ ကျောင်းသူ၊ သာမဏေနှင့် သီလရှင် စုစုပေါင်း နှစ်သိန်းတစ်သောင်းကျော်သည် ကျောင်းသင်ဘာသာရပ်များ သင်ကြားပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၄၃၁ ကျောင်းတွင် ပညာသင်ကြားနေလျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်းများ၌ပညာသင်ကြားနေသောကျောင်းသားများသည် ပညာသင်စရိတ်၊ စာရေးကိရိယာစသည့် အထွေထွေကုန်ကျစရိတ်ကို ပေးသွင်းရခြင်းမရှိသည့်အပြင် ကျောင်းသားအများစု စားဝတ်နေရေးကို သက်ဆိုင်ရာ ဘုန်းတော်ကြီးများက တာဝန်ယူဖြေရှင်းနေရလျက်ရှိသည်။ ထို့ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ရပ်တည်မှုနှင့် မိဘမဲ့နှင့် ချို့တဲ့ကလေးငယ်များ၏ ပညာသင်ကြားခွင့်သည် စေတနာအလှူရှင်များပေါ်တွင် လုံးဝမှီခိုနေရသည်။

"လိုတာက ဆရာ၊ ဆရာမတွေ လစာပေးဖို့နဲ့ အစားအစာအတွက်ပါ။ ပြီးခဲ့တဲ့နှစ်ကတော့ မဆိုးလှဘူး။ နောက်နှစ်အတွက်တော့ မသေချာဘူး။ စာသင်ခုံနဲ့ ပရိဘောဂတွေလည်း လိုအပ်ချက်ရှိနေတယ်။

စာ(၂၂)သို့

## တိုးရလာသော ပညာရေးအသုံးစရိတ်များ စာသင်ဆောင်ပြုပြင်ရန်နှင့် ဆရာ၊ ဆရာမများတိုးချဲ့ခန့်ထားရန် အဓိက သုံးစွဲမည်

နေလင်းထွန်း

ရန်ကုန်၊ မေ- ၁၄

လာမည့်ပညာသင်နှစ်တွင် တိုးမြှင့်သုံးစွဲမည့် ပညာရေးအသုံးစရိတ်များကို ကျောင်းစာသင်ဆောင်များ ပြုပြင်ခြင်းနှင့် ဆရာ၊ ဆရာမများ တိုးချဲ့ခန့်ထားရေးတို့အတွက် ဦးစားပေးအသုံးပြုသွားမည်ဖြစ်ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ လွန်ခဲ့သော ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏ စုစုပေါင်းအသုံးစရိတ်၏ ၃ ဒသမ ၅ ရာခိုင်နှုန်းကို ပညာရေးအသုံးစရိတ်အဖြစ် သုံးစွဲခဲ့ပြီး ယခုနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၅ ဒသမ ၀၄ ရာခိုင်နှုန်းသုံးစွဲရန် သတ်မှတ်ထားသည်။

"ပညာရေးအထောက်အကူအတွက် ကျောင်းတွေရဲ့ ဥပမိရုပ်တွေပေါ့။ ကျောင်းဆောင်ဟောင်းတွေ ပြုပြင်မယ်၊ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်မယ်။ အဲဒါကတော့ အဓိကပေါ့။ နောက်ပြီးတော့ ဆရာ၊ ဆရာမတွေ ဖြည့်စွက်ခန့်ထားမယ်။ ငွေအလုံးအရင်းနဲ့ အသုံးပြုရမှာကတော့ ကျောင်း ဥပမိရုပ်တွေ၊ စာသင်ခုံတွေ၊ ပရိဘောဂတွေပြည့်စုံလုံလောက်ဖို့ပါ"ဟု အထက်ပါ တာဝန်ရှိသူကဆိုသည်။ ယခင်နှစ်တွင် ပညာရေးကဏ္ဍအတွက် သုံးစွဲငွေမှာ ကျပ် ၂၇၄၈၆၂ ဒသမ ၈၃၁ သန်းဖြစ်ပြီး ယခုနှစ်အတွက်အသုံးစရိတ်ကျပ်၄၀၈၁၆၄ ဒသမ၄၁၉ သန်းသုံးစွဲရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

# ပညာရေးကောလိပ်များမှ အင်္ဂလိပ်ဘာသာဆရာ၊ ဆရာမများကို ဘီစီက နှစ်ရှည်သင်တန်းပေးမည်

နေလင်းထွန်း

ရန်ကုန်၊ မေ - ၁၈

ပညာရေးကောလိပ်များရှိ အင်္ဂလိပ်ဘာသာသင်ကြားမည့် ဆရာ၊ ဆရာမများကို ဗြိတိသျှကောင်စီ (မြန်မာ)မှ နှစ်ရှည်သင်တန်းများ ပေးရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူကပြောကြားသည်။

ဗြိတိသျှကောင်စီ၏ Access English စီမံချက်အနေဖြင့် မြန်မာနိုင်ငံမှ အင်္ဂလိပ်စာဆရာ၊ ဆရာမများ သင်ကြားရေးစွမ်းရည်များမြင့်တက်လာစေရန်ပညာရေး ကောလိပ် ၂၀ ခုတွင် သင်တန်းများပို့ချရန် စီစဉ်ထားခြင်းဖြစ်သည်။

"နိုင်ငံအဝန်းမှာရှိတဲ့ ပညာရေးကောလိပ်စုစုပေါင်း ၂၀ က အင်္ဂလိပ်စာသင် ဆရာ၊ ဆရာမတွေကို နှစ်ရှည်သင်တန်းတွေပေးမယ့်အစီအစဉ်ဖြစ်ပါတယ်။ ဒီအတွက်လည်း MOU ရေးဆွဲပြီးတော့ FAQC တင်တဲ့အဆင့်ရောက်ရှိသွားပြီဖြစ်ကြောင်း အသိပေးလိုပါတယ်"ဟု အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ စာအုပ်စာတမ်းနှင့် သင်ထောက်ကူပစ္စည်းများလှူဒါန်းပွဲတွင် ပညာရေး ဒုတိယဝန်ကြီးကဆိုသည်။

လက်ရှိအချိန်တွင် ဗြိတိသျှကောင်စီ(မြန်မာ)သည် ဆရာ၊ ဆရာမများအား သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ အင်္ဂလိပ်သင်ကြားရေးနှင့် သက်ဆိုင်သော ဆောင်းပါးများ၊ ဗဟုသုတဖြစ်ဖွယ် သင်ခန်းစာများကို အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြခြင်း၊ ပညာရေးဆိုင်ရာအခမ်းအနားများတွင် ပါဝင်ခြင်း၊ အစိုးရနှင့် ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများအား အင်္ဂလိပ်စာသင်ကြားရေးဆိုင်ရာ ထောက်ပံ့ကူညီခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

ဗြိတိသျှကောင်စီ(မြန်မာ)သည် ပြည်တွင်း၌ အင်္ဂလိပ်စာသင်တန်းများနှင့် စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ ဗြိတိန်အသိအမှတ်ပြုစာမေးပွဲများ စစ်ဆေးခြင်း၊ ဗြိတိန်သို့ ပညာသင်သွားရောက်လိုသူများ ဝန်ဆောင်မှုပေးခြင်းစသည့်ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

psb Academy
THE UNIVERSITY OF NEWCASTLE AUSTRALIA
မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်မည့်
University of Newcastle ဝင်ခွင့်အတွက်
On-The-Spot Admission နှင့် ဘာသာရပ်များအကြောင်းရှင်းလင်းပြောကြားမည့်အစီအစဉ်



- အင်္ဂလိပ်နီယာဘာသာရပ်များ သင်ကြားပို့ချရာတွင်နာမည်ကြီးသော University of Newcastle မှ တိုက်ရိုက်ပေးအပ်မည့် Business / Commerce / Communication / Engineering / IT နှင့် MBA ဘာသာရပ်များအကြောင်း။
- University of Newcastle ၏ Lecturer ကိုယ်တိုင်မှ အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားခြင်း။
- GCE `O / IGCSE အင်္ဂလိပ်စာရမှတ်နည်းသူများအတွက် University Foundation Program သို့တိုက်ရိုက်ဝင်ခွင့်စာမေးပွဲအကြောင်းများကို ရှင်းလင်းဆွေးနွေးခြင်း။
- ပညာရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ ယူဆောင်လာသူများအတွက် University of Newcastle မှ တိုက်ရိုက်လက်ခံပြီး Conditional Offer Letter ထုတ်ပေးမည့်အစီအစဉ်။

Business Info Talk
Date : 26 May 2012 (Sat)
Time : 10:00 am - 11:00 am
Venue : Summit Parkview Hotel

Engineering Info Talk
Date : 26 May 2012 (Sat)
Time : 11:00 am - 12:00 noon
Venue : Summit Parkview Hotel

On-The-Spot Admission Section
Date : 26 May 2012 (Sat)
Time : 12:30 pm - 1:30 pm
Venue : Summit Parkview Hotel

CROWN EDUCATION
HEAD OFFICE:
Room 228-229,Summit Parkview Hotel,Yangon,Myanmar.
Tel:09 732 732 77,09 730 40 688
SINGAPORE EXPERIENCE AWARDS Best Education Experience: 2010-Winner,2011-Top 3
TOP 10 JobsCentral Top 3 Preferred Private Educatio Instiution(2011)
TOP 3 Voted Top 3 Private School

7 DAY NEWS JOURNAL
Vol.11, No.11 · MAY 24 , 2012

## စာ - ၂၁၊ "ဘက"ကျောင်းများနှင့် ကျောင်းဖွင့်ချိန် မှ

ဆရာ၊ ဆရာမ လစာငွေကို ဂေါပကအဖွဲ့က တစ်လ(ကျပ်) နှစ်သောင်းကနေ သုံးသောင်းတိုးပေးဖို့စီစဉ်ထားတယ်"ဟုကွမ်းခြံကုန်းမြို့ရှိ ရွှေကျင်ကျောင်း၊ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော်က မိန့်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများသည် အလှူရှင်နှင့် ဘုန်းတော်ကြီးတို့မှပေးအပ်သောလစာငွေအနည်းငယ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ပြီး အချို့ဒေသရှိ ဆရာ၊ ဆရာမများသည် လစာငွေရရှိခြင်း မရှိပေ။

နေထိုင်စားသောက်မှုနှင့် ပညာသင်စရိတ်များ တိုးမြင့်လာခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ယူသော ကျောင်းသားဦးရေမြင့်တက်လာခြင်းတို့ကြောင့် ဘုန်းတော်ကြီးကျောင်းများအတွက် အထောက်အပံ့အကူအညီများ လိုအပ်ချက်ပိုမိုမြင့်မားလာစေသည်။

၂၀၁၂ ပညာသင်နှစ်မှ စ၍ မသင်မနေရ အခမဲ့မူလတန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်ချိန်တွင် ဘုန်းတော်ကြီးကျောင်းများအပါအဝင် မူလတန်းကျောင်းသား ငါးသန်းကျော်အတွက် ကျောင်းသုံးစာအုပ်များကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း၊ စာရေးကိရိယာများ၊ လေ့ကျင့်ခန်းစာအုပ်များ ထပ်မံထောက်ပံ့ပေးခဲ့လျှင်တစ်ပြေးညီထောက်ပံ့မည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ထောက်ပံ့ပေးခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ထုတ်ပြန်ပြဋ္ဌာန်းရန် မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို ပညာရေးဝန်ကြီးက အမျိုးသားလွှတ်တော်တွင် ဖြေကြားထားသည်။

"ဒီကျောင်းထွက်ဘွဲ့ရ ၃၁ ဦးကို ဆရာ၊ ဆရာမ ပြန်လုပ်ခိုင်းထားတယ်။ လစာမရဘူး။ ဆရာတော်က နေစရာပေးတယ်။ အစားအစာကျွေးတယ်။ ကျိုက်ထိုမြို့နယ်ထဲကတခြားဘကကျောင်း ၂၀ ကိုလည်း ကျွန်တော်တို့ ဝေမျှရတယ်။ ဗလာစာအုပ်ကလည်း စာရွက်ကြမ်းပဲရှိတယ်။ မူလတန်းကနေ ရှစ်တန်းထိကျောင်းမှာ သင်တယ်။ ကိုးတန်းနဲ့ ဆယ်တန်းကို အစိုးရကျောင်းကိုပို့တယ်။ အလှူရှင်ကတော့ ကျိုက်ထီးရိုးဘုရားလာဖူးတဲ့သူတွေ လှူတာရှိတယ်။ လည်တော့ လည်ပတ်နေတာပဲ။ နည်းနည်းတော့ အခက်အခဲရှိတယ်"ဟု ပါမောက္ခဒေါက်တာဦးစိုးကပြောသည်။

ကျိုက်ထီးရိုးစေတီတော်သို့ သွားရာလမ်းရှိဆိပ်ဖူးတောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် မူလတန်းမှ အထက်တန်းရှိ ကျောင်းသား၊ ကျောင်းသူ ၈၀၀ နီးပါး ပညာသင်ယူလျက်ရှိပြီး နေ့စဉ် ဆန်တစ်တင်းခွဲအိတ်ခြောက်အိတ်နှင့် ဈေးဖိုး ကျပ်တစ်သိန်းခွဲခန့်ကုန်ကျလျက်ရှိကြောင်းဇင်းက ဆိုသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးဆုံးအချက်မှာ ကျောင်းဆရာ၊ ဆရာမများ၏ လစာနှင့် ကျောင်း၏ အထွေထွေအသုံးစရိတ်တို့ဖြစ်သည်။ ယင်းကုန်ကျစရိတ်များကို ဘုန်းတော်ကြီးများ၏ နဝကမ္မအလှူငွေများနှင့် ပရဟိတစေတနာအဖွဲ့အစည်းများ၏ လှူဒါန်းငွေများကို အသုံးပြုလည်ပတ်နေခြင်းဖြစ်သည်။

ကျောင်းသားများအတွက် မြေနေရာအကျယ်အဝန်းရရှိနိုင်ခြင်း၊ ဆင်းရဲချမ်းသာ လူတန်းစားမရွေး အခမဲ့ပညာသင်ယူနိုင်ခြင်းနှင့် အစိုးရကျောင်းနှင့် ကွာဝေးသော ကျေးလက်ဒေသရှိကလေးငယ်များအတွက် လက်လှမ်းမီနေခြင်း စသည့် အားသာချက်များရှိနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည်ကျောင်းသားသစ်များ တိုးပွားလာခြင်းနှင့် အတူကျောင်းဆောင်နှင့်ကျောင်းပရိဘောဂ၊ စာသင်ခုံစသည့် လိုအပ်ချက်များရှိနေသည်။

"မူလတန်းကလေးတွေအတွက် ဒီနှစ် ဗလာစာအုပ်က ရပြီးပြီ။ ပုံနှိပ်စာအုပ်လည်း ရမယ်။ ဒါပေမဲ့ အလယ်တန်းနဲ့ အထက်တန်းအတွက် ပုံနှိပ်စာအုပ်နဲ့ ဗလာစာအုပ် အလှူရှင်တွေ လိုနေတယ်။ မရှိတဲ့ကလေးတွေ လာတက်ကြတာကိုး။ စာသင်ဆောင်အသစ်ဆောက်နေတဲ့အတွက် စာသင်ခုံတွေလည်း လိုအပ်တယ်။ အခက်အခဲကတော့ ပြောရင် အများကြီးပဲပေါ့"ဟု ရွှေပြည်သာမြို့နယ်တွင်ကျောင်းသားတစ်ထောင်ကျော်ကို ပညာသင်ကြားနေသော တေဇရာမဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်း ကျောင်းမှ ကျောင်းထိုင်ဆရာတော်က မိန့်သည်။

## မလေးရှားတက္ကသိုလ်တွင် တက်ရောက်ရန်မြန်မာကျောင်းသား သုံးဦးကို ဖောင်ဒေးရှင်းတစ်ခုက ပညာသင်ဆုပေး

**နေလင်းထွန်း**

**ရန်ကုန်၊ မေ- ၁၇**

မလေးရှားနိုင်ငံရှိSunway တက္ကသိုလ်တွင် ဒီဂရီဘွဲ့သင်တန်းတက်ရောက်ရန် မြန်မာကျောင်းသား သုံးဦးကို ECM Libra Foundation မှ ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း Smart Resources ပညာရေးဝန်ဆောင်မှုလုပ်ငန်းကဆိုသည်။

ဒီဂရီဘွဲ့သင်တန်း တက်ရောက်ရန် ကျောင်းလခ၊ နေထိုင်စားသောက်စရိတ်နှင့် ခရီးစရိတ်များ ထောက်ပံ့ပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ထားသော ငွေကြေးချို့တဲ့သူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ပညာသင်ဆုလျှောက်ထားရန်အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အမှတ်စာရင်း မူရင်း၊ အိမ်ထောင်စုဇယားမူရင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော ကျောင်းမှ ကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ မိမိနှင့် ပညာသင်ဆု ထိုက်တန်ကြောင်း စာစီစာကုံး စာလုံးရေငါးရာ ရေးသားရန် လိုအပ်မည်ဖြစ်သည်။

ပညာသင်ဆုအတွက်စိတ်ဝင်စားသောကျောင်းသားများအနေဖြင့် ဇူလိုင်လ ကျောင်းဝင်ခွင့်အတွက် မေလကုန် နောက်ဆုံးထား၍ ဝန်ဆောင်ခကျပ်ငါးသောင်းဖြင့် အထက်ပါပညာရေးဝန်ဆောင်မှုလုပ်ငန်းတွင် လျှောက်ထားနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ဝန်ထမ်းအလိုရှိသည်**

7Day Shopping Guide ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ အင်္ဂလိပ်-မြန်မာဘာသာပြန် - ၁ ဦး
၂။ သတင်းထောက် - ၂ ဦး

ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ လျှောက်ထားလိုသူများသည် ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း CV Form၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့်အတူ အခန်းအမှတ်(G-12)၊ မြေညီထပ်၊ တိုက်(B)၊ Diamond Centre၊ ပြည်လမ်း၊ (မေတ္တာဦးဆေးရုံအနီး၊ ဝဂ္ဂီရိပ်သာလမ်း)၊ ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၃၅၁၅ သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

လုပ်ငန်းခွင်တွင် အောင်မြင်စွာလက်တွေ့အသုံးချနိုင်သည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ချီးမြှင့်သော

device Business Management Academy IN COLLABORATED WITH SIBME The Name You Can Trust

**Professional Sales & Marketing Execution Program**

လုပ်ငန်းခွင် လက်တွေ့အသုံးချ အောင်မြင်သည့်

**"ဈေးကွက်နှင့် အရောင်းဆိုင်ရာ ကျွမ်းကျင်မှုအကောင်အထည်ဖော်ခြင်း သင်တန်း"**

HONORABLE SPEAKER : ပါမောက္ခဒေါက်တာ အောင်ထွန်းသက် (Senior Advisor - UN Resident)
MAIN SPEAKER : ဦးတင်ဖုံကျော် (MD-Device Business Management Academy)

**သင်တန်း၏ ရည်ရွယ်ချက်**

၁။ အမှန်တကယ် လိုအပ်လျက်ရှိသည့် ဈေးကွက်နှင့် အရောင်းဆိုင်ရာဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်။
၂။ မည်သူမဆို ဈေးကွက်နှင့် အရောင်းဆိုင်ရာ ကိစ္စရပ်များအားလုံးကို အခြေခံမှစ၍ စနစ်တကျ သိရှိ၊ နားလည်၊ သဘောပေါက်၊ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်စေရန်။
၃။ အချိန်တိုအတွင်း လုပ်ငန်းခွင်ဝင်ရောက်နေသူများနှင့် ဝင်ရောက်မည့်သူများ အမှန်တကယ် တတ်ကျွမ်းမှု ရှိလာစေရန်။
၄။ သင်တန်းတက်ရောက်ပြီးစီးသူများ အလုပ်အကိုင် အခွင့်အလမ်းကောင်းများကိုပါ တပါတည်း ဖန်တီးဆောင်ရွက်ပေးနိုင်စေရန်။
၅။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းခွင် အရည်အချင်းပြည့် ကျွမ်းကျင် ဝန်ထမ်းကောင်းများရရှိလာစေရန်။

NO. 24/26, DEVICE EXECUTIVE HALL, RACE COURSE CONDO, SOUTH RACE COURSE STREET, TAMWE GYI (KHA) WARD, TAMWE TOWNSHIP, YANGON.
Fax-01-393068
01-393068, 393318
09-73045140,
09-49317457,
09-73143313
(HOTLINE)
09-420033355
09-420033366
09-420033377
09-421007001
09-421007002
09-421007003
09-421007004
09-421007005
09-421007006
Email - training@devicemyanmar.com

Venue : Device Executive Hall | Date : 26th ~ 27th May, 2012 | Time : 8:00 am ~ 5:00 pm

JCU SINGAPORE
SINGAPORE QUALITY CLASS
edutrust SINGAPORE Cert No.: EDU-2-2008 Validity : 20/07/2010 - 19/07/2014
/jcu.singapore.fanpage | /jcu_singapore | /jcusingaporevideo
www.jcu.edu.sg



Ranked in the top 4%* in the world for academic & research performance
*The Academic Ranking of World Universities, Shanghai Jiao Tong University 2011

**JCU Information Session**
26 May 2012 | 10:00AM | KMD Myaynigone Center

**KMD Myaynigone Center** | Phone: **+91 502233**
331, Pyay Road, Sanchaung Township (near Mahar Mying Bus Stop), Yangon, Myanmar

James Cook Australia Institute of Higher Learning | 600 Upper Thomson Road, (S) 574421 | Email: enquiries@jcu.edu.sg

JAMES COOK UNIVERSITY AUSTRALIA
The University offers Bachelor & Master Programs in Business, Information Technology, Psychology & Education at the JCU Singapore campus.
James Cook Australia Institute of Higher Learning is fully owned by James Cook University Australia.

# Technology

7 DAY NEWS JOURNAL

Vol.11, No.11 • MAY 24 , 2012


## သန်းခေါင်စာရင်းအသစ် ပြန်ကောက်ရေး HTC ကော်ပိုရေးရှင်း နည်းပညာပံ့ပိုးမည်

**နေလင်းအောင်၊ ယုဇနကိုကို**

**ရန်ကုန်၊ မေ-၁၉**

အသစ်ပြန်လည်ဆောင်ရွက်မည့် သန်းခေါင်စာရင်း ကောက်ယူရေးစီမံချက်တွင် ကမ္ဘာကျော်တယ်လီဖုန်းကုမ္ပဏီHTC ကော်ပိုရေးရှင်းမှ နည်းပညာပံ့ပိုးရန်အတွက် ကတိပြုထားကြောင်း HTC ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ်ဦးဝင်းသန်း(ခေါ်)Mr.Peter Chou က ယနေ့ ထုတ်ဖော်ပြောကြားသည်။

အဓိကအားဖြင့် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်တွင် HTC ကော်ပိုရေးရှင်းအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ လုပ်ငန်းများ မြန်ဆန်ထိရောက်စေရန် ဆော့ဖ်ဝဲလ်နှင့် ဟာ့ဒ်ဝဲလ်များပံ့ပိုးဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

"ကျွန်တော်တို့အနေနဲ့ အစိုးရက သန်းခေါင်စာရင်းကောက်ယူမယ့် စီမံချက်မှာ သူတို့ပိုမိုလွယ်ကူဖို့ နည်းပညာပိုင်း ပံ့ပိုးဖို့အတွက် ကတိပြုခဲ့ပါတယ်။ အခုစလုပ်နေပါပြီ"ဟု HTC ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်ဦးဝင်းသန်းက 7Day News ၏ မေးမြန်းမှုကို ဖြေကြားသည်။

နှစ်ပေါင်းများစွာ အသစ်ပြန်လည်ကောက်ယူခဲ့ခြင်းမရှိခဲ့သည့် ယင်းစီမံချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် အခြားသောဝန်ကြီးဌာနများပါဝင်သည့်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီအား ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ယင်းအစီအစဉ်အတွက် ကူညီပံ့ပိုးမည့် HTC ၏ CEO Mr. Peter Chou ခေါ် ဦးဝင်းသန်းသည် မြန်မာပြည်ဖွားတစ်ဦးဖြစ်ပြီး နှစ် ၃၀ ကျော်ကာလအတွင်း ပထမဦးဆုံးအနေဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့ကာ ၎င်း၏ ငယ်သူငယ်ချင်းဖြစ်သူ နည်းပညာလုပ်ငန်းရှင်များနှင့် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

ယင်းသို့လာရောက်စဉ် ကာလအတွင်းပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ကြီးများနှင့် တွေ့ဆုံခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ကူညီရန် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်းအတွက် အချက်အလက်ကောက်ယူခြင်း၊ စုဆောင်းသိမ်းဆည်းခြင်း၊ ဌာနတွင်းချိတ်ဆက်မှုများ၊ အချက်အလက်ပေးပို့မှုတို့ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်သည်အထိ ကူညီပေးသွားမည်ဟု သိရသည်။

## ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ရန် အစ္စရေးနှင့် ပူးပေါင်းဆောင်ရွက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၁၆**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုတစ်လုံးလွှတ်တင်မည့်စီမံကိန်းကိုအစ္စရေးနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူအချို့ထံမှ စုံစမ်းသိရှိရသည်။

ထိုစီမံကိန်းအတွက်အစ္စရေးနိုင်ငံက နည်းပညာပိုင်းအရပါဝင်ကူညီမည်ဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သည့် အစ္စရေးနိုင်ငံနှင့် ပြည်တွင်း ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍကို ပူးပေါင်းဆောင်ရွက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံပိုင်ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ပြီးပါက ဥပမာအားဖြင့် ယခု ပြည်ပနိုင်ငံများထံမှတစ်ဆင့် ငှားယူပြသနေရသည့် နိုင်ငံတကာရုပ်သံလိုင်းများကို ကိုယ်ပိုင်စနစ်ဖြင့် ကြည့်ရှုလာနိုင်မည့်အပြင်နိုင်ငံ၏ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍကိုပိုမိုအထောက်အပံ့ ပေးလာနိုင်မည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူများက ပြောသည်။

"တကယ်တမ်းနိုင်ငံပိုင်ဂြိုဟ်တုလွှင့်တင်နိုင်မယ်ဆိုပြည်တွင်းရဲ့ ဆက်သွယ်ရေးကဏ္ဍက သိသိသာသာကို တိုးတက်လာမှာ သေချာပါတယ်။ လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့သာအရေးကြီးပါတယ်။ ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့ကလည်း အဓိကကျပါတယ်"ဟု စင်ကာပူနိုင်ငံရောက် ကွန်ပျူတာပညာရှင်တစ်ဦးကသုံးသပ်ပြောဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်ထောင်စုမြန်မာနိုင်ငံပိုင်ဂြိုဟ်တုလွှင့်တင်နိုင်ရန်အတွက် ကန်ဒေါ်လာသန်းပေါင်းများစွာကို အသုံးပြုရမည်ဖြစ်ပြီး လက်ရှိအစိုးရလက်ထက်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့်လအနည်းငယ်အတွင်းက 7Day Newsသို့ပြောကြားခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အစ္စရေးနိုင်ငံနှင့် ယခုကဲ့သို့ ဂြိုဟ်တုလွှင့်တင်မည့်စီမံကိန်းအပြင် ဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်မှုစနစ်နှင့် ကျေးလက်ဒေသတယ်လီဖုန်းဆက်သွယ်မှုစနစ်များကိုပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ပါကိစ္စရပ်များကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်အတွက် အစ္စရေးက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြန်မာအစိုးရနှင့် လာရောက်ဆွေးနွေးခဲ့သည်။

## ကျပ်နှစ်သိန်းနှင့် နှစ်သိန်းခွဲတန် မိုဘိုင်းဖုန်းဝယ်လိုသူများ အခက်တွေ့ဆဲ

**ယုဇနကိုကို**

**ရန်ကုန်၊မေ-၁၆**

ကျပ်နှစ်သိန်းနှင့် နှစ်သိန်းငါးသောင်းတန် မိုဘိုင်းဖုန်းဈေးကွက်တွင် ပုဂ္ဂလိကကုမ္ပဏီကြီးများက တစ်ဦးချင်း ဝယ်ယူလိုသောသူများထက် ပွဲစားများကိုသာ ဦးစားပေးရောင်းချနေကြဆဲဖြစ်ကြောင်း ရန်ကုန်မြို့တွင်း မိုဘိုင်းဖုန်း အသုံးပြုသူများက တညီတညွတ်တည်း ပြောသည်။

ကုမ္ပဏီကြီးများတွင် တစ်ဦးတည်းနှင့် အလုံးရေများစွာဝယ်ယူသော ပွဲစားများကြောင့် တစ်ဦးချင်းဝယ်ယူလိုသော သူများအနေဖြင့် အချိန်ကြာမြင့်စွာစောင့်ဆိုင်းရခြင်းနှင့်ဖုန်းကတ်များကိုအလွယ်တကူမဝယ်ယူနိုင်ခြင်း စသည့် အခက်အခဲများကို ကြုံတွေ့နေရဆဲဖြစ်ဟုဆိုသည်။

"ကျွန်မက ပန်းဆိုးတန်း E-Lite ဆိုင်မှာ ကိုးနာရီဖွင့်တယ်ဆိုလို့ အဲဒီအချိန်မတိုင်ခင်ကတည်းက သွားတန်းစီတာ။ ပွဲစားတွေချည်းပဲ။ ပွဲစားတွေက တစ်ဦးတည်းကို အလုံးရေအများကြီးယူနေတော့ ကျွန်မတို့လို ကိုယ်တိုင်တစ်လုံးချင်း ဝယ်တဲ့သူတွေအကုန် အကြာကြီးစောင့်ရတယ်။ မစောင့်နိုင်တဲ့ သူတွေကတော့ အဲဒီပွဲစားတွေနဲ့ပဲ ပိုက်ဆံအပိုပေးပြီး လုပ်ရတော့တာပဲ"ဟု အသက် ၂၇ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက သူမ၏ အတွေ့အကြုံကိုပြောသည်။

အဆိုပါ ပုဂ္ဂလိကကုမ္ပဏီကြီးများအနေဖြင့် အစိုးရ၏ သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချပေးနေသဖြင့် ပွဲစားများဖြင့်သာ အချိန်ပြည့် ပြည့်နှက်နေရခြင်း ဖြစ်ကြောင်းလည်း ဖုန်းလျှောက်သူအချို့ကပြောသည်။

ယင်းပွဲစားများသည် အထက်ပါကုမ္ပဏီကြီးများတွင် အစိုးရ သတ်မှတ်ဈေးနှုန်းများအတိုင်း ဖုန်းကတ်အရေအတွက်များစွာကို ဝယ်ယူပြီးနောက် အခြားသူများထံ အရစ်ကျစနစ်နှင့် အတိုးစနစ်များဖြင့် တစ်ဆင့်ပြန်လည်ရောင်းချနေကြခြင်းများဖြစ်သည်။

"အဓိကက နှစ်သိန်းလောက်ကို လက်ငင်းမဝယ်နိုင်သေးတဲ့သူတွေကြောင့်ပဲ။ အဲလိုသူတွေကို စီးပွားရေးအမြင်ရှိသူတွေက အရစ်ကျစနစ်၊ အတိုးစနစ်တွေနဲ့ ရောင်းပေးလာကြတာ။ သူတို့တအားမြတ်တယ်ဗျ။ ဖုန်းတစ်လုံးကို သုံးသောင်းခွဲလောက် အနည်းဆုံး အမြတ်ထပ်တင်ပြီး ကျန်ငွေကို အတိုးပါယူတယ်ဆိုတော့ ပွဲစားတွေ အလုပ်ဖြစ်ပြီပေါ့"ဟု ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် နာမည်ရ မိုဘိုင်းဖုန်းဆိုင်၏ တာဝန်ခံတစ်ဦးကဆိုသည်။

သို့သော် အထက်ပါပုဂ္ဂလိကဆိုင်အချို့က ပွဲစားများကိုသာ ဦးစားပေး ရောင်းချပေးနေခြင်း မဟုတ်ဘဲ တန်းစီပြီးလျှောက်ထားကြသည့်လူများကို အစဉ်အတိုင်းသာ ရောင်းချပေးနေခြင်းဖြစ်ကြောင်းဟုပြောဆိုကြသည်။ အဆိုပါအခက်အခဲသည် ယခုလက်ရှိ ကျပ်တစ်သောင်းဖြင့် လျှောက်ထားနိုင်နေသည့် GSM EDGE အင်တာနက် လျှောက်ထားမှုများတွင်ပါ ကြုံတွေ့နေရကြောင်း စုံစမ်းသိရှိရသည်။






SHINE CONSTRUCTION COMPANY LTD.
(Member of Shine Group of Companies)
မိုးရာသီအကြို အိမ်ရာအရောင်းပွဲတော် ကျင်းပနေပါပြီ
Special Discount
သိန်း ၃၀ မှ သိန်း ၃၀၀ အထိ အထူးသက်သာမည့် အခွင့်အရေး
Special Payment
၁ နှစ် မှ ၃ နှစ် အထိ KBZ Bank ၏ပံ့ပိုးမှု
Lucky Draw
ဗလာမပါကံစမ်းမဲအစီအစဉ်
LCD 42"
Washing Machine
Air Conditioner
Refrigerator
Special Chance
Discount + Discount
အစီအစဉ်
(Limit)
ကျင်းပမည့်နေရာ
SHINE Housing Showroom
No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township.
Hot Line : 01-385 344, 01-385 340-4* Ext : (203, 204, 205)
www.shinegroupofcompanies.com
ကျင်းပမည့်ရက် (Special Promotion Days)
20 . 5 . 2012 မှ
31 . 5 . 2012 ထိ


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
Special Sales Event
ကား(၁)စီး ဝယ်ယူသူတိုင်း
၂သိန်း GSM SIM CARD FREE
7th May to 31st May
အခြားသောလက်ဆောင်များ...
AVAILABLE STOCK (CIF USD 5500* ကားများ)
❖ Mark II 99
❖ Mark II ရှေ့ဝါး 2001
❖ Mark II Blit 2002
❖ Premio 2000
❖ Caldina Van 2000
❖ Mark II Van 2000
❖ Altteza Van 2000
❖ Honda Odessy 2000
CIF USD 5500
မေလတစ်လလုံး သိန်း (၁၁၀) အပြီးစီးဈေးဖြင့် ရောင်းချပေးသွားမည်...
မှတ်ချက် - ကားဟောင်းအပ် စလစ်တန်ဖိုးမပါ။
SEPICAL PERMIT ဖြင့် တင်သွင်းထားသောကားများ
Soarer 2002
Mark X 2004/ 2005/ 2006
LN 165 / 167 Double Cab
SSR G 1999 Hilux Surf
Diamond Auto Service Co., Ltd. အမှတ် (၁၅၀ - B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ (ကုက္ကိုင်းမီးပွိုင့်ထောင့်)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com
DAILY OPEN
(09:30)AM TO (05:30)PM
တနင်္ဂနွေတိုင်း ရုံးပိတ်သည်။

# ဗာရာဏသီမှ လှေသမားများနဲ့ ကြားဖြတ်ဝင်လာသူ လူပေါင်းပင်များ

ဒေါက်တာထွန်းဝင်း(စိုက်ပျိုးရေး)



**ရှေး** သရောအခါဗာရာဏသီတိုင်းပြည်ဝယ် အမူးသမားတစ်စုညဥ့်ရဲ့ခါတွင် လှေငယ်တစ်စီးဖြင့် တစ်ညလုံး လှော်ခတ်ခရီးနှင်ခဲ့ကြရာ မိုးလင်းချိန်တွင် သူတို့နဂို လှေစထွက်တဲ့နေရာပင် ရှိနေဆဲဆိုတာ သတိပြုမိကြတယ်။ အကြောင်းကတော့ မူးမူးနဲ့လှေလှော်ဖို့သာ ကြိုးစားကြလေတော့ ချီထားတဲ့လှေကြိုးဖြုတ်ဖို့ သတိမရခဲ့ကြဘူး၊ လှော်ခတ်သူတွေက ကြိုးစားပေမယ့် အသိတရားမရှိရင် အချိန်ကုန်လူပန်း လိုရာပန်းတိုင် လှမ်းမကိုင်နိုင်ခြင်းရဲ့ သာဓကပြယုဂ်တစ်ခုပါ။

ရေမြေရာသီ သဘာဝသယံဇာတပေါကြွယ်ဝတယ်ဆိုပြီး ဂုဏ်ယူကြွားဝါ၍မဆုံးရှိနေဆဲဖြစ်တဲ့ ကျွန်တော်တို့ အမိမြန်မာနိုင်ငံကြီးရဲ့ ဘက်စုံဖွံ့ဖြိုးအောင်မြင်မှု သမိုင်းမှတ်တိုင် အထောက်အထားကို ၁၉၄၇ မှသည် ၁၉၆၂ ထိတိုင် အထင်အရှားမြင်ခဲ့ရတယ်။ လယ်ယာကဏ္ဍကနေ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးဆီသီးနှံထုတ်လုပ်မှု၊ အထည်အလိပ်လုပ်ငန်းအတွက် ဝါချည်ထုတ်လုပ်မှု၊ သစ်ထုတ်လုပ်မှုတွေနဲ့အတူ နိုင်ငံခြားကိုတင်ပို့နိုင်ဖို့ကုန်ချောထုတ်လုပ်တဲ့ ဆန်စက်၊ ချည်ထည်စက်၊ သစ်စက်၊ ပြည်တွင်းသုံးစားသုံးဆီစက်စတဲ့ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းတွေပါ တစ်ပြိုင်နက်ထုတ်လုပ်မှုကြောင့် အရှေ့တောင်အာရှသာမက ကမ္ဘာမှာ မြန်မာဆိုပြီး ဆန်တင်ပို့မှု ထိပ်ဆုံးနေရာမှာယူခဲ့တယ်။ ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံဆိုစကားရှိခဲ့တယ်။

အဲဒီကာလမှာ ရောဝတီမြစ်ဝကျွန်းပေါ်က မြစ်ချောင်းများအနှံ့မှာ နိုင်ငံခြားကိုတင်ပို့ဖို့ နေ့ရောညပါ အလုပ်များနေတဲ့ ဆန်စက်ကြီးများက အစီအရီ၊ သစ်ခွဲစက်များက အစီအရီ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှာ စားသုံးဆီစက်များအစီအရီ၊ ဝါတိုင်ချည်၊ ဖောက်ချည်စက်များနဲ့ ချည်ချောစက်များကအစီအရီ၊ ဒီချည်ချောစက်ကြီးများကနေ နိုင်ငံခြားကို ချည်ထည်များထုတ်လုပ်တင်ပို့နိုင်တဲ့အထိသမိုင်းရှိခဲ့တယ်။ ဒါကြောင့် အဲဒီကာလတစ်လျှောက် နိုင်ငံခြားက သွင်းကုန်အဖြစ် စားသုံးဆီဆိုတာ မမြင်မကြားခဲ့ရဘူး၊ နိုင်ငံခြားကနေ ဂျုံဝယ်သွင်းခဲ့ရတယ်ဆိုတာ မရှိခဲ့ဘူး၊ ဝါချည်ဝယ်သွင်းရတာမရှိခဲ့ဘူး။ ကော်ဖီနဲ့ သကြားဝယ်သွင်းခဲ့ရတယ်ဆိုတာကတော့ ဝေးစွခြောက်ပါးပါပဲ။

၁၉၆၂ နောက်ပိုင်း ပုဂ္ဂလိကပိုင်ကနေ ပြည်သူပိုင်အဖြစ် ကူးပြောင်းချိန်ကစလို့ ကုန်ထုတ်လုပ်ငန်းတွေကို တစ်ချိန်က အချိန်ပြည့် မီးခိုးတလူလူ အောင်လံထူနိုင်ခဲ့တဲ့ ရွှေမြန်မာရဲ့ ရောဝတီမြစ်ဝကျွန်းပေါ် မြစ်ချောင်းစပ်တွေက ဆန်စက်တွေလည်း မီးခိုးတိတ်၊ မြို့ကြီးရွာကြီးတွေက သစ်စက်၊ ဆီစက်၊ ဂျုံစက်၊ ဝါစက်တွေလည်း ဖရိုဖရဲပြိုလဲခဲ့ရပြီး ယခုလက်ရှိအနေအထားကို ပြောရမယ်ဆိုရင် မြန်မာပြည်ရဲ့ တစ်ချိန်က ထိပ်ဆုံးက ဆန်တင်ပို့မှုဟာ အခုဆိုရင် ဈေးအနိမ့်ဆုံးပေးတဲ့ အာဖရိကဆန်ဈေးကွက်ကို ကြိုးစားယှဉ်ပြိုင်ပြီးရှာဖွေပို့နေရတယ်။ နောက်ဆိုရင် တစ်နှစ်ကို အရန်ဆန်တန်ချိန် ၁၀ သန်းကျော်လှောင်တဲ့ အိန္ဒိယနိုင်ငံကြီးရဲ့ ကမ္ဘာ့ဆန်ဈေးကွက်မှာ လျှော့ဈေးနှုန်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်လို့ မြန်မာရဲ့ အဓိက အာဖရိကဆန်ဈေးကွက်များ ပျောက်နိုင်ဖွယ်ရာ ဖြစ်လို့နေတယ်။

ဒုတိယ အရေးကြီးစားကုန်ဖြစ်တဲ့ စားသုံးဆီ အနေအထားပြောရရင် စားအုန်းဆီကို နိုင်ငံတော်ရဲ့ သွင်းကုန်အမယ်စာရင်းမှာ နံပါတ်(၁)က တွေ့ရပြီး ၂၀၀၉ မှာ ဒေါ်လာ ၁၅၉ သန်းဖိုး၊ ၂၀၁၁ မှာ ဒေါ်လာ ၂၉၆ သန်းဖိုးနဲ့ ပြီးတဲ့နှစ် ၂၀၁၁ မှာ ဒေါ်လာ ၄၅၀ သန်းဖိုးအထိ သွင်းခဲ့ရတယ်။ ဒီနှုန်းအတိုင်းဆိုရင် လာမယ့်သုံးနှစ်ဆို ဒေါ်လာ သန်း ၇၅၀ အထိ သွားမယ့်ကိန်းပါပဲ၊ ဆိုင်ရာဝန်ကြီးဌာနက ဆီဖူလုံရေး ရည်ရွယ်ချက်ထားပြီး စိုက်ပြ၊ ထွက်ပြ၊ လုပ်ပြရုံမျှ သက်သက်လောက်နဲ့တော့ ဒီနိုင်ငံတော်ရဲ့ မဟာယိုပေါက်ကြီးကိုပိတ်ဖို့မလွယ်ပေဘူး၊ ဆိုလိုရင်းက ဒီလို ကိုယ့်ပြည်တွင်းမှာ ဘယ်အချိန် ဘယ်နေရာမှာမဆို စိုက်ပျိုးဖြစ်ထွန်းတဲ့ ဒီဆီထွက်သီးနှံတွေကို လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်ဖို့ တွန်းအားပေးဆောင်ရွက်သင့်သော်လည်း နိုင်ငံတော်ရဲ့ အခြားတစ်ဖက်ဆိုင်ရာအဖွဲ့အစည်းတွေက အဓိက သွင်းကုန်အဖြစ် နှစ်စဉ် တိုးတက်တင်သွင်းနေတဲ့ စားသုံးဆီ၊ အုန်းဆီတို့ရဲ့ ရှေ့နောက်မညီ တိုင်းပြည်ကိုဆင်းရဲတွင်းထိ အရောက် တွန်းပို့နေတဲ့ကိစ္စကို ဒီအတိုင်း ဘာမှမဖြစ်သလို ခရီး ဆက်နေခြင်းပါ။ ဗာရာဏသီက လှေသမားများ ဥပမာလိုပါပဲ။

တကယ်ဆိုရင် ဒီကိစ္စသည် ကျွန်တော်တို့လို ဝါသနာအရစိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းပညာကို ကျေးရွာ မန်နေဂျာဘဝကစပြီး ရှာငယ်ဇနပုဒ်၊ မီးမှိတ်တုတ်မှာ ဆင်းရဲတဲ့ တောင်သူတွေနဲ့ နေထိုင်ပြီး နှစ်ပေါင်းများစွာ ယှဉ်တွဲလုပ်ကိုင်ဖူးသူများအတွက် ၄က်ပျောသီးအခွံနွှာစားရတာကမှ ခက်ပါလိမ့်မယ်၊ အစွရေးလို သဲတောထူတဲ့ နိုင်ငံကနေ ဥရောပတစ်ခွင်ကို ပန်းမန်၊ သီးနှံတွေ တင်ပို့ရောင်းချနိုင်အောင်အထိ တောင် ခက်ခက်ခဲခဲ စွမ်းဆောင်စရာမလိုပါဘူး။ ကျွန်တော်တို့နိုင်ငံက သဲတောထဲကနေ မြေပဲဆီ၊ နှမ်းဆီပေါအောင် စွမ်းနိုင်တဲ့ မကွေး၊ တောင်တွင်းကြီး၊ အောင်လံ၊ သရက်၊ ရေနံချောင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်းက တောင်သူဦးကြီးတွေကိုပဲ နှစ်စဉ်တင်သွင်းနေရတဲ့ သန်း ၅၀၀ ထဲက ဒေါ်လာ ငါးသန်းဖိုးလောက် မြေအောက်ရေရဖို့လေး ကူညီထောက်ပံ့ပေးရုံဖြင့် အဆင်ပြေနိုင်ပါတယ်။

စိုက်ပျိုးရေးသမားဖြစ်လို့ ဆက်ပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောရရင် ကမ္ဘာမှာ ဘရာဇီးပြီးရင် ဒုတိယနေရာကနေ ရပ်ပြီး ကော်ဖီပို့ကုန်လုပ်ငန်း ဆောင်ရွက်နေတဲ့ ဗီယက်နမ်နိုင်ငံဟာ မြန်မာပြည်လောက် ကော်ဖီစိုက်ပျိုးနိုင်တဲ့ရာသီ၊ မြေနေရာဖြစ်တဲ့ ရှမ်း၊ ကချင်၊ ကရင်၊ ချင်းပြည်နယ်လောက် ကျယ်ဝန်းမှုမရှိပေမယ့် ဒီနေ့ ကော်ဖီပို့ကုန်ကနေ ဒေါ်လာသန်းထောင်ပေါင်း များစွာဝင်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့မြန်မာကတော့ ကော်ဖီနဲ့အသင့်သုံး ကော်ဖီမစ်ထုပ်တွေကို ၂၀၁၀ မှာ ဒေါ်လာ ၈၇ ဒသမ ၅သန်း၊ ၂၀၁၁ မှာ ဒေါ်လာ ၉၇ ဒသမ ၈ သန်းဖိုး ပြည်ပနိုင်ငံများမှ တင်သွင်းနေရတယ်။

ဆက်ပြောရရင် ကြံစိုက်ပျိုးဖို့ ရာသီရေမြေ ပေါများသော်လည်း သကြားနဲ့ သကြားနဲ့ လုပ်တဲ့ မုန့်ပစ္စည်းကို ၂၀၀၉ မှာ ဒေါ်လာ ၁၅ သန်း၊ ၂၀၁၀ မှာ ဒေါ်လာ ၄၉ သန်း၊ ၂၀၁၁ မှာ ဒေါ်လာ ၇၂ သန်းဖိုးပါပဲ၊ စိုက်ပျိုးရေးဌာနက ကြံတွေစိုက်ပြ ထွက်ပြပေမယ့် အခြားသော ကုန်သွယ်ရေးအဖွဲ့အစည်းများ သကြားတွေ နှစ်စဉ် တိုးတက်တင်သွင်းနေရတဲ့ ရှေ့နောက် မညီသော နိုင်ငံတော်ရဲ့ ယိုပေါက်၊ ဟာပေါက်။

ဆက်ပြီးပြောရရင် ဂျုံသီးနှံစိုက်ပျိုးဖို့ ရေမြေအခြေအနေပေးတဲ့ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်များရှိသော်လည်း ဂျုံကို နှစ်စဉ် သြစတြေးလျ၊ ပါကစ္စတန်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူကနေ ဝယ်စားနေရတာ အခုဆိုရင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀၀၉ မှာ ၃၄ သန်း၊ ၂၀၁၀ မှာ ၅၅ သန်းနဲ့ ၂၀၁၁ မှာ ၆၂ ဒသမ ၆ သန်း အထိရှိနေပြီး အဓိကအကြောင်းကတော့ အကျယ်အပြန့် ဂျုံစိုက်ဖို့ မြေဧရိယာ အလုံအလောက်နဲ့ ရာသီသဘာဝအခြေအနေပေးသော်လည်း မှိုရောဂါခံနိုင်တဲ့ ဂျုံမျိုးမရှိလို့၊ ဂျုံကို ရေအလုံအလောက် မပေးနိုင်လို့။

ဆက်ပြီးပြောရရင် တစ်ချိန်က ဝါကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ချည်ချောထည်အဖြစ် နိုင်ငံခြားသို့တိုင် ရောင်းချနိုင်ခဲ့တဲ့ မြန်မာပြည်ဟာ ဒီနေ့ဆိုရင် ၁၉၆၂ မတိုင်မီက တိုင်ချည်၊ ဖောက်ချည်စက်ကြီးများ ယိုယွင်းပျက်စီးခဲ့လို့ မြန်မာပြည်ရဲ့ အဝတ်အထည်တွေအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းခန့် ပမာဏရှိတဲ့ တိုင်ချည်ကို နှစ်စဉ် ဝါဂွမ်းထုပ်ပေါင်း လေးသောင်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၈ သန်းဖိုးကို တရုတ်နဲ့အိန္ဒိယနေက သွင်းယူနေရတယ်။

ဆက်ပြီးပြောရရင် နို့စားနွားများ မွေးမြူရန် ရေမြေသဘာဝ အကျယ်အပြန့် တည်ရှိတဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ကရင်ပြည်နယ်၊ တောင်တန်းဒေသတွေ ပေါကြွယ်ဝသော်လည်း နို့နဲ့ နို့ထွက်ပစ္စည်းကို မလေးရှား၊ စင်ကာပူ၊ ထိုင်းကနေ ၂၀၀၉ မှာအမေရိကန် ဒေါ်လာ သန်း ၃၀၊ ၂၀၁၀ မှာ ၄၉ သန်း၊ ၂၀၁၁ မှာ ၇၅ ဒသမ ၆ သန်း ထိတောင် တိုးတက်တင်သွင်းနေရတယ်။

ဒီအချက်တွေကို ယေဘုယျလေ့လာသုံးသပ်ကြည့်မယ်ဆိုရင် မိမိနိုင်ငံအတွင်းမှာ ထုတ်လုပ်စိုက်ပျိုးမွေးမြူနိုင်သော ရေမြေရာသီသဘာဝ အနေအထားရှိသော်လည်း၊ စွမ်းဆောင်နိုင်သော ပညာရှင်များရှိသော်လည်း တိုင်းပြည် လုပ်သားပြည်သူအားလုံးရဲ့ ဝင်ငွေမှ နှစ်စဉ် သန်း ၈၀၀ခန့် ပြင်ပကမ္ဘာမှ ဝယ်စားနေရခြင်းက နိုင်ငံတော်ရှေ့ရေးအတွက် ရင်လေးဖွယ်ရာဖြစ်ပါတယ်။ ဒီနှစ်စဉ် ပြည်ပသို့ ယိုပေါက်အဖြစ် ထွက်နေတဲ့ ဒေါ်လာ သန်း ၈၀၀ နီးပါးကို တိုင်းပြည်အတွက်သာ အသုံးပြုမယ်ဆိုရင် တိုင်းပြည်ရဲ့ ယိုယွင်းနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအားလုံးမှာ အကျိုးရှိစေမှာဖြစ်ပါတယ်။

အခုလို ကိုယ့်ရဲ့ပြည်တွင်းမှာ သီးနှံအားလုံး စိုက်ပျိုးဖို့ရေမြေရာသီသဘာဝ ပေါကြွယ်ဝသော်လည်း အဓိက စားသုံးကုန်ဆန်နဲ့ ပဲ၊ ပြောင်း၊ ရာဘာသီးနှံများကလွဲလို့ နေ့စဉ် လိုအပ်တဲ့ လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ စားသုံးဆီ၊ ဂျုံ၊ သကြား၊ ကော်ဖီ၊ နို့နဲ့ နို့ထွက်ပစ္စည်းနဲ့ဝါချည်ထည်ပစ္စည်းတွေကို နေ့စဉ်ပြင်ပ ကမ္ဘာမှ ဝယ်စားနေရတယ်။ ဝယ်စားရတဲ့ပမာဏကလည်း တိုးတက်ကြီးမားလာမှာက တစ်ကြောင်း၊ နေ့စဉ် သုံးစွဲနေရတဲ့ လူသုံးကုန်ပစ္စည်းများဖြစ်လို့လည်းကောင်း၊ ရေရှည်ကာလမှာ ဒီအတိုင်းသာ ဆက်ဝယ်စားနေရလို့ကတော့ ကုန်ဈေးနှုန်းတွေမြင့်တက်လို့ လူအများစု ဒုက္ခရောက်ဖို့ သေချာပါတယ်။ လူတွေအားလုံးအတွက် စပါးတစ်မယ်လောက် ထွက်အောင်ကြိုးစားနေတာထက် စားသောက်ကုန် အမယ်စုံကိုပါ တစ်ပြိုင်နက် ထုတ်လုပ်နိုင်ဖို့ ဦးတည်သင့်ပါပြီ။

ဒီအချက်က ဘာကိုထောက်ပြနေသလဲဆိုရင် လူတိုင်းကိုကိုယ့်ပိုင်ရာပိုင်ရာ ကိုယ့်အသက်မွေးဝမ်းကျောင်းနဲ့ကိုယ်သာ လုပ်ပိုင်ခွင့် အပြည့်အဝ ပေးမယ်ဆိုရင် လူတိုင်း ကိုယ့်ကျွမ်းကျင်ရာ လိမ္မာရာလုပ်ငန်းတွေကို ကိုယ်တိုင်ကိုင်တွယ်ပြီး အောင်မြင်အောင် ဖြေရှင်းနိုင်ပါတယ်။ သိပ်ကိုမှ လွယ်ပါတယ်။

အခုတော့ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အထူးအရေးပါတဲ့ ဆိုင်ရာဆိုင်ရာ အသက်မွေးဝမ်းကျောင်း နည်းပညာပိုင်းတွေမှာ ကိုယ်နဲ့မဆိုင်၊ မပိုင်သော်လည်း ကြားဖြတ်နေရာရယူပြီး ကိုယ်နဲ့ တစ်သက်လုံး ဝါသနာ၊ စေတနာ၊ အနစ်နာခံလုပ်နေကြတဲ့ပညာရှင်များအပေါ် စီမံဆောင်ရွက်လေသောကြောင့် မှန်းချက်နဲ့ နှမ်းထွက်မကိုက်၊ အိပ်ပေါက်နဲ့ ဖားကောက်၊ ဖောင်စီးရင်းရေငတ်ပြီး ဘဝ ရောက်နေရခြင်းပါပဲ။

ဒီဖြစ်စဉ်ကို ရိပ်စားနားလည်ပြီး ပြုပြင်ပြောင်းလဲမှု (Reform) လုပ်ဖို့ ကြိမ်ဖန်တလဲလဲ တွန်းအားပေးလျက်ရှိသော နိုင်ငံတော်သမ္မတကြီးကို လည်းကောင်း၊

*စာ(၂၆) သို့*

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

ကမ္ဘာ့ သတင်းစာမျက်နှာတွေပေါ်က အရှေ့အလယ်ပိုင်းပြဿနာဟာ နိုင်ငံတကာသတင်းတွေကို ကျွန်မတို့စတင်စိတ်ဝင်စားတဲ့အချိန်မှာ ရှိနှင့်နေပါပြီ။ အာရပ်ကမ္ဘာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံစောင်နေလိုက်၊ စစ်တွေဖြစ်လိုက်၊ ရပ်စဲလိုက်၊ ဆွေးနွေးပွဲတွေ စလိုက်၊ ပျက်လိုက်မပြီးနိုင်ဘူး မုန့်လုံးစက္ကူကပ် ရှုပ်ယှက်ခတ်နေတာပါပဲ။

ဘုရင်၊ မိဖုရားတွေရဲ့ ပိရမစ်တွေ၊ သချိုင်းဂူတွေ၊ မံမီရုပ်အလောင်းတွေကြောင့် ကမ္ဘာကစိတ်ဝင်စားတဲ့ အာရပ်ကမ္ဘာဟာ ရေနံတွေ၊ စစ်ပွဲတွေကြောင့်လည်း နာမည်ကြီးတာပါပဲ။ အရှေ့အလယ်ပိုင်းရဲ့ စစ်ပွဲတွေဟာ ခဏခဏဖြစ်နေကျမို့လား မသိဘူး။ ရိုးတောင်ရိုးနေပါပြီ။ နောက်ပြောင်စရာကိစ္စတောင်ဖြစ်နေပြီ။ ဥပမာ တစ်ဦးတစ်ယောက် ဗိုက်နဲ့ပတ်သက်တဲ့ကိစ္စမျိုးဖြစ်လာရင် "အရှေ့အလယ်ပိုင်း ပြဿနာတက်နေပြီ" လို့ တောင်တင်စားပြီး နောက်ပြောင်လေ့ရှိတတ်ကြပါတယ်။



# ပြည်သူတွေကလည်း ကူညီပါရစေ

ဂျေလှသင်

အခုလည်း အစ္စရေးနဲ့ အီရန်က ဒီနေ့ပဲ ထချတော့မလို၊ မနက်ဖြန်ပဲ စစ်ဖြစ်တော့မလိုနဲ့ စောင်နေကြပြန်ပါပြီ။ ဆီးရီးယားနိုင်ငံ သမ္မတအာဆတ်ရဲ့ ကိုယ့်တိုင်းသူပြည်သားတွေအပေါ် လူမဆန်စွာ နှိပ်ကွပ်နေတာ၊ သူပုန်လို့ သတ်မှတ်ပြီး အင်အားသုံး ဖြိုခွဲနေတာတွေကိုလည်း သတင်းထဲမှာ ဖတ်ရတာ အခံရခက်စရာတွေပါပဲ။ အာရပ်နွေဦးကတော့ အပူချိန်တော်တော်မြင့်နေပါပြီ။ အာဏာရှင် အစိုးရတွေရဲ့ တိုင်းသူပြည်သားတွေအပေါ် ထားတဲ့စေတနာ တူသောအကျိုးပေး အစိုးရတွေရဲ့ တိုင်းသူပြည်သားတွေအပေါ်ထားတဲ့ စေတနာတူသောအကျိုးပေးမယ့်အချိန်ကို သိချင်စိတ်နဲ့ အာရပ်ကမ္ဘာရဲ့ သတင်းတွေကို စောင့်ကြည့်နေမိပါတယ်။

အဲဒီမှာတင် စိတ်ပူတာလေး တစ်ခုသွားတွေ့မိပါတယ်။ အရင်က အရှေ့အလယ်ပိုင်းရဲ့ စစ်မီးဟာ အာရပ်ကမ္ဘာရဲ့စည်းကိုကျော်ပြီး တခြားနိုင်ငံတွေကို အပူဟပ်လေ့ သိပ်မရှိပါဘူး။ အခုဒီလို မဟုတ်ဘူး။ ပြင်ပနိုင်ငံတွေမှာရှိတဲ့ အစ္စရေးရဲ့ သံတမန်တွေကို အီရန်က လုပ်ကြံနေတဲ့ ကိစ္စပါပဲ။ ကျွန်မတို့နိုင်ငံရဲ့ အနောက်ဘက်ကပ်နေတဲ့ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ဖြစ်ခဲ့တဲ့ အစ္စရေးသံတမန်ရဲ့ ကားဗုံးခွဲခံရတယ်။ ကျွန်မတို့နိုင်ငံရဲ့ အရှေ့ဘက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ဖြစ်ပွားခဲ့တဲ့ ဗုံးခွဲမှုတွေမှာ အီရန်နိုင်ငံသားတွေ ပါဝင်ပတ်သက်နေတာ၊ မလေးရှားနိုင်ငံကို ထွက်ပြေးမယ့်တရားခံကိုလေဆိပ်မှာမိတယ်။ တချို့ လွတ်နေသေးတယ်။ အဲဒီသတင်းတွေဟာကျွန်မတို့ နိုင်ငံအနီးကို အရှေ့အလယ်ပိုင်းရဲ့ စစ်မီးလာဟပ်သလို ခံစားလိုက်ရတယ်။

ထိုင်းနိုင်ငံမှာ မဖမ်းမိသေးတဲ့ အီရန်ဗုံးခွဲသမားတွေ မြန်မာနိုင်ငံထဲ ဝင်ပြေးလာရင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် မြန်မာနိုင်ငံထဲကို သီးသန့်အဖွဲ့ လွှတ်မယ်ဆိုရင်ကော ဒီမှာလည်း အစ္စရေးသံရုံးနဲ့ သံအမတ်တွေ ရှိနေတယ်။ ကိုယ့်နိုင်ငံအကြောင်း ကိုယ်တွေးပြီး စိတ်ပူသွားမိတယ်။ နယ်စပ်ဂိတ်တွေက မလုံဘူးလေ။ တရားမဝင်ရွှေ့ပြောင်းလုပ်သားတွေသိန်းနဲ့ချီပြီး တခြားနိုင်ငံတွေမှာ အလုပ်သွားလုပ်နေကြတာသာ ကြည့်တော့၊ အဲဒီလိုသွားတာကိုအောက်လမ်းက ထွက်တယ်လို့တောင် နာမည်တွင်နေသေးတယ်။ အရှေ့ဂိတ်၊ အနောက်ဂိတ်၊ ဘယ်ဂိတ်မှ မလုံဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေတောင် ထိုင်းနဲ့ မလေးရှားမှာ အလုပ်လုပ်ဖို့ မြန်မာနိုင်ငံကို ဖြတ်ကျော်သွားတာ ဘယ်သူမှ မသိ။ ဖမ်းမိပါတယ်လို့လည်း ဘယ်သတင်းစာမျက်နှာပေါ်မှာမှ မတွေ့မိ။ အဲဒီလို အကြမ်းဖက် အဖွဲ့တွေ နိုင်ငံထဲ ခိုးဝင်လာရင် အခင်းမဖြစ်ခင် တားဆီးနိုင်ပါ့မလား။ ဖမ်းမိပါ့မလား သိပ်တော့မသေချာလောက်ဘူး။ ကျွန်မအထင်တော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို စွမ်းဆောင်ရည်တွေ မြှင့်တင်ဖို့လိုအပ်နေပြီ ထင်တာပဲ။ ဒီမိုကရေစီနိုင်ငံတွေရဲ့ ရဲတပ်ဖွဲ့တွေဟာ အစွမ်းထက်ရပါမယ်။

လွန်ခဲ့တဲ့ လအနည်းငယ်က မြောက်ဥက္ကလာပ လူသတ်မှု၊ နေ့ခင်းကြောင်တောင် လူမြင်ကွင်းမှာ၊ လူတစ်ယောက်ထဲကို လူတစ်အုပ်က ဓားတွေနဲ့ ဝိုင်းခုတ်၊ ထိုးသတ်သွားတာ၊ ကျွန်မတို့ကြားတာတော့ လူငှားပြီး သတ်ခိုင်းတယ်လို့ ပြောကြတယ်။ အဲဒီအမှုမှာလည်း ဖမ်းမိတဲ့ တရားခံက နည်းနည်း၊ လွတ်နေတာက များများ၊ ထားပါတော့ ကြိုတင်သတင်းမရခဲ့လို့ အခင်းဖြစ်ပွားပြီးမှ တရားခံတွေကို နောက်ယောင်ခံလိုက်နေရပါတယ်ဆိုရင် နားလည်ပေးလို့ရပါတယ်။

မတ် ၁၂ ရက်ထုတ် The Voice ဂျာနယ်ထဲက အမှုကတော့ ရဲတပ်ဖွဲ့ကို မထီမဲ့မြင်ပြုခြင်းလို့ မြင်မိပါတယ်။ လှိုင်သာယာမှာဖြစ်ခဲ့တဲ့ရန်ပွဲပါ။ ဝိုင်းဆွဲတဲ့သူတွေပါ စကေဘာနဲ့ အထိုးခံခဲ့ရပါတယ်။ ကြိုတင်မသိလို့ပါ ဆိုရအောင်လည်း နှစ်ရက်ဆက်ဖြစ်ခဲ့တာပါ။

လှိုင်သာယာ ၁၅ ရပ်ကွက်သားလူရမ်းကား ၆ယောက်၊ ရပ်ကွက်ရဲ့ လမ်းမကြီးပေါ်မှာ အရက်မူးပြီး လမ်းပိတ်ဆို့ရမ်းကားနေတာ။ လမ်းမပေါ် အရက်ပုလင်းတွေ ရိုက်ခွဲ၊ အော်ဟစ်ဆဲဆိုနေကြတယ်။ အဲဒီမှာ လမ်းသွား၊ လမ်းလာ ၁/၁၃ ရပ်ကွက်နေ လင်မယားနဲ့ စကားများကြတယ်။ အဲဒါ ပထမနေ့။

နောက်တစ်နေ့မှာ ၁၅ ရပ်ကွက်နေ လူစုက ၁/၁၃ နေ လင်မယားအိမ်ကို သွားရမ်းတယ်။ အမျိုးသမီးနှစ်ဦးကို ရိုက်နှက်၊ တစ်ဦးကို ရေမြောင်းထဲနှစ် စကေဘာနဲ့ ထိုးသတ်ဖို့ ကြိုးစားတယ်။ အမြင်မတော်လို့ ဝင်ဆွဲသူနှစ်ဦးကိုပါ စကေဘာနဲ့ ထိုးတယ်။ အပြည့်အစုံကိုတော့ အဲဒီဂျာနယ်ကိုသာ ဖတ်ကြည့်ကြပါတော့။ ကျွန်မဖြင့် ဖတ်မိပြီး ရင်တွေကို တုန်သွားတာပဲ။ ဘယ်လိုဖြစ်ကြတာလည်း ရမ်းကားလှချည့်လား မင်းမဲ့တိုင်းပြည်လား။ ဥပဒေ မရှိတော့ဘူးလား။ လှိုင်သာယာမှာ ရဲစခန်းမရှိလို့လား။ စဉ်းစားကြည့်လေ။ ဥပဒေမဲ့အလုပ်ကိုနှစ်ရက်ဆက်တိုက် စိမ်ပြေနပြေကျူးလွန်လို့ ရနေကြတာ။

ရုပ်ရှင်တွေထဲကလိုပဲ ရဲတွေက ကိစ္စအားလုံးဖြစ်ပြီးမှ ရောက်လာကြတယ်ထင်ပါရဲ့။ အမှုတွေဘာတွေတော့ ဖွင့်ဖြစ်သွားတယ်။ ပထမနေ့ကတည်းက ဖြစ်ပျက်နေတာတွေကို မတားဆီးနိုင်ခဲ့ကြလို့ ဒုတိယနေ့ ကိုယ်ထိလက်ရောက် ကျူးလွန်ဖြစ်ပြီး မှုခင်းအဆင့်ရောက်သွားတာပါ။

ကိုယ့် လမ်းထဲ၊ ကိုယ့် ရပ်ကွက်ထဲမှာ ဒီလိုမင်းမဲ့စရိုက်ဆန်ဆန် ရမ်းကားနေတာကို တားမယ့်ဆီးမယ့်သူမရှိ။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ၊ လမ်းမှူးတွေ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်တွေ ဘယ်ရောက်ကုန်ကြလဲ။ ဘာလုပ်နေကြလဲ မေးလိုက်ချင်ပါတယ်။ ဒီကိစ္စမှာ ရပ်ကွက်နေပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်။ ကိုယ်နဲ့မဆိုင်သလို မနေသင့်ပါဘူး။ မီးဆိုတာ ကိုယ့်ကိုမလောင်လို့ဝိုင်းမငြှိမ်းဘဲ အသာနေရင် မီးစက ပိုအားကောင်းလာပြီး မကြာခင်ပဲ ကိုယ့်ကို မီးစွဲတတ်ပါတယ်။ ဒါလေးတော့ သိထားကြပါတယ်။

တစ်ခါတလေ ဖြစ်တတ်တယ်။ ရဲကိုသတင်းပေးရင် ပေးတဲ့သူ ရန်လုပ်ခံရတဲ့ ကိစ္စတွေကရှိနေတယ်။ စခန်းကို သတင်းပေးရင်ပေးတဲ့လူရဲ့ လုံခြုံရေးကိုတော့ ရဲစခန်းက တာဝန်ယူသင့်ပါတယ်။ ဒါမှ ဘယ်လို သတင်းမျိုးမဆို သိရမှာပါ။ ကျွန်မတို့ နိုင်ငံရဲ့ ပြည်သူ့ရဲတပ်ဖွဲ့ကို ညံ့တယ်လို့ မပြောပါဘူး။ ပြောလည်း မပြောရက်ပါဘူး။ ဒါပေမဲ့ အခုရှိနေတဲ့ စွမ်းရည်တွေ၊ နည်းစနစ်တွေနဲ့ မလုံလောက်တော့ရင် အလုပ်မဖြစ်တော့ရင် စွမ်းဆောင်ရည်မြှင့်တင်ဖို့တော့ လိုအပ်နေပြီလို့ အကြံပြုချင်ပါတယ်။

ရောဂါဆိုတာဖြစ်မှ ကုသတာထက် ကြိုတင်ကာကွယ်ခြင်းက ထိရောက်တယ်ဆိုသလိုပါပဲ။ မှုခင်းတစ်ခုဖြစ်ပြီးမှ တရားစွဲ၊ ထောင်ချတာထက် မဖြစ်ပွားခင် ကြိုတင်တားဆီးနိုင်ရင် ပိုကောင်းမှာပါ။ ဒါမှ ပြည်သူလူထုတစ်ရပ်လုံး အကြောက်တရားကင်းကင်းနဲ့ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ကြမှာပါ။

ကျွန်မတို့ကတော့ ကိုယ့်နိုင်ငံ ကိုယ်ချစ်တယ်။ ကိုယ့်လူမျိုးကောင်းစားတာ မြင်ချင်တယ်။ ကိုယ့်လူမျိုး ဂုဏ်ရှိတာ သဘောကျတယ်။ ကိုယ့်နိုင်ငံရဲ့ ရဲတပ်ဖွဲ့တွေ တခြားနိုင်ငံ ရဲတွေထက် မသာတောင် မညံ့ဘူးဆိုတာမျိုး ဂုဏ်ယူချင်ပါတယ်။ ခက်နေတာ တစ်ခုက အမြင်မတော်လို့ စာနာစိတ်နဲ့ ဝင်ကူရင် ကိုယ်ပါအမှုထဲပါအလုပ်ရှုပ်ရတဲ့ အခြေအနေပါ။ ဒီအတွက်လည်း သက်ဆိုင်ရာက ဖြေရှင်းနိုင်မယ့် နည်းလမ်းရှိဖို့လိုပါတယ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိစေဖို့အတွက်ဥပဒေဘက်တော်သားတွေရဲ အင်အားနဲ့ မလုံလောက်သေးပါဘူးဆိုရင် ပြည်သူတွေနဲ့ပွင့်လင်းမြင်သာစွာ လက်တွဲဆောင်ရွက်သင့်ပါတယ်။ ကျွန်မတို့ ပြည်သူတွေကလည်း ပြည်သူ့ရဲတပ်ဖွဲ့ကို "ကူညီပါရစေ" လို့ပြောချင်ပါတယ်။ ။

## စာ(၂၅) ဟာရာဇာသီမှ လေ့သမားများနဲ့ ကြားဖြတ်ဝင်လာသူ လူပေါင်းပင်များ မှ

ဒီပြုပြင်ပြောင်းလဲရေးမှာ အဓိကအကျဆုံးပြုပြင်ဖို့ လိုအပ်တဲ့အချက်ဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေရဲ့ ထိပ်ဆုံးရာထူးနေရာတွေမှာဒီလုပ်ငန်းနဲ့ လုံးဝမသက်ဆိုင်သော ဌာနများက လူများမှ ဝင်ရောက်ပြီး တာဝန်ယူဆောင်ရွက်ခြင်းကို ယခုအချိန်မှစ၍ စိစစ်ဆောင်ရွက်ဖို့ တောင်းဆိုတဲ့ ဒုတိယ သမ္မတကြီးကိုလည်းကောင်းလေးစားဂုဏ်ပြု မှတ်တမ်းတင်ပါတယ်။ တကယ်တော့ ဒီလိုကြားဖြတ်နေရာယူပြီး ကိုယ်နဲ့မဆိုင်၊ မပိုင်သောလုပ်ငန်းများတွင် တာဝန်ပေးအပ်ခံရသူများကိုထင်သာမြင်သာအောင် ဥပမာ တင်စားပြောရရင် ပေါင်းပင်များနဲ့တူပါတယ်။ ပေါင်းပင်ဆိုတာ ကိုယ်စိုက်ပျိုးလိုတဲ့ သီးနှံစိုက်ခင်းအတွင်းမှာ ဝင်ရောက်ပေါက်နေတဲ့ အခြားဘယ်သို့သော မျိုးကွဲသီးနှံကိုမဆို ပေါင်းပင်လို့ သတ်မှတ်ပါတယ်။ ဥပမာ စပါးခင်းတစ်ခင်းထဲမှာ အရိပ်အာဝါသကောင်းတဲ့ညောင်ပင်တစ်ပင်လာပေါက်ရင် ဒီညောင်ပင်ဟာ သူ့ဟာသူ ဘယ်လောက်အရိပ်ရရ ဒီစပါးခင်းအတွက်တော့ ဒုက္ခအကြီးအကျယ်ပေးတဲ့ ပေါင်းပင်ပါပဲ၊ သူ့ရဲ့အရိပ်ကြောင့် စပါးပင်တွေ ပွားစည်းကြီးထွားမှုကျဆင်းပြီး အထွက်လျော့စေတာ အသေအချာပါ။ ဒီညောင်ပင်ကိုဆက်လက်ကြီးထွားရှင်သန်စေခြင်းဖြင့် ညောင်သီးညောင်စေ့များ ပွားများပြီး တစ်ချိန်မှာစပါးခင်းကနေ ညောင်ခင်းဖြစ်မှာ အသေအချာဖြစ်လို့၊အရိပ်ကောင်းသော ညောင်ပင်ကို သူနဲ့ဆိုင်သော ဘုရား၊ ကျောင်းကန်တွေမှာ အရိပ်အာဝါသပေးပါစေ၊ စပါးခင်းတွေမှာတော့ ညောင်ရိပ်ကင်းပါစေ၊ ဒုသမ္မတကြီးရဲ့ ပေါင်းပင်များနှိမ်နင်းမှုစီမံကိန်း မုချမသွေအောင်မြင်ပါစေ၊ သမ္မတကြီးရဲ့ ဘက်မညီသောဟာရာဇာသီမှလေ့လှော်ဖက်များနဲ့ လုပ်ကိုင်ဆောင်ရွက်ပုံ နည်းလမ်းများကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရေး မဟာဗျူဟာသည်လည်း ခပ်သိမ်းကုန်သောနတ်၊ ဗြဟ္မာ၊ သူတော်စင် သူတော်ကောင်းအပေါင်းရဲ့ ကူညီစောင့်ရှောက်မှုဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေ၊ နိုင်ငံတော်ကြီးရဲ့ ကဏ္ဍအသီးသီးမှာ ပေါင်းပင်များ ကင်းစင်ပြီး လူမှန်နေရာမှန်ဖြင့် ကိုယ့်အကျိုးတိုင်းပြည်အကျိုးကို တိုးတက်ဆောင်ရွက်နိုင်ပါစေ။ *(ကိန်းဂဏန်းအညွှန်း - Global Trade Atlas )*

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.11 • MAY 24 , 2012

# ဆန္ဒပြလုပ်သားများ၏အခြေခံလစာတိုးမြှင့်ပေးရန် လိုက်လျောမှုမရှိသေး

**အေးမြတ်သူ၊ ပြည်သိမ်း**
**ရန်ကုန်၊ မေ-၂၁**

ဆန္ဒပြအလုပ်သမားများအနေဖြင့် အခြေခံလစာငွေကျပ်သုံးသောင်းထိ တိုးမြှင့်ပေးရန် တောင်းဆိုသော်လည်း အလုပ်ရှင်များက လိုက်လျောမှုမရှိကြောင်း လှိုင်သာယာစက်မှုဇုန် ၄ အတွင်းရှိစက်ရုံ၅ ရုံမှ အလုပ်သမား ကိုယ်စားလှယ်များက မီဒီယာသို့ပြောသည်။

အဆိုပါ စက်ရုံ ၅ ရုံမှာ နိုင်ငံခြားသား လုပ်ငန်းရှင်ပိုင် စက်ရုံများဖြစ်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများရှေ့တွင် သဘောတူလက်မှတ်ရေးထိုးပြီးမှ စက်ရုံပိုင်ရှင်အချို့က စာချုပ်အတိုင်း လိုက်လျောဆောင်ရွက်ရန် ပျက်ကွက်နေခြင်း ဖြစ်သည်။



**ပြီးခဲ့သည့်တစ်ပတ်က အလုပ်သမားရုံးတွင် စုရုံးခဲ့ကြသည့် ဆံပင်တုစက်ရုံလုပ်သားများ**

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

စာချုပ်အတိုင်း လိုက်လျောမှုမပြုခဲ့သည့် စက်ရုံတစ်ရုံမှ အလုပ်သမတစ်ဦးက "အခု ညီမတို့ကိုအခြေခံလစာသုံးသောင်းနဲ့ချုပ်ဆိုခဲ့တဲ့စာချုပ်ကို တရားဝင်ကြေညာပြီးမှ မဟုတ်ပါဘူးဆိုတော့ ပိုပြီးဒေါသဖြစ်တာပေ့ါ။ ကိုယ်တွေရပြီးမှ ဆုံးရှုံးရမယ်ဆိုတော့ ဘယ်သူက ကျေနပ်မှာလဲ။ ဒီသုံးသောင်းဆိုတာကလည်း မများပါဘူး။ ဒီစာချုပ်က အပျော်တမ်း ကစားခဲ့တာလည်းမဟုတ်ဘူး"ဟုကိုရီးယားနိုင်ငံသား လုပ်ငန်းရှင်ပိုင် High Art ဆံပင်တုစက်ရုံမှ မမြနှင်းရီက ပြောသည်။

ဆက်လက်၍ ၎င်းက "ညီမတို့တွေ အပင်ပန်းခံပြီး တရားဝင်ချုပ်ဆိုခဲ့တာ။ အလုပ်သမားဝန်ကြီးဌာနက ဦးဝင်းရှိန်နဲ့ အလုပ်ရှင်ဒေါ်နန့်သောင်းရင်အပါအဝင် အားလုံးသဘောတူလို့ချုပ်ဆိုပြီးမှ ကိုရီးယားသူဌေးကိုပြန်ညှိမယ်ဆိုတော့ အလုပ်သမားတွေက သဘောမတူလို့ ဒီနေ့ထိ ပဋိပက္ခဖြစ်နေတာ" ဟု ဆိုသည်။

စံပယ်ပွင့်စက်ရုံမှ အလုပ်သမား ကိုယ်စားလှယ်တစ်ဦးကလည်း "အစ်မတို့ကို သူတို့ကတစ်သောင်းခွဲပဲတိုးပေးနိုင်တယ်။ ဘယ်စက်ရုံမှလည်း သုံးသောင်းတိုးပေးတာမရှိဘူးပေ့ါနော်။ သူတို့က တစ်ယောက်ကို တစ်သောင်းခွဲပဲ တိုးပေးတော့ တစ်ယောက်ငါးရာနှုန်းပဲကျတယ်။ အစ်မတို့ စက်ရုံတွေမှာ အခြေခံလစာပေးမထားဘူး။ တစ်ခုခုဖြစ်ခဲ့ရင် ကလေးတွေရဲ့ ခံစားခွင့်က ဒီအခြေခံလစာထဲမှာပဲရှိတာ"ဟုပြောသည်။

ဆန္ဒပြနေသည့် စက်ရုံများမှ လုပ်ငန်းရှင်များသည် အုပ်ချုပ်သူအလုပ်သမားခေါင်းဆောင်များအားပိုငွေပေး၍ အလုပ်သမားများ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် စည်းရုံးသိမ်းသွင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်းလည်း အလုပ်သမားကိုယ်စားလှယ်များထံမှသတင်းရရှိသည်။

ယင်းသို့စည်းရုံးသိမ်းသွင်းရာတွင် အုပ်ချုပ်သူ အလုပ်သမားခေါင်းဆောင်များကို အလုပ်သမားတစ်ဦး စည်းရုံးနိုင်ပါက ကျပ်လေးသောင်းမှ ကျပ်ခြောက်သောင်းထိပေးသည်ဟုသိရကြောင်း အဆိုပါ ကိုယ်စားလှယ်များက ဆိုသည်။

"သူတို့က အလုပ်သမားခေါင်းဆောင်တွေကို စည်းရုံးရာမှာ ဘောနပ်စ်ပြုတ်မှာတို့၊ နှစ်ကြီးသမားတွေကိုလည်း နှစ်စဉ်ကြေးမရမှာတို့ပြောပြီး စည်းရုံးနေကြတယ်"ဟု မြန်မာပုလဲအထည်ချုပ်စက်ရုံမှလုပ်သက် ၁၁ နှစ်ရှိသည့် မမော်မော်သန့်က ဆိုသည်။

လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံခြောက်ရုံနှင့် ဆံပင်တုစက်ရုံတို့ရှိ အခြေခံအလုပ်သမားများသည် လုပ်ခလစာနည်းပါးမှုကြောင့် ဆန္ဒပြနေကြသည်။

ဆန္ဒပြအလုပ်သမားများဘက်မှ အခြေခံလစာကျပ်သုံးသောင်းနှင့် ရှားပါးစရိတ်ကျပ်သုံးသောင်းတိုးမြှင့်ပေးရန် တောင်းဆိုနေသော်လည်း အလုပ်ရှင်အားလုံးက ဆွေးနွေးညှိနှိုင်းပြီး အခြေခံလစာကို ကျပ်တစ်သောင်းခွဲ၊ ရှားပါးစရိတ်ကိုကျပ်တစ်သောင်းခွဲသာ တိုးပေးသည်။

လက်ရှိဆန္ဒပြနေသည့်စက်ရုံများမှ စံပယ်ပွင့်အထည်ချုပ်စက်ရုံ၊ နေမင်းအောင်၊ မြန်မာပုလဲ၊ YJ အထည်ချုပ် စက်ရုံများနှင့် High Art (ဟိုမို) စက်ရုံတို့ ဖြစ်သည်။ အဆိုပါ ဆန္ဒပြတောင်းဆိုသည့် စက်ရုံ ၅ ရုံမှ အလုပ်သမားများအနေဖြင့် မိမိတို့တောင်းဆိုမှုအား လိုက်လျောမှု မရှိခဲ့လျှင် သက်ဆိုင်ရာ အာဏာပိုင်များဆီသို့ဆက်လက်တင်ပြလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စက်ရုံ၅ ရုံမှ အလုပ်သမားကိုယ်စားလှယ်များက မီဒီယာသို့ ပြောသည်။

# မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မီဒီယာဝင်ခွင့်မပြု

**အောင်သူရ**
**ရန်ကုန်၊ မေ-၂၁**

ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)တွင်ပြုလုပ်သောမော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အဖွင့်အမှာစကားပြောကြားသည့် အစီအစဉ်အထိသာ သတင်းသမားများ တက်ရောက်ခွင့်ရခဲ့ကြောင်း သတင်းရရှိသည်။

မေ ၂၁ ရက် နံနက် ၉ နာရီတွင် UMFCCI ၌ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် အစီအစဉ် ၁၄ ခုပါဝင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီးနောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သတင်းယူနေသောသမားများအား ခန်းမအတွင်းမှ ထွက်ပေးရန် ဥက္ကဋ္ဌဦးဝင်းအောင်က ပြောကြားခဲ့သည်။

"သာမန် အသိပညာပေးဆွေးနွေးပွဲ မဟုတ်တဲ့အတွက် အပြင်ထွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှ ပြန်တွေ့ပါမယ်" ဟု ဥက္ကဋ္ဌဦးဝင်းအောင်က ပြောသည်။

မေ ၇ ရက်က နေပြည်တော်တွင် ပြုလုပ်သော တွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မီဒီယာသမားများတက်ရောက်သတင်းယူရန် နှုတ်ဖြင့်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ထိုအပြင် အလုပ်ရုံဆွေးနွေးသို့ သတင်းတက်ရောက်ယူရန် စီးပွားရေးလုပ်ငန်းရှင်အချို့က မေ ၁၉ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖိတ်ကြားခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် အစိုးရဘက်မှ တာဝန်ရှိသူများ ဆွေးနွေးမည့် အစီအစဉ်အပါအဝင် အခမ်းအနားအစီအစဉ် ၁၄ခုရှိသည့်အနက် အစီအစဉ် ၃ အပြီးတွင် ယခုကဲ့သို့ အပြင်သို့ထွက်ခိုင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလကလည်း Transtion Cost နှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲသို့ သတင်းသမားများ သတင်းယူခွင့် အား ကုန်သည်စက်မှုအသင်းချုပ်က ကန့်သတ်ခဲ့သည်။

# ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် လေ့လာမှုများ ပြုလုပ်သွားမည်

**ကိုကိုကြီး**
**ရန်ကုန်၊ မေ - ၂၁**

ရေကြောင်းနယ်ပယ်မှတစ်ဆင့် ကုန်သွယ်မှုပမာဏ မြင့်မားလာခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရန်လိုအပ်သည့် လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်ရှိကြောင်းမြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရေကြောင်းဆိုင်ရာ ကုန်သွယ်ရေးက တိုးတက်လာတော့ ရန်ကုန်ဆိပ်ကမ်းကလည်း ထပ်ပြီးဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်တာပေါ့။ တန်ချိန် ၃၅,၀၀၀ ဝင်ရောက်နိုင်တဲ့ သင်္ဘောတွေ ဝင်ရောက်နိုင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာ။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဆက်လုပ်မလဲဆိုတာ စဉ်းစားနေတုန်းပဲရှိသေးတယ်။ အရင်ဆုံးဘာလုပ်ရမလဲဆိုတော့ လေ့လာတဲ့လုပ်ငန်းကိုလုပ်ရမှာ။ အဲဒီလုပ်ငန်းတွေလုပ်ဖို့ ဆိပ်ကမ်းတစ်လျှောက် တိုင်းရမှာ။ တိုင်းပြီးမှ ဘယ်နေရာမှာ ဘာလုပ်မလဲဆိုတာ အဖြေထွက်မှာ"ဟု ၎င်းတာဝန်ရှိသူကပြောသည်။

ထိုသို့ ဆိပ်ကမ်းဖွံ့ဖြိုးမှုများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဆင့်မြင့် နည်းပညာပံ့ပိုးမှုနှင့် ဘဏ္ဍာငွေတောင့်တင်းမှုပိုင်း ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း ၎င်းကပြောသည်။ ယင်းစီမံကိန်းများတွင် ပြည်တွင်းပြည်ပမှ လာရောက်လုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ကမ်းလှမ်းထားကြောင်း သိရသည်။

ထို့ပြင် လိုအပ်သည့် လေ့လာမှုများ ပြုလုပ်ရန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ရန်ကုန်ဆိပ်ကမ်း၌ လည်ပတ်နေသည့်လုပ်ငန်းစဉ်များအား အခြေအနေပေါ်မူတည်ပြီး အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားရန်ရှိကြောင်းသိရသည်။

လက်ရှိအခြေအနေတွင် အဆိုပါလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အတိအကျပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။

"ရန်ကုန်ဆိပ်ကမ်းဆိုတာ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က စခဲ့တာဆိုတော့ တချို့အဆောက်အအုံတွေက ခေတ်မီဆိပ်ခံတံတားတွေဖြစ်ပေမယ့် တချို့ကျတော့ အိုဟောင်းတာတွေ ရှိတာပေါ့။ ဒီတော့ ဆိပ်ကမ်းတစ်ခုရဲ့ Efficiency (လုပ်ဆောင်နိုင်မှု) ဆိုတာက ဒီအဆောက်အအုံတွေကြည့်ရုံမဟုတ်ဘဲ ကရိန်းတွေက ဘယ်လောက်ထိ ကောင်းလဲ။ လုပ်နေတဲ့ စီမံခန့်ခွဲမှု အပိုင်းတွေက ဘယ်လောက်ကောင်းသလဲဆိုတဲ့ အပိုင်းလည်းပါတယ်"ဟု အထက်ပါ တာဝန်ရှိသူက သုံးသပ်ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းတံတားကြီးများ ဖြစ်သည့် အေးရှားဝေါလ်၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဆူးလေ အမှတ် ၁ မှ ၇ ထိ၊ ဗိုလ်အောင်ကျော် ၁၊ ၂၊ ၃ ဆိပ်ခံတံတားကြီးများမှာ D.W.T (Dead Weight Tonnage) ၁၅,၀၀၀၊ အလျား ၁၆၇ မီတာ၊ ရေစူးကိုးမီတာရှိသင်္ဘောကြီး များဝင်ထွက်ဆိုက်ကပ်ရန်နှင့် သီလဝါရှိ MIPL နှင့် MITT ဆိပ်ခံတံတားများမှာ D.W.T တန်ချိန် ၂၀,၀၀၀၊ အလျားမီတာ ၂၀၀၊ ရေစူးကိုးမီတာရှိ သင်္ဘောကြီးများ ဝင်ထွက်နိုင်ကြောင်းသိရသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းတွင် ပို့ကုန် မက်ထရစ်တန်ချိန် ၅,၇၉၀ နှင့် သွင်းကုန် မက်ထရစ်တန်ချိန် ၁၁,၂၁၇တို့ကိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုတွင် တည်ရှိသည့် ဆိပ်ကမ်းများမှာ ရန်ကုန်တွင် ရန်ကုန်ဆိပ်ကမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ဆိပ်ကမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းဆိပ်ကမ်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲဆိပ်ကမ်းနှင့် မွန်ပြည်နယ်တွင် မော်လမြိုင်ဆိပ်ကမ်းတို့ဖြစ်သည်။

## သတင်းထောက် အလိုရှိသည်

သတင်းထောက်အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားပြီး 7Day News နှင့် ရေရှည်လက်တွဲလုပ်ကိုင်နိုင်မည့် သတင်းထောက်များ အလိုရှိသည်။
ကိုယ်တိုင်ရေးသားထားသော သတင်း(သို့)သတင်းဆောင်းပါး ၂ပုဒ်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။ လုပ်ငန်းအတွေ့အကြုံရှိသူများကို လစာနှုန်းသီးသန့်ညှိနှိုင်းမှုဖြင့် ခန့်မည်။

**ဆက်သွယ်ရန်၊ အခန်းအမှတ်(G-12) မြေညီထပ်၊ တိုက်(B)၊ Diamond Centre ၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၂၃၉၁၁-၁၈**

## ကန်ပိတ်ဆို့မှုဆိုင်းငံ့ခြင်းက ကုန်သွယ်မှုပိုကောင်းလာနိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုတို့ဝင်လာရေး အချိန်ယူရဦးမည်

အောင်သူရ၊ ပြည်သိမ်း

ရန်ကုန်၊ မေ-၂၁

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ကန့်သတ်ထားသော ငွေကြေးဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများအား တစ်နှစ်ဆိုင်းငံ့လိုက်ခြင်းကြောင့် ကုန်သွယ်မှု လုပ်ငန်းများ ကောင်းမွန်လာနိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုဝင်လာရေးက အချိန်ယူရဦးမည်ဟု ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်သည်။

"ငွေပေး ငွေယူတွေ လွတ်လွတ်လပ်လပ်လုပ်လို့ရတယ်။ ကြားခံစရာ မလိုတော့ဘူး။ အရင်က တရုတ်၊ ထိုင်းနဲ့ စင်ကာပူတို့ကို အားကိုးနေရတယ်"ဟု ကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌဦးသန်းလွင်က သုံးသပ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ပို့ကုန်များကို နိုင်ငံတကာပေါက်ဈေးအတိုင်း ရောင်းချနိုင်ပြီး ဒေါ်လာဖြင့် တိုက်ရိုက်ငွေပေးချေ၍ ရလာမည်ဖြစ်ကြောင်း ဦးသန်းလွင်ကဆိုသည်။

ယခင်ပိတ်ဆို့မှုများရှိစဉ်က ပြည်ပအရောင်းအဝယ်အတွက် ငွေပေးချေရာတွင် စင်ကာပူနိုင်ငံကို ကြားခံဆောင်ရွက်ရသဖြင့် မလိုလားအပ်သည့် အပိုကုန်ကျမှုများရှိကြောင်း ယင်းကုန်ကျမှုများမှာ အရောင်းအဝယ်တစ်ခုတွင် ၃ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းအထိရှိကြောင်း ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ ဒေါက်တာစိုးထွန်းက ရှင်းပြသည်။

"လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နဲ့ အထည်ချုပ်တွေ ကောင်းလာနိုင်တယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က သုံးသပ်သည်။ မကြာသေးမီက အီးယူ (ဥရောပသမဂ္ဂ)က မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ခဲ့သဖြင့် လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်လုပ်ငန်းများ ကောင်းလာနိုင်ကြောင်းနှင့် အထူးသဖြင့် ကြံဈေးကောင်းလာနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင် ဦး တင်ထွဋ်ဦးက သုံးသပ်သည်။

ကုန်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်လာနိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ပြည်တွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ အချိန်ကာလတစ်ခု ကြာမြင့်ဦးမည်ဖြစ်ကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများ တရားဝင် ထွက်ပေါ်လာမှု မရှိသေးခြင်း၊ အခြားသော ဥပဒေနှင့် စည်းကမ်းများ လိုအပ်ချက်ရှိနေခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်မီး၊ ပို့ဆောင်ဆက်သွယ်ရေးစသည်တို့တွင် အားနည်းမှုများ ရှိနေခြင်းကြောင့် စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက ရှင်းပြသည်။

"ဒီအချိန်မှာ အရမ်းသတိထားဖို့လိုတယ်။ တစ်နပ်စားလုပ်ငန်းတွေ ဝင်လာနိုင်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ အမေရိကန်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ သတ္တုတူးဖော်ရေးကုမ္ပဏီ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်မည်ဟုယူဆကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်က မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ဖြေကြားခဲ့သည်။

စာ(၃၀)သို့

## မြန်မာအပေါ် ပိတ်ဆို့မှုများနှင့် ဖယ်ရှားပေးပြီး ပိတ်ဆို့မှုများ

**အီးယူ၏ မြန်မာအပေါ် ပိတ်ဆို့ မှုများစာရင်း**

၁။ အချို့သောကုန်ပစ္စည်းများ တင်သွင်းမှုပိတ်ပင်ခြင်း

၂။ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ တင်ပို့ရောင်းချမှု

၃။ ပြည်တွင်းဖိနှိပ်မှုအတွက် သုံးသောလက်နက်ကိရိယာများတင်ပို့မှု

၄။ တင်ပို့မှုပြစ်ဒဏ်အရ ပစ်မှတ်ထား ပိတ်ပင်ထားသော လုပ်ငန်းများတွင်သုံးသည့် ကိရိယာများ တင်ပို့မှုကို တင်းကျပ်ခြင်း

၅။ အချို့သောဝန်ဆောင်မှုများ ထောက်ပံ့ခြင်း

၆။ (ပစ်မှတ်ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ၏) စီးပွားရေးရင်းမြစ်များနှင့် ရန်ပုံငွေများကို ထိန်းချုပ်ခြင်း

၇။ အီးယူသို့ ဝင်ရောက်ခွင့်တားမြစ်ခြင်း

၈။ အချို့သော ရင်းနှီးမြှုပ်နှံမှုများတားမြစ်ခြင်း

၉။ အချို့သော ကူညီထောက်ပံ့ရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်များ ရပ်ဆိုင်းခြင်း

၁၀။ သံတမန်ရေး ဆက်ဆံမှုများ လျှော့ချသည့်အနေဖြင့် ထိပ်တန်းအဆင့် အစိုးရတာဝန်ရှိသူများ အပြန်အလှန် အလည်အပတ်လာရောက်မှုများ ရပ်ဆိုင်းခြင်း

၁၁။ အချို့သော(မြန်မာမှ) တင်ပို့မှုများ ရပ်ဆိုင်းခြင်း

၁၂။ မြန်မာမှ တင်သွင်းမှုပိတ်ပင်ချက်အရ ပစ်မှတ်ထားသောလုပ်ငန်းများတွင် အသုံးပြုသည့် ကိရိယာပစ္စည်းများ တင်ပို့မှုကိုတင်းကျပ်ခြင်း

၁၃။ အချို့သောဝန်ဆောင်မှုများ ပိတ်ပင်ခြင်း(သီးသန့်စာရင်းတွင်ပါရှိသောကုမ္ပဏီများအားဘဏ္ဍာရေးထောက်ပံ့ကူညီမှုများအပါအဝင်)

၁၄။ မြန်မာမှ ပို့ကုန်များ ပိတ်ပင်ခြင်း(သစ်လုံးများ၊ သစ်နှင့် သစ်ထုတ်ကုန်များ၊ ကျောက်မီးသွေး၊ အချို့သောသတ္တုပစ္စည်းများ၊ အဖိုးတန်ကျောက်မျက်ရတနာများ)

**နော်ဝေ၏ ပိတ်ဆို့မှုများ**

နော်ဝေနိုင်ငံသားများနှင့်ကုန်သွယ်ရေးအဖွဲ့များအား မြန်မာသို့ ခရီးသွားခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ကုန်သွယ်ခြင်းမပြုရန် တိုက်တွန်း။ အီးယူ၏ ချမှတ်ထားသော ပိတ်ဆို့မှုများနှင့်အတူ ရပ်တည်(၂၀၀၆-၂၀၀၇)။

**ကနေဒါ၏ ပိတ်ဆို့မှုများ**

၁။ ကနေဒါမှမြန်မာသို့တင်ပို့သမျှ ကုန်ပစ္စည်းအားလုံး (လူသားချင်းစာနာထောက်ထားမှုအရတင်ပို့မှုများမပါဝင်)

၂။ မြန်မာမှ ကနေဒါသို့ တင်ပို့သမျှ ကုန်ပစ္စည်းအားလုံး

၃။ မြန်မာအစိုးရနှင့် ဆက်နွယ်နေသော မြန်မာနိုင်ငံသားများ၏ ကနေဒါရှိ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်း

၄။ ကနေဒါကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၏ မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များကိုပိတ်ပင်ခြင်း

၅။ မြန်မာမှ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ ကနေဒါမှမြန်မာသို့ ဘဏ္ဍာရေးဝန်ဆောင်မှုများတားမြစ်ခြင်း

၆။ မြန်မာသို့မည်သည့်နည်းပညာဆိုင်ရာအချက်အလက်များ တင်ပို့ခြင်းကိုမဆို ပိတ်ပင်ခြင်း


၇။ ကနေဒါတွင် မှတ်ပုံတင်ထားသောသင်္ဘောများ၊ လေယာဉ်များ မြန်မာတွင် ဆင်းသက်ခြင်း၊ ဆိုက်ကပ်ခြင်းကို တားမြစ်ခြင်း

၈။ မြန်မာတွင် မှတ်ပုံတင်ထားသောသင်္ဘောများ၊ လေယာဉ်များကို ကနေဒါတွင် ဆိုက်ကပ်ခွင့်၊ ရပ်နားခွင့်မပြုခြင်း၊ ကနေဒါမှ ဖြတ်သန်းခွင့်မပေးခြင်း။

စာ(၂၉)သို့







7 DAY NEWS JOURNAL
Vol.11, No.11 ▪ MAY 24 , 2012


စာ(၂၈)မှ

**ကနေဒါ၏ပယ်ဖျက်ပေးမှု**

မေ-၂၄၊ ၂၀၁၂- မြန်မာအပေါ် ချမှတ်ထားသော အချို့ပိတ်ဆို့မှုများကို ဆိုင်းငံ့မည်ဟုကြေညာ

**ဩစတြေးလျ၏ပယ်ဖျက်ပေးမှု**

ဇန်နဝါရီ-၉၊ ၂၀၁၂။ မြန်မာအပေါ် ပိတ်ဆို့အရေးယူမှုများမှ အချို့သောပုဂ္ဂိုလ်များကိုစာရင်းမှ ပယ်ဖျက်ပေးခဲ့။

**အီးယူ၏ပယ်ဖျက်ပေးမှု**

မေ-၁၄၊ ၂၀၁၂။ အီးယူနိုင်ငံခြားရေးကောင်စီက မေ ၂၃၊ ၂၀၁၂ တွင် မြန်မာအပေါ် ပိတ်ဆို့အရေးယူမှုများမှ လက်နက်တင်ပို့ရောင်းချခြင်းနှင့် ပြည်တွင်းဖိနှိပ်မှုအတွက် အသုံးပြုသော လက်နက်ကိရိယာများ တင်ပို့ရောင်းချခြင်းမှလွဲ၍ ပိတ်ဆို့မှုအားလုံးကို ၂၀၁၃၊ မေ ၃၀ အထိ တစ်နှစ်ဆိုင်းငံ့ရန် ဆုံးဖြတ်။

ဖေဖော်ဝါရီ ၁၇၊ ၂၀၁၂။ အီးယူသည် မြန်မာနိုင်ငံမှ သမ္မတ၊ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ၊ ၎င်းတို့၏ မိသားစုဝင်များအပါအဝင် လူပုဂ္ဂိုလ် ၈၇ ဦးအပေါ် ခရီးသွားလာမှုကန့်သတ်ထားခြင်းကို စတင်ပယ်ဖျက်။ သို့သော် အီးယူ၏နယ်နိမိတ်အတွင်း ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်းကိုမူ ဆက်လက်ထားရှိခဲ့။

# မြန်မာခေါင်းဆောင်များ၏ ပြောင်းမြောက်သော ကြိုးပမ်းမှုများကို ဂျီ-၈ ခေါင်းဆောင်များ ချီးကျူး

**ဝါရှင်တန်၊ မေ-၂၁**

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ နည်းလမ်းကျသော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခဲ့ခြင်းအတွက်မြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့၏ ထူးခြားပြောင်မြောက်သော ကြိုးပမ်းဆောင်ရွက်မှုများကို ဂျီ-၈ ခေါင်းဆောင်များက ချီးကျူးပြောဆိုလိုက်သည်။



အမေရိကန်သမ္မတ နွေရာသီအပန်းဖြေစခန်း David Camp တွင် ဂျီ-၈ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးနေသော သမ္မတ အိုဘားမားကို တွေ့ရစဉ်

ယင်းအပြုသဘောဆောင်သော မှတ်ချက်များမှာ မြန်မာနိုင်ငံတွင် အခြေခံကျသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အားပေးထောက်ခံရန်အလို့ငှာ အမေရိကန်နိုင်ငံက ပိတ်ဆို့တားဆီးမှုများကို ဖြေလျှော့ပေးခဲ့ပြီး ရက်အနည်းငယ်အကြာမှာပင် ထွက်ပေါ်လာခြင်း ဖြစ်သည်။


ရေရှည်တည်တံ့ပြီး နောက်ပြန်မလှည့်သော ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ရန် လိုအပ်သည်ကို အသိအမှတ်ပြုကြောင်း၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်မှုများကိုလည်း ထောက်ခံကြောင်း အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ အခြေခိုင်မာရေးကြိုးပမ်းမှုများကိုထောက်ခံကြောင်း ဂျီ-၈ ခေါင်းဆောင်များက အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အနီး၌ ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲအပြီး ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ အကူအညီပေးအပ်ရေး ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံများ၊ အဖွဲ့အစည်းများကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း အလေးအနက်ထားကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြန်မာပြည်သူများအတွက် အကျိုးဖြစ်ထွန်းရန် လိုအပ်ကြောင်း ဂျီ-၈ ခေါင်းဆောင်များက ထပ်လောင်းပြောကြားသည်။

ဂျီ-၈ အစည်းအဝေးများ ကျင်းပလျက်ရှိသည့် အမေရိကန်သမ္မတ နွေရာသီအပန်းဖြေစခန်း Camp David၌ စောစောပိုင်းတွင် ကမ္ဘာ့စက်မှုအင်အားကြီးနိုင်ငံများအား ကိုယ်စားပြုစကားပြောကြားရာတွင်လည်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက "မြန်မာနိုင်ငံမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို အားပေးကူညီဖို့အတွက်လည်း ကျွန်တော်တို့လုပ်နိုင်တာ မှန်သမျှလုပ်ဆောင်ပေးသွားပါမယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်သမ္မတအိုဘားမားသည် မေလ ၁၇ ရက်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာပိတ်ဆို့ထားခြင်းများကို လျှော့ပေါ့ပေးခဲ့ပြီး ၂၂ နှစ်အတွင်း မြန်မာနိုင်ငံအတွက် ပထမဦးဆုံး အမေရိကန်သံအမတ်တစ်ဦးကို ခန့်အပ်ခဲ့သည်။

ယခုအခါ အမေရိကန်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နိုင်ပြီဖြစ်သော်လည်း စစ်ဘက်နှင့် ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများကိုမူ အမေရိကန်အစိုးရက ဆက်လက်ကန့်သတ်ထားသည်။ -Ref:AFP



# ချင်းပါတီ နှစ်ခု ပူးပေါင်းကာ ပါတီတစ်ခုတည်းအဖြစ် ရပ်တည်မည်

**မြတ်စုမွန်၊ အိဖြူလွင်**
**ရန်ကုန်၊ မေ-၁၉**

ချင်းတိုးတက်ရေးပါတီနှင့် ချင်းအမျိုးသားပါတီတို့ကို ပူးပေါင်းကာ ချင်းတိုင်းရင်းသားပါတီတစ်ခုတည်းအဖြစ် ရပ်တည်မည်ဟု ချင်းတိုးတက်ရေးပါတီမှ ဒုဥက္ကဋ္ဌဦးနိုးထန်ကပ်ကပြောကြားသည်။

ပါတီတစ်ခုတည်းအဖြစ် ပူးပေါင်းရခြင်းမှာ ချင်းပြည်နယ်လူထုက ချင်းပါတီတွင် ပါတီတစ်ခုတည်းသာ ဖြစ်လို၍ဖြစ်ပြီး တိုင်းရင်းသားလူမျိုးတစ်မျိုးတည်း၏ ပါတီနှစ်ခုမဟုတ်ဘဲ တစ်ခုသာရှိပါက ပါတီအင်အားပို၍ ကောင်းလာမည်ဖြစ်ကာ စိတ်ဝမ်းကွဲမှုလည်း မရှိနိုင်တော့သည့်အတွက်ကြောင့်ဟု ဦးနိုးထန်ကပ်က ပြောသည်။

ပါတီနှစ်ခု ပူးပေါင်းရေးအတွက် ပါတီတစ်ခုချင်းစီတွင် ပူးပေါင်းရေး ဆပ်ကော်မတီများ ဖွဲ့စည်းထားပြီး မြို့နယ်အသီးသီးမှ ပါတီဝင်များ၏ အမြင်ကိုလည်း တင်ပြရန် တောင်းခံထားကြောင်း သိရသည်။

ပါတီနာမည်ကို ချင်းအမျိုးသားတိုးတက်ရေး ပါတီဟု လျာထားပြီး မည်သည့်အမည်ကို သုံးဖြစ်မည်ဆိုသည်ကိုမူ ယခုအချိန်ထိ ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ချင်းပါတီနှစ်ခု ပူးပေါင်းပြီးပါက ပါတီနှစ်ခုပေါင်းမှ လွှတ်တော်ကိုယ်စားလှယ် ၂၁ဦး ဖြစ်လာမည်ဖြစ်သည်။

"ကျွန်တော်တို့ကတော့ ကြာလာရင် အမေရိကန်လို ပါတီနှစ်ခုတည်းရှိတာ ပိုကောင်းမယ်ထင်တယ်။ အမေရိကန်နဲ့ မတူတာက ဒီမှာက တိုင်းရင်းသားတွေများတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးက ပါတီတစ်ခုစီနဲ့ ပြည်ပမှာတော့ ပါတီကြီးနှစ်ခုပေါ့လေ။ ဒါဆို ပိုပြီးအဆင်ချောမောမယ်လို့ထင်တယ်"ဟု မြန်မာနိုင်ငံတွင် ပါတီများ အများအပြားရှိနေခြင်းနှင့်ပတ်သက်၍ သူ၏ထင်မြင်ချက်ကို ချင်းတိုးတက်ရေးပါတီ၏ ဒုဥက္ကဋ္ဌဦးနိုးထန်ကပ်က ပြောသည်။

# တိုင်းရင်းသားပါတီများနှင့် နော်ဝေဝန်ကြီးချုပ်ဟောင်းတွေ့ဆုံ

**မြတ်စုမွန်**
**ရန်ကုန်၊ မေ - ၁၉**

တိုင်းရင်းသားပြဿနာများ ပြေလည်နိုင်မည့် အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် နော်ဝေဝန်ကြီးချုပ်ဟောင်းက ၁၉၉၀ အနိုင်ရတိုင်းရင်းသားပါတီခေါင်းဆောင်များအားတွေ့ဆုံခဲ့ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်ကပြောသည်။

"ကျွန်တော်တို့ဘက်ကတော့ တိုင်းရင်းသားပြဿနာတွေဟာ ပင်လုံမူအရ လွှတ်တော်ပြင်ပမှာ ဆွေးနွေးပြီး သဘောတူညီချက်ရဖို့လိုတယ်၊ လွှတ်တော်ထဲမှာ ပြေလည်အောင်ဖြေရှင်းနိုင်ဖို့ မလွယ်ကူနိုင်တဲ့အကြောင်း ပြောပြခဲ့တယ်"ဟု ဦးအေးသာအောင်ကပြောသည်။

ယခုလ ၁၄ ရက်တွင် နော်ဝေဝန်ကြီးချုပ်ဟောင်း Ha Hvard Kleppa နှင့် တွေ့ဆုံရာ၌ ဦးခွန်ထွန်းဦး၊ ဦးနိုင်ငွေသိမ်း၊ ပုကျင့်ရှင်းထန်၊ ဦးအေးသာအောင်၊ ဦးသာဘန်း၊ စိုင်းညွန့်လွင်နှင့် စောဟာရီဆင်တို့ ပါဝင်ခဲ့ကြောင်းသိရသည်။

နော်ဝေဝန်ကြီးချုပ်ဟောင်းက မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြဿနာများပြေလည်စေရန်အတွက် သမ္မတဦးသိန်းစိန် အစိုးရနှင့် တပ်မတော်၊ ဒေါ်အောင်ဆန်းစုကြည်ပါဝင်သော NLD ပါတီနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ စသည်တို့ သုံးပွင့်ဆိုင် ဆွေးနွေးရန်လိုအပ်သည်ဟုမြင်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု ဦးအေးသာအောင်က ဆက်လက်ပြောသည်။

"သူက တိုင်းရင်းသားအရေးတွေကို စိတ်ဝင်စားပုံပေါ်တယ်။ ဒီတစ်ကြိမ်လာတာ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့သွားမယ်လို့ပြောတယ်"ဟု ၎င်းကပြောသည်။ လက်ရှိအချိန်တွင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီများဖြစ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ကရက်နှင့် မွန်ဒီမိုကရေစီပါတီတို့သည် လာမည့် ၂၀၁၅ တွင် ရွေးကောက်ပွဲဝင်နိုင်ရန်အတွက် ပါတီတည်ထောင်ခွင့် လျှောက်ထားဆဲ တိုင်းရင်းသားပါတီများဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်ပါတီများနှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ငြိမ်းချမ်းရေးနှင့်အပစ်အခတ်ရပ်စဲရေးများကို ဆွေးနွေးလျက်ရှိပြီး၊ လက်ရှိအချိန်တွင် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် အစိုးရစစ်တပ်တို့အကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

### စာ-၂၈၊ ကန်ပိတ်ဆို့မှုဆိုင်းငံ့ခြင်းက ကုန်သွယ်မှုပိုကောင်းလာနိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုတို့ဝင်လာရေး အချိန်ယူရဦးမည် မှ

လက်ရှိ မြန်မာနိုင်ငံ၌ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများတွင် ရေအားလျှပ်စစ်ကဏ္ဍ၌ အများဆုံးဖြစ်သည်။ လုပ်ငန်းပေါင်း ငါးခုသာရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ကန်ဒေါ်လာသန်းပေါင်း ၁၈,၈၇၃ ဒသမ ၇၂သန်းရှိသည်။ ဒုတိယအများဆုံးလုပ်ငန်းများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်ပြီး လုပ်ငန်းပေါင်း ၁၀၉ ခုနှင့် ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ ကန်ဒေါ်လာ သန်းပေါင်း ၁၄,၀၆၃ ဒသမ ၀၇၂သန်းရှိသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသော နိုင်ငံများထဲတွင် တရုတ်နိုင်ငံသည် အများဆုံးဖြစ်ပြီး ၃၄ ဒသမ ၂၇ ရာခိုင်နှုန်းရှိကာ ကန် ဒေါ်လာ သန်းပေါင်း ၁၃,၉၄၈ ဒ သမ ၈၉၆ သန်းရှိသည်။ အမေရိကန်နိုင်ငံက စီးပွားရေး ရင်းနှီးမြှုပ်နှံမှု ပိတ်ဆို့မှုကို ၁၉၉၇ ခုနှစ်တွင် ချမှတ်ခဲ့သည်။ မြန်မာ့ပို့ကုန်များ အမေရိကန်သို့ တင်ပို့မှုကို ၂၀၀၃ ခုနှစ်တွင် ပိတ်ပင်ထားခဲ့သည်။ ယခုအခါ၌ ဆန်ရှင်ကို ဖြေလျှော့ပေးသော်လည်း မြန်မာ့ပို့ကုန်များ အမေရိကန်သို့ တင်ပို့မှုကို ပိတ်ပင်ထားသည်။

THUKHA DANA

*CAREER OPPORTUNITIES*
*(For Local Service Only)*

One of the leading pharmaceutical companies, Thukha Dana Co.,Ltd, is urgently seeking dynamic, highly motivated and qualified individuals with an eye to expanding our business.

***Business Development Manager*** — ***Male/Female (1) Post***
* Age between 30 and 40 years old
* M.B.B.S degree holder or Medical related degree holder
* MBA degree holder is preferred.
* At least 5 years managerial experience in pharmaceutical products marketing field

***Sales Manager***
*Yangon-* ***For Consumer - Male (1) Post***
***For Pharmaceutical - Male (1) Post***
*Mandalay-* ***Male (1) Post***
* Age between 30 and 40 years old
* At least 5 years managerial experience in the related field

***Administrative Manager*** — ***Male/Female (1) Post***
*Age between 35 and 45 years old
*At least 5 years experience in the related job

***Medical Representative***
*Yangon-* ***Male/Female (5) Posts***
*Mandalay-* ***Male/Female (5) Posts***
*Age between 20 and 30 years old
*At least 2 years experience in the related field

***Sales Representative***
*Yangon-* ***Male/Female (5) Posts***
*Mandalay-* ***Male/Female (5) Posts***
*Age between 20 and 30 years old
*At least 2 years experience in the related field

***Executive Secretary*** — ***Female (2) Posts***
*Age between 20 and 35 years old
*Single
*At least 3 years experience in the related job

***Logistics Assistant*** — ***Male/Female (2) Posts***
*Age between 25 and 40 years old
*At least 3 years experience in the related job

**All candidates above must have:**
A degree, Good communication skills, Good interpersonal skills, Fluency in spoken and written English and Experience in the usage of computer.
They must be able to travel to the provinces.
Interested candidates can submit CV with two recent photos, copies of relevant qualifications, Labor Registration, copy of NRC within two weeks of this announcement to the following address.

**Thukha Dana Co.,Ltd.**
*No.(84) ,12th Street , Lanmadaw Township,Yangon ,Myanmar.* **E-mail:** sales@thukhadana.com.mm
*No. (141), 34th Street, Between 78th and 79th Street, Chan Aye Thar Zan Township, Mandalay*

Kabushiki Kaisha Mitsukan Group Honsha a Company incorporated in Japan at 2-6 Nakamura-cho, Handa-shi, Aichi-ken, Japan is the Owner and Sole Proprietor of the following Trademark:-

**mizkan**

Reg : No.4/5848/2003

In respect of : "Int'l Class 29": Edible oils and fats, Milk products, Meat for human consumption (fresh, chilled or frozen), Eggs, Edible aquatic animals (not live, fresh, chilled or frozen), frozen vegetables, frozen fruits, Processed meat products, Processed fisheries products. Processed Vegetables and fruits, Fried tofu pieces (Abura-age), Freeze-dired tofu pieces (Kori-dofu) Jelly made from devil's tongue root (Konnyak), Soybean milk (soy milk), Tofu, fermented soybeans (Natto), Processed eggs, Curry, stew and soup mixes, Dired flakes of laver for sprinkling on rice in hot water ( Ochazuke-nori), Seasoned powder for sprinkling on rice (Furikake), Femented soybean foods as accompaniment (Name-mono), Raw pulses, protein for human consumption, Processed foods in the form of grains, tables, capsules, liquid of jelly, which main ingredients are plants.


Class 30 : Binding agents for ice cream, Meat tenderizers for household purpose, Preparations for stiffening whipped cream, Aromatic preparations for food (not from "Essential oils:) Tea, Coffee and cocoa, Ice, Confectionery bread and buns, Seasonings, Spices, Ice cream mixes, Sherbet mixes, Unroasted coffee ( unprocessed), Cereal preparation, Almond paste, Chinese stuffed dumplings (Gyoza, cooked), Sandwiches, Chinese steamed dumplings ( Shumai, cooked) Sushi, Fried balls of batter mix with small pieces of octopus (Takoyaki), Steamed buns stuffed with minced meat (Niku-manjuh), Hamburgers (prepared), Pizzas (prepared), dogs (prepared) Meat pies (prepared), Ravioli (prepared), Yeast powder, Fermenting malted rice (koji) Yeast, baking powder, Instant confectionery mixes, Sake lees (for food), Husked rice, Husked oats, Husked barley, Flour for food, Gluten for food, Processed foods in the form of grains, tables, capsules, liquid or jelly, which main ingredients are grains,

Class 32 : Beer, Carbonated drinks ( refreshing beverages) Non-alcoholic fruit juice beverages, Extracts of hopes for making beer. Whey beverages, Vagatable juice (beverages).

Class 33 : Japanese liquors ( in general), Western liquors (in general), Alcoholic beverages of fruits, Chinese liquors (in general), Flavored tonic liquors.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24.May.2012



# မှုန်ဝါးသော အနာဂတ်နှင့် မပျံ့တတ်သော တောင်ပံများ

မင်းသန်းထိုက်(ဒေးဒရဲ)

ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင်ထဲကို ဝင်ထိုင်မိသည်နှင့် စားပွဲထိုးလေးက အနားကိုလာရပ်သည်။ သူ့အသက်ရှိလှ ဆယ်နှစ်ဝန်းကျင်ပေ့ါ။ ကျွန်တော်တို့ကို ဘာမှလည်းမမေး၊ ဘာမှလည်း မပြော၊ သည်အတိုင်း တောင့်တောင့်ကြီး ရပ်နေ၏။

"ဒီအတိုင်းရပ်နေရသလား။ မေးလေ ဘာသောက်မလဲလို့"။ "သူက အသစ်ဆရာ၊ မနေ့ကမှ ရောက်တာ။ ဘာမှမလုပ်တတ်သေးဘူး။ လက်ဖက်ရည်ခွက်တောင်ငြိမ်အောင် မကိုင်တတ်သေးဘူး။ အတော်သင်ရဦးမှာ"

ကောင်တာမှာ ထိုင်နေသည့်ဆိုင်ရှင်က သူ့စားပွဲထိုးလေးကိုလည်း လှမ်းပြော။ လက်ဖက်ရည်လာသောက်သည့်ကျွန်တော်တို့ကိုလည်းရှင်းပြနေသည်။

"အရင်ခပ်ကြီးကြီး ကောင်လေးရော" ဟု ကျွန်တော်က လှမ်းမေးတော့၊ "အလုပ်ထွက်သွားပြီဆရာ။ ကမ်းနားမှာ ကုန်သွားထမ်းနေတယ်။ ဒီကောင်တွေက နည်းနည်းကြီးလာရင် ခိုင်းမကောင်းတော့ဘူးဆရာ။ ဒီအရွယ်တွေပဲ ကောင်းတယ်"

"ဩော်"

ကျွန်တော့်နှုတ်ကဩော်တစ်လုံးသာဆိုနိုင်တော့သည်။ ရင်ထဲမှာပြောစရာ စကားလုံးတွေခန်းခြောက်သွား၏။ မူလတန်းဆရာအဖြစ် အမှုထမ်းခဲ့ဖူးတော့ ဒီအရွယ်ကလေးငယ်တွေကိုဒီလိုအလုပ်ခွင်တွေမှာ တွေ့ရတိုင်း ရင်ထဲမှာတစ်မျိုးတစ်မည် ခံစားရသည်။ သူတို့အရွယ်ဟူသည်အလုပ်ခွင်မှာ ရှိသင့်သည့်အရွယ်တွေ ဟုတ်ပါရဲ့လား။ စာသင်ခန်းတွေအတွင်းမှာပဲ ပြေးလွှားကစား စာပေသင်ကြားရမည့် အရွယ်တွေမဟုတ်ပါလား။ ခုတော့ဖြင့် သူတို့တစ်တွေမှာ ရှိရမယ့်နေရာမှာ မရှိ၊ မရှိရမယ့်နေရာမှာ ရှိနေကြပါလား။

စားပွဲထိုးကောင်လေး လက်ဖက်ရည်လာချပေးတော့ "ချာတိတ်၊ မင်းကျောင်းနေဖူးလား"ဟု ကျွန်တော်က မေးကြည့်မိသည်။ "နေဖူးတယ်ဗျ။ ဒီနှစ် သုံးတန်းအောင်တယ်" ဟု အရောင်လက်နေသော မျက်လုံးများဖြင့် ကောင်လေးက ဖြေသည်။ "လေးတန်းဆက်မတက်တော့ဘူးလား" ဟု ကျွန်တော်ကမေးတော့ ကောင်လေးမျက်နှာညှိုးသွားသည်။ ခေါင်းကိုဖြည်းညင်းစွာ ယမ်းရင်း"အဖေဆုံးသွားလို့ အမေက မထားတော့ဘူးတဲ့"

လက်ဖက်ရည်ဆိုင်ရဲ့ အတွင်းဘက် ထောင့်တစ်နေရာမှာတော့ ထိုစားပွဲထိုးကောင်လေးနှင့် ရွယ်တူလောက်ရှိမည့် ဆိုင်ရှင်ရဲ့ သားကလေးကတော့ တီဗီဂိမ်းကို စိမ်ပြေနပြေဆော့နေသည်။ စားပွဲထိုး ကောင်လေးကတော့အဖျော်ခုံရှေ့က အုတ်ရေကန်လေးမှာ သောက်ပြီးသားလက်ဖက်ရည်ခွက်တွေကို ဒန်ခွက်ကြီး တစ်ခုထဲမှာ ထည့်ပြီးဆေးနေလေရဲ့။ ဩော် ဘဝတွေ ဘဝတွေ။ လူချင်းတူတူ သူချင်းမျှမျှ လူတန်းစေ့ဘဝကို မရနိုင်ကြတဲ့ ဘဝတွေ။

လက်ဖက်ရည်ဆိုင်ထဲက ထွက်လာခဲ့သည့်တိုင် ကျွန်တော့် မျက်လုံးထဲမှာ သည်မြင်ကွင်းကလေးက ကပ်ငြိပါလာခဲ့သည်။ မြန်မာပြည် တစ်နံတစ်လျားက လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေမှာ သည်အရွယ်ကလေးငယ်တွေ အကြောင်းအမျိုးမျိုးနှင့် ကလေးအလုပ်သမားဘဝ ရောက်နေကြသည်။ အချို့က အဖေမရှိတော့လို့၊ အချို့က အမေမရှိတော့လို့။ အချို့က အဖေရော၊ အမေရော မရှိတော့လို့။ အချို့ကျတော့ အဖေရော၊ အမေရော ရှိပါလျက် ဒုက္ခိတတွေ ဖြစ်နေလို့။ အချို့ကျတော့ မောင်နှမတွေများပြီး မိဘက ဝင်ငွေနည်းလို့။ အကြောင်းမျိုးစုံနှင့် သူတို့၏ အနာဂတ်ပန်းချီကားတွေ မှုန်ဝါးနေကြသည်။

တချို့ကလေးငယ်တွေက မူလတန်းပညာပင် ဆုံးခန်းတိုင်အောင် မသင်ဖူးကြ။ မြို့ပြတွေကခွာပြီး ကျေးလက်တောရွာကိုလှမ်းကြည့်လိုက်ပါဦး။ လယ်ထဲချောင်းထဲမှာပဲ ငါးရှာ၊ ဖားရိုက်၊ ကဏန်းနှိုက်ရင်း ကျေးလက်က စာသင်ခန်းတွေ ရှိရာကို ရောက်မလာနိုင်တဲ့ ကလေးတွေ ဒုနဲ့ဒေးပါ။ နွေမိုး၊ ဆောင်း၊ သုံးရာသီစလုံးမှာ သီးထပ်တွေ၊ သီးညှပ်တွေနဲ့ လယ်ကွင်းတွေ စိမ်းလန်းနေသလောက် လယ်ကွင်းထဲက အချို့ကလေးငယ်တွေရဲ့ ဘဝကတော့ ခြောက်သွေ့နေဆဲပါ။ မူလတန်းပညာရေးကို နိုင်ငံတော်က အခမဲ့သတ်မှတ်ပြဋ္ဌာန်းပေးပေမယ့် ပညာရေးနဲ့ဝေးနေဆဲ ကလေးတွေ ဒုနဲ့ဒေးပါ။

ပြီးခဲ့တဲ့နှစ် အခုလို ကျောင်းဖွင့်ခါနီးမှာ ပရဟိတစိတ်ရှိကြသူ ကျွန်တော်တို့ဝါသနာတူ လူရွယ်တစ်စု စုပေါင်းပြီး အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ကြသည်။ အတန်းအောင်ပြီးနောက် အတန်းသစ် မတက်နိုင်လောက်အောင် ဆင်းရဲချို့တဲ့သည့်ကလေးငယ်များကို တစ်နှစ်တစ်ရာသီဖြစ်ဖြစ် ကျောင်းဆက်တက်နိုင်အောင် ထောက်ပံ့ပေးဖို့ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေ ကိုယ့်ခွန်ကိုယ့်အားနှင့် တတ်နိုင်သမျှ စုပေါင်းထည့်ဝင်ကြတာလေးသိန်းကျော် ငါးသိန်းနီးပါးရပါသည်။ ကျွန်တော်တို့အစီအစဉ်က နီးစပ်ရာ မူလတန်းကျောင်း ၁၀ ကျောင်းမှ တစ်ကျောင်းလျှင် အဆင်းရဲဆုံး ၁၀ ယောက်ကို စာသင်နှစ် တစ်နှစ်အတွင်းကုန်ကျမည့် ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ဘောပင်၊ ကွန်ပါဘူးမှစ၍ မိဘဆရာအသင်းကြေး၊ အားကစားကြေးပါမကျန် ထောက်ပံ့မည်။ ထို့ပြင် လုံးဝကျောင်းဆက်မထားတော့သည့် ကလေးများကို စာသင်နှစ် တစ်နှစ်တော့ ဆက်တက်ဖြစ်အောင် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ထီး၊ ဖိနပ် တစ်နှစ်တာ မုန့်ဖိုးကအစ ထောက်ပံ့မည်။ ဘာပဲဖြစ်ဖြစ် နောက်နှစ် နောက်နှစ်တွေမှာ ဆက်မလုပ်နိုင်တောင် အနည်းဆုံးတစ်နှစ်တော့ ထိုကလေးငယ်အတွက်ပညာသင်ခွင့်ရသွားမည်။ လုပ်ကြမည်ဟု အားလုံးသဘောတူဆုံးဖြတ်ကာ သက်ဆိုင်ရာမူလတန်းကျောင်းများသို့သွား၍ စာရင်းကောက်ကြသည်။

သည်တွင် ကျွန်တော်တို့ တွေ့ရသည်မှာ လေးတန်းအောင်ပြီး ငါးတန်းဆက်မတက်တော့သည့် ကလေးက အများစုဖြစ်နေသည်။ သက်ဆိုင်ရာ ကျောင်းများမှ ဆရာများကလည်း အားတက်သရော ရှိကြပါသည်။ ဘယ်ကလေးကတော့ စာတော်သည်၊ ကျောင်းထားပေးမည့်သူရှိလျှင် တက်လိမ့်မည် စသဖြင့် သတင်းပေးကြသည်။ သူတို့ကိုယ်တိုင် ကလေးမိဘ၊ အုပ်ထိန်းသူများကို ခေါ်၍ ကျွန်တော်တို့နှင့် တွေ့ပေးသည်။ အစပထမတော့ မိဘ၊ အုပ်ထိန်းသူများက အထောက်အပံ့ပေးလျှင် ကျောင်းဆက်ထားပါ့မည်ဟု ကတိပေးကြသည်။ တကယ်ကျောင်းအပ်မည်ဟုသွားခေါ်သောအခါ အကြောင်းအမျိုးမျိုးပြ၍ ငြင်းကြသည်။ သူတို့အထဲက နှစ်ယောက်သာ ကျွန်တော်တို့ ကျောင်းထားပေးခွင့်ရခဲ့ကြသည်။ ဒါလည်း တစ်ယောက်က နှစ်မကုန်။ စပါးရိတ်ချိန်တွင် အိမ်မှာအစောင့်မရှိ၍ဟုဆိုကာကျောင်းထုတ်သွားလေသည်။

ကျွန်တော်ပြောလိုသည်မှာ ကျောင်းထားပေးမည့်သူ ရှိသည့်တိုင် အချို့ကလေးငယ်များ ကျောင်းပြန်မတက်နိုင်ကြပါ။ အချို့ မိသားစုများအတွက် ထိုကလေးငယ်များ၏ ဝင်ငွေသည် အရေးပါပါသည်။ အချို့ မိသားစုများတွင် မိဘနှစ်ပါး အလုပ်သွားချိန်၌ ထိုကလေးငယ်များက အိမ်စောင့်၊ ကလေးထိန်းလုပ်ကြရပါသည်။ သူတို့တစ်တွေသည် အနာဂတ်ကိစ္စအတွက် မစဉ်းစားနိုင်ကြပါ။ မစဉ်းလည်း မစဉ်းစားတတ်ကြပါ။ မိဘများကိုယ်တိုင်က သည်လိုပဲ ကြုံသလို ကြီးပြင်းလာသဖြင့် သူတို့၏သားသမီးများကိုလည်း သည်လိုပဲ ကြီးလာလိမ့်မည်ဟု ထင်ထားကြပါသည်။ လောလောဆယ် ထမင်းနပ်မှန်အောင်စားရဖို့က သားသမီးတွေကို ကျောင်းထားဖို့ထက် ပိုအရေးကြီးနေသည် မဟုတ်ပါလား။

ကျွန်တော်တို့ရပ်ကွက်ထဲမှာ မိသားစုတစ်စုရှိသည်။ မွေးထားသည့် ကလေးက လေးယောက်။ ဖအေက အရက်သမား။ ဆိုက်ကားနင်းရသမျှ အရက်သောက်ပစ်သည်။ ဘိုးအေကြီးရှိစဉ်ကတော့ ဘိုးအေကြီးက ကုန်းရုန်းရှာကာ မြေးများကိုကျောင်းထားပေးပါသည်။ ဘိုးအေကြီး ရုတ်တရက် ဆုံးသွားတော့ အကြီးဆုံး ကောင်လေးမှာ သုံးတန်းလောက်နှင့် ကျောင်းထွက်လိုက်ရသည်။ ဝပ်ရှော့တစ်ခုမှာ အလုပ်လည်း သင်ရင်း မုန့်ဖိုးလေးရရ ဆိုပြီးဝင်လုပ်ရသည်။ ခုတော့လည်း ကောင်လေးက အတော်ကလေး လုပ်တတ်လာတော့ ဝပ်ရှော့ပိုင်ရှင်က တစ်လသုံးသောင်းလောက် လခ သဘောမျိုး သတ်သတ်မှတ်မှတ် ပေးလာသည်။ ထိုဝင်ငွေကလေးနှင့်ပင် ကျန်တဲ့ကလေးတွေကို ကျောင်းထားပေးနေရသည်။ ကောင်လေးခမျာ စာတော်ကောင်းကောင်း မဖတ်တတ်ရှာပေ။

မြို့ပြတွေရဲ့ လမ်းကြို လမ်းကြား၊ အိမ်ကြို အိမ်ကြားတွေမှာ ပလတ်စတစ် လိုက်ကောက်နေတဲ့ ကလေးတွေ၊ သဘော်ဆိပ်တွေ၊ ကားဂိတ်တွေ၊ ဘူတာရုံတွေမှာ ကွမ်းယာ၊ ဆေးလိပ်၊ ရေသန့်၊ တစ်ရှူး လိုက်ရောင်းနေတဲ့ ကလေးတွေကို မမြင်ချင်အဆုံး တွေ့နေရသည်။ နောင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကြာသည့်အခါ ထိုကလေးတွေ ကောင်းကောင်းအရွယ်ရောက်ကြပြီ။ သူတို့တစ်တွေ၏ အနာဂတ်အတွက်သာမက နိုင်ငံ၏အနာဂတ်အတွက်ပါတွေးကြည့်လျှင် ရင်လေးစရာ။

ဆရာချစ်ဦးညိုက စင်ကာပူနိုင်ငံ၏ ပထမဆုံးအကြိမ် စာပေဟောပြောပွဲမှာ ပြောသွားသည်။ "ကျွန်တော်တို့နိုင်ငံက သယံဇာတအင်မတန် ပေါတယ်။ ဆန်စပါး၊ သစ်၊ ရေနံ၊ သဘာဝဓာတ်ငွေ့ အကုန်ထွက်တယ်။ စင်ကာပူနိုင်ငံက လူပဲထွက်တယ်" ဆိုတော့ ပရိသတ်ပွဲကျသွားသည်။ "အဲဒီလူကို ပညာနဲ့ပေါင်းပစ်လိုက်တယ်။ ဟော အာရှမှာ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်လာတာပဲ"တဲ့။

ကျွန်တော်တို့ နိုင်ငံမှာရော။ လူကို ပညာနှင့်ပေါင်းကာ တန်ဖိုးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်အောင် ဘယ်လောက်လုပ်နိုင်ပါပြီလဲ။ မူလတန်းမပြီးတဲ့ ကလေးတွေ၊ အလယ်တန်းမပြီးတဲ့ ကလေးတွေ၊ တောရွာတွေက ဘုန်းကြီးကျောင်းတွေမှာ ကိုရင်လေးငါးဝါဝတ်ပြီး စာသင်၊ နောက် လူထွက်ပြီး လယ်ထဲရောက်ကုန်ကြတဲ့ ကလေးတွေ၊ ကိုယ့်ရပ်ကိုယ့်ရွာက မငြိမ်းချမ်းလို့ ပြေးရင်း၊ ပုန်းရင်း ကျောင်းတောင် ကောင်းကောင်း မနေလိုက်ရတဲ့ကလေးတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေမှာ စားပွဲထိုးလုပ်ရင်း မိသားစုအတွက် ငွေရှာပေးနေရတဲ့ ကလေးတွေ၊ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားတွေမှာ ပလတ်စတစ်လိုက်ကောက်နေတဲ့ ကလေးတွေ။ သည်ကလေးတွေကနိုင်ငံ၏အနာဂတ်ကိုစိန်ခေါ်နေပေသည်။

ကျွန်တော်တို့သည် ကျောင်းနေအရွယ် ကလေးများ အားလုံး ကျောင်းနေနိုင်ရမည်ဟုဆိုင်းဘုတ်ထောင်ရုံ၊ ကြွေးကြော်နေရုံဖြင့် ထိုကလေးတွေအားလုံး ကျောင်းခန်းထဲ ရောက်လာမည်မဟုတ်ပါ။ ထိုကလေးငယ်တွေအားလုံး ပညာသင်ကြားခွင့်ရရေးအတွက် ဘယ်လိုစီမံဖန်တီးကြမလဲဆိုတာ ဝိုင်းဝန်းစဉ်းစားကြဖို့ဖြစ်ပါသည်။မကြာမီ ကျောင်းတွေဖွင့်ပါတော့မည်။ တချို့ကလေးတွေက တန်ဖိုးကြီးကြီး ပေးရသည့် ပုဂ္ဂလိကကျောင်းတွေဆီသွားရန် ခြေလှမ်းပြင်နေချိန်မှာ တချို့ကလေးတွေကတော့ နောက်တစ်တန်းတက်ရန် မသေချာဖြစ်ကြသူတွေ ရှိနေပါသည်။

ကျွန်တော် ဤစာကို ရေးနေစဉ်မှာပင် လမ်းမပေါ်က "ဂလိုင်၊ ဂလိုင်" အသံကြားလို့ ခေါင်းထောင်ကြည့်လိုက်တော့ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ် လောက်ရှိမည့် ကလေးငယ်လေးတစ်ယောက်။ ဖဲထီးရောင်စုံလေး မိုးထားသည့် နို့အေးချောင်းလှည်းကလေးကို တွန်းလို့။ အရိပ်မဲ့မဲ့ နေပူပြင်လမ်းမကြီးပေါ်မှာ။ သူ့ဖဲထီးလေးက ဘယ်လောက်များ အပူဒဏ်လုံအောင် မိုးထားပေးနိုင်မှာပါလိမ့်။

7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# အမျိုးသားရေး "တာ" များ လုံဖို့လိုသည်

ခင်မောင်ဌေး(ပညာရေး)

အိမ် သာ၍ ညော့လာသည်ဟုပင် ဆိုရပေလိမ့်မည်။ အမိနိုင်ငံသို့ နေ့စဉ်နီးပါး ဝင်ထွက်သွားလာနေသော နိုင်ငံတကာ အကြီးအကဲ၊ ကုလသမဂ္ဂနှင့် အီးယူကဲ့သို့သော အဖွဲ့အစည်းကြီးများမှ အကြီးအကဲများ စွာရှိပါသည်။ နှစ်နိုင်ငံအရေး၊ နိုင်ငံတကာအရေး ပွင့်လင်းစွာဆွေးနွေး အမြင်ချင်း ဖလှယ်နိုင်ကြ၏။ နိုင်ငံတော်၏ ထင်သာမြင်သာရှိရှိ ဆောင်ရွက်အကောင်အထည်ဖော်လာနိုင်မှုများကြောင့် နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းခြင်း၊ လျှော့ချခြင်း၊ ဆိုင်းငံ့ခြင်းများလည်း ရှိလာခဲ့ပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် နိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းဖြင့် ဝင်လာတော့မည်ဖြစ်သည်။ နိုင်ငံတော်ဘက်ကလည်း လိုအပ်သော ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ငွေကြေးဆိုင်ရာ မူဝါဒသစ်များ၊ ဘဏ်စနစ်များ ပြုပြင်ပြောင်းလဲလာပြီ ဖြစ်၍ ပွင့်လင်းသောလူ့အဖွဲ့အစည်းတွင်ပို၍ထင်သာမြင်သာရှိရှိလုပ်ကိုင်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။ အချို့က စက်မှုဇုန်ကြီးများ ထူထောင်မည်။ အချို့က လယ်ယာစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံမည်။ အချို့က စက်ရုံ အလုပ်ရုံများ၊ အချို့က ဓာတ်သတ္တု၊ ရေနံ၊သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ အချို့က မြို့ပြတည်ဆောက်ရေး စသဖြင့် ရင်းနှီးမြှုပ်နှံမှုပုံစံအမျိုးမျိုးဖြင့် ဝင်လာကြမည်ဖြစ်သည်။

ဤသို့ဖြင့် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ လူသားအရင်းအမြစ်များ၊ လုပ်သားအင်အားများလည်း စီးဝင်လာမည်ဖြစ်သည်။ (ဥပမာ- တရုတ်ဂက်စ်ပိုက်လိုင်း ဖောက်လုပ်တပ်ဆင်ရာတွင် လူအင်အားများစွာပါလာသည်ကိုတွေ့နိုင်သည်) ဆိုလိုသည်မှာ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအမျိုးအစားအလိုက် အနည်းအများသာ ကွာခြားမှုရှိမည်။ သေချာသည်က နိုင်ငံတကာနှင့် ရင်းနှီးဆက်ဆံရတော့မည်ဖြစ်သည်။ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားရောက်ရှိမလာသေးသည့်ကာလမှာပင် စီးပွားရေးရှေ့ပြေး လေ့လာဆန်းစစ်သူများကြောင့် အဝင်အထွက်များစွာရှိနေသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် တည်းခိုခန်းများ၊ ဧည့်ဂေဟာများသည် နိုင်ငံတကာနှင့် ကနဦး စတင်တွေ့ကြုံဆက်ဆံကြရမည်ဖြစ်သည်။ ထို့ပြင် ယခုအခါ Down Town ဧရိယာအတွင်း နိုင်ငံခြားသားများ နေထိုင်ရန်၊ ရုံးခန်းဖွင့်လှစ်ရန်၊ တိုက်ခန်းများ လုံးချင်းတိုက်များ ငှားရမ်းမှု၊ မြေနှင့် တိုက်ခန်းဝယ်ယူမှု များပြားလာသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြို့ပြ၊ ရပ်ကွက်အတွင်း ဆက်ဆံမှုများလည်း ရှိလာမည်ဖြစ်သည်။

ထို့အတူ နိုင်ငံခြားသားများ ငှားရမ်းထားသည့် တိုက်ခန်း၊ ရုံးခန်းများတွင် အောက်ခြေအိမ်အကူမှအစ ဝန်ထမ်းခန့်ထားမှုများ ပို၍ ကြီးထွားလာမည်ဖြစ်သည်။ ထို့ကြောင့် အိမ်အကူ၊ ဝန်ထမ်းဆက်ဆံရေး၊ လမ်းအလိုက်၊ ရပ်ကွက်အလိုက် ဆက်ဆံရမှုများ ရှိလာမည်ဖြစ်သည်။ ထိုအခါ လမ်းစည်းကမ်း၊ ရပ်ကွက်စည်းကမ်း လိုက်နာဖို့ လိုလာမည်ဖြစ်သည်။ အလုပ်လုပ်လျှင် အလုပ်စည်းကမ်းရှိသကဲ့သို့ ဟိုတယ်နှင့် ဧည့်ဂေဟာများတွင်လည်း သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံကြီးသားများသည် စည်းကမ်းလေးစားလိုက်နာတတ်သူများဖြစ်ကြပါသည်။

အချို့နိုင်ငံခြားသားများမှာ မိမိတို့ကိုယ်မိမိတို့ နိုင်ငံကြီးသားသွင်ဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား အလေးမထားသည့် အသွင်ဖြင့်လည်းကောင်း ဆက်ဆံတတ်သည်လည်းရှိ၏။ ဤသို့ဖြင့် နိုင်ငံအတွင်း ဥပဒေမဲ့ပြုကျင့်မှုများရှိလာသည်ကို မြင်တွေ့လာရ၏။ စင်စစ် မြန်မာနိုင်ငံသည် နိုင်ငံခြားသား ဧည့်သည်များအား ရိုင်းပင်းကူညီရန် လမ်းညွှန်ဆိုင်းဘုတ်များဖြင့်ပင် အသိပေးထားသည်ကိုတွေ့နိုင်ပါသည်။ အမိနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားများ၊ ရွှေဧည့်သည်၊ ငွေဧည့်သည်များအား လမ်းညွှန်ကူညီခြင်း၊ ပျူငှာဖော်ရွေခြင်းသည် အထူးပင်လိုအပ်လှပါသည်။ သို့သော်လည်းပြစ်မှုကျူးလွန်သူများ၊ ဥပဒေကိုမထီမဲ့မြင်ပြုသူများအား ဥပဒေအရ အကာအကွယ်မပေးနိုင်သကဲ့သို့ ကူညီအားပေးရန်လည်း မသင့်ပေ။ ဥပဒေမဲ့ပြုကျင့်လာမှုများကိုမူ နိုင်ငံ၏ တည်ဆဲဥပဒေအရသာမက နိုင်ငံတကာဥပဒေနှင့်အညီ ထိရောက်စွာ ဟန့်တားနိုင်ဖို့လိုပါသည်။



လောကတွင် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးသည် သီးခြားစီလာလေ့မရှိပါ။ အစဉ်အမြဲဒွန်တွဲလွန်ဆွဲနေသည့် သဘောရှိ၏။ အကောင်းဘက်သို့လည်း ဆွဲနိုင်၏။ အဆိုးဘက်သို့လည်း ယိုင်နဲ့သွားနိုင်၏။ မည်သို့ပင်ဖြစ်စေကောင်းမှု၊ ဆိုးမှု ဤနှစ်ခုကို မျှဝေခံစားရမည်ဖြစ်သည်။ ခံစားရမှုအဆိုးအကောင်း အနည်းအများသည် ယင်းနိုင်ငံ ပြည်သူများ၏ အမျိုးသားရေးစိတ်ဓာတ်ခိုင်မာရင့်သန်မှု ပျော့ပျောင်းမှုတို့ အပေါ်တွင် များစွာ မူတည်နိုင်ပါသည်။

နိုင်ငံသည် ဦးစွာပထမ မိမိတို့၏ အမျိုးသားအကျိုးစီးပွားရေး ဦးထိပ် ပန်ဆင်ရမည်ဖြစ်သည်။ မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် အတင်းအဓမ္မ မြေယာသိမ်းခြင်း၊ မြေယာများ ဝယ်ယူခံရခြင်း၊ အဓမ္မခိုင်းစေခြင်း၊ မတရားလုပ်အား ခေါင်းပုံဖြတ်ခြင်း၊ လုပ်ခလစာနည်းပါးခြင်း စသည့်အမျိုးသားအကျိုးစီးပွားပျက်စီးစေနိုင်မည့်လုပ်ဆောင်မှုအားလုံးကို ဥပဒေက ထိရောက်စွာ အကာအကွယ် ပေးနိုင်ရပါမည်။ ထို့အတူဥပဒေကိုကျော်လွန်၍ ဖောက်ဖျက်ကျူးလွန်မှုများအား တည်ဆဲ ဥပဒေအရ နိုင်ငံသား၊ နိုင်ငံခြားသား မခွဲခြားဘဲ ပြတ်ပြတ်သားသား အရေးယူဟန့်တားရန်ဖြစ်သည်။

ဒုတိယအချက်မှာ မြန်မာတို့သည် သမိုင်းကြောင်း ရှည်လျားစွာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ အစဉ်အလာဓလေ့လုံးတမ်းများ၊ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာစာပေ၊ အနုသုခုမပညာရပ်များနှင့် လက်မှုပညာရပ်များ အံ့မခန်းထွန်းကားခဲ့သည့်နိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံ၏ လူ့အဖွဲ့အစည်းအတွင်းရှိ ယင်းကောင်းမွေများအား မိမိတို့ ကိုယ်တိုင် နှစ်သက်မြတ်နိုးတန်ဖိုးထားတတ်ရန်လိုပါသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရမည်သာ။ မည်သူ့ကို ချဉ်ခိုင်း၍ ရနိုင်အံ့နည်း။ ခေတ်ရေစီးကြောင်းဆိုသည်မှာ တား၍မရပါ။ သို့သော်လည်း မလိုလားအပ်သော စရိုက်လက္ခဏာများကိုမူ ဖယ်ရှားနိုင်ရပါမည်။ လမ်းလွှဲပေးနိုင်ရပါမည်။ အရိုးပေါ် အရွက်ဖုံးခြင်း၊ ရှာလွန်ရွက်တိုက်ခြင်းသည် အစဉ်အလာကို ဖီလာသဖြင့် ရေရှည် မတည်တံ့၊ မခိုင်မြဲနိုင်ပါ။

ယခုအချိန်သည် နိုင်ငံတော်က စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းနေသည့် အချိန်ဖြစ်သည်။ ပွင့်လင်းသော လူ့အဖွဲ့အစည်းအတွင်း ထင်သာ၊ မြင်သာရှိရှိ လမ်းဖွင့်ဆောင်ရွက်နေချိန်လည်း ဖြစ်သည်။ ပြည်ပစီးပွားရေး ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ စိန်ခေါ်မှုအသစ်များကိုလည်း ရင်ဆိုင်ခံစားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှု အသစ်များဝင်လာသောအခါ သူ့ချည်းသက်သက် မဟုတ်။ နီးနွယ်ရာ ပတ်သက်ကြောင်း ယဉ်ကျေးမှုမျိုးစုံ တို့ ရောထွေးမွှေနှောက်လာမည်ဖြစ်သည်။ ထို့အခါ မိမိတို့ဘက်က ကြံ့ကြံ့ခံရပ်တည်နိုင်ဖို့လိုသည်။ ထိုသို့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ဆိုလျှင် တစ်ဖက်က လိုအပ်နေသည့် Capacity Building များ Infrastructure များ တည်ဆောက်နေသကဲ့သို့ တစ်ဖက်ကလည်း လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသော အမျိုးသားရေး အမြင်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် အမျိုးသားရေး စရိုက်လက္ခဏာများကိုလည်း တောင့်တင်းခိုင်မာရန် 'တာ' ဖို့ထားရန် အရေးကြီးပါသည်။ အခြေအမြစ်ကျကျ တောင့်တင်းခိုင်မာသောထုထည်ကြီးမားသော 'တာ' များဖြစ်ဖို့လိုပါသည်။ ယင်းမှာ နိုင်ငံ၏ အရေးအကြီးဆုံး 'တာ' ဖြစ်သည်။ ယင်း'တာ' အားပျော့လျှင် မခိုင်ခံ့လျှင် ယင်း'တာ'မှစ၍ ကျိုးပေါက်နိုင်ပါသည်။ ကြံ့ခိုင်တောင့်တင်းမှုနည်းလျှင် နည်းသလောက် ထိခိုက်ရှနာမှုကြီးမားနိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ငါးစာကိုမြင်သကဲ့သို့ ငါးမျှားချိတ်ကိုလည်း သတိထားရမည်။ ဆိုလိုသည်မှာ စီးပွားရေးဆိုင်ရာ မက်လုံးများ (Economic Incentives)၊ ငွေကြေးအကျိုးအမြတ်များ (Monetary Profit) ကို တွက်ဆတတ်ရန် လိုပါသည်။ ကိုယ့်'တာ' မခိုင်ခံ့ မတောင့်တင်းဘဲ အလုံးအရင်း သွင်းအားစုများနှင့်တူသော ရေတံခါးများအား လုံး ဖွင့်မိခဲ့လျှင် အမျိုးသားရေး အသိ အမျိုးသားရေး သတိရှိရန် လိုပါသည်။ စင်စစ်ယင်းမှာ အုပ်ချုပ်သူများတွင်သာ တာဝန်ရှိသည်မဟုတ်။ ပဥ္စမမဏ္ဍိုင်ဟုခေါ်သော ပြည်သူလူထု တစ်ရပ်လုံးတွင်လည်း တာဝန်ရှိနေသည်။ အထူးသဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့်ဆိုင်သည့် အမျိုးသားရေး 'တာ' များလုံဖို့လိုပါသည်။ ။

## JOKE

### အလုပ်မဖြစ်ဘူး

အသက် ၈၅ နှစ်ရှိပြီဖြစ်သော မိခင်ကို သားဖြစ်သူက လက်ကိုင်ဖုန်းတစ်လုံးဝယ်ပေးလိုက်ပြီး ဖုန်းကို မည်သို့အသုံးပြုရမည်ကိုလည်း သင်ပြပေးလိုက်သည်။ တစ်ပတ်ခန့်အကြာ မိုင် ၄၀၀ ခန့်ဝေးသော နယ်မြို့လေးသို့ မိခင်ပြန်သွားသောအခါ သားဖြစ်သူက လှမ်း၍ဖုန်းဆက်သည်။

"အမေ. . ဖုန်းအသစ်က ဘယ်လိုနေလဲ သုံးရတာအဆင်ပြေရဲ့လား"ဟုမေးရာ မိခင်ဖြစ်သူက တစ်ဖက်မှနေ၍

"မင်းဖုန်းအသစ်ကြီးက အလုပ်မဖြစ်ပါဘူး သားရယ်။ ဖုန်းက ကြိုးလည်းမပါဘူး" ဟု ပြန်ပြောပါသည်။

### ဖယ်ပါဦး

လှပ၊ ချောမောပြီး အလွန်ကြည့်ကောင်းသော အမျိုးသမီးတစ်ဦး၏ဘေးတွင် အမျိုးသားတစ်ဦးထိုင်နေပြီး အမျိုးသား၏ မျက်လုံးမှာ အမျိုးသမီးထံမှ မခွာတော့။ ခဏကြာသောအခါ စာဖတ်နေသော အမျိုးသမီးက အမျိုးသားဘက် လှည့်ကြည့်ရင်း

"ရှင်စိတ်မရှိဘူးဆိုရင် ကျွန်မရင်ဘတ်ပေါ် ရောက်နေတာ တစ်ခုကို ဖယ်ပေးပါလားဟင်"ဟုဆိုရာ

အမျိုးသားကလည်း အားတက်သရောနှင့်

"ရတယ် ရတယ် ဘာဖယ်ပေးရမှာလဲ"ဟုဆိုကာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ဤတွင်အမျိုးသမီးက "ရှင့်မျက်လုံးတွေကို လွှဲဖယ်ခိုင်းနေတာရှင့်" ဟု ဆိုပါလေတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟာန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL

# Business

Vol.11, No.11 • MAY 24 , 2012

## ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်သို့ အစိုးရချင်း ချိတ်ဆက်၍ ဆန်ရောင်းနိုင်ရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၆**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် (G to G) အစိုးရချင်း ချိတ်ဆက်၍ဆန်ရောင်းချရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

"ဒီအတိုင်းရောင်းနေတာက ဈေးကွက်ဝေစုရဖို့မသေချာလို့ G to G ရောင်းဖို့စီစဉ်နေတာပါ"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံမှ ဆန်ထွက်ရောင်းချခြင်း အပါအဝင် ကမ္ဘာ့ဆန်ဈေးကျဆင်းနေခြင်းကြောင့် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မှတ်ဆန်မှာ တစ်တန်လျှင် ၃၂၀ ဒေါ်လာသာ ရရှိတော့သည်။

"လက်ရှိ ဈေးကွက်အနေအထားက မကောင်းဘူး" ဟု ဝါးခယ်မရောင်းဝယ်ရေး ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစိုးထွန်းက ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဘူလော့အဖွဲ့တို့ ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် သဘောတူညီမှုရရှိထားပြီး အချို့တစ်ဝက်တင်ပို့ပြီးဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင်မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ ဆန်တန်ချိန် လေးသိန်းနီးပါးတင်ပို့ခဲ့ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန်တစ်သန်းတင်ပို့ရန် နိုင်ငံတော်သမ္မတက လျာထားချက် ထားခဲ့သည်။

## ကားဝယ်ရောင်းများ အလုပ်ပြောင်းရမည့်ကိန်း ဆိုက်နေ

**ဇာဇာနီ**

**ရန်ကုန်၊ မေ - ၁၉**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကားသွင်းသည့်မူဝါဒသစ်ပြောင်းပြီးကာလ ဟံသာဝတီကားဝယ်ရောင်းဈေးကွက်တွင် ဈေးနှုန်းများကျဆင်းနေကာ ဝယ်လိုအားနည်းနေသည့်အတွက် ကားဝယ်ရောင်းများ အခြားစီးပွားရေးနယ်ပယ်သို့ ပြောင်းလဲလုပ်ကိုင်ရမလိုဖြစ်နေကြောင်း ကားပွဲစားအချို့ကပြောသည်။

"ကားဈေးက ကျပြီဆို ဝယ်မယ့်သူက မရှိဘူး။ ခုချိန်မှာ မူတွေက အမျိုးမျိုးပြောင်းနေတော့ လုပ်ရကိုင်ရတာလည်း အပြောင်းအလဲမျိုးစုံပဲ။ အခုလည်း အလုပ်မကောင်းလို့ အခြားစီးပွားရေးနယ်ဘက် ပြောင်းပြီး လုပ်မယ့်သူတွေရှိနေတယ်။ ကားလောကအတွေ့အကြုံအရ ပိန်လိုက်ဖောင်းလိုက်နဲ့ လုပ်လာတာ နှစ် ၃၀ ကျော်ပြီ။ ဒီတစ်ကြိမ် အထိနာဆုံးပဲ။ ရင်းနိုင်တဲ့သူအတွက်တော့ တခြားအလုပ်ပြောင်းလုပ်လို့ရတယ်။ တစ်စီး၊ နှစ်စီး ဝယ်ရောင်းသမားကျတော့ အဆင်မပြေဘူး"ဟု ဟံသာဝတီမှ ကားပွဲစားကိုအောင်ဝင်းကပြောသည်။

အောက်ကားအဟောင်းဈေးနှုန်းများမှာ Super Saloon အပြား မော်ဒယ် 87, 86 ယခင်ကျပ်သိန်း ၁၄၀ ခန့်မှ ယခု ကျပ်သိန်း ၈၀ ခန့်၊ Super roof (ဖင်ကောက်) 86 မော်ဒယ်မှာ ကျပ်သိန်း ၁၅၀ မှ ကျပ်သိန်း ၉၀ ခန့်၊ 87 မော်ဒယ် SE စီအင်န်ဂျီမှာ ကျပ်သိန်း ၁၆၀ မှ ကျပ်သိန်း ၇၀ ခန့်သာရှိကြောင်း ကားပွဲစားလုပ်ကိုင်သူတစ်ဦးကပြောသည်။

အမြင့်ကားများမှာ ယခုနောက်ပိုင်း အရောင်းအဝယ်အနည်းငယ်ဖြစ်နေပြီးပါရာဒို(T2) ၂၀၀၇ မော်ဒယ်နံပါတ်မှာ ကျပ်သိန်း ၇၀၀ ခန့်မှ ကျပ်သိန်း ၄၀၀ နှင့် ၄၅၀ ခန့်ဈေးကျနေပြီး ပါဂျဲရိုး ၄၇၊ 86, 87 မော်ဒယ်မှာ ယခင်က ကျပ်သိန်း ၇၀၀ နှင့် ၈၀၀ ခန့်ရှိရာမှ ယခု ကျပ်သိန်း ၃၅၀ နှင့် ၄၀၀ ခန့်သာရှိပြီး အာရာဖတ် ၂၀၀၂မော်ဒယ်ကားမှာ ယခင်က အသစ်စက်စက်ကို ကျပ်သိန်း ၉၀၀ မှ ယခု ကျပ်သိန်း ၃၀၀ ပတ်လည်၊ ရွှေငါးရုပ်ပြောင်း 2.0 ဒီဇယ် ၂၀၀၂ မှာ ကျပ်သိန်း ၄၀၀ ခန့်မှ ယခု ကျပ်သိန်း ၂၅၀ ခန့်သာရှိကြောင်း သိရသည်။

ကားအရောင်းစင်တာများနှင့် ၁၃၀၀ စီစီကားလေးများ ရောင်းအားကောင်းလာသောကြောင့် ယခင်ထက် ကားဈေးနှုန်းနှစ်ဆခန့် မြင့်လာကြောင်း Polestar Auto Center မှ အရောင်းမန်နေဂျာတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံအနေနဲ့ ကားက ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်နေတယ်။ ၁၃၀၀ စီစီကားလေးတွေ ကျပ်သိန်း ၂၀၀ အောက်ရောင်းရတယ်။ မူဝါဒအစဆိုတော့ အဝယ်နည်းနည်းလိုက်တာကြောင့် ဂျပန်မှာ ကားလေလံဆွဲတာများလို့ ကားလေလံဈေးတက်လာတယ်"ဟု အဆိုပါပုဂ္ဂိုလ်က 7Day News သို့ ပြောသည်။

ကားသွင်းလိုသူများအနေဖြင့် အနိမ့်ဆုံး Toyota Vigz အမျိုးအစားကို ကျပ်သိန်း ၁၂၀ ခန့်ဖြင့် သွင်းနိုင်ပြီး ယခုလက်ရှိဈေးနှုန်းအရ လူကြိုက်များသော Toyota Elta ကား ၂၀၁၀ မော်ဒယ် သွင်းလိုလျှင် ကျပ်သိန်း ၁၂၀ ခန့်သာ ကုန်ကျမည်ဖြစ် သည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၃၂ | ၈၄၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၂ | ၈၄၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၅၀ | ၆၆၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၅၀ | ၁၀၆၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၆ | ၂၆. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၈ | ၁၂၉ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၄ | ၈၃၅ | ကျပ် |

၂၀၁၂ မေ ၁၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၂၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၉၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၂၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၄၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၄၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၈. ၂၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၃၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၃၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၀၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၆၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၁၅၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၁၇၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၂၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၃၆၂၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၉၀. ၈၅ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၉၁. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၁၄၀ |
| ငွေ | ၁ အောင်စ | ၂၈. ၇၁၅ |
| ကြေးနီ | ပေါင် | ၃၄၆. ၈၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၄၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မေ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# ဝယ်လိုအား လျော့ကျလာ၍ ဘုရင့်နောင်စျေးတွင် ပိတ်လိုက်ရသော ဆန်ပွဲရုံများလာ

ဇာဇာနို

ရန်ကုန်၊ မေ-၁၇

ရန်ကုန်တိုင်းဒေသကြီး၏ အဓိက ဆန်ရောင်းဝယ်ရေးစခန်းတစ်ခု အဖြစ်ရပ်တည်လာခဲ့သော ဘုရင့်နောင်ဆန်ပွဲရုံများမှာ နှစ်စဉ် ဆန်ဝယ်လိုအားများ ကျဆင်းလာသဖြင့် ယင်းလုပ်ငန်းဖြင့် ဆက်လက်ရပ်တည်ရန် ခက်ခဲလာသည့်အတွက် ပွဲရုံလုပ်ငန်းအားနားလိုက်ရသော ဆန်ပွဲရုံများရှိလာကြောင်းသတင်းရရှိသည်။

"ဘုရင့်နောင်စျေးကွက်က တဖြည်းဖြည်းနဲ့ ပျက်လာတယ်။ နယ်က ဖောက်သည်တွေ ကျသွားတဲ့အပြင် လက်လီစျေးကွက်ကပါ ကျသွားတာ။ ဒီနှစ်မှာ ထိုင်နေရတဲ့သူတွေ အများကြီးပဲ။ တချို့လည်း ပွဲရုံပါ ပိတ်လိုက်ရတယ်။ သိသလောက် ပွဲရုံ ၁၀ ခု မကဘူး" ဟု ပိတောက်လမ်းရှိ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက 7Day News သို့ ပြောသည်။

ဘုရင့်နောင် ဆန်စျေးကွက်မှာ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်၌ နယ်သို့ အဓိကဆန်ထွက်ပေါက်ဖြစ်သည့် အင်းတိုင်ဂိတ်ကို ပိတ်လိုက်သည့်အချိန်မှ စတင်၍ နယ်ဝယ်လက်များ ကျဆင်းခဲ့ရာ အစိုးရသစ်လက်ထက်၌ အင်းတိုင်ဂိတ်ပြန်ဖွင့်လိုက်ပြီး တိုင်းဒေသကြီးအချင်းချင်း ဆန်တိုက်ရိုက်ရောင်းဝယ်ခွင့်ပေးလိုက်ပြီးနောက်ပိုင်း နယ်ဝယ်လက်များပို၍ ကျဆင်းသွားကြောင်း ဘုရင့်နောင်မှ ဆန်ပွဲရုံအချို့ထံမှသိရသည်။

"အရင်ကတော့ ဘုရင့်နောင်စျေးကွက်က ရန်ကုန်သာမက နယ်တွေကပါ အဓိကဆန်ရောင်းဝယ်တဲ့ စျေးကွက်အဖြစ်ရှိပေမယ့် အခုလို တစ်နယ်နဲ့တစ်နယ် ဆန်မှာလို့ရသွားပြီ။ ပုသိမ်ကနေ အညာကို တိုက်ရိုက်သွားလို့ရသလို၊ မြောင်းမြက ပခုက္ကူစသဖြင့် သွားနေတော့ ဝယ်လက်က ရန်ကုန်ကို မဆင်းတော့ဘူး" ဟု ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုနှစ် ဆန်စျေးမှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ပြင်ပ ဆန်စျေးနှုန်းထက်စာလျှင် ကျဆင်းနေပြီး ပြီးခဲ့သည့်နှစ် မေလက ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၁၃,၀၀၀ ကျပ်မှ ယခုနှစ် တွင် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ၁၁,၅၀၀ ကျပ်ခန့်သာရှိတော့သည်။

"ဆန်လက်လီစျေးကွက်ကလည်း ကျတာကြပြီ။ ရန်ကုန်တိုင်းဒေသကြီးထဲမှာရှိတဲ့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာအစရှိတဲ့ မြို့နယ်တွေကလည်း ခုဆို ကုန်စည်ဒိုင်မှာ ဝယ်တာများတယ်။ အဲဒီမှာ အကြွေးဝယ်လို့ရတယ်။ ဆန်စျေးကလည်း သင့်တယ်ဆိုတော့ အဲဒီမြို့နယ်တွေကပါ ပွဲရုံတွေမှာ မဝယ်တော့ဘူး။ ကုန်စည်ဒိုင်မှာ ပဲဝယ်ကြတယ်"ဟု ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက 7Day News သို့ပြောသည်။

ဘုရင့်နောင်ရှိ ဆန်ပွဲရုံတစ်ရုံ၏ ငှားရမ်းခစရိတ်မှာ တစ်လလျှင်ကျပ် ၁၃ သိန်းခန့်ရှိပြီးပွဲရုံတစ်ခြမ်းငှားရမ်းပါက တစ်လလျှင် အငှားစရိတ် ခြောက်သိန်းဝန်းကျင်၊ ဝန်ထမ်းစရိတ် ကျပ်တစ်သိန်း၊ ဆိုင်းဘုတ်တင်ခအတွက် အခွန်ကြေး၊ ဖုန်းကြေးအပါအဝင် တစ်လလုံးပျမ်းမျှ စရိတ်မှာ ကျပ်သိန်းသုံးဆယ်ခန့် ကုန်ကျမည်ဖြစ်သောကြောင့် အချို့ပွဲရုံများ ပိတ်လိုက်ရကြောင်း သတင်းရရှိသည်။




# ပြည်တွင်းပဲဆီ စျေးတက်


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်သိမ်း၊ အောင်သူရ၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၁၇

နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ မြေပဲဆန်တင်ပို့မှုများနေခြင်းကြောင့် ပြည်တွင်းစျေးကွက်တွင် ပဲဆီစျေးနှုန်း မြင့်တက်လာကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

တရုတ်နိုင်ငံက စားသုံးဆီရောနှောမှုများကို စနစ်တကျစစ်ဆေးနေခြင်းကြောင့် ပဲဆီကိုသာ အသုံးပြုကြရမည်ဖြစ်သဖြင့် နယ်စပ်မှ မြေပဲဆန်ဝယ်ယူမှုမြင့်တက်လာရခြင်းဖြစ်ကြောင်း မူဆယ်နယ်စပ် ကုန်သည်တစ်ဦးကရှင်းပြသည်။

"ပြည်တွင်းမှာ ဆီစျေးက တစ်ပိဿာကို ၅၀၀ ကျပ်လောက်တက်လာတယ်။ တရုတ်က မြေပဲကို လုံးဆန်အပြင် ဆီကြိတ်ဆန်တွေကိုလှိမ့်ဝယ်နေလို့ပါ" ဟုရောဝတီမြေပဲဆီပိုင်ရှင် ဦးခင်စိုးကဆိုသည်။

ပြည်တွင်းစျေးကွက်၌ ပဲဆီသည် ဧပြီလက တစ်ပိဿာလျှင် ၃,၈၀၀ ကျပ်ဝန်းကျင်ရှိရာမှ ယခုလလယ်ပိုင်းတွင် တစ်ပိဿာ ၄,၃၀၀ ကျပ်ထိ စျေးတက်လာသည်။ နှစ်စဉ် မေလသည် စားသုံးကုန်ပစ္စည်း ရောင်းချသူများအတွက် အရောင်းအဝယ်အေးပြီး စျေးနှုန်း မမြင့်တက်နိုင်သည့်လဖြစ်သည်။

ယခုနှစ် နွေရာသီတွင် ပဲဆီစျေးကွက်မှာလည်း ရောင်းအားသိသာစွာကျဆင်းနေကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

"ပဲဆီရောင်းအားတွေက နှစ်တိုင်းနဲ့စာရင် ထက်ဝက်လောက်ကို ရောင်းအားကျသွားတယ်။ ဒီနှစ်က ဆီစက်ပိုင်ရှင်တွေတော်တော်များများ ဒဏ်မခံနိုင်လို့ နားလိုက်ရတဲ့သူတွေများတယ်။ စျေးတွေက နှစ်တိုင်း စျေးလောက်ပဲရှိပေမယ့် ဝယ်လိုအားက သိသိသာသာကိုကျသွားတာ"ဟု ရန်ကုန်အခြေစိုက် ဆီစက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဆီစျေးကွက် ရောင်းအားကျနေခြင်းမှာ ယခုနှစ်တွင် ပြည်တွင်းဆီစျေးကွက်တွင်းသို့ စားအုန်းဆီများကို လွတ်လပ်စွာတင်သွင်းခွင့်ပြုချိန်မှစကာ ပဲဆီရောင်းအားများ တဖြည်းဖြည်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့သို့မြေပဲဆန်ကားများဝင်ရောက်မှုသည် ယခုရက်ပိုင်းတွင် တစ်ရက်လျှင်ကားအစီးရေ၃၀၊၄၀ ကြားရှိသည်။ တရုတ်နိုင်ငံမှမြန်မာမြေပဲကိုတစ်တန်လျှင်ယွမ် ၁,၄၀၀ ထိပေးဝယ်သည်။ လက်ရှိတရုတ်-မြန်မာ ငွေလဲနှုန်းဖြင့် ကျပ်ငွေ ၁,၀၀၀ ကို ၆ ဒသမ ၃၈ ယွမ်ဖြင့်တွက်ပါက တစ်တန်လျှင် ကျပ် ၁၆ သိန်းကျော်စျေးရှိသည်။ ပြည်တွင်း၌မြေပဲဆန်စျေးမှတစ်ပိဿာလျှင် ၁,၈၀၀ ကျပ်ကျော်စျေးရှိသည်။

# 7DAY BOOK REVIEW




## စလင်းကန်လယ် ဆရာတော်ကြီး ဦးစန္ဒိမ(စလင်း)

စလင်းမြို့သည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း တည်ရှိသည့်မြို့ကလေးဖြစ်သည်။ စေတီပုထိုးများနှင့် သစ်ပင်ကြီးများပေါများရာ မြို့ကလေးလည်းဖြစ်သည်။ ထိုမြို့မှ တစ်ချိန်က ထင်ရှားခဲ့သည့် စလင်းကန်လယ်ဆရာတော်ကြီး၏အကြောင်း (အတ္ထုပ္ပတ္တိ) ကိုလက်လှမ်းမီသမျှ စုစည်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စလင်းကန်လယ်ဆရာတော်ကြီးသည်ငယ်စဉ်ကပင်ထူးခြားသည့်ကလေးငယ်တစ်ဦးဖြစ်ပြီး သာသနာ့ဘောင်ဝင်သည့်အခါတွင်လည်း လူသူလေးပါးကင်းဝေးရာ အရပ်ဒေသများ၌ တရားဓမ္မအားထုတ်ပြီး၍ ဓမ္မအလင်းရောင်ရှာတွေ့သောအခါမှစလင်းမြို့ဝက်သည်းကန်အလယ်ကျောင်း၌သီတင်းသုံးနေထိုင်သွားပုံကိုစာရေးသူဦးစန္ဒိမ(စလင်း)၏ ရိုးရှင်းပြေပြစ်သော စကားပြေအရ သိရှိနိုင်သည်။

စာအုပ်တွင် တရားဓမ္မရှာဖွေရာ၌ တောထွက်ရာတွင် ကြုံတွေ့ရသည်များ၊ သုသာန်များတွင် မူတင်ဆောက်တည်မှုများ၊ နာနာဘာဝများနှင့် ကြုံတွေ့ရခြင်း၊တရားဟောကြားခြင်း စသဖြင့် စိတ်ဝင်စားဖွယ်အကြောင်းအရာများသာမက ဆရာတော်ကြီးများဖြစ်ကြသည့် တောင်ပုလုဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်ရှင်ဇနကာဘိဝံသ၊ မိုးညှင်းဆရာတော်ကြီးနှင့် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရတို့နှင့် ဆုံတွေ့ခဲ့ပုံကို ခြယ်မှုန်းရေးသားထားသည်။ ထို့ပြင် ကန်လယ်ဆရာတော်ကြီး ရေးသားခဲ့သည့် ကျမ်းဂန်များ၊ ဟောကြားခဲ့သည့်တရားတော်များကိုပါ ကောက်နုတ်ဖော်ပြထားသည်။

လင်းလွန်းခင်စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ (နေခြည်)

MRTV-4 တွင်ထုတ်လွှင့်ခဲ့သည့်'ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ'အစီအစဉ်ကို စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ယခုစာအုပ်တွင် တွေ့ဆုံမေးမြန်းသူ နေခြည်က မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီး၌ အောင်မြင်ထင်ရှားသူ ၁၆ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး ၎င်းတို့၏ ဘဝဖြတ်သန်းမှု အတွေ့အကြုံ၊ ခံယူချက်နှင့် ယုံကြည်ချက်၊ အောင်မြင်ရေး အသိအမြင်များကို တစ်ဦးချင်းစီ နှိုင်းယှဉ်ဖတ်ရှုနိုင်ပါသည်။ အဆိုပါ ၁၆ ဦးမှာ တော်ဝင်ကုမ္ပဏီဥက္ကဋ္ဌဦးကိုကိုထွေး၊ အသည်းအထူးကုဆရာဝန်ကြီးပါ မောက္ခဦးခင်မောင်ဝင်း၊ Zifam Co.,Ltd မှ ဒေါ်သင်းသင်းဆက်၊ အောင်သမာဓိစိန်ရွှေလုပ်ငန်းမှ ဦးအောင်၊ Myanmar Book Centre မှဒေါက်တာသန့်သော်ကောင်း၊ သိန်းမြန်မာလိုက်ကာနှင့် ခန်းဆီးချုပ်လုပ်ငန်းရှင် ဦးသိန်းရွှေ၊ နီဘန် အီလက်ထရွန်နစ်မှ ဒေါက်တာအောင်သိန်း၊ ပန်းချီဝင်းဖေမြင့်၊ ရတနာပုံဘောလုံးအသင်းမှကိုခင်မောင်ထွန်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)မှ ဦးကျော်သူ၊ ဒေါ်တင်မိုးလွင်၊ Myanmar International School မှ Mr.Riaan O'Brien၊ Fancy House မှ ဒေါ် ကျင်ပို့၊ Sedona Hotel မှ အထွေထွေမန်နေဂျာ Saman Sarath Chandra၊ Nexus Language Learning Centre မှ ဒေါ်ရှယ်လီနန်းဟွမ်လိတ်နှင့် MHR တည်ထောင်သူ ဦးအေးကျော်တို့ဖြစ်ကြသည်။ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များဖြစ်၍ မတူညီသော ခံယူချက်တို့ကိုလည်း ကွဲပြားစွာဖတ်ရှုရပါမည်။

Daily Good Media က တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကင်မရာတွေပျောက်သွားရင် ပြန်ရှာကြည့်လို့ရသတဲ့

ဗြိတိသျှလူမျိုး ဆော့ဖ်ဝဲအင်ဂျင်နီယာ မတ်ဘန်းစ်ဆိုသူက သူ၏ကိုယ်ပိုင်ကင်မရာများ ခိုးယူခံခဲ့ရပြီးနောက်ဓာတ်ပုံကိုအခြေခံကာ ကင်မရာပြန်ရှာနိုင်မည့် ဆော့ဖ်ဝဲတစ်ခုကို တီထွင်ခဲ့ခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်ဓာတ်ပုံအများစုတွင် ရိုက်ကူးသည့်ကင်မရာ၏ အမှတ်စဉ်(Serial Number) များအပြင် ကင်မရာနှင့်ပတ်သက်သော အချက်အလက်များ ပါရှိသဖြင့် ယင်းကို အခြေခံကာ ကင်မရာအပျောက်ရှာပုံတော်ဖွင့်ခြင်းဖြစ်သည်။

ဘန်းစ်၏ www.stolencamerafinder.com ဝက်ဘ်ဆိုက်သည် အွန်လိုင်းမှဓာတ်ပုံများကို စကန်ဖတ်ပြီးပျောက်ဆုံးသွားသည့် ကင်မရာအမှတ်စဉ်နှင့်တိုက်ပြီး ရှာဖွေသည့်ပုံစံမျိုးလုပ်ဆောင်ပေးသည်။ နာမည်ကြီးကင်မရာအမှတ်တံဆိပ်အများစုအတွက် ရှာဖွေနိုင်သော်လည်း Sony အမှတ်တံဆိပ်ဆိုပါက အဆင်မပြေနိုင်ဟုဆိုသည်။ ဓာတ်ပုံများအွန်လိုင်းတင်လေ့ရှိသည့် Flickr တွင် ရှာဖွေနိုင်သော်လည်း Facebook တွင်မူ မပြုလုပ်နိုင်ဟူသည့် ကန့်သတ်ချက်များရှိသည်ဟုဆိုသည်။ ကမ္ဘာပေါ်ရှိ လူထောင်ပေါင်းများစွာက သြချလောက်သည့်ရလဒ်ကြောင့် ဘန်းစ်၏ဝက်ဘ်ဆိုက်ကို သုံးစွဲခဲ့ကြပြီး ယင်းဝက်ဘ်ဆိုက်မှတစ်ဆင့်ပိုင်ရှင်တစ်ဦး လွန်ခဲ့သည့် ၃ နှစ်က ပျောက်ဆုံးခဲ့သော အဖိုးတန်ကင်မရာကိုရှာဖွေနိုင်ခဲ့သည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

မေ ၂၃ ရက် မှ ၂၉ ရက် အထိ

စံဇာဏီဘို

## ARIES မိဿရာသီဖွား (မတ်၂၁–ဧပြီ၂၀)

အလွန်ကောင်းသောကာလဖြစ်သည်။ လုပ်သမျှအဆင်ပြေမည်။ ရည်စူးထားသည်များ ပြည့်ပြည့်ဝဝအောင်မြင်မည်။ စိတ်ချမ်းမြေ့စရာများ ပျော်ရွှင်စရာများ တစ်ခုပြီးတစ်ခုဖြစ်မည်။ ငွေကြေးကိစ္စအောင်မြင်မည်။ သူတစ်ပါးနှင့်မတူသော အတွေးအခေါ်များ ဆောင်ရွက်နိုင်စွမ်းများ ပေါ်ထွန်းနေသည်။ သာမန်ထက် မြင့်မားသော အောင်မြင်မှု၊ တိုးတက်မှုများရရှိမည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ မိသားစုနှင့် ပတ်သက်သော သတင်းစကားကောင်းများ ကြားမည်။ ရုတ်တရက် ဆောင်ရွက်လိုက်သော ကိစ္စများမှ ထူးခြားသော အကျိုးဆက်ရရှိမည်။ ငွေကြေးနှင့် ပတ်သက်၍ ပြောဆိုအောင်မြင်နိုင်သော အနေအထားရှိသည်။ မိသားစုနှင့် ပတ်သက်သော သတင်းကောင်းများ လက်ခံရရှိမည်။ လည်ချောင်း၊ အဆုတ် ဒုက္ခပေးတတ်သည်။

## GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရပ်ဝေးသူများထံမှ သတင်းကောင်းများ၊ ပစ္စည်းများ လက်ခံရမည်။ လက်ဆောင်ပစ္စည်းများ ရရှိမည်။ လွန်ခဲ့သော အတိတ်က မိမိအား ကောင်းစွာဒုက္ခပေးခဲ့သူတစ်ဦး မိမိထံ ပြန်လည်လာရောက် ပူးပေါင်းမည်။ လုံးဝလက်ခံရန် မသင့်။ မိမိအပေါ် မနာလိုသူများမည်။ ယှဉ်ပြိုင်လာသူများအပေါ် အနိုင်ရမည်။ လူမျိုးကွဲ အကျိုးပေးမည်။ ဆွေမျိုး ဒုက္ခပေးမည်။

## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်ကူးထားသည့် ကိစ္စများကို ဤကာလတွင် မဖြစ်ဖြစ်အောင် ဆောင်ရွက်ပါ။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ မပျက်ယွင်းပါစေနှင့်။ တာဝန်မဲ့သူတစ်ဦး၏ ကိစ္စကြားဝင်ဆောင်ရွက်ရမည်။ အထင်အမြင် မှားနေသူအား ဖြေရှင်းမနေပါနှင့်။ အလိုအလျောက် အမှန်အတိုင်းဖြစ်မည်။ အတိတ်ကာလမှ ရပ်တန့်ထားသည့် ကိစ္စဟောင်းများ အသစ်သဖွယ် ပြန်လည်ဖြေရှင်းရမည်။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မည်။ လိုလားချက်များ အောင်မြင်မည်။ စေတနာ အကျိုးခံစားရမည်။ ဘဝရပ်တည်မှုနှင့် ရည်မှန်းချက်များ ရှေ့တိုးဆောင်ရွက် အကျိုးရှိမည်။ မကြာခဏ ရန်ဖြစ်ရတတ်သည်။ ဆန့်ကျင်ဘက် ပြုသူများနှင့် တွေ့တတ်သည်။ လူမျိုးကွဲ၊ လူမျိုးခြား၊ ကပြားများ ကောင်းကျိုးပေးသော ကံပွင့်သည်။ နာမည်ကောင်းနှင့် အောင်မြင်ခြင်းကို ရရှိမည်။

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မိသားစုတွင် လက်လွှန်ထားသော ငွေကြေးများ ပြန်ရမည်။ မိသားစုနှင့် မိမိအကြား မကြာခဏ စကားများရမည်။ နေရာထိုင်ခင်းကိစ္စ စကားပြောဆိုခြင်းများ အောင်မြင်မည်။ အမျိုးသားအကြီးအကဲ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်း ရရှိမည်။ မေတ္တာရေးကံ (၂)မျိုးစလုံး ကောင်းသည်။ စုစည်းလုပ်သော လုပ်ငန်းများ အကျိုးပေးသည်။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အပြောင်းအလဲများ ရှိမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အပြိုင်အတိုက်အခံကြားမှ တိုးတက်မည်။ ကာလအတန်ကြာ နှောင့်နှေးသော ကိစ္စများ အဆင်ပြေ ပြီးမြောက်သွားမည်။ လုပ်ငန်းခွင်မှ သူများ အလုပ်အဆင့် တိုးတက်မည်။ ဝင်ငွေတိုးမည်။ လုပ်ငန်းရှာနေသူများ အလုပ်ရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေသူများအတွက် အထူးတိုးတက်မည်။ မြှုပ်နှံမှုမှ အကျိုးရရှိမည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မိသားစုတွင် စီးပွားရေးနှင့် ပတ်သက်သောကံ အထူးကောင်းသည်။ မိမိရည်ရွယ်ထားသည်များ စနစ်တကျ အကောင်အထည်ဖော်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ လုပ်ငန်းတိုးချဲ့ အဆင်ပြေမည်။ လမ်းသစ်ထွင်ပြီး လုပ်လျှင် ထူးခြားသော အကျိုးကောင်းရမည်။ မြောက်အရပ်(သို့မဟုတ်) အရှေ့မြောက်အရပ်သို့ ခရီးသွားခြင်းရှောင်ပါ။ ငွေမချေးပါနှင့်။ ခါးအဆစ် ကိုက်ခဲတတ်သည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အိမ်တွင်းရေး၊ လူမှုရေး အညံ့ရှိသည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ရန်၊ အခက်အခဲနှင့် ယှဉ်ပြီးလုပ်ရမည်။ ငွေကြေးကိစ္စတွင် ကြားဝင်တာဝန်ယူခြင်း အာမခံခြင်း မပြုရ။ မိသားစုကိစ္စများတွင် အငြင်းအခုံ ပြုခြင်း တတ်အားသမျှ ရှောင်ပါ။ ရင်းနှီးမြှုပ်နှံမှုများ မှားယွင်းတတ်သည်။ ပျိုရွယ်သောသူများ အချစ်မှား၊ သံယောဇဉ် မှားတတ်သည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အပြောင်းအလဲနှင့် တိုးတက်မှုများ ဖန်တီးနိုင်သည်။ အလုပ်ပို၊ ကိစ္စပိုများ လုပ်ကိုင်၍ အကျိုးရှိမည်။ ကိုယ့်ကိစ္စထက် သူတစ်ပါး ကိစ္စအတွက် အဓိကထား၍ နေ့မအား၊ ညမအား ပင်ပန်းနေမည်။ စီစဉ်မထားဘဲ လုပ်သောအလုပ်မှ အကျိုးကောင်းရမည်။ သူတစ်ပါးနှင့် ယှဉ်ပြီးလုပ်ရသော ကိစ္စများတွင် မိမိမှ နှာတစ်ဖျားသာမည်။ မိသားစုတွင်း၌ မိမိမေတ္တာရေးကို အခြေတည်၍ စိတ်ချမ်းမြေ့ရမည်။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အရင်းအနှီးများသော လုပ်ငန်းများ စွန့်စွန့်စားစား ရှေ့တိုးလုပ်၍ အောင်မြင်မည်။ စုပေါင်းလုပ်သော ကိစ္စများမှ အကျိုးဆက်ကောင်း ရရှိမည်။ မေတ္တာရေးတွင် ပျော်ရွှင်ချမ်းမြေ့ရမည်။ ၅၂၈၊ ၁၅၀၀ မေတ္တာကံ နှစ်မျိုးစလုံး ချောမွေ့အဆင်ပြေမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ အလှူမင်္ဂလာတစ်ခုသို့ သွားရင်း မျက်နှာပွင့်မည်။ ခရီးသွားရင်း ချစ်သူရတတ်သည်။ ပညာကံကောင်းသည်။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်အေးချမ်းမည်။ အလိုရှိရာကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ စီမံကိန်းချပြီး ဆောင်ရွက်သော လုပ်ငန်းများထက် ချက်ချင်းလုပ်သော အလုပ်များအဆင်ပြေမည်။ ရပ်ဝေးမှ ငွေကြေးလက်ခံရရှိမည်။ မိသားစုတွင် ပြန့်ကျဲနေသော ငွေကြေးများကို ပြန်လည်စုစည်းနိုင်မည်။ ယာဉ်ကား အတက်အဆင်းများတွင် လဲပြိုတတ်သည်။

ဂု ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012



## ဂျာမနီအဓိပတိနှင့် ပြင်သစ်သမ္မတသစ် တွေ့ဆုံချိန်

ကြည်နေဝင်းမင်း

ခေါင်းဆောင်နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် မတွေ့ဆုံခင်မှာပင် ၎င်းတို့နှစ်ဦးကြားက ဆက်ဆံရေး ကမောက်ကမဖြစ်နေခြင်းမှာ ဖြစ်ခဲ့လှသော အခြေအနေဖြစ်သည်။ သို့သော်လည်း ဂျာမနီအဓိပတိအန်ဂျလာမာကယ် နှင့် ပြင်သစ်သမ္မတသစ် ဖရန်ဆွာဟော်လန်ဒီတို့ မေလ ၁၆ ရက်နေ့က တွေ့ဆုံပြီး အတူတကွ အလုပ်လုပ်မည်ဟု ကတိပြုပြောကြားကြသောအခါ နိုင်ငံရေးအယူအဆကွဲပြားမှုများက ကြွေးမြီအကျပ်အတည်းတွေ့နေသော ယူရိုဇုန်ပြဿနာကို တိုက်ဖျက်ရာတွင် အားယုတ်စေနိုင်သည်ဟူသော စိုးရိမ်မှုများကို သက်သာရာရစေခဲ့သည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံခြင်း၏ ရည်ရွယ်ချက်မှာ တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်ရန်ဖြစ်ပြီး တွေ့ဆုံမှုမှ မည်သည့်ဆုံးဖြတ်ချက်မျှ မချမှတ်ခဲ့သော်လည်း သတင်းစကားမှာ ရှင်းလင်းပါသည်။ ၎င်းတို့တွင် ကွဲလွဲမှုများရှိသော်လည်း အားလုံး အဆင်ပြေပါလိမ့်မည်။ ဥရောပတိုက်၏ အကြီးဆုံးစီးပွားရေးနိုင်ငံနှစ်နိုင်ငံသည် ကြွေးမြီအကျပ်အတည်းကို ဆက်လက်ဦးဆောင်တိုက်ပွဲဝင်မည်ဟူ၍ဖြစ်သည်။

မစ္စမာကယ်လ်နှင့် မစ္စတာဟော်လန်ဒီတို့၏ ပူးပေါင်းဆောင်ရွက်ရေးကတိကဝတ်မှာ ကြားချညှိနှိုင်းထားခြင်းနှင့် အလျှင်စလိုကတိပြုလိုက်ပုံ ပေါ်သော်လည်း နိုင်ငံရေးအမြော်အမြင်ရှိကြောင်းကိုပြသနေသည်။ တစ်ဖက်တွင်လည်း ယူရိုငွေအကျပ်အတည်းက ဂျာမနီ-ပြင်သစ်ဆက်ဆံရေး ပြန်လည်တည့်မတ်ပြီးသည်အထိ ရပ်တန့်နေမည်မဟုတ်ပေ။

ဂျာမနီနှင့် ပြင်သစ်ခေါင်းဆောင်များ တွေ့ဆုံအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မစ္စတာဟော်လန်ဒီက “မျှတပြီး တစ်ဖက်နှင့်တစ်ဖက် လေးစားယုံကြည်သောဆက်ဆံရေး”တည်ဆောက်သွားလိုသည်ဟု ပြောကြားပြီး တစ်ချိန်တည်းမှာပင် မစ္စမာကယ်က ဥရောပဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံစလုံးတွင် တာဝန်ရှိကြောင်းပြောသည်။ “ဒီလိုစိတ်ဓာတ်မျိုးနဲ့ဆိုရင် မတူညီတဲ့ပြဿနာတွေအတွက် ကျွန်မတို့ အဖြေရှာတွေ့နိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု မစ္စမာကယ်ကဆိုသည်။

နှစ်ဖက်ခေါင်းဆောင်နှစ်ဦး အလျှင်အမြန် အပေးအယူမျှတသွားခြင်းမှာ ထူးခြားလှပါသည်။ ပြင်သစ်သမ္မတ မဲဆွယ်ပွဲကာလတွင်မစ္စတာဟော်လန်ဒီအားတွေ့ဆုံရန် မစ္စမာကယ်၏ ငြင်းဆန်မှုနှင့် ယခင်သမ္မတဆာကိုဇီနှင့် မစ္စမာကယ်တို့ ခက်ခက်ခဲခဲ၊ တစ်ဆင့်ချင်း တစ်ထစ်ချင်း ညှိနှိုင်းခဲ့ရသော ဘဏ္ဍာရေးကျစ်လျစ်မှုအစီအစဉ်ကို ပြန်လည်ညှိနှိုင်းမည်ဟုမစ္စတာဟော်လန်ဒီကပြောကြားခဲ့ခြင်းများ ရှိခဲ့သည့်အတွက် ထူးခြားပါသည်။

မစ္စတာဟော်လန်ဒီက ၎င်းတို့တွေ့ဆုံရန် ငြင်းဆန်ခဲ့ခြင်းအတွက် မစ္စမာကယ်အပေါ် အာဃာတထားပုံမပေါ်။ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး နာရီအနည်းငယ်အတွင်းမှာပင် ဘာလင်သို့လာရောက်သည်ဆိုသော အချက်ကလည်း မစ္စတာဟော်လန်ဒီ၏ ဂျာမနီ-ပြင်သစ်ဆက်ဆံရေးအပေါ် ယုံကြည်မှုနှင့် နိုင်ငံရေးအမြင်ကွဲလွဲမှုများက ယင်းဆက်ဆံရေးကို လမ်းလွဲမသွားစေရေး ၎င်း၏ စိတ်ပိုင်းဖြတ်ထားမှုအပေါ် သဘောထားကို ထင်လင်းစေခဲ့သည်။

“မစ္စမာကယ်က မစ္စတာဆာကိုဇီကို ထောက်ခံတယ်ဆိုတာ ကျွန်တော်နားလည်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ကွန်ဆာဗေးတစ်မိသားစုဝင်ပါတီက လာသူတွေမို့ပါ”ဟု ၎င်း၏ သမ္မတမဲဆွယ်ပွဲကာလ ဂျာမန်မီဒီယာများနှင့် တွေ့ဆုံချိန်တွင် မစ္စတာဟော်လန်ဒီကပြောကြားခဲ့ပါသည်။ “ကျွန်တော်ဟာလည်း ဂျာမနီ-ပြင်သစ်ဆက်ဆံရေးဟာ ဥရောပအတွက်လက်လွှတ်လို့မရဘူးဆိုတာကို နားလည်သူတစ်ယောက်ဖြစ်ပါတယ်”ဟု မစ္စတာဟော်လန်ဒီက ဆက်လက်ပြောခဲ့ပါသည်။

မစ္စတာဟော်လန်ဒီ၏ အနီးကပ်အကြံပေးတစ်ဦးဖြစ်သူ ဂျင်မက်ဘားရော့ကလည်း ပြင်သစ်၊ ဂျာမနီဆက်ဆံရေးမှာ ကျောက်ဆောင်၊ ကျောက်သားကဲ့သို့ ခိုင်မာပြီး ဂျာမနီအစိုးရနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရေးအတွက် ပါရီက ပြင်ဆင်နေကြောင်းဆိုပါသည်။

ထို့အပြင် စောင့်ကြည့်လေ့လာသူ အများအပြားကလည်း တစ်ခါတစ်ရံတွင် မှန်းဆရခက်သော ဆာကိုဇီနှင့်နှိုင်းယှဉ်ပါက လက်တွေ့ကျပြီး ချစ်ခင်နှစ်လိုဖွယ်ကောင်းသော မစ္စတာဟော်လန်ဒီမှာ မစ္စမာကယ်အတွက် ပိုကောင်းသောတွဲဖက်ဖြစ်သည်ဟု ဆိုသည်။ ဂျာမန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီအကြီးအကဲ ရူးပလက်ပိုလန့်ဇ်ကလည်း မစ္စတာဟော်လန်ဒီမှာမစ္စမာကယ်အတွက် ဆာကိုဇီထက် စာလျှင် အလုပ်တွဲလုပ်ရန် ပိုကောင်းမည့်သူဟု ထောက်ခံပြောကြားပါသည်။

ဂျာမနီအစိုးရဘက်ကလည်း ပို၍လိုက်လျောပြီး ရင်ကြားစေ့ရေးသဘောထားပုံစံပြသလာခဲ့သည်။ ဘဏ္ဍာရေးသဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းပြီး အလုပ်အကိုင်နှင့် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ စတင်လုပ်ဆောင်ရေး မစ္စတာဟော်လန်ဒီ၏ တိုက်တွန်းမှုကို မစ္စမာကယ်က ဆန့်ကျင်နေသော်လည်း မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအောင်လုပ်မည်ဆိုခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြရန် ဂျာမနီက အဆိုပြုတင်ပြသည်။ “ဖွံ့ဖြိုးတိုးတက်မှုဆိုတာကို လူတွေ နားလည်သဘောပေါက်အောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လိုရအောင် လုပ်မယ်ဆိုတာကို ဆွေးနွေးမယ်ဆိုတာ ကျွန်မဝမ်းသာပါတယ်”ဟု မစ္စမာကယ်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားပါသည်။ ဇွန်လတွင် ကျင်းပမည့် (ဥရောပ)ထိပ်သီးဆွေးနွေးပွဲ၌ ဂျာမနီနှင့်ပြင်သစ်နှစ်နိုင်ငံပူးပေါင်း၍ စိတ်ကူးအကြံဉာဏ်များ တင်ပြရန်မှာလည်း အလွန်အရေးကြီးကြောင်း မစ္စမာကယ်ကဆက်လက်ပြောပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မကြာမီမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသဘောတူညီချက်တစ်ရပ်ကို စတင်ဖော်ထုတ်မည်ဖြစ်ပြီး သို့မှသာ မစ္စတာဟော်လန်ဒီကလည်း ၎င်းအားမဲပေးခဲ့သူများအား ကျေနပ်လောက်သောအဖြေတစ်ရပ်ထုတ်ပေးနိုင်ပြီး မစ္စမာကယ်သည်လည်း သူကိုယ်တိုင်ဖော်ဆောင်ခဲ့သည့်ဘဏ္ဍာရေးသဘောတူညီချက်ကို ဆက်လက် တည်တံ့စေနိုင်မည်ဟူ၍ ဂျာမနီမီဒီယာများက ဟောကိန်းထုတ်နေပါသည်။

ထို့အပြင် မစ္စမာကယ်သည် မစ္စတာဟော်လန်ဒီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားပေးရေးစိတ်ကူးများဖြစ်သော ဥရောပတစ်ဝန်း အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေးအတွက် ဘဏ္ဍာငွေရရှိရန် အီးယူအစိုးရဘွန်းများ စတင်မိတ်ဆက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်အတွက် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က ပိုမိုငွေချေးပေးရေးတို့ကို အခြေခံအားဖြင့် မဆန့်ကျင်ကြောင်း ဂျာမနီမီဒီယာများက ရေးသားဖော်ပြကြပါသည်။

မစ္စမာကယ်သည် ခြိုးခြံချွေတာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နှစ်ခုမျှခြေညီသော အနေအထားအတွက် စိတ်အားထက်သန်ချင် ထက်သန်ပါလိမ့်မည်။ သို့သော် သဘောတူညီထားပြီးဖြစ်သော ဘဏ္ဍာရေးကျစ်လျစ်မှုအစီအစဉ်ကိုမူ မစ္စမာကယ်က အထိခံလိမ့်မည်မဟုတ်ပေ။ မစ္စတာဟော်လန်ဒီနှင့် တွေ့ဆုံချိန်တွင် အခိုင်အမာပြောကြားခဲ့သလိုပင် ကြွေးမြီအသစ်များဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်မည့်အရေး ဆွေးနွေးမှုများကို သူမက လက်ခံလိမ့်မည် မဟုတ်ပေ။ ထပ်မံ၍ ကြွေးမြီတင်ရှိပါက ယူရိုဇုန်၏အကျပ်အတည်းကို ပိုမိုဆိုးရွားစေလိမ့်မည်ဟု မစ္စမာကယ်က ယုံကြည်ထားသည်။

သို့သော် ၎င်းသတင်းစာရှင်းလင်းပွဲမှာပင် ရရှိထားသော ယူရိုဇုန်သဘောတူညီချက်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုင်းအတာတစ်ရပ် ဖော်ဆောင်ရေးအကြောင်း မစ္စတာဟော်လန်ဒီက ပြောဆိုပါသည်။ “ရွေးကောက်ပွဲမဲဆွယ်တုန်းကလည်း ကျွန်တော်ပြောခဲ့ပါတယ်။ သမ္မတအနေနဲ့လည်း အခု ကျွန်တော်ထပ်ပြောပါမယ်။ သဘောတူညီထားတာကို ပြန်လည်ညှိနှိုင်းဆွေးနွေးပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတိုင်းအတာတစ်ရပ် ထည့်သွင်းရပါမယ်”ဟု မစ္စတာဟော်လန်ဒီက ဆိုပါသည်။

မည်သို့ပင်ဆိုစေ မစ္စမာကယ်နှင့် မစ္စတာဟော်လန်ဒီတို့ နှစ်ဦးနှစ်ဖက် အလုပ်ဖြစ်နိုင်သော ဆက်ဆံရေးတစ်ရပ် ထူထောင်နိုင်ရေး ရှေ့ထွက်လာပြီး ယူရိုဇုန် အကျပ်အတည်းအား ဖြေရှင်းရေးအတွက် ပြင်သစ်-ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်လုပ်ဆောင်ကာ သဘောထားကွဲလွဲမှုများရှိသော်ငြား မိမိတို့၏ ရပ်တည်ချက်များကိုပွင့်ပွင့်လင်းလင်း ပြောကြဆိုကြသည်မှာ ဥရောပတိုက်၏ အကျပ်အတည်းဖြေရှင်းနိုင်ရေး လမ်းစဖြစ်နိုင်ပါသည်။

*—Ref: Xinhua*

**ဆရာမဒေါ်သဉ္ဇာဖြိုးဝေဦးစီးသော**
**အောင်ထက်အောင်**
**ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း**

-ဆေးရုံ၊ ဆေးဆိုင်များတွင် ကျွမ်းကျင်စွာ လက်တွေ့လုပ်ကိုင်ခဲ့သော ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်များ၊ဆရာဝန်ကြီးများ ဦးစီးသင်ကြား ပေးသည်။ ဆေးရုံဆေးဆိုင်များတွင် လက်တွေ့သင်တန်းဆင်းပေးသည်။
- ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်း(Certificate) အောင်လက်မှတ် ထုတ်ပေးသည်။
- အလုပ်အကိုင်ရရှိရန် အခမဲ့ကူညီပေးသည်။ ဘော်ဒါဆောင်ရှိသည်။

**အပတ်စဉ်တန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။**

တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ လှည်းတန်းလမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၃၇၅၂၊ ၀၉ ၄၃၀၇၈၁၂၆၊ ၀၉-၅၁၉၆၁၁၆





ဘယ်လိုပဲရှင်းရှင်း ဗောက်တွေဒီလိုပဲပြန်ဖြစ်နေမှာလား?
သင်သုံးနေတဲ့ ခေါင်းလျှော်ရည် ကကော ဗောက်တွေကိုမရှင်းပေးနိုင်ဘူးလား?
NEW
CLEAR
ဗောက်လုံးဝရှင်းသည်
CLEAR
ANTI-DANDRUFF SHAMPOO
ICE COOL MENTHOL
CLEAR
MEN
ANTI-DANDRUFF SHAMPOO
COOL SPORT MENTHOL
FACEBOOK.COM/CLEARMM

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.11 · MAY 24 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 50,964 |
| Intel P4 Core i3 3.1 GHz (1155,2100) | 93,708 |
| Intel P4 Core i5 3.1 GHz (1155,2400) | 146,316 |
| Intel P4 Core i7 3.1 GHz (115,2600) | 235,914 |
| **Motherboard** | |
| MSI G41M-P28 (775) | 50,142 |
| MSI H67MA-E35(1155) | 83,022 |
| MSI H61M-E23 (1155) | 64,116 |
| MSI Z68A-G45(1155) | 127,410 |
| ASUS P5G41T-MLX (775) | 50,142 |
| ASUS P8H61MLX Plus (1155) | 54,252 |
| ASUS P8H61 Pro (1155) | 78,090 |
| ASUS P8H61 USB3 (1155) | 73,980 |
| Gigabyte G41MT-S2 (775) | 50,964 |
| Gigabyte H61M-S2(B3)(1155) | 64,116 |
| Gigabyte H67M-D2(B3)(1155) | 98,640 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston | 12,330 |
| 4 GB DDR3 (1333) Kingston | 19,728 |
| **Harddisk** | |
| 500 GB Western Digital SATA | 70,692 |
| 1TB Seagate SATA | 95,352 |
| 2TB Seagate SATA | 120,834 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 63,294 |
| ASUS ENGTX520 1GB PCI Express Card | 43,566 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 50,142 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 149,604 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 34,524 |
| ASUS EAH 5450 512MB PCI Express Card | 30,414 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI Redeon HDR545 SC 1GB PCI Express Card | 57,540 |
| Gigabyte ATI Redeon HDR 6450 1 GB D3 PCI Express Card | 69,870 |
| **Memory Stick** | |
| TOSHIBR 4GB | 6,000 |
| Silicon Power 4GB (322) | 4,932 |
| Silicon Power 4GB (836) | 4,932 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 35,346 |
| Numeric(1000VA) UPS | 65,760 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 20,550 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,194 |
| **အိတ်ဆောင်ဟာ့ဒစ်** | 160,000 |

Technoland ဆိုင်မှ မေလ(၁၉) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 250,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 265,000 |
| Toshiba (TV) | LZE 21-28 | 100,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 23,000 |
| LG | DV276 | 21,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 248,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |
| Toshiba | 120 R | 140,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေလ (၂၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၄၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ ညှေါန(၀. ၃ဘ) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား ၄ ညှေါန(၀. ၃၁၂ဘ) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား ၄ ညှေါန(၀. ၃၆ဘ) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား ၄ ညှေါန(၀. ၃၄၆ဘ) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ ညှေါန(၀. ၄ဘ) | ၁ ပေ | ၁,၁၃၀ |
| ထာသျခသ ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| ထာသျခသ ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| ထာသျခသ ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၃,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၁,၉၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေလ (၁၉)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧည့်ယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၆၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀- ၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၆၀၀-၄,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀- ၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀- ၂,၉၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |

မေလ (၁၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူဇူကီးဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၀၊၂၀၊၃၀ | ၁၃၅-၁၄၀ |
| ပါဂျဲရို | ၉၅၊၉၆ | ၇၀/၉၀ | ၃၀၀ ဝန်းကျင် |
| ပါဂျဲရို | ၉၇၊၉၈၊၉၉ | ၇၀/၉၀ | ၃၆၀ |
| ဟိုင်းလပ်ဆပ်(ဝက်ဂွန်) | ၉၆ | ၇၀/၉၀/၁ဃ | ၃၀၀ ဝန်းကျင် |
| ဟိုင်းလပ်ဆပ် (Grade အစုံ) | ၉၇၊၉၈၊၉၉ | ၇၀/၉၀/၁ဃ | ၃၅၀-၄၀၀ |
| တိုယိုတာဖင်ကောက်(ဒီဇယ်) | ၂၀၀၀ | ၇၀/၉၀ | ၂၇၀ |
| တိုယိုတာ(လီမိတက်) | ၈၈-၉၈ | ၂ဃ/၈ဃ | ၂၈၀ |
| မတ်တူး(၂. ၀ Grade) | ၂၀၀၂ | ၉၀ | ၂၂၀ |
| မတ်တူး (၂. ၅ Grade) | ၂၀၀၂ | ၉၀ | ၂၄၅ |

မေလ (၁၉)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ် ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ


| | May(13) | May(14) | May(15) | May (16) | May (17) | May (18) | May (19) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု၏ စီးပွားရေးမျှခြေ ပျက်ယွင်းခြင်း

မောင်ဇရာဝတီ

စာရေးသူအနေဖြင့် ယခင်အပတ်က ဖော်ပြခဲ့သည့် ဆောင်းပါးတွင် ကျေးလက်ဒေသအခြေခံစိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများ ၁၉၆၂ ခုနှစ်မှ စတင်၍ နှစ်ပေါင်း ၅၀ ကျော်အတွင်း တိုးတက်ဖြစ်ထွန်းလာသည့် အခြေအနေအရပ်ရပ်ကိုဖြစ်စဉ်မှန်များအတိုင်း ရေးသားတင်ပြခဲ့ပါသည်။ နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ကြရာတွင် အရေးကြီးဆုံးကဏ္ဍနှစ်ရပ်မှာ နိုင်ငံရေးနှင့် စီးပွားရေးပင်ဖြစ်ပါလိမ့်မည်။ ကဏ္ဍနှစ်ရပ်စလုံး အပြန်အလှန် ဆက်စပ်နေကြပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် စီးပွားရေးအထောက်အကူ အထူးလိုအပ်သကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲရန်အတွက် နိုင်ငံရေးစနစ်၏ အထောက်အကူ လိုအပ်ပါသည်။



စာရေးသူတို့နိုင်ငံကို ပြုပြင်ပြောင်းလဲရာတွင် ၂၀၁၁ ခုနှစ် တစ်နှစ်တာကာလနှင့် ၂၀၁၂ခုနှစ် နှစ်ဆန်းပိုင်းကာလ၏ နိုင်ငံရေးကဏ္ဍ ပြုပြင်ပြောင်းလဲ အားထုတ်မှုများကိုပြည်သူများကိုယ်တိုင် သိမြင်ခံစားခဲ့ကြရပြီး ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှု အလွန်နှေးကွေးလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ နှေးကွေးရုံသာမကဘဲ အဓိက စီးပွားရေး ကဏ္ဍများမှ မူလရှိရင်းစွဲ အနေအထားပင် နိမ့်ကျကျုံ့ဝင်လျက် ရှိကြောင်း တွေ့မြင်ရပါသည်။

၂၀၁၀ ခုနှစ် နှစ်ကုန်ကာလခန့်မှစ၍ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ၂၀၁၁ ခုနှစ် နှစ်လယ်ခန့်တွင် အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိသွားကာ (ဆန်၊ စပါး၊ ပဲနှင့် ငါး) ဈေးများ တဖြည်းဖြည်း နိမ့်ဆင်းလာခဲ့၍ ထုတ်လုပ်မှုစရိတ်များ၏ အောက်အထိ ရောက်သွားပြီး အရှုံးပေါ်ကြသည့်အခြေအနေသို့ပင်ရောက်ရှိသွားခဲ့ပါသည်။

အကျပ်အတည်း စတင်ကြုံတွေ့ချိန်သည် စိုက်ပျိုးရေးထွက်ကုန်များထွက်ရှိသည့်ရာသီမဟုတ်သဖြင့် ထိခိုက်နစ်နာမှုများသည် လယ်သမားများထံသို့ မရောက်ရှိသေးဘဲ စိုက်ပျိုးရေးထွက်ကုန်များနှင့် ရေထွက်ပစ္စည်းပြည်ပတင်ပို့သည့် လုပ်ငန်းရှင်များနှင့် ငါးမွေးမြူရေးလုပ်ငန်းများသာ ထိခိုက်နစ်နာခဲ့ရပြီး ပို့ကုန်လုပ်ငန်းအချို့ ရပ်ဆိုင်းလုနီးပါး အခြေအနေထိပင် ရောက်ရှိခဲ့ပါသည်။

ငွေဈေးကျဆင်းမှုသည်စပါးနှင့် ပဲများပေါ်သည့် ကာလအထိ ကာလရှည်ကြာလာသည့်အခါ တောင်သူလယ်သမားများကိုပါ ထိခိုက်နစ်နာလာစေခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အတွင်း ရာသီဥတုနှင့် ပိုးမွှားဖျက်ဆီးမှု အန္တရာယ်များဖြင့် ထပ်မံကြုံတွေ့ခဲ့ရသည့်အခါ သီးနှံထွက်နှုန်းများပါလျော့နည်း၍ ကျေးလက်ဒေသအနှံ့အပြား ထိခိုက်နစ်နာကြသည့် အခြေအနေများသို့ ရောက်ရှိလာခဲ့ပါသည်။

တောင်သူလယ်သမားများ၏စီးပွားရေးပျက်ယွင်းမှုကြောင့်စုဆောင်းခဲ့သည့်ရွှေထည်များအားပြန်လည် ထုခွဲရောင်းချရခြင်း၊ အပေါင်ဆိုင်များတွင် ပေါင်နှံထားသည့် ရွှေထည်ပစ္စည်းများ ပြန်လည်မရွေးနိုင်တော့ဘဲ အဆုံးခံကြရခြင်း၊ ကြွေးဆပ်ရန်အတွက် လယ်မြေတစ်စိတ်တစ်ပိုင်း ထုခွဲရောင်းချရခြင်း၊ မျိုးစပါး၊ မျိုးပဲနှင့် ဝမ်းစာစပါးပါမချန် ရောင်းချရခြင်း၊ ခိုင်းနွားများရောင်းချခြင်း၊ ကျေးလက်စီးပွားရေးအခြေခံ မြို့များတွင် အရောင်းဆိုင်မျိုးစုံ သိသာစွာ ရောင်းအားကျဆင်းခြင်း၊ အကြွေးစနစ်ဖြင့်သာ ရောင်းချခြင်း၊ အကြွေးများကောက်ခံရန် ခက်ခဲလာခြင်း စသည့် ပြဿနာများ ဖြစ်ပေါ်လာခဲ့ပါသည်။

ငါးမွေးမြူရေးလုပ်ငန်းများတွင်လည်း တင်ရှိသည့် ကြွေးမြီများအတွက် ငါးမွေးကန်အပ်နှံရခြင်း၊ ငါးမွေးကန်ရောင်းချရခြင်း၊ အစာမကျွေးနိုင်တော့ခြင်း၊ ငါးကောင်ရေ လျှော့၍ မွေးမြူကြခြင်း၊ ငါးမွေးခြင်းကို ရပ်နား၍ စပါးနှင့် ပဲမျိုးစုံ ပြောင်းလဲစိုက်ပျိုးကြခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လာခဲ့ပါသည်။

အထိနာခဲ့ကြသူများအနေဖြင့် မျှော်လင့်ချက်နှစ်ရပ် ထားရှိခဲ့ပါသည်။ ငွေဈေးပြန်လည်မြင့်တက်လာမည်လား (သို့မဟုတ်) ထုတ်လုပ်မှုစရိတ်များ အခြေအနေနှင့် လိုက်လျောညီထွေ ထိန်းညှိလာမည်လား ဆိုသည့် မျှော်လင့်ချက်နှစ်ရပ် ဖြစ်ပါသည်။ သို့ပါသော်လည်း လက်တွေ့ဘဝတွင် ငွေဈေးလည်းပြန်မတက်၊ ထုတ်လုပ်မှုစရိတ်များလည်း သိသာစွာလျော့ကျမလာဘဲ ကာလရှည် အရှုံးပေါ်ခြင်းကိုသာ ထုတ်လုပ်သူများ ဒက်ထိကြုံတွေ့နေကြရပါသည်။ စပါး၊ ဆန်၊ ပဲမျိုးစုံနှင့် ငါးနှင့်အသားများ၏ (ဈေးနှုန်းများ ကျဆင်းခြင်း၊ ထုတ်လုပ်မှုလျော့ကျခြင်း၊ လုပ်ငန်းအရှုံးပေါ်ခြင်း၊ အရင်းအနှီးများလျော့နည်းပျောက်ဆုံးခြင်း၊ တင်ရှိနေသည့် ကြွေးမြီများပြန်လည်ပေးဆပ်နိုင်ရန် ခက်ခဲခြင်း၊ ဝင်ငွေလျော့ကျမှုကြောင့် ပြည်တွင်းဝယ်လိုအားကျဆင်းခြင်း၊ ပြည်ပတင်ပို့မှုလျော့ကျခြင်းနှင့် ဆက်လက်ရပ်တည်ဆောင်ရွက်နိုင်ရန် ခက်ခဲခြင်း)စသည့်ဖြစ်ရပ်များဖြစ်ပေါ်စေခဲ့သည့်အကြောင်းကို အမျိုးမျိုးသုံးသပ်ပြောကြားခဲ့ကြသော်လည်း အဓိကအကြောင်းရင်းမှာ ငွေလဲနှုန်းပြောင်းလဲကျဆင်းခဲ့ခြင်း ပြဿနာပင်ဖြစ်ပါသည်။

နောက်ဆက်တွဲအကျိုးဆက်များအနေဖြင့် ကျေးလက်ဒေသအခြေခံ စီးပွားရေးအင်အားကိုယုတ်လျော့ချည့်နဲ့စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ လျော့ပါးလာခြင်း၊ ပြည်တွင်းစားသုံးမှု ဝယ်လိုအား ဆက်လက်လျော့နည်းကျဆင်းနေနိုင်ခြင်း၊ ထုတ်လုပ်မှုများလျော့ကျ၍ ပြည်ပတင်ပို့မှုများပါလျော့နည်းကျဆင်းလာနိုင်ခြင်း စသည့် ပြဿနာများဖြင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။

ဖြစ်စဉ်၏ အစတွင် ငွေလဲနှုန်းကျဆင်းမှုကြောင့် ထုတ်လုပ်သူရော ရောင်းဝယ်သူပါ နှစ်ဖက်စလုံး ထိခိုက်နစ်နာခဲ့ကြသော်လည်း ငွေလဲနှုန်း ပြန်လည်တည်ငြိမ်လာသည့်အခါရောင်းဝယ်ရေးလုပ်ငန်းများကို ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလဲနှုန်းမှာ ၈၀၀ ကျပ်ဝန်းကျင်နှင့် အနိမ့်ဘက်တွင်သာ တည်ငြိမ်နေမှုကြောင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ အခက်အခဲများဖြင့် ဆက်လက်၍ ရင်ဆိုင်ကြုံတွေ့ရဆဲ ဖြစ်ပါသည်။

တဖက်တွင်လည်း ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန် စီမံဆောင်ရွက်လိုသော်လည်း အချိန်ကိုက်ဖြစ်ပေါ်လာခဲ့သည့် တန်ပိုသတ်မှတ်ချက်နှင့် လမ်းအသုံးပြုခများ မြင့်တက်လာသဖြင့် ကြီးမြင့်လာသည့် သယ်ယူပို့ဆောင်ခများ၊ ရထားနှင့် သင်္ဘောခကြီးမြင့်မှုများ၊ လျှပ်စစ်ဓာတ်အားခကြီးမြင့်လာမှုများ၊ လုပ်အားခကြီးမြင့်လာမှုများ၊ အခွန်အခနှုန်းကြီးမြင့်လာခြင်းများနှင့်လုပ်ငန်းသုံးပစ္စည်းများ၏ ဈေးနှုန်းများ (ထွန်ယက်ခ၊ လယ်စိုက်ခ၊ ဓာတ်မြေဩဇာဖိုး၊ ပိုးသတ်ဆေးနှင့် အားဆေးများ၊ စားဝတ်နေရေးစရိတ်များ) သိသာစွာမလျော့ကျသည့်အတွက် ထုတ်လုပ်မှုစရိတ်များ လျှော့ချ၍မရဖြစ်ကြရပါသည်။

စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝအရထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု၏ မျှခြေအပေါ်တွင် တည်ငြိမ်စွာ ရပ်တည်ဖြစ်ပေါ်စေရေးသည် နှစ်ဦးနှစ်ဖက် ရေရှည်ရပ်တည် ဆောင်ရွက်နိုင်ရေး၏ အဓိကသော့ချက်ပင်ဖြစ်ပါသည်။ သို့ပါသော်လည်း ယခုကဲ့သို့ မျှခြေပျက်ယွင်းသွား၍ ထုတ်လုပ်ရေးလုပ်ငန်းများ ကာလရှည်အရှုံးပေါ်ကာ ရပ်တည်ဆောင်ရွက်နိုင်ရန်ပင် ခက်ခဲသည့်အခြေအနေသို့ ရောက်ရှိခဲ့ခြင်းသည် ရောင်းဝယ်မှုလုပ်ငန်းများကိုပါ တဖြည်းဖြည်းကျဆင်းထိခိုက်လာနိုင်ပြီး စိုက်ပျိုးရေးအခြေခံဖြင့် ရပ်တည်ဆောင်ရွက်ရသည့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အခြေခံ စီးပွားရေးကို အထိနာစေ၍ နောက်သို့ ပြန်လည်တွန်းပို့နေသည့် အနေအထားပင်ဖြစ်ပါသည်။

ဖော်ပြပါအခြေအနေများဖြင့် ရင်ဆိုင်ကြုံတွေ့ရသဖြင့် တိုင်းသူပြည်သားအများစု မှီခိုရပ်တည်နေရသည့် ကျေးလက်ဒေသအခြေခံ စီးပွားရေးလုပ်ငန်းများ အထိနာခြင်းသည် နိုင်ငံတော်၏ ဘက်စုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ်တွင် အထူးအဟန့်အတားအနှောင့်အယှက်ဖြစ်မည်လားဆိုသည့်စိုးရိမ်စိတ်များ စာရေးသူတွင်ဖြစ်ပေါ်လျက်ရှိပါသည်။

စီးပွားရေးလုပ်ငန်းများသည် အခက်အခဲများဖြင့် ကြာရှည်ရပ်တည်မနေသင့်ပါ။ အရှုံးဖြင့် (သို့မဟုတ်) အမြတ်မရှိဘဲ ရေရှည်ဖြစ်ပေါ်နေသည့် အခြေအနေမျိုးသည် လုံးဝမဖြစ်သင့်သည့် ဖြစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ အဓိကကျသည့် စီးပွားရေးလုပ်ငန်းများတွင် ဖော်ပြပါအခြေအနေမျိုး မပေါ်ပေါက်စေရန်နှင့် ဖြစ်ပေါ်လာပါက ဦးစားပေးဖြေရှင်း ထိန်းကျောင်းတည့်မတ်ပေးရမည့် တာဝန်သည် ကြီးမားလေးနက်သည့်သဘောကို ဆောင်ပါသည်။

တွက်ခြေမကိုက်လျှင် ရပ်နားထားပါ။ လျှော့လုပ်ပါ။ အကျိုးအမြတ်ပြန်လည် ဖြစ်ထွန်းလာမည့်ကာလအထိ စောင့်ဆိုင်းပါ။ ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ သူ့သဘောကို သူဆောင်ပါလိမ့်မည် ဆိုသည့် အယူအဆမျိုးရှိသူများ ကြုံတွေ့ရဖူးပါသည်။

လုပ်ငန်းတစ်ခု၊ လုပ်ငန်းတစ်စု၊ ဒေသတစ်စုတွင် ယာယီဖြစ်ပေါ်သည့် အခက်အခဲမျိုးဆိုပါက ပြောစရာ မရှိသော်လည်း နိုင်ငံသားအများစုအတွက် အဓိကဖြစ်သည့် နိုင်ငံတစ်ဝန်း လွှမ်းခြုံထားသည့် စီးပွားရေးလုပ်ငန်းများတွင် ဖော်ပြပါအခက်အခဲများ ဖြစ်ပေါ်နေပြီဆိုပါက အဆိုပါအယူအဆသည် တကယ်တက်စင် လွဲမှားပါလိမ့်မည်။

ရောင်းဝယ်ရေးလုပ်ငန်းများ အနေဖြင့် ပြုလွယ်၊ ပြင်လွယ်၊ ရှောင်လွယ်၊ တိမ်းလွယ်၊ ပြောင်းလွယ်သော်လည်း ပြောင်းရန်၊ ရှောင်ရန်ခက်ခဲသည့် (အထူးသဖြင့်ကျေးလက်ဒေသအခြေခံစိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ)ကာလရှည်ထိခိုက်နစ်နာနေခြင်းသည် တိုင်းပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ် စီးပွားရေးကိုထိခိုက်နစ်နာစေမည်ဟုစာရေးသူယူဆယုံကြည်ပါသည်။

အချို့ ပညာရှင်များအနေဖြင့် စီးပွားရေးနှင့် နိုင်ငံရေး အပြောင်းအလဲကာလများတွင် အခက်အခဲများကိုတစ်စုံတစ်ခုသော ကာလအထိ တွေ့ကြုံရမည်။ ရင်ဆိုင်ကျော်ဖြတ်ရမည်ဟု ဆိုလေ့ရှိကြပါသည်။ စာရေးသူအနေဖြင့် ပိတ်ပင်တားဆီးထားသည့် အခြေအနေတစ်ရပ်မှပွင့်လင်းလွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိသည့် ခေတ်ကာလကိုပြုပြင်ပြောင်းလဲမည်ဆိုပါက ကုန်ထုတ်လုပ်ငန်းများသည် ဆင့်ကဲတိုးတက်ဖြစ်ထွန်းမှုများသာဖြစ်ပေါ်လာရမည်ဖြစ်ကြောင်း ယုံကြည်မှတ်ယူထားပါသည်။ ပို၍ပွင့်လင်းလွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသည့် ခေတ်ကာလဖြစ်ပါက ပို၍ပို၍ ဆင့်ကဲတိုးတက်ပြောင်းလဲခြင်းများသာ ဖြစ်ပေါ်လာသင့်ပါသည်။ ထူးခြားစွာပင် ရှိရင်းစွဲအနေအထားထက်ပို၍ တိုးတက်မလာဘဲ အခက်အခဲများသာ တွေ့ကြုံရင်ဆိုင်နေရပြီဆိုပါက တစ်စုံတစ်ရာမှားယွင်းမှုဖြစ်ပေါ်နေပြီဟု ယူဆသတ်မှတ်သင့်ပါသည်။ ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အထူးအစီအမံကောင်းများ အချိန်မီချမှတ်ဆောင်ရွက်ပေးသင့်သည်ဟု ယုံကြည်ယူဆပါသည်။

ယခုအခါ နိုင်ငံတော်ဗဟိုဘဏ်မှ ငွေလဲနှုန်း တစ်ရပ်ကို သတ်မှတ်ဖော်ဆောင်ပေးခဲ့ပြီဖြစ်ပါသည်။ စာရေးသူ၏ ခိုင်မာယုံကြည်သည့် အယူအဆမှာ ဖြစ်ပေါ်မည့်ငွေလဲနှုန်းသည်စီးပွားရေးလုပ်ငန်းများ (အထူးသဖြင့် နိုင်ငံလူဦးရေအများစု မှီခိုလုပ်ကိုင်ကြရသည့် ထုတ်လုပ်ရေး လုပ်ငန်းများ) ရေရှည်ရပ်တည်ဆောင်ရွက်နိုင်ရန် ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု၏ မျှခြေအပေါ်တွင်တည်ငြိမ်စွာရောက်ရှိစေရေးကို ဦးစားပေး၍ စီမံဆောင်ရွက်ပေးသင့်သည်ဟု ယုံကြည်ယူဆပါသည်။ မျှခြေပျက်ယွင်း၍ ယခုရင်ဆိုင်နေရသည့် အခြေအနေများအတိုင်း အပြောင်းအလဲမရှိ ၂၀၁၂ ခုနှစ်ကို ဖြတ်သန်းရမည် ဆိုပါက ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများကို မျှော်မှန်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အထူးစိုးရိမ်သောက ရောက်စေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**TRADEMARK CATION**

PT.Purinusa Ekapersada and PT.Pabrik Kertas Tjiwi Kimia Tbk, a company incorporated in The Republic of Indonesia, at Plaza BII, Tower 2, 7th Floor, J1.M.H. Thamrin No.51, Jakarta 10530, Indonesia is the Owner and Sole Proprietor of the following Trademarks:-

enlivo

Reg : No.4/3824/2012

INSPIRA
be inspired everyday

Reg : No.4/3825/2012

In respect of : Paper, cardboard; calendars; copying paper; bags (envelopes pouches) of paper for packaging; paper bags, garbage bags of paper or plastic; paper flags; paper handkerchiefsl table napkins of paper; placemats of paper; tablecloths of paper; tracing paper; wrapping paper; printed matter; bookbinding material; photographs; stationery; adhesives for stationery or household purposes; drawing apparatus drawing materials; drawing pens; drawing instruments; drawing boards; canvas for painting; charcoal pencils; painters' easel; paint boxes; pain pallets; pastels (crayons); watercolours; pictures; artists' water colour sauces; paint brushes; typewriters and office requisites (except furniture); instructional and teaching material (except apparatus); plastic film for packaging; bags (envelopes, pouches) of paper; plastic for packaging; playing cards, printers' type; printing blocks. Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 24.May.2012

Environment
7Day News Journal
Vol.11, No.11 • MAY 24 , 2012

# ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်သော တနင်္သာရီဒေသမှ ဆွန်ဒယက်တောများကို ထိန်းသိမ်းရန်လိုအပ်

အေးမြကျော်

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ကမ္ဘာ့သဘာဝအမွေအနှစ်ဒေသအဖြစ်ပင် သတ်မှတ်၍ ရနိုင်သော ဆွန်ဒယက်တောအမျိုးအစားများကျန်ရှိနေသေးပြီး ယင်းတို့ကို အချိန်မီ ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) ဥက္ကဋ္ဌ ဒေါက်တာထင်လှကပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အမျိုးသားကာကွယ်ထိန်းသိမ်းရေး ဧရိယာအဖြစ် အဆိုပြုထားသော လေညာအမျိုးသားဥယျာဉ်သည် ထိုကဲ့သို့ တောအမျိုးအစားဖြစ်ပြီး ကပ်လျက်တွင်ရှိသော ဝဉ်ကြီးဝိုင်းဧရိယာသည်လည်း ဇီဝမျိုးစုံမျိုးကွဲပေါများစွာရှိသေးသည့် တောအမျိုးအစားဖြစ်သဖြင့် လေညာအမျိုးသားဥယျာဉ်နှင့်အတူ တစ်ပေါင်းတည်း ထိန်းသိမ်းသင့်သည့် တောများဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

"အရှေ့တောင်အာရှမှာမြန်မာမှာပဲကျန်တော့တဲ့ ဆွန်ဒယက်တောတွေ တနင်္သာရီတိုင်းမှာကျန်သေးတယ်။ ကျန်သေးတယ်ဆိုပေမယ့် အချိန်မီထိန်းသိမ်းနိုင်ဖို့ လိုအပ်နေပါတယ်"ဟု အဆိုပါဒေသတွင် နှစ်စဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသော BANCA မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ခရိုင်နှင့် တောင်ဘက်ရှိဒေသအားလုံးသည် ဆွန်ဒယက်တောများဖြစ်ကြပြီး ဆွန်ဒယက်တောဆိုသည်မှာ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲ ပေါများသောတောအမျိုးအစားဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် သုံးရာခိုင်နှုန်းခန့်သာ ဆွန်ဒယက်တောများဖြစ်သည်။

ဆွန်ဒယက်တောဆိုသည်မှာ ကမ္ဘာဦးအစက အာရှနှင့်သြစတြေးလျတိုက်များ တစ်ဆက်တည်းရှိနေရာမှ တိုက်ကြီးများ ရွေ့လျားမှုကြောင့် ကွဲထွက်လာသော မလေးကျွန်းဆွယ်တောင်ပိုင်း ဂျာဗား၊ ဆူမားတြား၊ ကလီမန်တန်နှင့် ဘာလီကျွန်းတို့ ပါဝင်သောဒေသဖြစ်သည်။



တနင်္သာရီဒေသမှ ပျက်စီးနေသော တောတွင်းတစ်နေရာနှင့် ဒေသခံအမဲလိုက်မုဆိုးတစ်ဦးကို တွေ့ရစဉ်

ဓာတ်ပုံ - BANCA

လေညာအမျိုးသားဥယျာဉ်နှင့် ဝဉ်ကြီးဝိုင်းအပါအဝင် မြန်မာနိုင်ငံရှိ ဆွန်ဒယက်တောများ ရေရှည်တည်တံ့နိုင်ရန် အဓိကခြိမ်းခြောက်နေသည်မှာ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများဖြစ်နေပြီး ထိုဒေသတွင် ဆီအုန်းစိုက်ဧရိယာများ တဖြည်းဖြည်း တိုးချဲ့လာခြင်းကြောင့် တောဧရိယာမှာ တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာလျက်ရှိပြီး ယခုဆိုလျှင် စုစုပေါင်း သစ်တောဧရိယာမှာသိန်းဂဏန်းမျှပင် မကျန်တော့ဘဲ သောင်းဂဏန်းသာ ကျန်ရှိနိုင်တော့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက ခန့်မှန်းသည်။

"၂၀၀၀ ခုနှစ်လောက်ကတည်း ဆီအုန်းစိုက်ခင်းတွေက တောတွေ ခုတ်ပြီး စိုက်လာလိုက်တာ အခုဆိုရင် တော်တော် ကုန်နေလောက်ပြီ။ ဒီတောမျိုးက ပြန်မရတော့ဘူး။ မြန်မာမှာတင်မကဘူး။ ပျောက်ရင် ကမ္ဘာမှာပါ ပျောက်သွားမှာ" ဟု ဒေါက်တာထင်လှက ပြောကြားသည်။

လေညာအမျိုးသားဥယျာဉ်ဧရိယာအပါအဝင် ထိုဒေသတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပြီး မြန်မာနိုင်ငံတွင် အကောင်ရေထောင်နှင့်ချီတွေ့ရှိသဖြင့် အဆင့်လျှော့ချသတ်မှတ်ခဲ့ရသော တောင်ငုံးရင်မဲငှက် (Gurney's Pitta) များ နေထိုင်ကျက်စားရာဒေသလည်း ဖြစ်သည်။

"ထိုင်းမှာ ၂၃ ကောင်ပဲတွေ့တော့လို့ မျိုးသုဉ်းလုနီးပါး အဆင့် (Critically Endangered) မျိုးစိတ်အထိ သတ်မှတ်ပြီးသွားပြီ။ မြန်မာမှာ လေညာကြိုးဝိုင်းမှာ ထောင်နဲ့ချီတွေ့လို့ မျိုးသုဉ်းရန် အန္တရာယ်ရှိတဲ့အဆင့် (Endangered) ကို လျှော့ချလိုက်တယ်။ ဒါပေမဲ့ အခုလို တောတွေခုတ်နေမယ်ဆိုရင်တော့ အခွင့်အရေးရရဲ့သားနဲ့ မကာကွယ်လိုက်ရဘူး ဖြစ်သွားနိုင်တယ်" ဟု BANCA မှ ဒေါက်တာထင်လှက ပြောကြားသည်။


မြန်မာနိုင်ငံရှိ ဆွန်ဒယက်တောများတွင် ရှားပါးငှက် တောင်ငုံးရင်မဲအပြင် ရှားပါးစာရင်းဝင် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သော ကြံ့၊ သူတော်၊ ကျား၊ အာရှဆင်၊ မလေးဝက်ဝံ၊ မျောက်လွှဲကျော် လက်ဖြူစသည်တို့လည်း ယခု ထက်တိုင်တွေ့ရှိနိုင်သေးပြီး ယင်းတို့ကိုလည်းအချိန်မီထိန်းသိမ်းရန် လိုအပ်နေကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောသည်။

ကမ္ဘာပေါ်တွင်ဆွန်ဒယက်တောဧရိယာများမှာ လျင်မြန်စွာ လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မြန်မာနိုင်ငံရှိတနင်္သာရီဒေသတွင်လည်း တစ်နှစ်ထက်တစ်နှစ် တောဧရိယာများ ပျောက်ကွယ်နေကြောင်း BANCA မှပြုလုပ်ထားသော လေ့လာမှုများအရသိရသည်။

၂၀၀၀ ပြည့်နှစ်က သစ်တောဖုံးလွှမ်းမှု အခြေပြဂြိုဟ်တုမြေပုံအရ တနင်္သာရီတိုင်းဒေသကြီးတွင် မြေနိမ့်ဆွန်ဒယက်တောနေရာငါးခုရှိခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် ထိုငါးနေရာမှ သုံးနေရာတွင် တောဧရိယာများစွာကို ခုတ်ထွင်ရှင်းလင်းပြီးကြောင်း ဂြိုဟ်တုဓာတ်ပုံများအရသိရပြီး ယခုအခါတွင်မူ မူလရှိခဲ့သော ဧရိယာမှ ၆၀ မှ ၇၀ ရာခိုင်နှုန်းမှာ ပျောက်ဆုံးသွားပြီဟု ခန့်မှန်းရကြောင်း BANCA ကပြုလုပ်ထားသောလေ့လာမှုများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေညာအမျိုးသားဥယျာဉ်နှင့် ဝဉ်ကြီးဝိုင်းအပါအဝင် သစ်တောများသည် ကမ္ဘာ့ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ ဦးစားပေးစာရင်းတွင် ပါဝင်ပြီး ထိုဒေသရှိ ဆွန်ဒယက်တောများသည် တောင်အာရှဒေသတွင် အများဆုံး ကျန်ရှိသော တောများဖြစ်ပြီး ထိုတောများ ပျောက်ကွယ်မသွားစေရန် အစိုးရဌာနအနေနှင့်သာမက ပုဂ္ဂလိကအနေနှင့်ပါဝိုင်းဝန်းထိန်းသိမ်းသင့်သည့် နေရာဖြစ်သည်။

## Environment Cartoon



အမှိုက်ကို လုံးချေပြီးမှ အမှိုက်ပုံးထဲ ထည့်ပါ။ နေရာ သိပ်မယူတော့ဘူး။






# Tourism

7 DAY NEWS JOURNAL

Vol.11, No.11 • MAY 24 , 2012


## ဟိုတယ်အခန်းခများ မြင့်မားနေခြင်းကို နည်းလမ်းနှစ်မျိုးဖြင့် ဖြေရှင်းနေဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မေ - ၁၆**

ရန်ကုန်မြို့ရှိ ဟိုတယ်အခန်းငှား ရမ်းခနှုန်းထားများ အခြားအိမ်နီးချင်းနိုင်ငံများထက်ပင် မြင့်မားနေခြင်းကိုနည်းလမ်းနှစ်သွယ်ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောကြားသည်။

“ဒါက ရေစီးကြောင်းတစ်ခုလိုဖြစ်သွားတာပါ။ ဒါကို နည်းလမ်းနှစ်သွယ်နဲ့ ဖြေရှင်းနေပါတယ်”ဟု ယနေ့ပြုလုပ်သော သတင်းထောက်များနှင့် တွေ့ဆုံပွဲ၌ သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို ဝန်ကြီးဦးတင့်ဆန်းက အထက်ပါအတိုင်းဖြေဆိုရှင်းလင်းခဲ့ခြင်းဖြစ်သည်။ ယင်း၏ရှင်းလင်းချက်အရ ဟိုတယ်လုပ်ငန်းရှင်များအားခေါ်ယူဆွေးနွေးခြင်းနှင့်နိုင်ငံခြားသားများ တည်းခိုနိုင်သည့် ဟိုတယ်ခန်းများ ထပ်မံတိုးချဲ့စေခြင်းများဖြစ်ကြောင်း သိရသည်။

တစ်ရက်လျှင်ခရီးသည်တစ်ထောင်ခန့် ဝင်ရောက်လျက်ရှိသော ရန်ကုန်မြို့တွင် နိုင်ငံခြားသား တည်းခိုနိုင်သည့် ဟိုတယ်ခန်း ၃,၀၀၀ ရှိလျှင် လုံလောက်ကြောင်း၊ ခရီးသည် အများစုက သုံးရက်ခန့်သာလျှင် နေထိုင်ကြောင်း၊ အချို့သောဟိုတယ်များကိုလည်း နိုင်ငံခြားသားများတည်းခိုနိုင်သည့် အခန်းများအဖြစ် အဆင့်မြှင့်တင်ရန် တွန်းအားပေးလျက်ရှိကြောင်း ဝန်ကြီး၏ ပြောကြားချက်အရသိရသည်။



*နိုင်ငံခြားသားခရီးသွားများနှင့် ပြည်ပမှ အဖွဲ့အစည်းနှင့်လုပ်ငန်းရှင်များ လာရောက်မှုမြင့်တက်လာနေချိန်ဖြစ်သည်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နာမည်ကြီးဟိုတယ်များ နိုင်ငံတော်အစိုးရထံသို့ ပေးရန်ကျန်ရှိသော အကြွေးများရှိနေသေးကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဟိုတယ် ၁၅လုံး၊ ဝန်ကြီးဌာနနှင့်ဖက်စပ် ဆောင်ရွက်သော ဟိုတယ်လေးလုံး၊ နိုင်ငံသားပိုင်ဟိုတယ်တစ်လုံး စုစုပေါင်းဟိုတယ်အလုံး ၂၀ မှ ယခုနှစ် မတ်လအထိ မြေငှားရမ်းခကြွေးကျန် အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၆ ဒသမ ၇၀ သန်းရှိခဲ့ပြီး လက်ရှိတွင် ကြွေးကျန် ၃၉ ဒသမ ၈၀ သန်းသာ ကျန်ရှိတော့ကြောင်းလည်း အထက်ပါအစည်းအဝေးမှ သိရှိရသည်။

## ငပလီဟိုတယ်ဇုန်အပါအဝင် ရွာ ၂၀ ခန့်တွင် ခရီးသွားလုပ်ငန်းတိုးချဲ့မည်

**မောင်မိုးသက်(စစ်တွေ)**

**သံတွဲ၊ မေ - ၁၅**

ရခိုင်ပြည်နယ်တွင်း အဓိက ကမ္ဘာလှည့်ခရီးသွားလာရေးအတွက် ထင်ရှားကျော်ကြားသော သံတွဲမြို့နယ် ငပလီဟိုတယ်ဇုန်အပါအဝင် ကျေးရွာ ၂၀ ခန့်တွင်ခရီးသွားလုပ်ငန်း တိုးချဲ့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အပန်းဖြေရုံသက်သက်မဟုတ်ဘဲ ဒေသခံကျေးရွာများ၌ သွားရောက်လေ့လာကြည့်ရှုရေး ခရီးစဉ်များအဖြစ် ရိုးရာအမွေအနှစ်များ နေထိုင်လုပ်ကိုင်စားသောက်ကြပုံ၊ လက်မှုပစ္စည်းများဖြင့် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစေအောင် ဖန်တီးခြင်းအပြင် ယခုကာလအတွင်း၌ အဆင်မပြေမှုများပိုကြုံတွေ့လာရသောရေလုပ်သားများ၏ ငါးဖမ်းလုပ်ငန်းများအနေဖြင့် ပြန်လည်ကောင်းမွန်လာစေအောင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည့်ရှုစေရန် စီစဉ်သွားမည်ဖြစ်ကြောင်း RCA ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဦးမောင်မောင်သိမ်းဖေက ပြောကြားသည်။

“ဒေသခံတွေနဲ့အတူ ဟိုတယ်လုပ်ငန်းရှင်တွေရော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဝင်စားတဲ့ ဝါသနာတူတွေက ဒေသဖွံ့ဖြိုးရေး တစ်စိတ်တစ်ဒေသအနေနဲ့ လုပ်ဆောင်ရတာပါ” ဟု ဦးမောင်မောင်သိမ်းဖေက ဆက်လက်ပြောကြားသည်။



## နော်ဝေအစိုးရနှင့် ADB အကူအညီဖြင့် ခရီးသွားမဟာဗျူဟာ ရေးဆွဲမည်

**ထူးသန့်**

**နေပြည်တော်၊ မေ - ၁၆**

နော်ဝေအစိုးရ၏ငွေကြေးထောက်ပံ့မှု၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ကျွမ်းကျင်မှု အထောက်အပံ့များဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် Tourism Master Plan ရေးဆွဲသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင်က ပြောကြားသည်။

“ Tourism Master Plan မကြာခင် ရေးဆွဲပါမယ်။ နိုင်ငံတကာအသိအမှတ်ပြုပုဂ္ဂိုလ်တွေ၊ ယူအင်န်ကပုဂ္ဂိုလ်တွေနဲ့ရေးဆွဲသွားမှာပါ။ ငွေကြေးကို နော်ဝေက ကူညီပြီး ကျွမ်းကျင်မှုကို ADB က ထောက်ပံ့ပေးပါတယ်”ဟု ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးက ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်အတွက် နော်ဝေ၊ ADB၊ ဝန်ကြီးဌာန၊ ကော်မတီနှင့် ပုဂ္ဂလိက ကဏ္ဍမှ အပြန်အလှန် ဆွေးနွေးလျက်ရှိကြောင်း၊ လာမည့် ဇွန်လတွင် အချက်အလက်များ လေ့လာစုဆောင်းခြင်း၊ စစ်တမ်းကောက်ယူခြင်းများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း ဦးငွေအောင်က ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီးများနှင့်ပြည်နယ် အသီးသီးရှိ ခရီးသွားဇုန်နေရာများအား စုစည်းဖော်ထုတ်မည့် အဆိုပါအစီအစဉ်နှင့် ပတ်သက်၍ “မြန်မာ့ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးဖို့ ပြည့်စုံတဲ့ စာတမ်းတစ်ခုခုတော့ ရှိထားဖို့လိုတယ်”ဟုလည်း သတင်းထောက်တစ်ဦး၏ မေးမြန်းမှုနှင့်ပတ်သက်ပြီး ၎င်းက ပြန်လည်ဖြေကြားသည်။

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများဖြင့် မျက်နှာပွင့်လျက်ရှိသော မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းလည်း တိုးတက်လျက်ရှိရာ ယခုနှစ် ပထမလေးလတာကာလအတွင်း ခရီးသွားလုပ်ငန်း ၃၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ၎င်းအပြင် ယခုဘဏ္ဍာနှစ်(၂၀၁၁-၂၀၁၂) မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၄ သန်းရောက်ရှိရန် မျှော်မှန်းထားကြောင်းလည်း ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းကပြောသည်။










7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# Cartoon

## The Cartoon Logo


























7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# အင်ဒိုနီးရှားကို ကန်ဒေါ်လာ သန်းနှစ်ထောင်ချေးရန် ကမ္ဘာ့ဘဏ်သဘောတူ

**ဝါရှင်တန်၊ မေ - ၁၆**
အာရှတိုက်၏ အလျင်မြန်ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတွင် ကြွေးမြီအကျပ်အတည်း ဖြစ်နိုင်ခြေကို ကာကွယ်ပေးသည့် အနေဖြင့် အင်ဒိုနီးရှားနိုင်ငံအား ကန်ဒေါ်လာသန်းနှစ်ထောင် ချေးပေးရန် အဆင်သင့်ဖြစ်နေပြီဟု ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည်။

ယင်းချေးငွေကို အင်ဒိုနီးရှားအစိုးရက တောင်းဆိုခဲ့ခြင်းဖြစ်ပြီး အနာဂတ်တွင် ဖြစ်လာနိုင်သော ထိတ်လန့်မှုများ၊ မတည်မငြိမ်အခြေအနေများအတွက် အရေးပေါ် အသုံးပြုရန် အသင့်ထားရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

အင်ဒိုနီးရှားစီးပွားရေးမှာ အလျင်အမြန် တိုးတက်နေသော်လည်းမကြာသေးမီလပိုင်းအတွင်း နိုင်ငံခြားမှ ကုန်ပစ္စည်း ဝယ်ယူမှု၊ မှာယူမှု လျော့နည်းလာခြင်းနှင့်အတူ စီးပွားရေးနှေးကွေးလာခဲ့သည်။

ယခု ချေးငွေရယူခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအကောင်အထည်ဖော်နေစဉ်မှာပင် အတော်အသင့်ထိတ်လန့်မှုများကို ခံနိုင်ရည်ရှိကြောင်း စျေးကွက်များအား အသိပေးလိုက်ခြင်းတစ်မျိုး ဖြစ်မည်ဟု ကမ္ဘာ့ဘဏ်နှင့် အင်ဒိုနီးရှားနိုင်ငံကမျှော်လင့်ထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ဂျီဒီပီ (စုစုပေါင်းထုတ်ကုန်တန်ဖိုး)၏ ၂၆ ရာခိုင်နှုန်းအထိရှိပြီး ၂၀၁၁ ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ် သုံးလပတ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်းသိရသည်။

—*Ref: AFP*



Photo - AFP




# ဒုတိယမြောက် ကိုယ်ပိုင်ဂြိုဟ်တု ကမ္ဘာပတ်လမ်းအတွင်း ဗီယက်နမ်လွှတ်တင်

**ဟန်နွိုင်း၊ မေ - ၁၆**
ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ဒုတိယမြောက်ဂြိုဟ်တု ဗီနာဆက်-၂ ကို ပြင်သစ်ဂီယာနာကျွန်းရှိဥရောပအာကာသစခန်းမှ အာရီယန်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ပြီး ကမ္ဘာပတ်လမ်းကြောင်းထဲသို့ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ဖော်ပြသည်။

ဗီယက်နမ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ ဂြိုဟ်တုကို ဒုံးပျံဖြင့် လွှတ်တင်အပြီး ၃၅ မိနစ်အတွင်း ကမ္ဘာပတ်လမ်းကြောင်းထဲ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း၊ ဂြိုဟ်တုလွှတ်တင်ခြင်းကို ဝန်ကြီးချုပ်ငုယင်တန်ဒန်က အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဗီနာဆက်-၁ ဂြိုဟ်တုကို လွှတ်တင်ခဲ့ပြီး ယခု ဒုတိယဂြိုဟ်တုနှင့်အတူ နိုင်ငံအတွင်း အင်တာနက်ဝန်ဆောင်မှုများနှင့် အဝေးပြောဆက်သွယ်မှုကို ထိရောက်စွာပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့ပြင် ယင်းဂြိုဟ်တုဖြင့် သဘာဝဘေးအန္တရာယ်များစောင့်ကြည့်ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စောင့်ကြည့်ခြင်းတို့ကို ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ဗီနာဆက်-၂ ဂြိုဟ်တုကိုလွှတ်တင်ရန် ကန်ဒေါ်လာသန်း ၃၀၀ အကုန်အကျခံ၍ ရင်းနှီးမြှုပ်နှံခဲ့ပြီး ဂြိုဟ်တုကို အမေရိကန်အခြေစိုက် လော့ခ်ဟိမာတင်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ —*Ref:BBC*

# ထိုင်းနိုင်ငံတွင် မိုးကြီးရေလျှံမှုများ ဖြစ်နိုင်ကြောင်း သတိပေး

**ဘန်ကောက်၊ မေ - ၁၆**
ထိုင်းနိုင်ငံ မိုးလေဝသဌာနက မကြာသေးမီ ရက်များအတွင်း နိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး အချို့နေရာများ၌ ရေလျှံမှုများ ဖြစ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်လိုက်သည်။

ထိုင်းမိုးလေဝသဌာနက တရုတ်နိုင်ငံဘက်မှ လေဖိအားနည်းရပ်ဝန်းတစ်ခုသည် အနောက်တောင်မုတ်သုံနှင့်အတူ နိုင်ငံအရှေ့မြောက်ပိုင်းမှ ထိုင်းပင်လယ်ကွေ့နှင့် အက်ဒမန်ပင်လယ်တို့တွင် ဖုံးလွှမ်းနေပြီး အရှေ့မြောက်ပိုင်းနှင့် နိုင်ငံအထက်ပိုင်းဒေသများတွင် အနှံ့အပြား မိုးရွာသွန်းနိုင်ကြောင်း ပြောသည်။

မိုးရွာသွန်းမှုများကြောင့် ရေလျှံမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ရန်လည်း တောင်ကုန်း၊ တောင်စောင်းများအနီး နေထိုင်သောပြည်သူများအား သတိပေးထားသည်။ ဌာနက အက်ဒမန်ပင်လယ်အတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် အမြင့်နှစ်မီတာမှ သုံးမီတာအထိ လှိုင်းလုံးကြီးများ ဖြစ်ပေါ်နိုင်ပြီး သင်္ဘောသွားလာမှုများ ရပ်နားထားရန်လည်း သတိပေးထားသည်။ —*Ref: Xinhua*

7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# Leader's Profile
## ပြင်သစ်သမ္မတ
## ဖရန်ဆွာဟော်လန်ဒီ

ရဲမင်း



ဖရန်ဆွာဟော်လန်ဒီသည် ပြင်သစ်ဆိုရှယ်လစ်ပါတီဝင်နိုင်ငံရေးသမားဖြစ်ပြီး ၂၀၁၂ ခုနှစ် မေလ ၆ ရက်တွင် ကျင်းပခဲ့သော ပြင်သစ်သမ္မတ ရွေးကောက်ပွဲ၌လက်ရှိသမ္မတ နီကိုလပ်စ်ဆာကိုဇီအပေါ် အနိုင်ရရှိကာ မေ ၁၅ ရက်တွင် ပြင်သစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဖရန်ဆွာကို ၁၉၅၄ ခုနှစ် ဩဂုတ်လ ၁၂ရက်တွင် အထက်နော်မန်ဒီဒေသ စိန့်မာရင်တိုင်းဒေသ၌ လူလတ်တန်းစားမိသားစုမှ မွေးဖွားခဲ့သည်။ ဖခင်မှာ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်တစ်ဦးဖြစ်ပြီး မိခင်မှာ လူမှုရေးလုပ်သားဖြစ်သည်။ ဖရန်ဆွာသည် ငယ်စဉ်က La Salle အထက်တန်းကျောင်းတွင်ကျောင်းအိပ်ကျောင်းစားတက်ရောက်ခဲ့ပြီး ပါရီနိုင်ငံရေးအင်စတီကျူ့ဒ်မှ ၁၉၈၀ ပြည့်နှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရရှိပြီးနောက် ပါရီစာရင်းစစ်ရုံးတွင် အလုပ်ဝင်ရောက် လုပ်ကိုင်သည်။

ဖရန်ဆွာသည် ၁၉၇၄ ခုနှစ်တွင်ပြင်သစ်သမ္မတဖရန်ဆွာမိတရောင်း၏ မအောင်မြင်သော သမ္မတရွေးကောက်ပွဲ၌ လုပ်အားပေးဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ပြင်သစ်ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ဟော်လန်ဒီ၏ အရည်အချင်းအား မစ္စတာမိတရောင်း၏ ထိပ်တန်းအကြံပေးအရာရှိတစ်ဦးက သဘောကျခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ကိုရက်ဇီဒေသမှ နေ၍ ပြင်သစ်အမျိုးသားလွှတ်တော်အမတ်နေရာအတွက် ၁၉၉၀ ခုနှစ်များတွင် ပြင်သစ်သမ္မတဖြစ်လာမည့်သူ ဂျက်ရှီးရက်စ်နှင့် ယှဉ်ပြိုင်စေခဲ့သည်။ ဖရန်ဆွာသည် ယင်းရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပြင်သစ်သမ္မတသစ်ဖြစ်လာသူ ဖရန်ဆွာမိတရောင်း၏ အထူးအကြံပေးတစ်ဦး ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် ယူဆယ်မြူနီစပယ်ကောင်စီ၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အမျိုးသားလွှတ်တော်နေရာအတွက် ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့သည်။ သို့သော် ၁၉၉၃ ခုနှစ်တွင် ၎င်းနေရာကို ပြန်လည်ဆုံးရှုံးခဲ့သည်။

မစ္စတာဖရန်ဆွာမိတရောင်း၏ သမ္မတသက်တမ်းကုန်ဆုံးခါနီးတွင် ဆိုရှယ်လစ်ပါတီမှာ အတွင်းတိုက်ပွဲများကြောင့် အုပ်စုများကွဲလာသည်။ ထိုအချိန်တွင် မစ္စတာဟော်လန်ဒီက ပါတီခေါင်းဆောင်ဂျက်စ်ဒီလောနောက်တွင် ပါတီဝင်အားလုံး စည်းလုံးညီညွတ်ကြရန် တိုက်တွန်းခဲ့သည်။ သို့သော် ဆိုရှယ်လစ်ပါတီခေါင်းဆောင်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌဖြစ်သူ ဂျက်စ်ဒီလောက ၁၉၉၅ ခုနှစ် သမ္မတရွေးကောက်ပွဲယှဉ်ပြိုင်ရန် ရည်မှန်းချက်ကို စွန့်လွှတ်ခဲ့ပြီး နောက်တွင် ပါတီဝါရင့်ခေါင်းဆောင် လီယွန်နယ်ဂျိုစပင်းက ပါတီခေါင်းဆောင်နေရာ ပြန်လည်ရယူခဲ့ပြီး မစ္စတာဟော်လန်ဒီအား ပါတီပြောရေးဆိုခွင့်ရှိသူ အဖြစ် ခန့်အပ်ခဲ့သည်။ နောက်ပိုင်းတွင် ဂျိုစပင်းမှာ ပြင်သစ်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ဟော်လန်ဒီလည်း ဆိုရှယ်လစ်ပါတီ ပထမအတွင်းရေးမှူးဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် ဟော်လန်ဒီမှာ တူလေးမြို့ မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်ပါတီခေါင်းဆောင်ဂျိုစပင်းသည် ရွေးကောက်ပွဲပထမအကျော့မှာပင် ရှုံးနိမ့်ခဲ့ရာ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားသည်။ ပါတီ၏ ပထမအတွင်းရေးမှူးအဖြစ် ဟော်လန်ဒီက ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ ရုပ်ပျက်ဆင်းပျက် မရှုံးနိမ့်စေရန် အဖတ်ဆယ်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် လက်ဝဲယိမ်းပါတီများ အခြေအနေကောင်းခဲ့သောကြောင့် မစ္စတာဟော်လန်ဒီမှာလည်း သမ္မတရွေးကောက်ပွဲဝင်နိုင်သူအဖြစ် ရေပန်းစားခဲ့သည်။

သို့သော် ထိုအချိန်မှာပင် ဥရောပအခြေခံဥပဒေကိစ္စပေါ်ပေါက်လာခဲ့ရာ ဆိုရှယ်လစ်ပါတီတွင်း၌ သဘောထားများ ကွဲလွဲခဲ့သည်။ မစ္စတာဟော်လန်ဒီက ဥရောပအခြေခံဥပဒေကိုထောက်ခံခဲ့ပြီးနောက် ဆိုရှယ်လစ်ပါတီအတွင်း ၎င်းအပေါ် လူကြိုက်နည်းခဲ့သော်လည်း ၂၀၀၅ ခုနှစ် ပါတီကွန်ဂရက်က မစ္စတာဟော်လန်ဒီအား ပါတီ၏ ပထမအတွင်းရေးမှူးအဖြစ် ဆက်လက်ရွေးချယ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ အခြေမလှဖြစ်ခဲ့သလို မစ္စတာဟော်လန်ဒီမှာလည်း အကြီးအကျယ်ပြစ်တင်ဝေဖန်ခံရသည်။ မစ္စတာဟော်လန်ဒီသည် ၂၀၀၈ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ၏ ပထမအတွင်းရေးမှူးအဖြစ်မှ နုတ်ထွက်ခဲ့သည်။

သို့သော်မစ္စတာဟော်လန်ဒီမှာ ကိုရက်ဇီအထွေထွေကောင်စီဥက္ကဋ္ဌအဖြစ် ၂၀၀၈ ခုနှစ် ဧပြီလမှာပင်ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၀၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်လိုကြောင်း ၎င်း၏ရည်ရွယ်ချက်ကို ၂၀၁၁ မတ်လတွင် မစ္စတာဟော်လန်ဒီက ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့သော် ဆိုရှယ်လစ်နှင့် လက်ဝဲစွန်းပါတီများ၏ ပူးတွဲကိုယ်စားလှယ်ဖြစ်လာရန် နှစ်ကြိမ်တိုင်တိုင် မဲခွဲဆုံးဖြတ်မှုခံယူရပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် လက်ဝဲယိမ်းပါတီများ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်လာသည်။ ၂၀၁၂သမ္မတရွေးကောက်ပွဲတွင်လည်း လက်ရှိသမ္မတနီကိုလပ်ဆာကိုဇီနှင့် နှစ်ကြိမ်တိုင်တိုင်အလဲအကွဲယှဉ်ပြိုင်ခဲ့ပြီး မစ္စတာဟော်လန်ဒီသည် ၂၀၁၂ ခုနှစ် မေလ ၁၅ ရက်တွင် ပြင်သစ်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မစ္စတာဟော်လန်ဒီသည်လက်တွဲဖော်နှစ်ဦးနှင့် အတူနေထိုင်ခဲ့ပြီး သားသမီးလေးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - အာဖဂန်နစ္စတန်တွင် ခက်ခဲသောနေ့ရက်များ ကြုံတွေ့ရဦးမည်ဖြစ်ကြောင်း အိုဘားမား သတိပေး မှ

ယခုထိပ်သီးဆွေးနွေးပွဲမှ နေ၍ သတင်းစကား နှစ်မျိုးပါးနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ပထမအချက်မှာ အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှု အဆုံးသတ်ပြီ ဖြစ်ကြောင်း အသိပေးခြင်းနှင့် တစ်ဖက်တွင်လည်း အာဖဂန်နစ္စတန်လုံခြုံရေးအတွက် နေတိုးက အာဖဂန်အား လုံးဝစွန့်ခွာသွားမည်မဟုတ် ဆိုသည်ကို အာမခံ ပြောကြားခြင်း ဖြစ်သည်ဟု ဘီဘီစီသတင်းထောက်က သုံးသပ်တင်ပြထားသည်။

*—Ref:BBC*

## နောက်ကျောဖုံး - ဆားဘီးယားရွေးကောက်ပွဲ မှ

မစ္စတာနီကိုလစ်က မဲအရေအတွက် စုစုပေါင်း၏ ၅၀ ဒသမ ၂၅ ရာခိုင်နှုန်း ရရှိခဲ့ပြီး လက်ရှိသမ္မတ မစ္စတာတာဒစ်က ၄၆ ဒသမ ၇၇ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။ မဲအရေအတွက် ၄၀ ရာခိုင်နှုန်း ရေတွက်ပြီးချိန်မှာပင် ရွေးကောက်ပွဲတွင် ၎င်းရှုံးနိမ့်သွားပြီဖြစ်ကြောင်း လက်ရှိသမ္မတက ဝန်ခံခဲ့သည်။

ယခုရွေးကောက်ပွဲအားဆားဘီးယားနိုင်ငံ အီးယူအဖွဲ့ဝင်ဖြစ်ရေး မဲခွဲဆုံးဖြတ်မှုဟု ရှုမြင်ပြီး အသစ်စက်စက် ရွေးကောက်တင်မြှောက်ခံရသူ သမ္မတကလည်း ဆားဘီးယားသည် ဥရောပလမ်းကြောင်းမှ ဖယ်ခွာသွားလိမ့်မည် မဟုတ်ဟု ကတိပေးသည်။ မစ္စတာတာဒစ်ကလည်း အီးယူအဖွဲ့ဝင်ဖြစ်ရေး မဟာဗျူဟာမြောက် ဦးတည်ချက်ကို ဆက်လက်လျှောက်လှမ်းရန် ပန်ကြားထားသည်။

ယင်းလမ်းကြောင်းမှာ ငြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပြီး ယင်းဦးတည်ချက်ကို ပြောင်းလဲပါက ဆားဘီးယားအတွက် ဝမ်းနည်းစရာဖြစ်ကြောင်း လက်ရှိသမ္မတက ဆက်လက်ပြောကြားသည်။

နောက်တက်မည့် သမ္မတအကြောင်း ပြောကြားရာတွင် "သူ့အောင်ပွဲအတွက် ကျွန်တော်ဂုဏ်ပြုကြိုဆိုပါတယ်။ မျှမျှတတနဲ့ ထိုက်ထိုက်တန်တန် အနိုင်ရသွားတာပါ။ ကံကောင်းပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"ဟုလက်ရှိသမ္မတ မစ္စတာတာဒစ်က ပြောကြားသည်။

*—Ref:BBC*

## နောက်ကျောဖုံး - အီရန်အပေါ် စစ်ရေးအရ အရေးယူရန် မှ

အရင်းအမြစ်မျိုးစုံမှလာသော အချက်ပြ လက္ခဏာများအရ အီရန်အပေါ် စစ်ရေးအရ အရေးယူမည့် ကိစ္စမှာ ဖြစ်နိုင်ခြေရှိကြောင်း မစ္စတာဆာဂျီရက်ဘ်ကော့ဗ်က ပြောသည်။

"ကျွန်တော်တို့ ဒီကိစ္စကို အရမ်းစိုးရိမ်ပါတယ်။ အရှေ့အလယ်ပိုင်းနဲ့ ကမ္ဘာကြီးမှာ ထပ်ပြီး နှစ်ခြမ်းကွဲတာတွေ၊ ခါးသီးတဲ့ နိုင်ငံရေး အငြင်းပွားမှုတွေ ဖြစ်ပေါ်လာမှာကို ကျွန်တော်တို့ မလိုလားပါဘူး"ဟု ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောသည်။

အီရန်၏ ချူကလီးယားအစီအစဉ်မှာ အဏုမြူဗုံးလုပ်ရန်အတွက်ဟု အနောက်နိုင်ငံများက သံသယရှိကြသည်။ အီရန်ကမူ ယင်းကိစ္စကို ငြင်းဆိုထားသည်။ ဥရောပသမဂ္ဂက အီရန်ရေနံ တင်သွင်းခြင်းကို ပိတ်ပင်ထားပြီး အမေရိကန်နိုင်ငံကလည်း အီရန်အပေါ် ပြင်းထန်သော ပိတ်ဆို့တားဆီးမှုများ ထပ်မံချမှတ်ထားသည်။

*—Ref:Reuters*

## နောက်ကျောဖုံး - အိုင်အေအီးအေ အကြီးအကဲ အီရန်သို့ ရောက်ရှိ မှ

အီရန်နိုင်ငံသို့ လာရောက်သော ပထမဦးဆုံး ခရီးစဉ်ဖြစ်သည်။ အပြုသဘောဆောင်သော စိတ်ထားဖြင့် အီရန်သို့ လာရောက်ခြင်းဖြစ်ကြောင်း မစ္စတာ အာမာနိုက ပြောကြားသည်။

"ဘယ်ဟာမှ မသေချာသေးပါဘူး။ ဒါပေမဲ့လည်း ကျွန်တော့်အနေနဲ့ အပြုသဘော ရှုမြင်ထားပြီး အကောင်းမြင်စိတ်ဓာတ်နဲ့ အီရန်ကို သွားမှာပါ"ဟု အီရန်သို့ မထွက်ခွာမီ ဗီယင်နာလေဆိပ်တွင် မစ္စတာအာမာနိုက ပြောသည်။

"မကြာခင်က ပြုလုပ်ခဲ့တဲ့ အီရန်နဲ့ အိုင်အေအီးအေ ဆွေးနွေးပွဲတွေမှာ တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ ဒါကြောင့် အခုအချိန်မှာ အီရန်ကို သွားပြီး အီရန်အဆင့်မြင့် အရာရှိတွေနဲ့ ဆွေးနွေးဖို့ရာ အချိန်ကောင်းပါပဲ"ဟု အိုင်အေအီးအေ အကြီးအကဲက ပြောသည်။

အိုင်အေအီးအေအကြီးအကဲနှင့်၎င်း၏ ထိပ်တန်းလက်ထောက်နှစ်ဦးသည် အီရန်၏ အဏုမြူအကြီးအကဲ ဖယ်ရီဒွန်အဘက်စီဒါဗာနီ၊ ထိပ်သီးနျူဆွေးနွေးသူ ဆာအစ်ဂျာလီလီ၊ နိုင်ငံခြားရေးဝန်ကြီး အလီအက်ခ်ဘာဆာလီဟီတို့နှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။

*—Ref:AFP*

**စေတနာတိုင်းရင်းဆေးကုခန်း**

**အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ**

လေးဘက်ထုံကျင်ခြင်း၊ အရေပြားအောက် အဖုအကျိတ်ဖြစ်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်ဆစ်ရှိသင့်သည့် ပမာဏထက်များလျှင် အဆစ်မြစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲခြင်းစသော လေးဘက်နာဝေဒနာများ၊ ကြွက်သားများကြုံလှီခြင်း၊ မူမမှန်ခြင်းတို့ကြောင့် အာရုံကြောများပေါ် ဖိမိပြီး ခြေလက်ချောင်းများ၊ ခါးရိုး၊ ဒူးဆစ်၊ ခြေဆစ်၊ ခြေဖဝါး၊ ခြေမျက်စိစသော အစိတ်အပိုင်းများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသော အဆစ်အမျက်ကိုက်ခဲခြင်း ဝေဒနာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့တွင် အရိုးကျိုးပေါင်းတက်ခြင်း၊ ခန္ဓာကိုယ်အတွင်း နေရာအနှံ့ သွေးလည်ပတ်မှုမမှန်ခြင်းသည်လည်း အဆစ်မြစ်ကိုက်ခဲမှုဝေဒနာကို ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသမားတော်သည် အဆင့်မြင့် အစွမ်းထက်သော ဆေးတို့ဖြင့် ခန္ဓာကိုယ်အတွင်းအနှံ့သွေးလေလည်ပတ်မှုကောင်းစေခြင်း၊ အကြောအခြင်များပွင့်စေခြင်းဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို လျှင်မြန် သက်သာပျောက်ကင်းစေပါသည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

**(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)**

**အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉-၄၃၁၇၃၁၈၈**

**ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ**

**Ever Stand**

**ကိုရီးယားသီးသန့်စာသင်ဝိုင်း**

ကိုရီးယားလုပ်ငန်းခွင်ဝင်ခွင့် **(EPS-TOPIK)**

စာမေးပွဲအတွက် သီးသန့် (၇)ယောက်ဝိုင်း

ဦးကျော်သီဟ - B.A (korean) MUFL

***တိုက်(၁၉)၊ အခန်း(၅၀၁)၊ ဝါဝါဝင်းအိမ်ရာ၊***

***ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၇၄၀၂***

**TRADEMARK CAUTION**

F.Hoffmann-La Roche AG, a Company incorporated in Switzerland at 124, Grenzacherstrasse, Basel, Switzerland is the Owner and Sole Proprietor of the following Trademark:-

**ROCHE**

**Reg: 4/4585/1998**
**Reg: 4/3617/2003**
**Reg: 4/7446/2007**
**Reg: 4/3145/2012**

In respect of :"Chemical and Pharmaceutical products of all Kinds."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990 24.May.2012

# "ဖြစ်နိုင်သမျှ ကျွန်တော် မြန်မြန်ထွက်ခွာချင်တယ်"

## တရုတ်နိုင်ငံ၏ အထင်ရှားဆုံး လူ့အခွင့်အရေးလှုပ်ရှားသူ မျက်မမြင်ပုဂ္ဂိုလ် ချင်ကွမ်းချန်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



တရုတ်နိုင်ငံရဲ့ ထင်ရှားတဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်ပြီး မျက်မမြင်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်တဲ့ ချင်ကွမ်းချန်ဟာ မကြာသေးမီကပဲ ဘေဂျင်းရှိ အမေရိကန်သံရုံးထဲ ခြောက်ရက်ခန့် ခိုဝင်ခဲ့ကာ တရုတ်နဲ့ အမေရိကန်နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ရေးအငြင်းပွားမှုတွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ ချင်ဟာ ၎င်းရဲ့ဇာတိပြည်နယ် ရှန်တုန်မှာ ဒေသခံ အာဏာပိုင်တွေရဲ့ 'တစ်အိမ်ထောင် ကလေးတစ်ဦးသာ မွေးဖွားရေးပေါ်လစီ' One Child ပေါ်လစီအရ မိသားစုတွေကို အတင်းအကျပ် ဖိအားပေးမှု၊ အနိုင်ကျင့်ဆက်ဆံမှုတွေကို ဒေသခံတွေနဲ့စုစည်းပြီး ပြန်လည်တရားစွဲဆိုရာက ထောင်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်ပါတယ်။ ဒီနောက်သူ ထောင်ဒဏ်က လွတ်မြောက်ပြီး နေအိမ်အကျယ်ချုပ် ထပ်မံကျခံရပြန်ကာ ထိုမှတစ်ဆင့် မိတ်ဆွေတွေရဲ့အကူအညီနဲ့ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ကန်သံရုံးထဲ ခိုဝင်ခဲ့တာဖြစ်ပါတယ်။ ချင်ရဲ့ သတင်းဟာပြီးခဲ့တဲ့ဧပြီလအတွင်းမှာတော့ လူပြောအများဆုံး နိုင်ငံတကာသတင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ အမေရိကန်နဲ့ တရုတ်တာဝန်ရှိသူတွေဟာ ချင်ကွမ်းချန်ရဲ့ အရေးနဲ့ပတ်သက်လို့ သံတမန်ရေးအရ လျှို့ဝှက်ညှိနှိုင်းမှုတွေ အများကြီးလုပ်ခဲ့ရပြီး နောက်ဆုံးမှာတော့ ၎င်းကို တရုတ်ဘက်က ပြည်ပထွက်ခွာခွင့်ပြုဖို့နဲ့ အမေရိကန်ဘက်ကလည်း နိုင်ငံတွင်း ပညာသင်ကြားခွင့် ပေးအပ်ဖို့ သဘောတူညီမှု ရခဲ့ပါတယ်။ ချင်ကို နယူးယောက်တက္ကသိုလ်က ပညာရှင်ဆု ပေးအပ်ခဲ့ပါတယ်။ ချင်ရဲ့အရေးနဲ့ပတ်သက်လို့ အိုဘားမားအစိုးရရဲ့ ကိုင်တွယ်ပုံကို ရီပက်ဘလေကန်သမ္မတလောင်း မစ်ရွမ်နေက "ရှက်စရာကောင်းတယ်"လို့ ရှုတ်ချခဲ့ပြီး ဒုသမ္မတ ဂျိုးဘစ်ဒန်ကတော့ အမေရိကန်ဟာ ချင့်အတွက် ဗီဇာကို ချက်ချင်းထုတ်ပေးဖို့ပြင်ဆင်ခဲ့ပြီး သူ့အနာဂတ်ဟာ အမေရိကမှာရှိမယ်လို့ ထင်ကြောင်း အင်န်ဘီစီရုပ်သံကို ပြောခဲ့ပါတယ်။

ယခု ဖော်ပြလိုက်တာကတော့ အဲဒီလို ကွန်မြူနစ်တရုတ်နိုင်ငံရဲ့ နာမည်အကျော်ကြားဆုံး လူ့အခွင့်အရေးလှုပ်ရှားသူ ချင်ကွမ်းချန်ကို မကြာသေးမီက ဘေဂျင်းရှိဆေးရုံတစ်ခုမှာ ဆေးကုသနေစဉ်အတွင်း ဂျာမန်မီဒီယာ စပိုင်းဂဲလ်က တယ်လီဖုန်းနဲ့လှမ်းဆက်သွယ်မေးမြန်းထားတဲ့ အင်တာဗျူးပဲဖြစ်ပါတယ်။ စပိုင်းဂဲလ်ရဲ့အဆိုအရ သူတို့အင်တာဗျူးပြုလုပ်စဉ် ဖုန်းဆက်သွယ်မှုဟာ အကြိမ်ပေါင်းများစွာ ပြတ်တောက်တာ ကြုံခဲ့ရတယ်ဆိုပါတယ်။

**မစ္စတာချင်။ ခင်ဗျားဘယ်လိုနေပါသလဲ။**

ကျွန်တော် အိပ်ရာထဲမှာလှဲနေတာပါ။ သိပ်အကောင်းကြီးတော့မဟုတ်ဘူးပေါ့။ ပြီးတော့ ဒီတယ်လီဖုန်းဆက်သွယ်မှုကို တစ်ကြိမ်ကြိမ်မှာကြားဖြတ်နှောင့်ယှက်နိုင်တာကိုလည်း ကျွန်တော်ကြောက်နေမိတယ်ဗျ။

**ခင်ဗျားကို (သူတို့) ကောင်းကောင်းဆက်ဆံကြပါသလားခင်ဗျ။**

ဟုတ်ကဲ့။ ကောင်းပါတယ်။

**ခင်ဗျားခြေထောက်ရော ဘယ်လိုလဲ။ ဘယ်ဘက်က ဒဏ်ရာရထားတာလဲ။ ဘယ်လိုထိခိုက်ခဲ့တာလဲခင်ဗျ။**

ညာဘက်ခြေထောက်ပါ။ ကျောက်ပတ်တီးကိုင်ထားပါတယ်။ ကျွန်တော်ထွက်ပြေးလာတုန်းက နံရံကို ကျော်တက်ချိန်မှာကျိုးခဲ့တာပါ။ ခြောက်ပတ်ကနေ ရှစ်ပတ်အတွင်းတော့ ကျောက်ပတ်တီးခွာမယ်ပြောပါတယ်။

**ခင်ဗျားဟာ ဘေဂျင်းက အမေရိကန်သံရုံးထဲကနေ ကိုယ့်စိတ်ဆန္ဒအလျောက် ပြန်ထွက်လာခဲ့တာလား။**

(အနည်းငယ်ကြာအောင် အသံရပ်သွားပြီး သက်ပြင်းချသံများကြား)။ ဟုတ်ပါတယ်။ ကျွန်တော် သံရုံးကနေ စိတ်ဆန္ဒအလျောက်ထွက်လာခဲ့တာပါ။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ခြိမ်းခြောက်ခံခဲ့ရပါတယ်။

**ခင်ဗျား ခြိမ်းခြောက်ခံခဲ့ရတာလား။ ဒါမှမဟုတ် ခင်ဗျား မိသားစုလား။**

ဟင့်အင်း။ ခြိမ်းခြောက်ခံရတာ ကျွန်တော်မဟုတ်ပါဘူး။ ကျွန်တော့်မိသားစုပါ။

**တရုတ်ခေါင်းဆောင်ပိုင်းက တကယ်လို့ အမေရိကန်သံရုံးထဲက ထွက်ခွာဖို့ ခင်ဗျားငြင်းဆန်မယ်ဆိုရင် ခင်ဗျားဇာတိ ရှန်တုန်ပြည်နယ်ကို ခင်ဗျားအမျိုးသမီးနဲ့ ကလေးနှစ်ယောက်ကို ပြန်ပို့မယ်လို့ ကြေညာခဲ့တယ်လို့ပြောကြတာရှိပါတယ်။ အဲဒါတကယ်လားခင်ဗျ။**

ဟုတ်ပါတယ်။

**ပြီးတော့ ရှန်တုန်မှာဆို ခင်ဗျား မိသားစုဟာ ကျိန်းသေပေါက်ပဲ အာဏာပိုင်တွေနဲ့ ငှားထားတဲ့ သူလျှိုဒလန်တွေနဲ့ပဲတွေ့မယ်။ သူတို့က ပထမတုန်းက ခင်ဗျားတို့ကို ဆိုးဆိုးရွားရွား ဆက်ဆံခဲ့တယ်နော်။**

ဟုတ်ပါတယ်။

**ခင်ဗျား တရုတ်နိုင်ငံက ထွက်ခွာချင်ပါသလား။**

ဟုတ်ကဲ့။ တရုတ်ကနေ ဖြစ်နိုင်သမျှ ကျွန်တော်မြန်မြန်ထွက်ချင်တယ်။ ကျွန်တော့်မိသားစုတစ်ခုလုံးနဲ့အတူပေါ့။

**ဒီဆေးရုံကို တက်တဲ့လမ်းမှာ ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့လည်း ခင်ဗျား ဖုန်းနဲ့ စကားပြောဖြစ်ခဲ့တယ်နော်။ သူမက ခင်ဗျားကို အာမခံချက်တစ်ခုခုများ မပေးခဲ့ဖူးလား။**

သူပြောသမျှအားလုံးကတော့ တရုတ်အစိုးရက ကျွန်တော့်ရဲ့ပြည်သူ့အခွင့်အရေးတွေကို အာမခံပေးပါလိမ့်မယ်တဲ့။ ဒါပေမဲ့ တရုတ်မှာ ပြည်သူ့အခွင့်အရေးအတွက် ဘာအာမခံချက်မှ မရှိပါဘူး။

**နှစ်ပေါင်းများစွာ ကြာအောင်ပဲ တရုတ်အစိုးရဟာ ခင်ဗျားကို ဒေသခံအာဏာပိုင်တွေက နေအိမ်အကျယ်ချုပ်ချပြီး မတရားဆက်ဆံခဲ့စဉ်မှာ မသိကျိုးကျွံနေခဲ့ပါတယ်။ ဒီတော့ ဒီအစိုးရဟာ အနာဂတ်မှာ ခင်ဗျားရဲ့ လုံခြုံရေးကို အာမခံပေးလိမ့်မယ်လို့ ယုံကြည်ပါသလား။**

ကျွန်တော့်အမြင်အရတော့ ဒီကိစ္စက ယုံဖို့ မယုံဖို့ ကိစ္စမဟုတ်ဘူး။ ကျွန်တော်က အချက်အလက်တွေကို ကိုင်ပြောရတာပဲကြိုက်တယ်။ ကျွန်တော် ဒီဆေးရုံကို စတက်နေကတည်းက ကျွန်တော့်မိုဘိုင်းဖုန်းနဲ့ ဖုန်းခေါ်ရတာပဲဖြစ်ဖြစ် ဖုန်းလက်ခံတာပဲဖြစ်ဖြစ် တော်တော်ခက်ခဲနေခဲ့တယ်။ ကျွန်တော့်မိတ်ဆွေတွေ ကျွန်တော့်ဆီ မလာနိုင်ကြဘူး။ ဒီလိုပဲ။ ကျွန်တော်လည်းပဲ အမေဘာလုပ်နေတယ်ဆိုတာ (ဆက်သွယ်မရလို့) မသိနိုင်ဘူး။ ကျွန်တော့်အတွက် မသေချာမှုတွေအများကြီးဖြစ်နေတယ်။ ဒီလိုနဲ့ နောက်တော့ မိန်းမက ကျွန်တော့်ကို သူအိမ်မှာ ကြုံတွေ့ခဲ့ရတာအားလုံးကို ပြောပြခဲ့တယ်။

**ဒေသခံအာဏာပိုင်တွေက ခင်ဗျားကို လက်စားချေမှာကြောက်နေသလား။**

ဟုတ်ပါတယ်။ ကျွန်တော် စိုးရိမ်တယ်။ သိပ်ကို စိုးရိမ်တယ်။

**ခင်ဗျားက ထိန်းသိမ်းခံနေရာကနေ လွတ်မြောက်ခဲ့တဲ့ ပထမဆုံးသော တရုတ်လူ့အခွင့်အရေးလှုပ်ရှားသူ၊ ပြီးတော့ အခုဆို တရုတ်နိုင်ငံထဲမှာ လွတ်လပ်တဲ့ လူတစ်ဦးအဖြစ် နေထိုင်ခွင့်ပြုခံထားရသူ။ ဒီတော့ ဒါကို ပြောင်းလဲလာမှုလက္ခဏာတစ်ရပ်၊ ဖြစ်နိုင်ဖွယ် ပြုပြင်ပြောင်းလဲရေးတွေဖြစ်မယ့် လက္ခဏာတစ်ရပ်အဖြစ် မြင်မိပါသလား။**

ဒါပေမဲ့ ပြဿနာက ကျွန်တော်က မလွတ်လပ်ဘူးလေ။

**ခင်ဗျားမိတ်ဆွေတွေက ခင်ဗျားဆီ လာလည်ခွင့်မရကြသေးဘူးနော်။ ခင်ဗျားမိန်းမနဲ့ ကလေးနှစ်ယောက်ပဲ ဆေးရုံမှာ ခင်ဗျားနဲ့ရှိနေတယ်နော်။**

ဟုတ်ပါတယ်။ သူတို့ ကျွန်တော်နဲ့ရှိနေတာပါ။

**ခင်ဗျားမိန်းမနဲ့ ကလေးတွေ ရော အပြင်ထွက်ခွင့်ရပါသလား။**

ဟင့်အင်း။

**ထိန်းသိမ်းခံနေရာကနေ ခင်ဗျား လွတ်မြောက်ခဲ့တာဟာ အံ့သြစရာပါပဲ။**

ဟုတ်ပါတယ်။ ကောင်းကင်ဘုံက ကျွန်တော့်ကို ကူညီခဲ့တာပါ။

**သတိမထားမိဘဲ ထွက်ပြေးနိုင်အောင် ခင်ဗျား ဘယ်လိုစီမံခဲ့ပါသလဲ။**

အဲဒါက ဇာတ်လမ်းရှည်ကြီးပါ။ ကျွန်တော်အိမ်ထဲကနေ တွားသွားပြီး ထွက်လာခဲ့တာပါ။

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နဲ့ ဖုန်းပြောဖြစ်တော့ ခင်ဗျားဟာ သိပ်ပျော်သွားခဲ့ပြီး မစ္စကလင်တန်ကို "ကျွန်တော် ခင်ဗျားကိုနမ်းချင်တယ်"လို့ ပြောခဲ့တယ်တဲ့။ ဒါက အနောက်တိုင်းမီဒီယာတွေထဲမှာ အမေရိကန်သံတမန်တွေ ပြောကြတာကို ကိုးကားဖော်ပြခဲ့တာပါ။**

သူတို့ နားကြားလွဲတာပဲဖြစ်ရပါမယ်။ ကျွန်တော် ကလင်တန်ကိုနမ်းချင်တယ်မပြောခဲ့ပါဘူး။ ကျွန်တော် အင်္ဂလိပ်လိုပြောခဲ့သမျှက "I want to see you"("ကျွန်တော်ခင်ဗျားကိုတွေ့ချင်တယ်") လို့ပြောခဲ့တာပါ။ အဲဒါကျွန်တော်ဖြစ်ချင်တာပါ။ ကျွန်တော် သူမကို တွေ့ချင်ခဲ့ပါတယ်။

**မစ္စကလင်တန် ခင်ဗျားဆီ လာလည်မယ်လို့ရော ယုံပါသလား။**

ကျွန်တော် သံရုံးထဲမှာရှိနေတုန်းက သူမ ဘေဂျင်းကိုရောက်နေပါတယ်။ ဒါပေမဲ့ သူ ကျွန်တော့်ကို လာမတွေ့ဘူးဗျ။ အဲဒါက ကျွန်တော့်ကို အများကြီးအံ့သြစေပါတယ်။


**ခင်ဗျား ဆေးရုံမှာဘယ်လောက်ကြာကြာ နေရဦးမလဲ။**

ကျွန်တော် မသိဘူးဗျ။

**ခင်ဗျားရဲ့ တိုင်းပြည်ဟာ ဥပဒေစိုးမိုးမှုကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ကိုယ့်ကိုယ့်ကိုယ် အသွင်ပြောင်းတော့မယ်လို့ ယုံကြည်နေပါသလား ခင်ဗျ။**

ဟုတ်ကဲ့။ အဲဒီလိုထင်ပါတယ်။ ဒါပေမဲ့ အဲဒီ့ပန်းတိုင်ကိုရောက်ဖို့က လူတွေအများကြီး၊ အများကြီးရဲ့ကြီးမားတဲ့အားထုတ်မှုတွေနဲ့လုပ်ဖို့ လိုအပ်နေဆဲပါ။

*—Ref: "I'am Not Free": Spiegel Interview with Chen Guagngcheng*



7DAY NEWS JOURNAL

# Entertainment


Vol.11, No.11 • MAY 24 , 2012

## နမ်းဖို့ ကြိုးစားတဲ့ ဂျာနယ်လစ်ကို ပါးရိုက်လိုက်တဲ့ ဝီလ်စမစ်

**မော်စကို၊ မေ - ၁၉**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် Men in Black III ရုပ်ရှင်စတင်ပြသခြင်း အခမ်းအနားသို့ တက်ရောက်လာသော ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဝီလ်စမစ်အား နမ်းရန်ကြိုးစားခဲ့သည့် အမျိုးသားရုပ်သံသတင်းထောက်တစ်ဦးအား ဝီလ်စမစ်က ပါးရိုက်လိုက်ကြောင်း သိရသည်။

ကော်ဇောနီပေါ်တွင် လျှောက်လှမ်းလာသော မင်းသားအား ယူကရိန်းရုပ်သံ I+1 မှ သတင်းထောက်က ချဉ်းကပ်၍ မင်းသား၏ ပခုံးပေါ် ၎င်း၏လက်ကိုတင်၍ နမ်းရန်ကြိုးစားခဲ့သည်။ သို့သော် မင်းသားက ၎င်းအား တွန်းဖယ်၍ ဘယ်ဘက်လက်ဖမိုးဖြင့် ဖွဖွရိုက်လိုက်သည်။ ယူကရိန်း သတင်းထောက် ဗီတာလီဆီဂျူဒ်က ဝီလ်စမစ်အား ပါးကိုနမ်းရန် ဟန်ပြင်သည်လား နှုတ်ခမ်းကို နမ်းရန် ဟန်ပြင်သည်လားဆိုသည်မှာ မကွဲပြားပေ။ မည်သို့ပင်ဆိုစေ ဝီလ်စမစ်မှာ မော်စကိုမြို့မှသတင်းထောက်၏အပြုအမူကြောင့်တုန်လှုပ်သွားပုံရကြောင်း သတင်းကဆိုသည်။ —Ref: AP



## facebook မင်္ဂလာပွဲ



ဖေ့စ်ဘွတ်ခ်တည်ထောင်သူ အသက် ၂၈နှစ်အရွယ် မတ်ခ်ဇူကာဘက်သည် ကာလရှည်လက်တွဲခဲ့သော ချစ်သူနှင့် မေလ ၂၉ရက်က မင်္ဂလာပွဲဆင်နွှဲခဲ့သည်။ ရိုးရှင်းစွာကျင်းပခဲ့သော မင်္ဂလာပွဲတွင် ဖိတ်ကြားထားသူ ၁၀၀ကျော်သာ တက်ရောက်ခဲ့ပြီး မင်္ဂလာပွဲဓာတ်ပုံများကို သူတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာ အသီးသီးတွင် ဖော်ပြကာ သူတို့နှစ်ဦး၏ ကိုယ်ရေးအချက်အလက်တွင်အိမ်ထောင်ပြုပြီးဟုပြင်ဆင်ခဲ့ကြသည်။ Ref;CNN



မိုးမိုး၊ သားကြီးငြိမ်းစေမိုးနှင့် သားငယ် တေဇမိုး

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# "ပရိသတ်နဲ့ ကျွန်တော် နှစ်ဦးနှစ်ဖက်ကြိုက်အောင်လုပ်ဖို့ မျဉ်းကပါးပါးလေးပဲရှိတယ်"

**မိုးမိုးနှင့် တွေ့ဆုံခြင်း**

ကြူကြူဟန်

**လွန်ခဲ့တဲ့နှစ်လက သားတစ်ယောက် ထပ်မံပိုင်ဆိုင်လိုက်လို့ သားနှစ်ယောက် ဖခင်ဘဝရောက်ရှိခဲ့သော မိုးမိုးနှင့်တွေ့ဆုံဖြစ်ခဲ့သည်။ သူ၏ တတိယမြောက် တစ်ကိုယ်တော်စီးရီးထွက်ရှိသော "အတ္တကြီးနေသည်" တေးစီးရီးအကြောင်း၊ လက်ရှိအနုပညာလှုပ်ရှားမှု၊ ဗိုလ်ချုပ်ရုပ်ရှင် ရန်ပုံငွေပွဲအဖြစ် ကပြမည့် နှင်းဆီအငြိမ့်အဖွဲ့ သား တစ်ယောက်အနေနှင့် သူ၏ခံစားမှုများကို မေးမြန်းဖြစ်ခဲ့ပြီး ချစ်စရာကောင်းသော သားနှစ်ယောက်အတွက် ဖခင်တစ်ယောက်ရဲ့ မျှော်လင့်ချက် စတာတွေကို တွေ့မေးကြည့်ဖြစ်ခဲ့တော့. . .**

**တစ်ကိုယ်တော်စီးရီး သုံးခွေထွက်ပြီး သွားပြီဆိုတော့ ကိုယ်ပိုင်သီချင်းတွေလည်း အများကြီး ရှိနေပြီ။ ဒါကြောင့် တစ်ကိုယ်တော်ဖျော်ဖြေပွဲ (Solo Show) လုပ်ဖို့ စိတ်ကူးမရှိဘူးလား။**

ရှိုးပွဲက ဒီတစ်ခွေပြီးတော့ နောက်နှစ်ခွေပြီးမှ လုပ်မှာပါ။ 'ဒီအတ္တကြီးနေသည်' VCD ထွက်မယ်။ ပြီးတော့ နောက်တစ်ခွေပေါ့။ နောက်တစ်ခွေပြီးတာနဲ့ အခြေအနေကြည့်ရမယ်။ အကောင်းဆုံးတေးများ ထွက်ရင်ထွက်မယ်။ မဟုတ်ရင် Live Show လုပ်ရင်လုပ်မယ်။ အဲ့ဒီနှစ်ခုကို ချိန်နေတာ။ အဲ့ဒါ အတ္တကြီးနေသည် VCD ပြီးရင်ပေါ့။ 'ဓမ္မဓိဋ္ဌာန်-၂' လို့နာမည်က ယာယီပေးထားတာ 'ဓမ္မဓိဋ္ဌာန်-၂'ပြီးတာနဲ့ One Man Show လုပ်ဖြစ်ရင်လုပ်ဖြစ်မယ်။

**ပြီးခဲ့တဲ့လ မန္တလေးမှာ လုပ်တဲ့ စိုင်းစိုင်းမွေးနေ့မှာ ကြုံတွေ့ခဲ့ရတဲ့ ရာသီဥတုအခြေအနေကြောင့် ရှိုးပွဲကို ရပ်လိုက်သလိုဖြစ်သွားတော့ ကိုမိုးမိုးရဲ့ အဆိုတော် သက်တမ်းတစ်လျှောက် ဒီလိုအဖြစ်မျိုး ကြုံခဲ့ဖူးလား။**

မကြုံဖူးဘူး။ မကြုံဖူးဘူးဆိုတာ ဆိုနေတဲ့အချိန်မှာ မကြုံဖူးဘူး။ တစ်သက်မှာ ပထမဆုံးလို့ ပြောလို့ရတယ်။ ရှေ့ပိုင်းမှာ စိုင်းစိုင်းဆိုနေတဲ့ အချိန်မှာလည်း မိုးလည်းမရွာဘူး၊ လေလည်းမတိုက်ဘူး။ ဘာမှမဖြစ်ဘူး။

စာ(၄၉)သို့

## အွန်စောနှင့် ဂျွန်စောကို မြန်မာနိုင်ငံသို့လာရန် ကမ်းလှမ်း

ကြူကြူဟန်

**ရန်ကုန်၊ မေ-၁၈**

တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကျော်အနုပညာရှင်များ ဖြစ်သည့် ဆောင်းဆန်ဟန်(ဂျွန်စော)နှင့် ဆောင်းဟေဂျို(အွန်စော) တို့ကို ယခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ရန် ကမ်းလှမ်းထားကြောင်း ရန်ကုန်ရှိတောင်ကိုရီးယားသံရုံးမှသတင်းရရှိသည်။

"ပထမက ဂူဂျွန်ဖြိုး(လီမင်ဟို)ကို ကမ်းလှမ်းတာ။ သူက မလာနိုင်ဘူးဆိုတော့ အွန်စော၊ ဂျွန်စောကို ခေါ်ဖို့ စီစဉ်ဖြစ်သွားတယ်။ ပြီးခဲ့တဲ့လက စကမ်းလှမ်းဖြစ်တာပါ။ ရှစ်လပိုင်းလောက်ဆိုသေချာသိရပါမယ်"ဟု တောင်ကိုရီးယားသံရုံးမှ စီးပွားရေးအရာရှိဦးထွန်းထွန်းက ပြောသည်။





ဂျွန်စောနှင့် အွန်စောသည် 'ဆောင်းဦးရှက်ကြွေ ချစ်သက်သေ' ဇာတ်လမ်းတွဲဖြင့် မြန်မာပရိသတ်များ၏ အားပေးနှစ်သက်မှုကို ရရှိခဲ့ပြီး၎င်းတို့လာရောက်ဖြစ်ပါက အောက်တိုဘာလတွင်မြန်မာနိုင်ငံသို့လာရောက်ကာ မြန်မာပရိသတ်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

# ကျော်သူကို အနုပညာလုပ်ငန်းများ ပိတ်ပင်ထားခြင်းမရှိဟုဆို

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၉**

နာရေးကူညီမှုအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ရုပ်ရှင်သရုပ်ဆောင်ကျော်သူ၏ အနုပညာလုပ်ကိုင်ခွင့်အား ပိတ်ပင်ထားခြင်းရှိမရှိကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်အဖွဲ့မှ သက်ဆိုင်ရာ အဖွဲ့အစည်းထံ တင်ပြတောင်းဆိုရာ ကျော်သူ၏ အနုပညာလုပ်ကိုင်ခွင့်နှင့်ပတ်သက်ပြီး ပိတ်ပင်ထားခြင်းမရှိဟု ပြန်လည်အကြောင်းပြန်ခဲ့ကြောင်း ရုပ်ရှင်အစည်းအရုံး အမှုဆောင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အစည်းအရုံးတာဝန်ယူရတဲ့အခါ ပိတ်ပင်ထားတဲ့ ဇာတ်ကားတွေကိစ္စ၊ ပိတ်ထားခံရတယ်လို့ ယူဆရတဲ့ အနုပညာရှင်တွေရဲ့ ကိစ္စတွေကို အမှုဆောင်အဖွဲ့က ဦးဆောင်ပြီးတော့ သက်ဆိုင်ရာရုပ်ရှင်လုပ်ငန်းကို မေးမြန်းတင်ပြပါတယ်။ ကိုကျော်သူကိစ္စကိုလည်း တင်ပြတဲ့အခါ ရုပ်ရှင်လုပ်ငန်းက တရားဝင်စာနဲ့ ပြန်ထုတ်ပေးလိုက်တာပါ" ဟု ၎င်းက ပြောသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ထုတ်ပြန်သည့်စာတွင် သရုပ်ဆောင် ကျော်သူ ရိုက်ကူးသော ဇာတ်ကားတစ်ကားကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဆင်ဆာခွင့်ပြုပေးခဲ့သည်ဟု ပါရှိသည့်အတွက်ကျော်သူ၏ အနုပညာလုပ်ငန်းများအပေါ် ပိတ်ပင်ထားခြင်းမရှိဟုယူဆရမည်ဖြစ်ကြောင်းသိရသည်။ ကျော်သူသည် ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ၎င်းပါဝင်ထားသော အနုပညာလုပ်ဆောင်ချက်များအားလုံးကို ယခုနှစ်စပိုင်းထိ ပိတ်ပင်ခံထားရပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင်းကပြုလုပ်ခဲ့သော Freedom of Expression ရုပ်ရှင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် Short Film (ရုပ်ရှင်ဇာတ်လမ်းတို) တစ်ပုဒ် ရိုက်ကူးခဲ့သည်။ ကျော်သူသည် 'တစ်ပြည်သူမရွှေထား' ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ 'အမေ့နို့ဖိုး' ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု၊ ဒါရိုက်တာဆုတို့ရရှိထားသူလည်းဖြစ်သည်။

# ဆယ်ကျော်သက်များအကြိုက် ဆုများစာရင်းတွင် Vampire Diaries နှင့် American Idol ဇာတ်လမ်းများ ဦးဆောင်


**ဆန်ဖရန်စစ္စကို၊ မေ - ၁၉**

၂၀၁၂ ခုနှစ်အတွက် ဆယ်ကျော်သက်များအကြိုက် ဆုပေးပွဲတွင် 'The Vampire Diaries'ဇာတ်လမ်းတွဲက စိုးမိုးထားပြီး ယင်းဇာတ်လမ်းတွဲအား အဓိကစိန်ခေါ်မည့် ဇာတ်လမ်းမှာလည်း သွေးစုပ်ဖုတ်ကောင်၊ သူရဲ၊ တစ္ဆေများကိုသာ ဦးစားပေးသော 'True Blood'ဇာတ်လမ်းဖြစ်သည်။

အကောင်းဆုံးမင်းသမီးဆုအတွက်လည်း The Vampire Diaries ဇာတ်လမ်းတွဲ ခေါင်းဆောင်မင်းသမီး နီနာဒိုဗရက်ဗ်နှင့် ၎င်းနှင့်တွဲဖက်သရုပ်ဆောင်သူ ကက်ထရီနာဂရေဟမ်ကို ဦးဆောင်နေသည်။ အကောင်းဆုံးမင်းသားဆုအတွက်လည်း Vampire ဇာတ်ကားမှ ခေါင်းဆောင်မင်းသား ဆိုမာဟယ်လ်ဒါကပင် ဦးဆောင်နေသည်။

လူကြိုက်များသော အခြားအစီအစဉ်တစ်ခုမှာ 'American Idol'ဖြစ်ပြီး ဆုငါးမျိုးအတွက် အမည်စာရင်းတင်သွင်းခံထားရသည်။ ယင်းဇာတ်လမ်းနှင့် ယှဉ်ပြိုင်မည့်ဇာတ်ကားများမှာ 'The Voice'၊ 'The X Factor (US)'တို့ဖြစ်သည်။

ဆယ်ကျော်သက်များအကြိုက် ဆုရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သော ဂျနဖာလိုပက်ဇ်နှင့် စတီဗင်တိုင်လာတို့မှာလည်း ရုပ်သံတွင် ကျော်ကြားသူဆုများအတွက် လျာထားခံရသည်။



Vampire Diaries သရုပ်ဆောင်များ

—Ref: Hollywood Reporter







**TRADEMARK CAUTION**

Prudential IP Services Limited a company incorporated in United Kingdom at Laurence Pountney Hill, London EC4R 0HH, United Kingdom is the Owner and Sole Proprietor of the following Trademark:-

"A" PRUDENTIAL Long-term thinking (colour version)

"B" PRUDENTIAL Long-term thinking (black & white version)

**Reg:No.4/2517/2012**

In respect of : Class 16 :Paper, cardboard and goods made from these materials, not included in other classes; printed matter; bookbinding material; photographs; stationery; adhesives for stationery or household purposes; artists' materials; paint brushes; writing materials; typewriters and office requisites [except furniture]; instructional and teaching material [except apparatus]; plastic materials for packaging (not included in other classes); printers' type; printing blocks; writing implements and colouring implements; erasers; notepads; rulers; books; handbooks [manuals]; magazines [periodicals]; printed publications; newspapers; newsletters; journals; carbon paper; paper towel; cardboard tubes; bookbindings; ink; sealing stamps; hand-rests for painters; printing sets, portable [office requisites]; pastels [crayons]; modelling materials; rosaries.

Class 35 :Advertising; business consultancy; publicity services; accounting services; business management; real estate auctioneering services; maintenance of registers; management, maintenance and updating of shareholder records; company management [for others]; company secretarial services; data processing and data verification services; data storage and retrieval services; updating of information on a computer database; personnel management consultancy and administration services; payroll system consultancy and administration services; the provision of administration services to others in connection with life insurance schemes, medical insurance schemes, major medical expenses insurance schemes, schemes of insurance cover for non-medical expenses incurred during time in hospital, dental treatment and expenses insurance schemes, optical treatment and expenses insurance schemes, unemployment insurance schemes and disability protection insurance schemes; the provision of administration services to others in connection with medical expenses trusts and other non-insurance schemes for the provision of medical expenses benefits; sales promotion [for others]; import-export agencies; procurement services for others [purchasing goods and services for other businesses]; employment agencies; relocation services for businesses; systemisation of information into computer databases; rental of vending machines; sponsorship search; business administration; office functions; business management services relating to charitable services, education services, social welfare services, academic scholarship and community services; business management and organisation consultancy; business management assistance; advisory services for business management; business research.

Class 36 :Insurance; assurance; financial services; unit trust services; real estate agency services, management, administration and valuation services; financing and procurement of financing; loan advice; loan procurement; capital administration services; property administration and advice; financial administration services; actuarial services; mortgage, banking, investment management, trustee and financial advisory services; nominee services; provision of finance; financing services for securing of funds; pension fund administration; services for the financing of home loans; valuation of chattels; deposit taking services; funds transfer services; brokerage agencies for insurance and credit; financial services relating to lotteries; handling subscriptions and offerings of securities; credit sales; guarantees and sureties; accommodation agencies and agencies for the recovery of debts; financial reports; deposits, credits and savings societies; management of wealth; financial management consultancy and administration services; medical insurance; critical illness insurance; major medical expenses insurance; insurance cover for non-medical expenses incurred during time in hospital; dental treatment and expenses insurance; optical treatment and expenses insurance; life insurance; unemployment insurance; disability protection insurance; the provision of contracts of insurance offering non-financial benefits; advice on finance during retirement; advice on finance for retirement; advice relating to investment during retirement; advice relating to investment for retirement; financial advisory services relating to retirement plans; financial management services relating to retirement homes; retirement payment services; financial analysis; financial forecasting; financial management; financial planning; financial portfolio management; financial research; charitable fund raising; management of charitable funds; provision of finance for education services, social welfare services, academic scholarship and community services; asset management; information and advisory services relating to the above services.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

24.May.2012

## စာ – ၄၇၊ မိုးမိုးနှင့်တွေ့ဆုံခြင်း မှ

ကျွန်တော်စဆိုပြီ။ စင်ပေါ်စတက်ပြီး ရှေ့ပိုင်းမှာလည်းဟော်လိုဂစ်တာနဲ့စဆိုတာ အားလုံး Are you ready ဆိုပြီး မီးပန်းတွေ ဖောက်ချလိုက်ပြီးတော့ ဒိန်းဆို ရပ်သွားတယ်။ Audio System အကုန်လုံး ရပ်သွားပြီးတော့ မီးတွေကတော့ လင်းနေတယ်။ လျှပ်စစ်မီး ချို့ယွင်းသွားရင် မီးတွေရော အသံတွေရော ပျက်သွားရမှာလေ။ လူတွေက စင်ပေါ်မှာ ထင်းထင်းကြီး ကျန်နေတယ်။ ၁၅ မိနစ်၊ မိနစ် ၂၀ လောက်ခဏနားလိုက်ရတယ်။ အဲ့ဒီအချိန်အတောအတွင်းမှာ တစ်ခါမှ မအော်ဘူးတဲ့ မိုးမိုးဆိုပြီး အော်သံကြားရတယ်။ အားလုံးဝိုင်းထိန်းကြတယ်။ စဆိုပြီး နှစ်ပုဒ်ဆိုပြီးပြီးချင်းမှာမိုးသီးတွေကြွေလာတယ်။ လေတွေတိုက်လာတယ်။ ကျွန်တော်ဆိုတယ်။ ကျွန်တော်ရှေ့မှာ ဆိုနေတယ်။ စိုင်းစိုင်းရဲ့ စက်ရုပ်ခေါင်းပြုကျလာတာလည်း မသိဘူး။ ကျွန်တော်တစ်ယောက်တည်းရှေ့မှာဆိုနေတဲ့အချိန်မှာစင်ကြီးက ၃၅ ပေလောက်ကို ယိုင်ပြီးတော့ပြိုကျတော့မယ်။ အဲ့ဒါလည်း ကျွန်တော်မသိဘူး။ သီချင်းဆိုနေတဲ့အချိန်မှာသီချင်းဆိုချင်တဲ့ ဇောကပ်နေတော့ ဘာမှခေါင်းထဲမှာ မရှိဘူး။

**■ ကိုမိုးမိုး ပါဝင်သရုပ်ဆောင်ထားတဲ့ "ချစ်သူလက်ဖဝါးနဲ့ နမ်းသွားတဲ့ပါး"ဇာတ်ကားကို ပရိသတ်တွေက သဘောကျကြတယ်။ ဇာတ်ကားရွေးချယ်မှု၊ ရိုက်ကူးမှုကိုဘယ်လိုပုံစံ လုပ်သွားဖို့ရှိလဲ။**

ပွင့်ပွင့်လင်းလင်းပြောရင် ရုပ်ရှင်ရိုက်တာကို စီးပွားဖြစ်တစ်ခုအနေနဲ့ စိတ်ကူးပါတယ်။ ဒါပေမဲ့ စီးပွားဖြစ်မလာဘူး။ စီးပွားဖြစ်မလာဘူးဆိုတော့ ဆက်တိုက်ရိုက်မယ့်ကုမ္ပဏီ၊ ဆက်တိုက်ရိုက်မယ့် အခြေအနေတွေ အကြောင်းကြောင်းကြောင့် ပျက်ပျက်သွားတယ်။ ဒါပေမဲ့ ကျွန်တော် ရိုက်လိုက်တဲ့ဇာတ်ကားတွေသည်တစ်ခုခုတော့ တင်ကျန်ရစ်ရမယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့၊ ဇာတ်လမ်းကိုရွေးလာတယ်။ နောက်ပိုင်းမှာ ဆက်တိုက်မရိုက်ရမယ့် အတူတူ ရိုက်မယ့်ကားတစ်ကားဆိုတစ်ကားပရိသတ်ရင်ထဲမှာကိုအပြည့်ထည့်နိုင်တဲ့ပိုင်နယ်တီဘောတွေပဲဖြစ်ဖို့စဉ်းစားတယ်။

**■ ခေါင်းဆောင်မင်းသားအနေနဲ့ ကမ်းလှမ်းထားတာရှိလား။ အစ်ကိုကရော သရုပ်ဆောင်ဖို့ အစီအစဉ်ရှိလား။**

ခေါင်းဆောင်ဆိုတာထက် အပြိုင်တွေတော်တော်များတယ်။ ဒုတိယ မင်းသားအနေနဲ့ ရိုက်တာတောင် နည်းတယ်။ အဆိုတော်ဖြစ်တဲ့အတွက် Second မင်းသားအနေနဲ့ ရိုက်ဖို့က ဒီဘက်မှာ နည်းနည်းခက်ခက်ခဲခဲ ဖြစ်သွားတယ်။ အဲ့ဒါကြောင့် မရိုက်ဖြစ်တာပါ။ ရှားရှားပါးပါး ဒရမ်မာ နှစ်ကား ရိုက်ဖူးတယ်။ ကျွန်တော်ရိုက်တဲ့ဇာတ်ကားက တော်တော်များများက အပြိုင်တော့သွားတာများတယ်။ ခေါင်းဆောင်မင်းသားရွေးချယ်ဖို့က တော်တော်များများက ဒုတိယအနေနဲ့ သွားပြီးတော့မှ ရောက်ကြတာများတယ်။ ခေါင်းဆောင်အနေနဲ့ ကမ်းလှမ်းလာရင် ရိုက်ဖို့က အဆင်သင့်ပါပဲ။ မိုးမိုးနဲ့ ရိုက်ဖို့အတွက် မိုးမိုးနဲ့ စကားပြောဖို့အတွက် တချို့လူတွေက ပြောရဆိုရ တအားကျပ်တယ်လို့ ပြောကြတယ်။ အဲ့ဒီလိုလူမျိုးတွေသည် ကျွန်တော်နဲ့ စကားမပြောဖူးဘူးနဲ့ တူပါတယ်။ ကျွန်တော့်ကို တကယ်စိတ်ဝင်စားပြီးတော့ ဒီအလုပ်ကိုလုပ်ဖို့တစ်နာရီလောက်ပဲ ကျွန်တော်နဲ့အချိန်ပေးပြီး စကားပြောဖို့လုပ်ဖို့ ကမ်းလှမ်းပါတယ်။ မိုးမိုးက အဲ့ဒီလောက်ထိ စကားပြောကျပ်တဲ့အထဲမှာ မပါပါဘူးလို့။

**■ 'နှင်းဆီ' အဖွဲ့အနေနဲ့ ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးအတွက် ရန်ပုံငွေရှာတဲ့အနေနဲ့ အငြိမ့်ကဖို့ အစီအစဉ်က ဘာတွေဆက်ပြီး လုပ်ဖြစ်နေပါသလဲ။**

အငြိမ့်က ဇွန်လထဲမှာက ဖြစ်ဖို့များပါတယ်။ ဇွန်လနောက်ဆုံးပတ်မှာ ပထမက သရဲလေးကောင်ကို ပြန်ပြီး new version လုပ်မယ်စဉ်းစားတာ သရဲတွေဖြစ်တဲ့အတွက် အဓိက ကျွန်တော်တို့ကို ကြိုက်တာကလေးတွေများတယ်။ ကျွန်တော်တို့စတွက်လာတဲ့အချိန်မှာသရဲဆိုတော့တချို့ကလေးတွေက လန့်ကြတာရှိတယ်။ အဓိက က ကျွန်တော်တို့ အငြိမ့်ပေါက်တာက ကိုကြံ့ပြောပုံအရဆိုရင် စဉ်းစားမိတာက ကလေးပရိသတ်များတယ်။ အဓိက အငြိမ့်ပေါက်ရခြင်းရဲ့ ကျေးဇူးရှင်က ကလေးတွေများတယ်။ ၅၀ ရာခိုင်နှုန်းက ကလေးတွေပဲ၊ ၅၀ ရာခိုင်နှုန်း ကြောက်သွားမယ့် အလုပ်ကိုလုပ်ဖို့၊ မလုပ်ဖို့ စဉ်းစားပါတယ်။ ဗိုလ်ချုပ်ရန်ပုံငွေအတွက် ကတဲ့နေရာမှာ ပုံစံတစ်မျိုး စီစဉ်ထားတယ်။ သုံးရက်ကမယ်ဆိုရင် အခြေအနေကြည့်ပြီးတော့ ရန်ပုံငွေကို ဘယ်လို လှူသင့်တယ်၊ ဘယ်လိုလှူရင် ကောင်းမလဲ စဉ်းစားတာပေ့ါ။

**■ 'အတ္တကြီးနေသည်'စီးရီးအပေါ် ပရိသတ် တုံ့ပြန်မှုအားကို အားရကျေနပ်မှုရှိပါသလား။**

'တနင်္ဂနွေမိုးရေစက်များ'တုန်းကလည်း တစ်ခါကြုံပြီးပြီ။ 'ကြယ်'တုန်းကလည်း တစ်ခါကြုံပြီးပြီ။ ဒီတစ်ခေါက် Audio ခွေထွက်တဲ့အချိန်မှာတော့ ကျွန်တော်တို့ မျှော်လင့်သလို အများကြီးဖြစ်မလာဘူး။ ဒါပေမဲ့ အမာခံပရိသတ်တွေရှိတယ်။ ပရိသတ်တစ်ယောက်ကကြိုက်တယ်လို့ပြန်ပြောတာကို ခံစားရတယ်။ သိတယ်။ အဲ့ဒီအတွက် ကျေနပ်ပါတယ်။

**■ ဒီစီးရီးကို ကိုယ်တိုင် ပရိသတ်တစ်ယောက်လို ခံစားပြီး ပြန်နားထောင်ဖြစ်တဲ့ အခါမှာရော ကိုယ်လုပ်ခဲ့တဲ့အပေါ် အပြည့်အဝ ကျေနပ်ခံစားရပါသလား။**

ကျွန်တော် စလုပ်တည်းက ပရိသတ်နေရာက ယူထားတာ ၅၀ ရာခိုင်နှုန်းရှိပါတယ်။ ကျွန်တော်ကြိုက်အောင်လုပ်တာလည်းလွယ်တယ်။ ပရိသတ်ကြိုက်တာကို လုပ်တာလည်းလွယ်တယ်။ ပရိသတ်နဲ့ ကျွန်တော်နဲ့ ကြိုက်အောင် နှစ်ဦးနှစ်ဖက်ကြိုက်အောင်လုပ်ဖို့က မျဉ်းကပါးပါးလေးပဲရှိတယ်။ အဲ့ဒီအပေါ်မှာ ရပ်ပြီးအမြဲတမ်းစဉ်းစားတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်ပရိသတ်တွေ ကျေနပ်မယ်လို့ မျှော်လင့်တယ်။ ပရိသတ်တစ်ယောက်အနေနဲ့ ခံစားပြီးတော့ ဒီအယ်လ်ဘမ်ကို တည်ဆောက်ထားပြီးတော့ ကိုယ်က အခုကျမှ ပရိသတ်တစ်ယောက်အနေနဲ့ ခံစားရင် ကောင်း၊ မကောင်းဘူးဆိုတာ ခွေထွက်ပြီး သွားပြီလေ။ ပြန်ပြီး ဆုံးဖြတ်လို့ မရတော့ဘူး။ ခွေမထွက်ခင်တည်းက ပရိသတ်တစ်ယောက်အနေနဲ့ဝင်ပြီး ခံစားခဲ့တယ်။ ကိုယ့်အခွေကိုကြိုက်တယ်။

**■ အခုလက်ရှိရထားတဲ့ အနုပညာသမားဘဝမှာ ဘာတွေ ထပ်ပြီးဖြည့်စွက်ရမယ်လို့ ထင်ပါသလဲ။**

ပိုက်ဆံ၊ စီးပွားတောင့်တင်းမှု၊ အနုပညာတစ်ခု အားကောင်းဖို့အတွက် ငွေကြေးဖြစ်နေပါတယ်။ ကျွန်တော် အနုပညာကို ဒီထက်ပိုပြီး လက်ရာမြောက်အောင် ဖန်တီးချင်ရင် တစ်ဖက်ကနေ စီးပွားကိုလည်း ရှာရမယ်လို့ ယူဆထားတဲ့အတွက် စီးပွားရှာနေပါတယ်။ တခြားလုပ်ငန်းပေ့ါ။ အကြီးအကျယ်မဟုတ်ပါဘူး။

**■ သားနှစ်ယောက်အဖေဖြစ်လာတဲ့အတွက် တာဝန်ပိုကြီးလာလား။ သူတို့နှစ်ယောက်ကို ဘယ်လိုမျှော်လင့်ထားလဲ။**

လက်ရှိ သားနှစ်ယောက်ကို အဓိက မျှော်လင့်ချက်ကို ပြောပြမယ်နော်။ အကြီးကောင် ကျောင်းမသွားဘူး။ တနလ်ာနေ့ကျောင်းသွားရမယ်။ အဲ့ဒီမျှော်လင့်ချက်က ထိပ်ဆုံးမှာ ရှိတယ်။ သားငယ်က လမ်းလျှောက်တတ်ရမယ်။ စကားပြောတတ်ရမယ်။ အဲ့ဒါအကြီးမားဆုံးမျှော်လင့် ချက်ပဲ။ ကျန်တာ ခေါင်းထဲမှာ ဘာမှမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဟာပြီးမှ ကျန်တာဆက်ရမယ်။

**■ 'အတ္တကြီးနေသည်' VCD ရိုက်နေပြီလား။**

စရိုက်နေပြီ။ ဇွန်လထဲမှာ ပြီးအောင်ရိုက်ချင်တယ်။ ၂၀၁၂ ထဲမှာ ပြီးအောင်ထွက်မယ်။ တော်တော်ကတိပေးထားရတာ ၂၀၁၂ ထဲမှာ ထွက်ဖို့ဆိုတာ ပရိသတ်ကို။

## နိုင်ငံရေးနောက်ခံ "လွမ်းစိမ့်" ဗီဒီယိုဇာတ်ကား ဆင်ဆာခွင့်ပြုချက် ရရှိ



**အေးသူစံ**

**ရန်ကုန်၊ မေ ၁၇**

၁၉၈၇–၈၈ ခုနှစ်ကာလ နိုင်ငံရေးအဖြစ်အပျက်များကို နောက်ခံပြုရိုက်ကူးထားသော 'လွမ်းစိမ့်' ဗီဒီယိုဇာတ်ကားမှာ ၂နှစ်ကျော်ကြာ ဆင်ဆာပိတ်ထားခံရခြင်းမှ မေလ ၉ ရက်တွင် ထောက်ညွှန်ချက်(၂၃)ချက် ဖြတ်တောက်ပြင်ဆင်ပြီး ဆင်ဆာခွင့်ပြုချက်ရရှိခဲ့ကြောင်း ယင်းဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ထားသည့် ဆာတိုရီ ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုဇာတ်ကားတွင် ရဲတိုက်၊ ပြေဇင်၊ အေးမြတ်သူ၊ နို့ဗယ်ကျော်ကျော်တို့ အဓိကပါဝင်ထားသည်။ "အရင်အစိုးရ လက်ထက်မှာတည်းက ဆင်ဆာလွတ်လောက်တယ်လို့ မျှော်လင့်ပြီး ရိုက်ခဲ့တာ။ ဒါပေမဲ့ တကယ်တမ်း ဆင်ဆာတင်တော့ စွပ်စွဲမှုတွေအများကြီး ကြုံခဲ့ရတယ်။ ၈၈ အရေးအခင်းကနေ အနှစ်နှစ်ဆယ်ကြာတဲ့အထိ ကျောင်းသားတွေ ရုန်းကန်ရတဲ့ဘဝကို အစိုးရကို ဝေဖန်ပြစ်တင်တာ၊ ဒေါသတွေ မပါဘဲနဲ့ နူးညံ့သိမ်မွေ့စွာ ရိုက်ပြထားတာပါ" ဟု ၎င်းက ပြောသည်။

'လွမ်းစိမ့်'ကို ပထမအကြိမ် ဆင်ဆာခွင့်ပြုချက်ယူစဉ်က ဆင်ဆာအဖွဲ့မှ '၈၈ ကျောင်းသားအရေးအခင်းမျိုးပြန်လည်ပေါ်ပေါက်လာအောင် လှုံ့ဆော်သည့်ဇာတ်ကား' ဟု စွပ်စွဲသည့်စာ ထုတ်ပြန်ခြင်းခံခဲ့ရသည်။ "အခု ဆင်ဆာလွတ်လာတယ်ဆိုပေမယ့် အပြည့်အဝ ဝမ်းမသာပါဘူး။ အမှန်တရားတွေကိုဖြတ်တောက်ခိုင်းတာဟာ အမှန်တရားကို ဖုံးကွယ်ထားတာပဲ။ ဒါပေမဲ့ အခုဖြတ်တောက်ထားတဲ့ကားကိုပရိသတ်တွေကြည့်ရင် ရင်နင့်အောင်ခံစားရမှာပါ" ဟု ယင်းဇာတ်ကား၏ အဝတ်အစားဒီဇိုင်းနှင့် ထုတ်လုပ်မှုဒီဇိုင်းကို တာဝန်ယူထားသူ ဒါရိုက်တာရီဇော်က ပြောသည်။

'လွမ်းစိမ့်' ဇာတ်ကား ဆင်ဆာခွင့်ပြုချက်ရရှိသည့်အပေါ် ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ချိုတူးဇော်က "လွမ်းစိမ့်" ဟာ အင်္ဂါစုံစုံလင်လင်နဲ့ မွေးဖွားလာတာမဟုတ်ပါဘူး"ဟုထောက်ညွှန်ချက်များစွာ ပြင်ဆင်ဖြတ်တောက်ပြီးမှ ထွက်ရှိလာသည့် လွမ်းစိမ့်ဇာတ်ကားအပေါ် မှတ်ချက်ပြုသည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Marvel's The Avengers | Walt Disney | ၁၈,၁၉၁,၈၀၀ | ၂ |
| ၂။ | American Reunion | Universal Pics. | ၁၄,၂၆၃,၁၀၀ | ၆ |
| ၃။ | Dark Shadows | Warner Bros. Pic. | ၁,၆၀၆,၈၀၀ | ၁ |
| ၄။ | Think Like A Man | Screen Gems | ၈၁,၄၃၂,၈၀၀ | ၄ |
| ၅။ | 21 Jump Street | Columbia TriStar & MGM | ၉၅၆,၆၆၈ | ၉ |
| ၆။ | Project X | Warners Bros. Pic: | ၁,၇၂၀,၆၉၀ | ၁၁ |
| ၇။ | The Five-Year Engagement | University Pic. | ၂၄,၆၂၃,၄၀၀ | ၃ |
| ၈။ | The Lucky One | Warners Bros. Pic. | ၃,၀၇၅,၂၄၀ | ၄ |
| ၉။ | Intouchables | The Weinstein Company | ၅၈,၀၅၅,၀၀၀ | ၁ |
| ၁၀။ | Keep the Fire Burning | N/A | ၃၃၀,၀၄၀ | ၁ |

## Movie Review

### Chernobyl Diaries




ကမ္ဘာလှည့်ခရီးသွားလူငယ်ခြောက်ဦးသည် အများသူငါ သွားရောက်လည်ပတ်နေကျ နေရာများကို မသွားဘဲ လမ်းသစ်ထွင်ရန် ကြိုးစားရင်း စွန့်စားရေးခရီးစဉ်တစ်ခုအတွက် လမ်းညွှန်တစ်ယောက်ငှားလိုက်သည်။ ၎င်းလမ်းညွှန်ကလည်း ချာနိုဘိုင်းနျူကလီးယားဓာတ်ပေါင်းဖိုတွင် အလုပ်လုပ်သော အလုပ်သမားများနေထိုင်ခဲ့ရာ ပရီရက်မြို့သို့ ခေါ်ဆောင်သွားသည်။ နျူဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပြီး ၂၅ နှစ်အကြာမှာပင် လူသူကင်းမဲ့နေသောမြို့အား ခဏတာလှည့်ပတ်ကြည့်ရှုအပြီး ၎င်းတို့အုပ်စု မြို့ထဲတွင်ပိတ်မိနေပြီး လူသူကင်းမဲ့နေသောအခါလူငယ်ခြောက်ဦး ဘာဆက်လုပ်မည်လဲဆိုတာ. . .။

ဒါရိုက်တာ Brad Parker ရိုက်ကူးထားသော ထိတ်လန့်ချောက်ချားစရာ ဇာတ်ကားတွင် Jonathan Sadowski၊ Jesse McCartney၊ Devin Kelly၊ Olivia Taylor Dudley တို့ဦးဆောင်ပါဝင်ပြီး မေလ ၂၅ ရက်နေ့တွင် Warner Bros. က ဖြန့်ချိမည် ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

## စင်ကာပူဖိတ်ခေါ်ဖလား မြန်မာအသင်း ကွာတားဖိုင်နယ်တက်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၂၀

၂၀၁၂ စင်ကာပူဖလားဖိတ်ခေါ်ပြိုင်ပွဲ (RHB Singapore Cup 2012) ပထမအဆင့်ပွဲစဉ်တွင်မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းသည် စင်ကာပူကလပ် ဝုဒ်လန်းစ်ဝယ်လင်တန်အသင်းအား အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ယခုလ ၁၉ ရက်က စင်ကာပူနိုင်ငံ JBS ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်၌ ကမ္ဘောဇအသင်းက (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် ဦးဆောင်ဂိုးအား ပွဲအစ သုံးမိနစ်တွင် စိုးမင်းဦးက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးအား ၅၉ မိနစ်၌ ကွင်းလယ်ကစားသမား ဒူးနက်စ်က သွင်းယူပေးခဲ့သည်။



ဝုဒ်လန်းစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးမှာ ၆၄ မိနစ်တွင် ကိုရီးယားတိုက်စစ်မှူး မူဆွန်ဟိုက သွင်းယူပေးခဲ့ပြီး ပွဲအပြီး၌ ကမ္ဘောဇအသင်းက အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘောဇအသင်းသည် တစ်ပွဲတည်း ရှုံးထွက်ကစားရသော ပထမအဆင့်၌ အနိုင်ရရှိသဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကာ ၎င်းအဆင့်တွင် ဖိလစ်ပိုင်ကလပ် စပါးတပ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များကို နှစ်ကျော့ကစားရမည် ဖြစ်ကာ လာမည့် ဇူလိုင်လအတွင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းနှင့်လှေလှော် မြန်မာဝင်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၁၇

တတိယအကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ (3rd Asian Beach Games) သို့ မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်းနှင့် လှေလှော်အားကစားနှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ တရုတ်နိုင်ငံ Haiyang မြို့တွင် ကျင်းပမည်ဖြစ်ကာ အားကစား ၁၂ မျိုးပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် အမျိုးသားအဖွဲ့လိုက်(Regu)ပြိုင်ပွဲနှင့် အသင်းလိုက် (Team)ပြိုင်ပွဲတွင် စုစုပေါင်း အားကစားသမား ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နဂါးလှေ(Dragon Boat) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀၊ ၅၀၀၊ ၃၀၀၀ (၁၀ တက်) ပြိုင်ပွဲများ၌ အားကစားသမားစုစုပေါင်း ၃၂ ဦးဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

၂ နှစ်တစ်ကြိမ် ကျင်းပသော ၎င်းပြိုင်ပွဲသို့ မြန်မာနိုင်ငံက ၂၀၀၈ ခုနှစ် ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ် နှစ်ခုရရှိခဲ့သည်။

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်တွင် မြန်မာနှင့် ဗီယက်နမ် တစ်အုပ်စုတည်းကျ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၁၉

၂၀၁၂ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၏ အုပ်စုများထွက်ပေါ်လာခဲ့ရာမြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းနှင့်တစ်အုပ်စုတည်း ကျရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အဆိုပါပြိုင်ပွဲကို လာမည့်စက်တင်ဘာလ ၁၃ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကာ အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စု (က)တွင် အိမ်ရှင်ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူအသင်းတို့နှင့် ကျရောက်လျက်ရှိပြီး၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား အသင်းများ ပါဝင်လျက်ရှိသည်။

လက်ရှိ မြန်မာ့လက်ရွေးစင်အသင်းအား ဂျပန်နည်းပြဆရာက ကိုင်တွယ်လျက်ရှိပြီး ဘောလုံးအဖွဲ့ချုပ်သည် MFF အမျိုးသမီးဖလားပြိုင်ပွဲကျင်းပကာ ကစားသမားကောင်းများ ရှာဖွေလျက်ရှိသည်။

မြန်မာအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ၌ ၂၀၀၄၊ ၂၀၀၇ ခုနှစ်တို့တွင် နှစ်ကြိမ် ဗိုလ်စွဲခဲ့ဖူးကာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ပြိုင်ပွဲဗိုလ်လုပွဲတွင်မူ ထိုင်းအသင်းအား (၂-၁)ဂိုးဖြင့် ရှုံးနိမ့်ကာ ဒုတိယနေရာသာ ရရှိခဲ့သည်။

## လက်ရွေးစင်ဘောလုံးအသင်းနှင့် Lotto ဝတ်စုံစပွန်ဆာအတွက် ၈၀ ရာခိုင်နှုန်း သဘောတူညီ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၁၇

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းများတွင် အီတလီအခြေစိုက် အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Lotto အမှတ်တံဆိပ် အားကစားဝတ်စုံများ ဝတ်ဆင်ယှဉ်ပြိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံ လက်ရွေးစင်အချို့နှင့် ကလပ်အသင်းများစွာတို့ဝတ်ဆင်လျက်ရှိသည့် Lotto အမှတ်တံဆိပ်နှင့် ၈၀ ရာခိုင်နှုန်းခန့် သဘောတူညီမှု ရရှိထားပြီးဖြစ်ကာ နောက်ဆုံးအဆင့် ဆွေးနွေးရန်သာ ကျန်ရှိတော့ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မြန်မာလက်ရွေးစင်အသင်းတွေ Lotto အမှတ်တံဆိပ်ဂျာစီတွေ ဝတ်ဆင်ယှဉ်ပြိုင်ရဖို့ သေချာသလောက်ရှိနေပါပြီ။ နောက်ဆုံးအဆင့် ဆွေးနွေးဖို့ပဲ ကျန်တော့တာပါ။ ဟိုဘက်ကို အကြံဒီဇိုင်းတချို့လည်း ပို့ထားပြီးပါပြီ” ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ယခုလ ၁၇ ရက်ကပြောသည်။

မြန်မာ့လက်ရွေးစင် အသင်းဂျာစီအတွက် မူလက Umbio အမှတ်တံဆိပ်နှင့် ဆွေးနွေးမှုများ ရှိခဲ့သော်လည်း တာဝန်ရှိသူများ၊ ပရိသတ်တချို့၏ အကြံဉာဏ်များရယူကာ ဈေးနှုန်းပိုမိုသက်သာသည့် Lotto အား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“လာမယ့် ဇွန်လအတွင်း ရန်ကုန်မှာ လက်ခံကျင်းပမယ့် AFC U-22 ခြေစစ်ပွဲမှာ မြန်မာအသင်း Lotto အမှတ်တံဆိပ်ဂျာဆီနဲ့ ယှဉ်ပြိုင်နိုင်အောင် အမြန်ဆုံးဆွေးနွေးမှုတွေ ပြုလုပ်သွားမှာပါ။ ပရိသတ်တွေအတွက်လည်း နိုင်ငံအသင်းဂျာဆီတွေကို သင့်တင့်တဲ့ဈေးနှုန်းတစ်ခုနဲ့ ဝယ်ယူနိုင်မှာပါ” ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

Lotto သည် လက်ရှိတွင် ကော့စတာရီကာ၊ ပနားမား၊ ဘရူနိုင်းစသည့် နိုင်ငံလက်ရွေးစင်အသင်းများအပါအဝင် လက်ရွေးစင်အသင်းအချို့နှင့် ကလပ်အသင်းများစွာတို့အား စပွန်ဆာပေးထားကြောင်း သိရှိရသည်။




## စင်ကာပူ၊ မြန်မာ ပူးတွဲရေကူးလေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၁၇

အားကစားသမား ၉ ဦးပါဝင်သော မြန်မာရေကူးအဖွဲ့သည် စင်ကာပူနိုင်ငံ၌ နှစ်ပတ်ကျော်ကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ကာ အရှေ့တောင်အာရှ ဖိတ်ခေါ်ရေကူးပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ စာ(၅၂)သို့

Education MALAYSIA

Education Malaysia Exposition

# 26-27 MAY 2012

**Grand Ballroom, The Strand Hotel Yangon • 1PM - 6PM**

Meet representative from **TOP MALAYSIAN** Universities & Colleges
for **UNDERGRADUATE + POSTGRADUATE** course



Fantastic Prizes to be won at every hour
"နာရီအလိုက်ဆုမဲများ"




Computer Gaming Competition - Test your driving skills
"ကွန်ပျူတာဂိမ်းပြိုင်ပွဲများ"



FREE English Test - How good is your English ?
"အခမဲ့အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲများ"

Register online
www.facebook.com/expoyangon
Further information
09 506 2891

MobiTel **Authorized Master Distributor for Samsung Mobile**

မြန်မာနိုင်ငံအတွက် Samsung မှ အသိအမှတ်ပြုခန့်အပ်ထားသော တရားဝင်ဖြန့်ချီရေးကိုယ်စားလှယ်တစ်ဦးဖြစ်သည့် Mobitel မှ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး Samsung Brand Shop ကို တော်ဝင်စင်တာ တတိယထပ်တွင် မေလ(၁၂) ရက်နေ့မှစတင်၍ Grand opening အဖြစ် စတင်ဖွင့်လှစ်ရောင်းချခြင်း ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း Samsung Mobile သုံးစွဲသူ customer များအား အသိပေးအပ်ပါသည်။








Samsung Handsets များကိုပြင်ပဆိုင်များတွင် ဝယ်ယူလျှင် Samsung မှတိုက်ရိုက်ပေးအပ်ထားသော 1 year warranty ပါရှိခြင်း ရှိ/မရှိ မေးမြန်း၍ Samsung Original Handsets များကိုသာဝယ်ယူအသုံးပြုကြပါရန် Samsung ပစ္စည်းများကို အစဉ်အားပေးနေသော Customer များကို Samsung Show Room မှ တိုက်တွန်းပါသည်။
Samsung မှ တိုက်ရိုက်ပေးအပ်သော Samsung Manufacturer Warranty (1 Year Warranty) Samsung စက်ရုံမှ တိုက်ရိုက်ပေးအပ်သော တစ်နှစ်အပြည့်အဝ အာမခံစစ်စစ်ဖြစ်သည့် အာမခံကတ်ပြားပါရှိသော ဆမ်ဆောင်း original Handsets များကို ဝန်ဆောင်မှုအပြည့်ပါသော After Sales Service များဖြင့် ဝန်ဆောင်မှုအပြည့်ပေးသွားပါမည်။

၄၀၅၆၊ တတိယထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၂၀၀ ၆၀၅၃၀

7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# ကျပန်းစစ်တုရင် ကစားနည်းအတွက် ပဏာမလက်ရွေးစင် ရွေးချယ်မည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၁၇**

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် ကျပန်းစစ်တုရင် အားကစားနည်းအတွက် ပဏာမလက်ရွေးစင် ရွေးချယ်မည့် ပြိုင်ပွဲအား ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို မေလ ၂၈ ရက်မှ ဇွန်လ ၅ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

ကျပန်းစစ်တုရင် (Fischer Random Chess 960)ကစားနည်းအား ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ကျပန်းစစ်တုရင် ကစားနည်းမှာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ကစားနည်းကဲ့သို့ နယ်နှင့် ကစားကောင်များ ရွှေ့ကစားနည်း အတူတူပင် ဖြစ်သော်လည်း မူလပွဲစ အနေအထားမှာ တူညီမှုမရှိကြောင်း၊ ၎င်းစစ်တုရင် ကစားနည်းတွင် အပြည်ပြည်ဆိုင်ရာစစ်တုရင်ကဲ့သို့ နယ်ရုပ်များ တည်ရှိပုံတူညီသော်လည်း ကစားကောင်များတည်ရှိပုံမတူညီကြောင်း၊ မူလပွဲစ အနေအထား ၉၆၀ ရှိ၍ ပြိုင်ပွဲစတင်ချိန်တွင် မူလပွဲစအနေအထား ၉၆၀ မှ တစ်ခုအား မဲနှိုက်၍ ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရှိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မေလ ၂၆ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံး(အောင်ဆန်းကွင်း)သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးမှာ တစ်ဦးလျှင် ကျပ်နှစ်ထောင်ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်၊ ကျပန်းစစ်တုရင်၊ ပြောင်းရွှေ့စစ်တုရင်၊ မြန်မာ့ရိုးရာစစ်တုရင်၊ အာဆီယံစစ်တုရင်ပြိုင်ပွဲအမျိုးအစားငါးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။




# လန်ဒန်အိုလံပစ်တွင် အားကစားနည်းလေးမျိုး မြန်မာ ဝင်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၁၉**

၂၀၁၂ ခုနှစ်၊ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲသို့မြန်မာနိုင်ငံမှ အားကစားနည်းလေးမျိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၁၂ ရက်အထိ ကျင်းပမည် ဖြစ်ပြီး၊ မြန်မာနိုင်ငံမှ မြားပစ်၊ သေနတ်ပစ်၊ လှေလှော်၊ ပြေးခုန်ပစ် အားကစားနည်းလေးမျိုးတွင် အားကစားသမား စုစုပေါင်း ငါးဦးဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြားပစ်အားကစားနည်းတွင် နေမျိုးအောင်က အမျိုးသား (Recurve) တစ်ဦးချင်းပြိုင်ပွဲတွင်လည်းကောင်း၊ သေနတ်ပစ်ပြိုင်ပွဲတွင် မောင်ကြူးက ပစ္စတိုပြိုင်ပွဲတွင်လည်းကောင်း၊ လှေလှော်အားကစားနည်းတွင် ရွှေဇင်လတ်က တစ်ဦးချင်း အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင်လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းတွင် နီလာ စန်း (မာရသွန်ပြိုင်ပွဲ) နှင့် သက်ဇော်ဝင်း(မီတာ ၄၀၀ ပြိုင်ပွဲ) တို့၌လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အထက်ပါ အားကစားနည်းလေးမျိုးအပြင် တိုက်ကွမ်ဒို၊ ဂျူဒို၊ ရေကူးအားကစားနည်းများ ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် လျှောက်ထားမှု ပြုလုပ်ထားပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ အတည်ပြုချက် စောင့်ဆိုင်းနေကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရက်ပေါင်း ၆၀ ကျော်သာ လိုတော့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ မီးရှူးတိုင်အား အိုလံပစ်ပြိုင်ပွဲများ စတင်မွေးဖွားရာ ဂရိနိုင်ငံမှ စတင်ကာ သယ်ဆောင်လျက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

## စာ(၅၀) - စင်ကာပူ၊ မြန်မာ ပူးတွဲရေကူးလေ့ကျင့်မည် မှ


မြန်မာရေကူးအားကစားအဖွဲ့သည် မေလ ၂၃ ရက်မှ ဇွန်လ ၁၂ ရက်အထိ စင်ကာပူနိုင်ငံ Speediswim Aquatic Centre တွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ဇွန်လ ၁၃ ရက်မှ ၁၇ ရက်အထိ စင်ကာပူ Sports School တွင် ကျင်းပပြုလုပ်မည့် ပထမအကြိမ် အရှေ့တောင်အာရှဖိတ်ခေါ်ရေကူးပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ယခင်က အစဉ်အလာရှိခဲ့သည့် ရေကူးအားကစားနည်းအား အောင်မြင်မှုပြန်လည်ရရှိနိုင်ရန် မြန်မာနိုင်ငံ ရေကူးအားကစားအဖွဲ့ချုပ်မှ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုသွားရောက်မည့်အားကစားသမားများအားလုံးသည် အသက် (၂၀)ဝန်းကျင် လူငယ်များဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

“လက်ရှိအရှေ့တောင်အာရှရေကူးအားကစားမှာ စင်ကာပူက အဆင့်တစ်ခုရှိပါတယ်။ ဒါကြောင့် ကလေးတွေအတွက် အကျိုးအများကြီးရှိမှာပါ။ လက်ရှိ အနေအထားအရ ဆီးဂိမ်းအတွက်ပြင်ဆင်နေပြီး၊ လာမယ့် အိမ်ရှင် ဆီးဂိမ်းမှာ အောင်မြင်မှုရဖို့ မပြောနိုင်ပေမယ့် နောင်ဆီးဂိမ်းပြိုင်ပွဲတွေအတွက်ကလေးတွေကိုရည်ရွယ်လေ့ကျင့်ပျိုးထောင်သွားဖို့ အစီအစဉ်တွေ ရှိပါတယ်”ဟု အထက်ပါ တာဝန်ရှိသူက ပြောသည်။

ရေကူးအားကစားနည်းတွင် ဆီးဂိမ်းပြိုင်ပွဲ၏ မြန်မာနိုင်ငံအတွက် နောက်ဆုံးရွှေတံဆိပ်ကို ၂၀၀၁ ခုနှစ်၊ (၂၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၌ မိုးသူအောင်က ရယူပေးခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012



## ကဒါဖီ၏သားအား လစ်ဗျားတွင် ရုံးတင်စစ်ဆေးလို

**နယူးယောက်၊ မေ - ၁၆**

လစ်ဗျားခေါင်းဆောင်မှူးမာကဒါဖီ၏သား ဆာအစ်အယ်လ်အစ္စလာမ်အား လစ်ဗျားနိုင်ငံမှာပင် ရုံးတင်စစ်ဆေးလိုသည်ဟု လစ်ဗျားအာဏာပိုင်များကပြောကြောင်း နိုင်ငံတကာရာဇဝတ်မှုတရားရုံး တရားရေးအရာရှိ လူးဝစ်မိုရီနိုအိုကမ်ပိုကပြောကြားသည်။

လစ်ဗျား အရာရှိများ၏ တောင်းဆိုမှုကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးကလည်း လက်ခံစဉ်းစားနေသည်ဟု မစ္စတာအိုကမ်ပိုက လုံခြုံရေးကောင်စီအားပြောကြားသည်။

ဆာအစ်အယ်လ်ကဒါဖီနှင့် ကဒါဖီ၏ လုံခြုံရေးအကြီးအကဲဟောင်းဖြစ်သူ အယ်လ်ဆာနူဆီတို့မှာ လူထုအုံကြွမှုအား နှိမ်နင်းရာတွင် ၎င်းတို့ပါဝင်ခဲ့သော အခန်းကဏ္ဍအတွက် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်း စွဲချက်များဖြင့် နိုင်ငံတကာရာဇဝတ်မှုခုံရုံး(ICC)က တရားစွဲဆိုထားသည်။

ICC က စစ်ဆေးနေသောလူများနှင့် အဖြစ်အပျက်များအပေါ် မှာပင် ထပ်မံ၍ စုံစမ်းစစ်ဆေးရန် နိုင်ငံတစ်နိုင်ငံကတောင်းဆိုခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း မစ္စတာအိုကမ်ပိုကပြောကြားသည်။ ၁၉၉၈ ခုနှစ်က ရောမမြို့တွင် ကြေညာခဲ့သော ပဋိညာဉ်အရ တရားရေးကြားနာမှုနှင့် စုံစမ်းစစ်ဆေးမှုများအတွက် သက်ဆိုင်ရာ အမျိုးသားနိုင်ငံများတွင် အဓိက တာဝန်ဝတ္တရားရှိပြီး ICC ၏ကြားဝင်မှုမှာ ပိုမိုပြည့်စုံအောင်ဖြည့်ဆည်းခြင်းဟု ဖော်ပြထားကြောင်း အိုကမ်ပိုကပြောသည်။

ဆာအစ်အား လစ်ဗျားနိုင်ငံမှာပင် ဖမ်းဆီးထားပြီး ဆာနူဆီအား မော်ရီတာနီးယားနိုင်ငံ၌ ထိန်းသိမ်းထားရာ ၎င်းအား လွှဲပြောင်းပေးရန် ICC က တောင်းဆိုထားခြင်းဖြစ်သည်။

—Ref: UPI

## အာဖဂန်နစ္စတန်တပ်ဖွဲ့များအတွက် ကန်ဒေါ်လာသန်း ၃၀၀ ထောက်ပံ့ရန် ဩစတြေးလျကတိပြု

**ကင်ဘာရာ၊ မေ - ၁၆**

အာဖဂန်နစ္စတန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့များက မိမိနိုင်ငံ၏ လုံခြုံရေးကို ပြန်လည်တာဝန်ယူပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်မှစ၍ ဩစတြေးလျနိုင်ငံက ၎င်းတပ်ဖွဲ့များအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာသန်း ၃၀၀ သုံးနှစ်ဆက်တိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အာဖဂန်တပ်ဖွဲ့များအတွက် တစ်နှစ်ကုန်ကျစရိတ်မှာ ကန်ဒေါ်လာလေးဘီလီယံရှိကြောင်းသိရသည်။

အာဖဂန်တပ်ဖွဲ့များအတွက် ယင်းငွေပမာဏ ထည့်ဝင်မည့်အကြောင်းကို မေလ ၂၀ နှင့် ၂၁ ရက်တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ ကျင်းပမည့် နေတိုးနှင့် အမေရိကန်ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ပံ့ကူညီရေးတပ်ဖွဲ့များဆိုင်ရာထိပ်သီးဆွေးနွေးပွဲတွင်တင်ပြသွားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ်နှင့် ကာကွယ်ရေးဝန်ကြီးစတီဖင်စမစ်တို့က ထုတ်ပြန်ကြေညာသည်။

ဩစတြေးလျနိုင်ငံသည် ၂၀၀၉- ၂၀၁၀ မှစ၍ အာဖဂန်တပ်ဖွဲ့များအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာသန်း ၂၀၀ ဖြင့် ငါးနှစ်တာ ထောက်ပံ့ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံလုံခြုံရေးကို မိမိဘာသာ တာဝန်ယူတော့မည်ဖြစ်သည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့များအတွက် ဩစတြေးလျနိုင်ငံက ထည့်ဝင်နိုင်မည့် ငွေပမာဏကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား ဖုန်းဖြင့် ဆက်သွယ်အသိပေးပြောကြားပြီး ဖြစ်သည်ဟု မစ္စတာဂျူလီယာဂီးလာ့ဒ်ကပြောကြားသည်။

—*Ref: AP*

## ရေပိုင်နက်အငြင်းပွားမှုအရေး တရုတ်နှင့် ဂျပန်အာဏာပိုင်များ ဆွေးနွေး

**ဘေဂျင်း၊ မေ - ၁၆**

တရုတ်နှင့်ဂျပန်ပင်လယ်ရေကြောင်း အာဏာပိုင်များသည် နှစ်နိုင်ငံအကြား အငြင်းပွားနေသည့် လူမနေသောကျွန်းစုများအရေး ဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် တာဝန်ရှိသူများအကြား အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုပြုလုပ်နေကြောင်း သိရသည်။

ယင်းနှစ်နိုင်ငံသည် တရုတ်ဘက်က တာယုဟုခေါ်ပြီး ဂျပန်ဘက်က ဆင်ကာကူဟုခေါ်သည့် အရှေ့ပိုင်းတရုတ်ပင်လယ်အတွင်း ကျွန်းစုများနှင့် သဘာဝဓာတ်ငွေ့သိုက်များ ပိုင်ဆိုင်မှုအပေါ် အငြင်းပွား၍ ဆက်ဆံရေးတင်းမာခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံစလုံးမှ နိုင်ငံခြားရေး၊ ကာကွယ်ရေးဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ရေပိုင်နက်ရေးရာ အာဏာပိုင်များသည် တရုတ်ပြည်အရှေ့ပိုင်းဟန်ကျိုးမြို့တွင် ပြုလုပ်သည့် တစ်ရက်ကြာ အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် အကြောင်းရပ်များအပေါ် ကန့်သတ်မှုမထားဘဲ ဆွေးနွေးသွားမည်ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် အဆိုပါအငြင်းပွားနေသည့် ကျွန်းစုအနီး တရုတ်ငါးဖမ်းလှေတစ်စီး၏ ကပ္ပတိန်ကို ဂျပန်ကမ်းခြေစောင့်တပ်များက ဖမ်းဆီးခဲ့ရာမှ နှစ်နိုင်ငံဆက်ဆံရေးအကျပ်အတည်းဖြစ်ခဲ့သည်။ တရုတ်နိုင်ငံသည် ဂျပန်နှင့် ကျွန်းစုများပိုင်ဆိုင်မှုအငြင်းပွားမှုအပြင် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်အတွင်း စပရက်တလီကျွန်းစုများအပါအဝင် ပိုင်နက်များကို အရှေ့တောင်အာရှနိုင်ငံအချို့နှင့်လည်း အငြင်းပွားလျက်ရှိသည်။

—*Ref: AFP*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.11 · MAY 24 , 2012


Photo - AFP

# နေတိုးထောက်ပံ့ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပါကစ္စတန်ထောက်ခံ

**အစ္စလာမာဘတ်၊ မေ – ၁၆**

စစ်ဒဏ်ခံစားနေရသော အာဖဂန်နစ္စတန်နိုင်ငံသို့ ကုန်းလမ်းမှ နေတိုးထောက်ပံ့ရေး လမ်းကြောင်းများအား ခြောက်လတာ ပိတ်ထားခြင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရေး သဘောတူညီချက်ရရှိအောင် လုပ်ဆောင်ရန် တာဝန်ရှိသူများအား ညွှန်ကြားထားပြီးဖြစ်ကြောင်း ပါကစ္စတန်အစိုးရကပြောကြားသည်။

ထောက်ပံ့ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်မည့်ရက်အတိအကျကိုမူ ပါကစ္စတန်က မပြောကြားသေးပေ။ သို့သော် အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ပြုလုပ်မည့် အာဖဂန်နစ္စတန်နှင့်ပတ်သက်သော အစည်းအဝေးသို့ သမ္မတအဇစ်အလီဇာဒါရီ တက်ရောက်မည့်လက္ခဏာများပြသခဲ့သည်။ ယင်းအစည်းအဝေးသို့ ပါကစ္စတန်ခေါင်းဆောင်တက်ရောက်ရန် နောက်ဆုံးအချိန်တွင်မှ နေတိုးက ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ဦး သေဆုံးခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်မှစ၍ အာဖဂန်နစ္စတန်သို့ ဝင်ရောက်သည့် နေတိုးထောက်ပံ့ရေး လမ်းကြောင်းများကို ပါကစ္စတန်ကပိတ်ဆို့ထားခဲ့သည်။

ယင်းအကျိုးဆက်ကြောင့်ပင် အိုစမာဘင်လာဒင်အား ပါကစ္စတန်နိုင်ငံတွင် ဝင်ရောက်သတ်ဖြတ်ခဲ့ခြင်းအတွက် ယိုယွင်းပျက်စီးနေပြီဖြစ်သော ပါကစ္စတန်-အမေရိကန် ဆက်ဆံရေး အခြေအနေအဆိုးဆုံး အခြေအနေရောက်ရှိသွားခဲ့သည်။ ယခုအခါတွင် ပါကစ္စတန်ကရာချိဆိပ်ကမ်းမှနေ၍ အာဖဂန်နစ္စတန်သို့ လက်နက်မဟုတ်သောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ရန် ပါကစ္စတန်နှင့် အမေရိကန်အရာရှိများ ဆွေးနွေးနေကြသည်။

—*Ref: AFP*

# မော်စကို'သိမ်းပိုက်ရေး' စခန်းကို ရဲတပ်ဖွဲ့ဖယ်ရှား

**မော်စကို၊ မေ – ၁၆**

မော်စကိုမြို့လယ်တွင် ရက်သတ္တပတ်တစ်ပတ်ကြာ စခန်းချဆန္ဒပြနေသောနေရာအား ရုရှားအဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့များက ဖယ်ရှားခဲ့ပြီး လူပေါင်း ၂၀ ခန့်ကို ထိန်းသိမ်းကာ အခြားဒါဇင်နှင့်ချီသောလူများကိုစခန်းမှထွက်ခွာသွားစေခဲ့ကြောင်းသိရသည်။

လူထုလှုပ်ရှားမှုနှင့် အရပ်ဘက်စည်းကမ်း ချိုးဖောက်မှုများကိုရပ်တန့်ရန် တရားရုံးက အမိန့်စာထုတ်ပြန်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က မေ ၁၆ ရက်စောစောပိုင်းတွင် ဆန္ဒပြစခန်းအား ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများ စခန်းချရာဝန်းကျင်တွင် နေထိုင်သူအချို့က ဆူညံမှု၊ အမှိုက်သရိုက်နှင့် အနံ့အသက် မကောင်း၍ တရားရုံးတွင် အမှုဖွင့်ခဲ့ပြီးနောက် တရားရုံး၏ အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂျာနယ်လစ် အများအပြား အပါအဝင် ဆန္ဒပြသူများက တင်ပြခဲ့သော စခန်းကို သန့်ရှင်းအောင်ထားပြီး အမှိုက်များ ပြန်လည်ရှင်းလင်းကြောင်း ဖြေရှင်းချက်ကို တရားရုံးက လက်မခံခဲ့ပေ။

ဆန္ဒပြသူများသည် ပန်းခြံအတွင်း မြက်ခင်းများတွင် အခြေချနေထိုင်ခြင်းဖြင့် ရူဘယ်ငွေသန်း ၂၀ အထိ အပျက်အစီးများဖြစ်ပေါ်စေခဲ့ကြောင်း မော်စကိုမြို့အာဏာပိုင်များက ပြောကြားသည်။

ဧင်းယာယီဆန္ဒပြစခန်းများကို မစ္စတာဗလာဒီမာပူတင် သမ္မတရာထူး ပြန်လည်ရယူခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မစ္စတာပူတင်သည် ၂၀၁၂ မေလ ၇ ရက်တွင် ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

—*Ref: The Hindu*

# တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန် မြောက်ကိုရီးယားအရေးဆွေးနွေးမည်

**ဆိုးလ်၊ မေ – ၁၆**

မြောက်ကိုရီးယားနိုင်ငံ၏ မအောင်မြင်သော တာဝေးပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုနောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးရန်အတွက် တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိများသည် လာမည့် ရက်သတ္တပတ်အတွင်း ဆိုးလ်မြို့၌ ဆွေးနွေးပွဲတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား နျူကလီးယားကိုယ်စားလှယ်အကြီးအကဲ လင်ဆွန်နမ်၊ ဂျပန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရှင်ဆူကီဆူဂီယာမနှင့် အမေရိကန်အထူးကိုယ်စားလှယ် ဂလင်းဒေးဗီးစ်တို့ မေ ၂၁ ရက်တွင် တွေ့ဆုံကြမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိအားကိုးကား၍ ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

ဧပြီ ၁၃ ရက် ဒုံးပျံပစ်လွှတ်မှု မအောင်မြင် ဖြစ်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက နောက်ထပ် နျူကလီးယားစမ်းသပ်မှုတစ်ရပ် ပြုလုပ်လိမ့်မည်ဟူသော မှန်းဆချက်များ ကြီးထွားလာသည်။

မြောက်ကိုရီးယားနိုင်ငံကမူ ဒုံးပျံစမ်းသပ်မှုမှာ ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ဂြိုဟ်တုတစ်လုံးလွှတ်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

သို့သော် ဒုံးပျံလွှတ်တင်မှုကို ကုလသမဂ္ဂက ပြင်းပြင်းထန်ထန် ရှုတ်ချပြောဆိုခဲ့ပြီး ယင်းမှာ ပဲ့ထိန်းဒုံးကျည်နည်းပညာစမ်းသပ်မှုပိတ်ပင်ထားခြင်းအပေါ် ချိုးဖောက်ခြင်း ဖြစ်သည်ဟု ပြောဆိုပြီး မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော ပိတ်ဆို့တားဆီးမှုများကို ပိုမိုတင်းကျပ်ခဲ့သည်။

—*Ref: AFP*


Photo - Reuters

# ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် အိုဘားမား အနိုင်ရမည်ဟု အမေရိကန်အများစု ယုံကြည်

**ဝါရှင်တန်၊ မေ – ၁၅**

မကြာသေးမီက ယူအက်စ်အေတုဒေးသတင်းစာစောင်နှင့် ဂဲလပ်အဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်အရ အမေရိကန်လူမျိုး ၅၆ ရာခိုင်နှုန်းက သမ္မတအိုဘားမားသည် ၂၀၁၂ ခုနှစ်တွင်ပြုလုပ်မည့်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရလိမ့်မည်ဟု ယုံကြည်ကြောင်း ဖြေကြားခဲ့သည်။

မေ ၁၀ ရက်မှ ၁၃ ရက် အထိ ကောက်ယူခဲ့သည့် ယင်းစစ်တမ်းတွင် မေးမြန်းခံရသူ ၃၆ ရာခိုင်နှုန်းခန့်ကမူ ရီပက်ဘလေကန်အမတ်မစ်ရွှမ်နေက အိုဘားမားကို ကျော်ဖြတ်ကာ ရွေးကောက်ပွဲ အနိုင်ရမည်ဟု ထင်ကြောင်းဖြေခဲ့သည်။ ထို့ပြင် စစ်တမ်း၌ ဒီမိုကရက်တစ်ပါတီ ထောက်ခံသူ ၈၁ ရာခိုင်နှုန်းက နိုဝင်ဘာရွေးကောက်ပွဲတွင် အိုဘားမားနိုင်မည်ဟု ခန့်မှန်းထားကြကာ ရီပက်ဘလေကန် ထောက်ခံသူ ၆၈ ရာခိုင်နှုန်းကသာ မစ်ရွှမ်နေနိုင်မည်ဟု ခန့်မှန်းထားခဲ့သည်။

စစ်တမ်းကို ထုတ်ပြန်ခဲ့သည့် ဂဲလပ်အဖွဲ့က အိုဘားမားသည် မကြာသေးမီက ကောက်ယူခဲ့သည့် ရွေးကောက်ပွဲ စစ်တမ်းများအရ မစ်ရွှမ်နေထက် ထောက်ခံမှု အနည်းငယ် အသာရခဲ့သော်လည်း သမိုင်းအရ ဒုတိယအကြိမ် ရွေးကောက်ပွဲများတွင် လက်ရှိသမ္မတကသာ အနိုင်ရလေ့ရှိသဖြင့် ထိုသို့ အိုဘားမားကို ပို၍ ခန့်မှန်းခဲ့ကြခြင်းဖြစ်နိုင်ကြောင်း ဆိုထားသည်။

မေ ၁၀ ရက်မှ ၁၃ ရက် အထိပြုလုပ်ခဲ့သော ယခုစစ်တမ်းတွင် အသက် ၁၈ နှစ်နှင့်အထက် အမေရိကန်လူမျိုး ၁,၀၁၂ ဦးကို ဖုန်းဖြင့် အင်တာဗျူးပြုလုပ်ကာ မေးမြန်းခဲ့ခြင်း ဖြစ်သည်။

—*Ref: Xinhua*

Any World
Mobile Handset
တရုတ်ပြည်မှ တိုက်ရိုက်တင်သွင်းသော Handset အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။
ရန်ကုန် – အမှတ် (278)၊ သိမ်ဖြူလမ်း၊ စိန်ပေါမှတ်တိုင်ရှေ့၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေး – အမှတ် (A-2)၊ လမ်း 30 နှင့် 64 x 65 ကြား။

AA Marketing Co., Ltd. MARKETING
AA MEDICAL PRODUCTS LTD. MEDICAL
SUCCESS & SUCCESS INTERNATIONAL LIMITED

## ဝန်ထမ်းများ၏ နှစ်ပတ်လည်ညစာစားပွဲ၊ ထူးချွန်ဝန်ထမ်းဆုချီးမြှင့်ပွဲနှင့် ပျော်ရွှင်ကြည်နူးဖွယ် အပန်းဖြေခရီးစဉ်များ

AA Medical Products Ltd. , AA Marketing Co., Ltd, Success & Success International Ltd ဝန်ထမ်းများ၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲ၊ ထူးချွန်ဝန်ထမ်းဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ Royal Garden Restaurant တွင် April 20th ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုညစာစားပွဲနှင့် ပျော်ပွဲရွှင်ပွဲသို့ AA Medical Products ရုံးခွဲအသီးသီးမှ ဝန်ထမ်းများ ညီညာစုပေါင်းတက်ရောက်ခဲ့ကြပြီး နိုင်ငံကျော်အဆိုတော်များ၏ တေးဂီတသီဆိုဖျော်ဖြေမှုများ၊ Dancer များ၏ ကပြ ဖျော်ဖြေမှုများကို ပျော်ရွှင်ကြည်နူးစွာအားပေးကြည့်ရှုခဲ့ကြပါသည်။ ထို့အပြင် ဝန်ထမ်းများ၏ ချစ်ခင်စည်းလုံးညီညာမှုကို ဖော်ဆောင်သော Game များကို ညစာသုံး ဆောင်ရင်းအတူတကွ ပါဝင်ဆင်နွှဲကြပါသည်။ AA Medical Products Ltd, AA Marketing Co. Ltd နှင့် Success & Success International Ltd. ၏ Managing Director ဦးဇော်မိုးခိုင်မှ တက်ရောက်လာသူဝန်ထမ်းများအား ချစ်ခင်ရင်းနှီးစွာအမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် Director ဒေါက်တာစောနေနွယ်မှ ၂၀၁၁ ခုနှစ်အတွက် ရွေးချယ်ခံရသော ထူးချွန်ဝန်ထမ်းများအား ကြေငြာကာ ဆုများကို ဂုဏ်ယူဝမ်းမြောက်စွာ ချီးမြှင့်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသော ဝန်ထမ်းများ အား ကံစမ်းမဲလက်ဆောင်များ မဲဖောက်၍ ပေးအပ်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်အတွက် ဆုများရွေးချယ်ရာတွင် ကဏ္ဍအသီးသီးအလိုက် အကောင်းဆုံးဝန်ထမ်းဆု၊ အကောင်းဆုံးမန်နေဂျာဆု၊ အကောင်းဆုံးစီမံဝန်ထမ်းဆု၊ အကောင်းဆုံးစာရင်းကိုင်ဆု၊ အကောင်းဆုံးအရောင်းဝန်ထမ်းဆု၊ စသည်ဖြင့်ရွေးချယ်ခဲ့ရာ ဆုရရှိသူ(၇)ဦးရှိခဲ့ပါသည်။ ထူးချွန်ဝန်ထမ်းများ နှစ်စဉ်အလိုက် ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုအချိန်ထိ ထူးချွန်ဝန်ထမ်းဦးရေ(၄၃)ဦး ချီးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

ဝန်ထမ်းများအတွက် အပန်းဖြေခရီးစဉ်များကိုလည်း နှစ်စဉ်နှစ်တိုင်း စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ချောင်းသာကမ်းခြေနှင့်စင်္ကာပူသို့ အပန်းဖြေသွားရောက်ခဲ့ကြသောဝန်ထမ်းများ၏ ပျော်ရွှင်ကြည်နူးဖွယ်ပုံရိပ်များကိုလည်း တွေ့ရှိနိုင်ပါသည်။






7 DAY NEWS JOURNAL

# International

Vol.11, No.11 • MAY 24 , 2012

## အိုင်အေအီးအေ အကြီးအကဲ အီရန်သို့ ရောက်ရှိ

**တီဟီရန်၊ မေ-၂၁**

အငြင်းပွားဖွယ်ရာ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ဘဂ္ဂဒက်မြို့တွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများ ဆွေးနွေးပွဲများ ပြုလုပ်ရန် အီရန်က ပြင်ဆင်နေချိန်မှာပင် အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး တောင်းဆိုရန် ကုလသမဂ္ဂ နျူစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲ ယူကီယာ အာမာနိုသည် အီရန်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ယင်းမှာ နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ အကြီးအကဲ ဖြစ်လာပြီးနောက် မစ္စတာအာမာနို၏

စာ(၄၅)သို့



■ မေလ ၂၀ ရက်က နေကြတ်ခြင်းဖြစ်စဉ်တွင် လက နေကို ဖုံးကွယ်သွားပုံအား အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၊ ချာကိုအမျိုးသားယဉ်ကျေးမှုဂင်းအတွင်းရှိ Pueblo Bonito ရှေးဟောင်းအဆောက်အအုံမှ တွေ့ရစဉ် Photo - AFP

## အာဖဂန်နစ္စတန်တွင် ခက်ခဲသောနေ့ရက်များ ကြုံတွေ့ရဦးမည်ဖြစ်ကြောင်း အိုဘားမား သတိပေး

**ချီကာဂို၊ မေ-၂၁**

အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များပြန်လည်ရုပ်သိမ်းရေးကိစ္စ လွှမ်းမိုးခဲ့သောနေတိုးထိပ်သီးဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်နစ္စတန်တွင် ခက်ခဲသောနေ့ရက်များ ကြုံတွေ့ရဦးမည်ဖြစ်ကြောင်း သတိပေး ပြောကြားလိုက်သည်။

အိုဘားမား၏ မွေးရပ်မြေဖြစ်သော ချီကာဂိုမြို့တွင် ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲမှာပင် ပြင်သစ်သမ္မတသစ် ဖရန်ဆွာဟော်လန်ဒီကလည်း ပြင်သစ်တပ်ဖွဲ့များအား အာဖဂန်နစ္စတန်မှ မူလသတ်မှတ်ထားသည်ထက် ၂ နှစ်စော၍ ၂၀၁၂ ခုနှစ်တွင် ရုပ်သိမ်းသွားမည်ဟု ပြောကြားခဲ့သည်။ နေတိုးတပ်ဖွဲ့များသည် ၂၀၁၄ ခုနှစ် အကုန်တွင် အာဖဂန်နစ္စတန်၏ လုံခြုံရေးကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးရန် စီစဉ်ထားသည်။

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းကလည်း ၎င်းတို့အနေဖြင့် မိမိတို့၏ လုံခြုံရေးအတွက် တာဝန်ယူရတော့မည်ကို အပြည့်အဝ နားလည်သဘောပေါက်ကြောင်း ပြောသည်။ အချို့သော နေတိုးအဖွဲ့ဝင်နိုင်ငံများကလည်း အာဖဂန်တပ်ဖွဲ့အရေးအား ၎င်းတို့ဘာသာ ကိုင်တွယ်သွားနိုင်ရန် ကူညီသွားမည်ဟု ကတိပြုထားသည်။

စာ(၄၅)သို့





မေလ ၂၀ ရက်က အမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့၌ကျင်းပခဲ့သော နေတိုးထိပ်သီးဆွေးနွေးပွဲတွင် နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် အန်ဒါးဖောဂ် ရက်မတ်ဆန် အဖွင့်မိန့်ခွန်း ပြောကြားနေသည်ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန် အီး ပါနက်တာတို့ နားဆင်နေစဉ် Photo - AFP

## ဆားဘီးယားရွေးကောက်ပွဲ လက်ရှိသမ္မတ ရှုံးနိမ့်

**ဘဲလ်ဂရိတ်၊ မေ-၂၁**

ဆားဘီးယားသမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဘောရစ်တာဒစ် ရှုံးနိမ့်သွားခဲ့ပြီး စိန်ခေါ်သူ အမျိုးသားရေးဝါဒီ တီမိုစလက်ဗ်နီကိုလစ် အနိုင်ရရှိသွားကြောင်း သိရသည်။

စာ(၄၅)သို့


## အီရန်အပေါ် စစ်ရေးအရ အရေးယူရန် အနောက်နိုင်ငံများ စဉ်းစားနေကြောင်း ရုရှားပြောကြား

**မော်စကို၊ မေ-၂၁**

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ စစ်ရေးအရ အရေးယူရန် အနောက်နိုင်ငံအချို့က စဉ်းစားနေကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်က အမေရိကန်နိုင်ငံတွင် ကျင်းပသည့် ဂျီ-၈ အစည်းအဝေးပွဲအပြီး အပြန်ခရီးစဉ် လေယာဉ်ပေါ်တွင် သတင်းထောက်များအား ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ယင်းအစည်းအဝေးတွင် အီရန်အား ပိုမိုတင်းကျပ်စွာ အရေးယူပါက အရေးပေါ် အခြေအနေအတွက် သိုလှောင်ထားသော အရန်ရေနံများကို အသုံးပြုရန် အဆင်သင့်ရှိနေကြောင်း ဂျီ-၈ နိုင်ငံများက အချက်ပြခဲ့သည်။

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.11 ▪ MAY 24 , 2012

# ဆန္ဒပြလုပ်သားများ၏အခြေခံလစာတိုးမြှင့်ပေးရန် လိုက်လျောမှုမရှိသေး

**အေးမြတ်သူ၊ ပြည်သိမ်း**
**ရန်ကုန်၊ မေ-၂၁**

ဆန္ဒပြ အလုပ်သမားများအနေဖြင့် အခြေခံလစာငွေသုံးသောင်းထိ တိုးမြှင့်ပေးရန် တောင်းဆိုသော်လည်း အလုပ်ရှင်များက လိုက်လျောမှုမရှိကြောင်း လှိုင်သာယာစက်မှုဇုန် ၄ အတွင်းရှိစက်ရုံ ၅ ရုံမှ အလုပ်သမား ကိုယ်စားလှယ်များက မီဒီယာသို့ပြောသည်။

အဆိုပါ စက်ရုံ ၅ ရုံမှာ နိုင်ငံခြားသား လုပ်ငန်းရှင်ပိုင် စက်ရုံများဖြစ်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများရှေ့တွင် သဘောတူလက်မှတ်ရေးထိုးပြီးမှ စက်ရုံပိုင်ရှင်အချို့က စာချုပ်အတိုင်း လိုက်လျောဆောင်ရွက်ရန် ပျက်ကွက်နေခြင်း ဖြစ်သည်။

စာချုပ်အတိုင်း လိုက်လျောမှုမပြုခဲ့သည့် စက်ရုံတစ်ရုံမှ အလုပ်သမတစ်ဦးက "အခု ညီမတို့ကိုအခြေခံလစာသုံးသောင်းနဲ့ချုပ်ဆိုခဲ့တဲ့စာချုပ်ကို တရားဝင်ကြေညာပြီးမှ မဟုတ်ပါဘူးဆိုတော့ ပိုပြီး ဒေါသဖြစ်တာပေါ့။ ကိုယ်တွေရပြီးမှ ဆုံးရှုံးရမယ်ဆိုတော့ ဘယ်သူက ကျေနပ်မှာလဲ။ ဒီသုံးသောင်းဆိုတာကလည်း မများပါဘူး။ ဒီစာချုပ်က အပျော်တမ်း ကစားခဲ့တာလည်းမဟုတ်ဘူး"ဟုကိုရီးယားနိုင်ငံသား လုပ်ငန်းရှင်ပိုင် High Art ဆံပင်တုစက်ရုံမှ မမြနှင်းရီက ပြောသည်။

ဆက်လက်၍ ၎င်းက "ညီမတို့တွေ အပင်ပန်းခံပြီး တရားဝင်ချုပ်ဆိုခဲ့တာ။ အလုပ်သမားဝန်ကြီးဌာနက ဦးဝင်းရှိန်နဲ့ အလုပ်ရှင်ဒေါ်နန့်သောင်းရင်အပါအဝင် အားလုံးသဘောတူလို့ ချုပ်ဆိုပြီးမှ ကိုရီးယားသူဌေးကိုပြန်ညှိမယ်ဆိုတော့ အလုပ်သမားတွေက သဘောမတူလို့ ဒီနေ့ထိ ပဋိပက္ခဖြစ်နေတာ" ဟု ဆိုသည်။



**ပြီးခဲ့သည့်တစ်ပတ်က အလုပ်သမားရုံးတွင် စုရုံးခဲ့ကြသည့် ဆံပင်တုစက်ရုံလုပ်သားများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စံပယ်ပွင့်စက်ရုံမှ အလုပ်သမား ကိုယ်စားလှယ်တစ်ဦးကလည်း "အစ်မတို့ကို သူတို့ကတစ်သောင်းခွဲပဲ တိုးပေးနိုင်တယ်။ ဘယ်စက်ရုံမှလည်း သုံးသောင်းတိုးပေးတာ မရှိဘူးပေါ့နော်။ သူတို့က တစ်ယောက်ကို တစ်သောင်းခွဲပဲ တိုးပေးတော့ တစ်ယောက်ငါးရာနှုန်းပဲကျတယ်။ အစ်မတို့ စက်ရုံတွေမှာ အခြေခံလစာပေးမထားဘူး။ တစ်ခုခုဖြစ်ခဲ့ရင် ကလေးတွေရဲ့ ခံစားခွင့်က ဒီအခြေခံလစာထဲမှာပဲရှိတာ"ဟုပြောသည်။

ဆန္ဒပြနေသည့် စက်ရုံများမှ လုပ်ငန်းရှင်များသည် အုပ်ချုပ်သူအလုပ်သမားခေါင်းဆောင်များအားပိုငွေပေး၍ အလုပ်သမားများ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် စည်းရုံးသိမ်းသွင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်းလည်း အလုပ်သမားကိုယ်စားလှယ်များထံမှသတင်းရရှိသည်။

ယင်းသို့စည်းရုံးသိမ်းသွင်းရာတွင် အုပ်ချုပ်သူ အလုပ်သမားခေါင်းဆောင်များကို အလုပ်သမားတစ်ဦး စည်းရုံးနိုင်ပါက ကျပ်လေးသောင်းမှ ကျပ်ခြောက်သောင်းထိပေးသည်ဟုသိရကြောင်း အဆိုပါ ကိုယ်စားလှယ်များက ဆိုသည်။

"သူတို့က အလုပ်သမားခေါင်းဆောင်တွေကို စည်းရုံးရာမှာ ဘောနပ်စ်ပြုတ်မှာတို့၊ နှစ်ကြီးသမားတွေကိုလည်း နှစ်စဉ်ကြေးမရမှာတို့ပြောပြီး စည်းရုံးနေကြတယ်"ဟု မြန်မာပုလဲအထည်ချုပ်စက်ရုံမှလုပ်သက် ၁၁ နှစ်ရှိသည့် မမော်မော်သန့်က ဆိုသည်။

လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံခြောက်ရုံနှင့် ဆံပင်တုစက်ရုံတို့ရှိ အခြေခံအလုပ်သမားများသည် လုပ်ခလစာနည်းပါးမှုကြောင့် ဆန္ဒပြနေကြသည်။

ဆန္ဒပြအလုပ်သမားများဘက်မှ အခြေခံလစာကျပ်သုံးသောင်းနှင့် ရှားပါးစရိတ်ကျပ်သုံးသောင်းတိုးမြှင့်ပေးရန် တောင်းဆိုနေသော်လည်း အလုပ်ရှင်အားလုံးက ဆွေးနွေးညှိနှိုင်းပြီး အခြေခံလစာကို ကျပ်တစ်သောင်းခွဲ၊ ရှားပါးစရိတ်ကိုကျပ်တစ်သောင်းခွဲသာ တိုးပေးသည်။

လက်ရှိဆန္ဒပြနေသည့် စက်ရုံများမှ စံပယ်ပွင့် အထည်ချုပ်စက်ရုံ၊ နေမင်းအောင်၊ မြန်မာပုလဲ၊ YJ အထည်ချုပ် စက်ရုံများနှင့် High Art (ဟိုမို) စက်ရုံတို့ ဖြစ်သည်။ အဆိုပါ ဆန္ဒပြတောင်းဆိုသည့် စက်ရုံ ၅ ခုမှ အလုပ်သမားများအနေဖြင့် မိမိတို့တောင်းဆိုမှုအား လိုက်လျောမှု မရှိခဲ့လျှင် သက်ဆိုင်ရာ အာဏာပိုင်များဆီသို့ဆက်၍ တင်ပြလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စက်ရုံ ၅ ရုံမှ အလုပ်သမားကိုယ်စားလှယ်များက မီဒီယာသို့ ပြောသည်။

# ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် လေ့လာမှုများ ပြုလုပ်သွားမည်

**ကိုကိုကြီး**
**ရန်ကုန်၊ မေ - ၂၁**

ရေကြောင်းနယ်ပယ်မှတစ်ဆင့် ကုန်သွယ်မှုပမာဏ မြင့်မားလာခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရန်လိုအပ်သည့် လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရေကြောင်းဆိုင်ရာ ကုန်သွယ်ရေးက တိုးတက်လာတော့ ရန်ကုန်ဆိပ်ကမ်းကလည်း ထပ်ပြီး ဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်တာပေါ့။ တန်ချိန် ၃၅,၀၀၀ ဝင်ရောက်နိုင်တဲ့ သင်္ဘောတွေ ဝင်ရောက်နိုင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာ။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဆက်လုပ်မလဲဆိုတာ စဉ်းစားနေတုန်းပဲရှိသေးတယ်။ အရင်ဆုံး ဘာလုပ်ရမလဲဆိုတော့ လေ့လာတဲ့လုပ်ငန်းကိုလုပ်ရမှာ။ အဲဒီလုပ်ငန်းတွေလုပ်ဖို့ ဆိပ်ကမ်းတစ်လျှောက် တိုင်းရမှာ။ တိုင်းပြီးမှ ဘယ်နေရာမှာ ဘာလုပ်မလဲဆိုတာ အဖြေထွက်မှာ"ဟု ၎င်းတာဝန်ရှိသူကပြောသည်။

ထိုသို့ ဆိပ်ကမ်းဖွံ့ဖြိုးမှုများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဆင့်မြင့် နည်းပညာပံ့ပိုးမှုနှင့် ဘဏ္ဍာငွေတောင့်တင်းမှုပိုင်း ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း ၎င်းကပြောသည်။ ယင်းစီမံကိန်းများတွင် ပြည်တွင်းပြည်ပမှ လာရောက်လုပ်ကိုင်နိုင်သည့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ကမ်းလှမ်းထားကြောင်း သိရသည်။

ထို့ပြင် လိုအပ်သည့် လေ့လာမှုများ ပြုလုပ်ရန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ရန်ကုန်ဆိပ်ကမ်း၌ လည်ပတ်နေသည့်လုပ်ငန်းစဉ်များအား အခြေအနေပေါ်မူတည်ပြီး အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားရန် ရှိကြောင်းသိရသည်။

လက်ရှိအခြေအနေတွင် အဆိုပါလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အတိအကျပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။

"ရန်ကုန်ဆိပ်ကမ်းဆိုတာ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က စခဲ့တာဆိုတော့ တချို့အဆောက်အအုံတွေက ခေတ်မီဆိပ်ခံတံတားတွေဖြစ်ပေမယ့် တချို့ကျတော့ အိုဟောင်းတာတွေ ရှိတာပေါ့။ ဒီတော့ ဆိပ်ကမ်းတစ်ခုရဲ့ Efficiency (လုပ်ဆောင်နိုင်မှု) ဆိုတာက ဒီအဆောက်အအုံတွေကြည့်ရုံမဟုတ်ဘဲ ကရိန်းတွေက ဘယ်လောက်ထိ ကောင်းလဲ။ လုပ်နေတဲ့ စီမံခန့်ခွဲမှု အပိုင်းတွေက ဘယ်လောက်ကောင်းသလဲဆိုတဲ့ အပိုင်းလည်းပါတယ်"ဟု အထက်ပါ တာဝန်ရှိသူက သုံးသပ်ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းတံတားကြီးများ ဖြစ်သည့် အေးရှားဝေါလ်၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဆူးလေ အမှတ် ၁ မှ ၇ ထိ၊ ဗိုလ်အောင်ကျော် ၁၊ ၂၊ ၃ ဆိပ်ခံတံတားကြီးများမှာ D.W.T (Dead Weight Tonnage) ၁၅,၀၀၀၊ အလျား ၁၆၇ မီတာ၊ ရေစူးကိုးမီတာရှိသင်္ဘောကြီး များ ဝင်ထွက်ဆိုက်ကပ်ရန်နှင့် သီလဝါရှိ MIPL နှင့် MITT ဆိပ်ခံတံတားများမှာ D.W.T တန်ချိန် ၂၀,၀၀၀၊ အလျားမီတာ ၂၀၀၊ ရေစူးကိုးမီတာရှိ သင်္ဘောကြီးများ ဝင်ထွက်နိုင်ကြောင်းသိရသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းတွင် ပို့ကုန် မက်ထရစ်တန်ချိန် ၅,၇၉၀ နှင့် သွင်းကုန် မက်ထရစ်တန်ချိန် ၁၁,၂၁၇ တို့ကိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုတွင် တည်ရှိသည့် ဆိပ်ကမ်းများမှာ ရန်ကုန်တွင် ရန်ကုန်ဆိပ်ကမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ဆိပ်ကမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းဆိပ်ကမ်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲဆိပ်ကမ်းနှင့် မွန်ပြည်နယ်တွင် မော်လမြိုင်ဆိပ်ကမ်းတို့ဖြစ်သည်။

# မော်တောယာဉ်တင်သွင်းခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မီဒီယာဝင်ခွင့်မပြု

**အောင်သူရ**
**ရန်ကုန်၊ မေ-၂၁**

ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)တွင်ပြုလုပ်သောမော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အဖွင့်အမှာစကားပြောကြားသည့် အစီအစဉ် အထိသာ သတင်းသမားများ တက်ရောက်ခွင့်ရခဲ့ကြောင်း သတင်းရရှိသည်။

မေ ၂၁ ရက် နံနက် ၉ နာရီတွင် UMFCCI ၌ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် အစီအစဉ် ၁၄ ခုပါဝင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီးနောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သတင်းယူနေသောသမားများအား ခန်းမအတွင်းမှ ထွက်ပေးရန် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့သည်။

"သာမန် အသိပညာပေး ဆွေးနွေးပွဲ မဟုတ်တဲ့အတွက် အပြင်ထွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှ ပြန်တွေ့ပါမယ်" ဟု ဥက္ကဋ္ဌဦးဝင်းအောင်က ပြောသည်။

မေ ၇ ရက်က နေပြည်တော်တွင် ပြုလုပ်သော တွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မီဒီယာသမားများတက်ရောက်သတင်းယူရန် နှုတ်ဖြင့်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ထိုအပြင် အလုပ်ရုံဆွေးနွေးသို့ သတင်းတက်ရောက်ယူရန် စီးပွားရေးလုပ်ငန်းရှင်အချို့က မေ ၁၉ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖိတ်ကြားခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် အစိုးရဘက်မှ တာဝန်ရှိသူများ ဆွေးနွေးမည့် အစီအစဉ်အပါအဝင် အခမ်းအနားအစီအစဉ် ၁၄ ခုရှိသည့်အနက် အစီအစဉ် ၃ အပြီးတွင် အပြင်သို့ထွက်ခိုင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလကလည်း Transtion Cost နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲသို့ သတင်းသမားများ သတင်းယူခွင့်အား ကုန်သည်စက်မှုအသင်းချုပ်က ကန့်သတ်ခဲ့သည်။

## သတင်းထောက် အလိုရှိသည်

သတင်းထောက်အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားပြီး 7Day News နှင့် ရေရှည်လက်တွဲလုပ်ကိုင်နိုင်မည့် သတင်းထောက်များ အလိုရှိသည်။
ကိုယ်တိုင်ရေးသားထားသော သတင်း(သို့)သတင်းဆောင်းပါး ၂ပုဒ်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။ လုပ်ငန်းအတွေ့အကြုံရှိသူများကို လစာနှုန်းသီးသန့်ညှိနှိုင်းမှုဖြင့် ခန့်မည်။

**ဆက်သွယ်ရန်၊ အခန်းအမှတ်(G-12) မြေညီထပ်၊ တိုက်(B)၊ Diamond Centre ၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၂၃၉၁၁-၁၈**

7DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# 'ဖွန်လကစလို့ စာပေစိစစ်လုပ်ငန်းများ နိဋ္ဌိတံပါပြီ'

## ဦးတင့်ဆွေ(ဒုတိယညွှန်ကြားရေးမှူးချုပ်)



ငြိမ်းငြိမ်းနိုင်

စာနယ်ဇင်းကောင်စီဖွဲ့စည်းအပြီး ဖွန်လအတွင်းမှစကာ စာပေစိစစ်ရေးလုပ်ငန်းများ လုံးဝရှိတော့မည်မဟုတ်ကြောင်းစာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ပြောကြားသည်။

"ဖွန်လကစလို့ စာပေစိစစ်လုပ်ငန်းများနိဋ္ဌိတံပါပြီ"ဟုဦးတင့်ဆွေကပြောကြားသည်။

ပုံနှိပ်မီဒီယာလောကရှိ အဖွဲ့အစည်းအသီးသီးမှ စာပေပညာရှင်များ စာပေကိုယ်စားလှယ်များပါဝင်သည့် စာနယ်ဇင်းကောင်စီ (Press Council)ကို ဖွဲ့စည်းနိုင်ရေးအတွက် ပြင်ဆင်လျက်ရှိပြီး ယင်းစာနယ်ဇင်းကောင်စီတွင်လတ်တလောဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်နှင့် မြန်မာစာနယ်ဇင်းသမဂ္ဂတို့မှ ကိုယ်စားလှယ်များဖြင့် အခြေပြု ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယင်းကောင်စီဖွဲ့စည်းပြီးသည်နှင့် နောက်ဆုံးရက် သေချာသတ်မှတ်ထားခြင်း မရှိသေးသော်လည်း ဖွန်လအတွင်း စာပေစိစစ်ခြင်း လုံးဝလုပ်တော့မည်မဟုတ်ဟု ဦးတင့်ဆွေကဆိုသည်။

"စာပေစိစစ်ရေးရုံးကတော့ ရှိနေဦးမှာပါ။ ဒါပေမဲ့ စာပေစိစစ်ခြင်းတော့လုံးဝလုပ်တော့မှာမဟုတ်ပါဘူး"ဟုဦးတင့်ဆွေကပြောသည်။

ဦးတင့်ဆွေသည်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ပြန်ကြားရေးဝန်ကြီးဌာနအောက်သို့ပြောင်းချိန် ၂၀၀၄ ခုနှစ်မှစတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ ဦးတင့်ဆွေသည် တပ်မတော်အရာရှိဗိုလ်မှူး(အငြိမ်းစား) တစ်ဦးဖြစ်ပြီး ရဲရင့်တင့်ဆွေကလောင်အမည်ဖြင့်စာပေရေးသားနေသူတစ်ဦးလည်းဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှယနေ့အထိ နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအတွင်းစာပေစိစစ်နှင့်မှတ်ပုံတင်ဌာနတွင် တပ်မတော်အရာရှိများက စိစစ်တည်းဖြတ်ခဲ့ကြသည်။ တပ်မတော်(ကြည်း)မှဗိုလ်မှူးအဆင့် သုံးဦးနှင့် တပ်မတော်(ရေ)မှ ဒုတိယဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးအဆင့် အရာရှိများ အရပ်ဘက်ပြောင်းကာညွှန်ကြားရေးမှူးတာဝန်ဖြင့် စိစစ်ကြီးကြပ်ခဲ့ကြခြင်းဖြစ်သည်။

ဦးတင့်ဆွေက ဒုညွှန်ချုပ်ရာထူးဖြင့် စာပေစိစစ်လုပ်ငန်းများကို လက်ရှိညွှန်ကြားရေးမှူးနှင့်အတူ တာဝန်ယူနေဆဲဖြစ်သည့်အတွက် စာပေစိစစ်မှုများ ဖွန်လတွင် ဆုံးခန်းတိုင်ခဲ့ပါလျှင်ဦးတင့်ဆွေသည် စာပေရေးသားမှုများကို စိစစ်ဖြတ်တောက်ရသည့်တာဝန်ယူခဲ့ရသော နောက်ဆုံး တပ်မတော်အရာရှိတစ်ဦးဖြစ်လိမ့်မည်။

ထို့ကြောင့် မေ ၁၇ ရက်က ဦးတင့်ဆွေ၏ စာပေစိစစ်ရုံးခန်းတွင် သီးသန့်သွားရောက်တွေ့ဆုံခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**အခုစာပေစိစစ်ရေးလုံးဝမရှိတော့ဘူးပေါ့ ဗိုလ်မှူး။**

စာပေစိစစ်ရေး မရှိတော့ဘူးဆိုတာထက် စာပေစိစစ်ရေးလုပ်ငန်းမရှိတော့ဆိုတာ ပိုမှန်မယ်။ ဖွန်လကစပြီးတော့ စာပေစိစစ်လုပ်ငန်းစဉ်တွေ မရှိတော့ဘူး။

**စာပေစိစစ်ရေးအနေနဲ့ အခု လတ်တလော ဘယ်လိုသတင်းဆောင်းပါး သုံးသပ်ချက် ရေးသားမှုတွေကို ပုံနှိပ်ဖော်ပြခွင့်ပေးဖို့ စဉ်းစားချင့်ချိန်နေရတုန်းဖြစ်မလဲ။**

ကျွန်တော်တို့အနေနဲ့ တကယ်တားနေရတယ်ဆိုတာထက် စဉ်းစားနေရတဲ့ဟာကတော့ အမျိုးသားစည်းလုံးညီညွတ်ရေးပါပဲ။ အဲဒီမှာ အစိုးရရှိတယ်။ လွှတ်တော်ရှိတယ်။ နိုင်ငံရေးပါတီတွေရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေရှိတယ်။ တပ်မတော်ရှိတယ်။ အားလုံးက မျက်နှာတစ်ခုပေါ်မှာ ဆုံနေတဲ့သဘောရှိတယ်။ တစ်ဖက်နဲ့တစ်ဖက် နှစ်ပေါင်းများစွာ နားလည်မှုမရခဲ့တာ အကြာကြီးပဲ။ အခုက အကောင်းဆုံး အနေအထား ရောက်ပြီလို့ ထင်တယ်။ အဲဒီအခြေအနေမှာ အရေးအသားတစ်ခုခုကြောင့် အခုလက်ရှိ အနေအထားလေး နောက်ပြန်ဆုတ်သွားမလား။ အဲ ဒါကို ချိန်ဆရတာပါ။ အဲဒါကြောင့် စိစစ်ရေးက ဘာတွေဖြေလျှော့နေသလဲ မေးရင် အဲဒီဟာက လွဲလို့ ကျန်တာ ဘာမှမရှိဘူး။

**တချို့ကပြောတယ်။ လတ်တလော စာပေလွတ်လပ်ခွင့်ကို ၇၅ ရာခိုင်နှုန်းလောက်ရှိပြီလို့ ပြောတယ်။**

ကျွန်တော့်အနေနဲ့တော့ အဲဒီကိန်းဂဏန်းကို ပြောတဲ့သူတွေကတော့ ဖြေလျှော့မှု အရေအတွက်ပေါ်မှာပဲ ကြည့်တယ်လို့ထင်တယ်။ တကယ့် စာပေစိစစ်ရေးအနှစ်သာရမျိုးနဲ့ပြောတယ်လို့ သိပ်မထင်ဘူး။ ကျွန်တော်တို့က ခုနကပြောတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးခေါင်းစဉ်အောက်ကနေ ၅၀ ရာခိုင်နှုန်းဖြစ်ရင်ဖြစ်မယ်။ တစ်ခါတလေ ၇၀ ရာခိုင်နှုန်းဖြစ်ရင်ဖြစ်မယ်။ အဲဒါက ဖြစ်နိုင်တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို နောက်ကြောင်းပြန်သွားမယ့် ရေးသားမှုမျိုးဆိုရင်တော့ ၃၀ ရာခိုင်နှုန်းပါရင် ၃၀ ရာခိုင်နှုန်း ဖြုတ်တယ်။ တစ်မျက်နှာလုံးဆိုရင် တစ်မျက်နှာလုံးဖြုတ်တယ်။ ကျန်တာကတော့ အားလုံးပေးနေတာပါပဲ။

**၂၀၀၄ မတိုင်ခင်ကတော့ တပ်မတော် ထောက်လှမ်းရေးရဲ့ မူဝါဒနဲ့ စီမံမှုပေါ့။ အခု ဗိုလ်မှူး တို့ ပြန်ကြားရေးလက်ထက်မှာ ရော။**

အဲဒါကို ပြောရရင် ၁၉၈၈ မတိုင်မီအထိ စာပေစိစစ်ရေးဆိုတာရက်သတ္တပတ်တိုင်းရဲ့တစ်ရက်ရက်မှာ ဘုတ်အဖွဲ့အစည်းအဝေးတွေကနေသွားတာ။ အခု ဗီဒီယိုဆင်ဆာ ထိုင်ကြသလိုမျိုးပဲ။ SBတို့ ဘာတို့ အကုန်ပါတယ်။ ပြီးတော့ ဒီမှာရှိတဲ့ ညွှန်မှူးတွေက ဦးစီးပြီးလုပ်ခဲ့တာပေါ့။ အဲဒီတုန်းကတော့ ပြည်ထဲရေးအောက်မှာပေါ့။ ၁၉၈၈ နောက်ပိုင်းကျမှ ထောက်လှမ်းရေးရဲ့ ပါဝင်ပတ်သက်မှုက ပိုကြီးလာတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်တုန်းက အဲဒီလောက်မကြီးဘူး။ အဲဒီတော့ သူတို့လက်ထက်မှာတော့ သူတို့ရဲ့ မူဝါဒပေါ့။ ပြန်ကြားရေးလက်ထက်မှာတော့ နိုင်ငံတော်လုံခြုံရေး အစည်းအဝေးက လမ်းညွှန်မှုနဲ့သွားတာ။

**စာပေစိစစ်ကလူတွေက နာမည်ဆိုးနဲ့ ကျော်ကြားလာတယ်။ ကင်ပေတိုင်တွေလို့ နာမည်တပ်ခံရလာတယ်။ ခုချိန်ထိ ဗိုလ်မှူးဖြတ်သန်းလာတဲ့ခုနစ်နှစ်တာကာလ အတွင်းမှာ ဗိုလ်မှူး ဖြတ်တောက်တားမြစ်ခံခဲ့ရတဲ့ ရေးသားသူတွေအပေါ် အားတောင့်အားနာမိတာနောင်တရမိတာမျိုး ဖြစ်မိလား။**

တကယ်အမှန်အတိုင်းပြောရရင်တော့ အဲလောက်ကြီးကြီးမားမားပေါ့လေ။ အားတောင့်အားနာဖြစ်ရလောက်အောင် မတွေ့ဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေအားလုံး အသိကလည်း အဲဒီအချိန်မှာ အဲဒီလောက်လည်း ပိုမရေးရဲဘူး။ ဂျာနယ်လစ်တွေ စာရေးဆရာတွေရဲ့ ရေးသားမှုတွေကို အဲဒီဟာက ခွင့်ပြုလို့ မရဘူးလို့ ပြောခဲ့ရရင်လည်း အဲဒီအချိန်မှာ ပေးလို့ကို မရလို့ဖြစ်တယ်။ အဲဒီအတွက်ကို အားနာတယ်လို့ မတွေးမိဘူး။ မလိုအပ်ဘဲနဲ့ကြန့်ကြာနေတာတွေ ပေးသင့်လျက်နဲ့အောက်ကလူတွေ မပေးလိုက်လို့ နစ်နာသွားရတာတွေ အဲဒါမျိုးတွေကျတော့ မူဝါဒအရ မဟုတ်ဘူး။ ကျွန်တော်တို့ ရုံးထဲမှာဖြစ်တဲ့ မှားယွင်းမှုတွေအတွက်တော့ တောင်းပန်သင့်တာတွေအများကြီးရှိတယ်။ မူဝါဒအရကတော့ မရှိဘူး။ တာဝန်အရလုပ်တယ်။ သို့သော် ဒီလိုမျိုး စစ်နေတာကြီးက ခေတ်နဲ့မဆီလျော်ဘူးဆိုတာ နားလည်တယ်။ ကိုယ်ကိုယ်တိုင် ခံစားခဲ့ရဖူးတယ်။ စာအုပ်တင်တယ်။ ၁၃ လကြာမှ စာအုပ်ပြန်ရတယ်။ ဒီမှာညွှန်မှူး မဖြစ်သေးဘူး။

**မီဒီယာသမားတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာ ပြဿနာတွေရှင်းရတဲ့အခါမှာ ဗိုလ်မှူးတို့အနေနဲ့အာဏာပြတာတွေ အရှိန်အဝါသုံးတာတွေရှိလား။ ဘယ်လို ပုံစံမျိုးနဲ့ ဆက်ဆံရေးတည်ဆောက်ဖြေရှင်းခဲ့ရလဲ။**

ဟုတ်ပါတယ်။ တစ်ခါတလေမှာ အမိန့်အာဏာပြတယ်ဆိုတာ ပြချင်လို့ ပြတာမျိုးတော့မဟုတ်ပါဘူး။ မဖြစ်မနေပေါ့နော်။ အတတ်နိုင်ဆုံးလည်း လုပ်ပေးနေတဲ့ကြားထဲမှာ ဖြစ်လာရင် စိတ်ဆိုးပြီးတော့ တဒင်္ဂပြောတာမျိုးလည်း ရှိတယ်။ သို့သော်လည်း အခြေခံစိတ်ဓာတ်ကတော့ ဂျာနယ်တစ်စောင်တစ်ခုခုရှိလို့ခေါ်ပြောရရင် တောင် မှန်ပါစေဆိုတဲ့ စိတ်မျိုးနဲ့ ခေါ်ပြောရတယ်။ ရန်ဘက်တွေလို မပြောချင်ဘူး။ အရှိန်အဝါ အမိန့်အာဏာတွေနဲ့ မပြောချင်ဘူး။

**ဖြေရှင်းခဲ့သမျှပြဿနာတွေထဲမှာ မှတ်မှတ်ထင်ထင်ရှိတဲ့ ကိစ္စတွေကတော့ ဘာဖြစ်မလဲ။**

ပထမဆုံးစတွေ့တာက The Voice ဂျာနယ်ထဲမှာပါတဲ့ ရန်ကုန်စက်မှုကျောင်းသတင်း။ အဲဒီနောက် မြန်မာတိုင်းမ်မှာပါတဲ့ နိုင်ငံတော်အကြီးအကဲကို ထိခိုက်စေတဲ့ စာသားဝှက်ထားတဲ့ ကြော်ငြာကိစ္စ ပါ။ ပြီးတော့ အချစ်မှာပါတဲ့ ကိုစောဝေ ကဗျာ။

**ဗိုလ်မှူးလက်ထက် ခုနစ်နှစ်အတွင်းမှာ လူပုဂ္ဂိုလ်အဖွဲ့အစည်းပေါ့၊ အပြင်းထန်ဆုံး အပြစ်ပေးမှုက ဘာဖြစ်မလဲ။**

ထုတ်ဝေသူ တစ်ယောက် ထောင်ကျသွားခဲ့တယ်ဆိုတာ လုံးဝမရှိခဲ့ဘူး။ အယ်ဒီတာအဖွဲ့ကိုလည်း တစ်ခါမှ မလုပ်ခဲ့ဘူး။ ထုတ်ဝေခွင့်အပြီး ပိတ်သိမ်းတယ်ဆိုတာတောင် ကျွန်တော်တို့မှာမရှိခဲ့ဘူး။ Action Time နှစ်လပိတ်ခဲ့တာက အဆိုးဆုံးပဲ။ ပြီးတော့ True News ကို တစ်လပိတ်ဖူးတယ်။ ကျန်တာတွေကတော့ တစ်ပတ်ပိတ် နှစ်ပတ်ပိတ်တွေကတော့ ရှိဖူးတယ်။

**အစုလိုက်အပြုံလိုက် အပြစ်ပေးတာကတော့ ၂၀၁၀က ဖြစ်မယ်ထင်တယ်နော်။**

အဲဒါကလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်တော့ပါ။ မပေးဘူး မဟုတ်ဘူး ပေးထားတယ်။ မ ပေးပါနဲ့ ဆိုတဲ့အမိန့်လည်း မရှိဘူး။ ပေးပါဆိုတဲ့ အမိန့်လည်း မရှိဘူး။ ပေးနိုင်သလောက်လေး ပေးနေတဲ့အချိန်မှာ ဘာပဲပြောပြော စိုးရိမ်တာပေါ့နော်။ ဂျာနယ်တချို့က အပေါ်ကနေတင်ပြီး ဝေကြရောင်းကြတာ။ အတွင်းခွင့်ပြုထားတာကို။ ဂျာနယ်တွေမလိုက်နာတာကလည်း အဓိကပေါ့။

**အခုဗိုလ်မှူးတို့ပြောနေတဲ့ Press Council အကြောင်းကို ပြောပါဦး။ Press Council နဲ့စာပေစိစစ်ရေးကို အစားထိုးလိုက်တယ်လို့ ပြောကြတယ်။**

စာပေစိစစ်ရေးမရှိတော့ သော်လည်း မီဒီယာနဲ့ စာဖတ်သူကြားမှာ မီဒီယာနဲ့ ဌာနဆိုင်ရာကြားမှာ ဝိရောဓိပြဿနာတွေ conflict တွေရှိမှာပဲ။ အဲဒါတွေကျတော့ ဘယ်သူဖြေရှင်းပေးမှာလဲ။ အဲဒါကို လုံးဝလိုအပ်တယ်။ အဲဒီတော့ အဲဒါကို အဓိက ဖြေရှင်းပေးဖို့၊ အဲဒါသည် စာပေစိစစ်တာဝန်တွေ ယူတာမဟုတ်ဘူး။ ဟုတ်မှ မဟုတ်တာ။ ဖြေရှင်းပေးမယ့်သူမရှိဘူး။

**စာပေစိစစ်တုန်းကတော့ တစ်ခုခုဆိုရင် တစ်ပတ်နား နှစ်ပတ်နားပေါ့ ပြစ်ဒဏ်တွေပေးတယ်။ အခုPress Council က ဘယ်လောက်အထိ လုပ်ပိုင်ခွင့်ရှိမလဲ။**

ကျွန်တော်အနေနဲ့ အစိုးရမင်းမှုထမ်းတစ်ယောက်အနေနဲ့ ဘာမှ စွက်ဖက်ပြီး ဝင်ပြောစရာမရှိဘူး။ ဒါပေမဲ့ လုံးဝအမိန့် အာဏာမရှိဘူး။ ကောင်စီရဲ့ လုပ်ထုံးလုပ်နည်းတွေကို နိုင်ငံတကာအဆင့်တွေနဲ့ ကိုက်ညီပြီး ဆွဲရမှာပဲ။ တစ်ပတ်ပိတ် နှစ်ပတ်ပိတ်တယ်ဆိုတာ အာဏာရှင်အစိုးရလုပ်တာ။ သူတို့က အဲလိုလုပ်လို့မရဘူးလေ။ ကျွန်တော့်အမြင်ကလေ။ သူ့အနေနဲ့ ရှုတ်ချတယ်ဆိုတာမျိုးတော့ လုပ်လို့ရမယ်ထင်တယ်။ ဒီအတိုင်းတော့ ကိုယ့်ဟာကိုယ် ဘယ်လိုထိန်းကြမလဲ။

**အင်ဒိုးနီးရှားပုံစံကို ယူထားတယ်ပြောတယ်။ အင်ဒိုမှာတော့ ဥပဒေအရင်လာပြီးမှ ကောင်စီလာတာ။ ဒီမှာက ပြောင်းပြန်ဖြစ်နေသလား။**

ကောင်စီအရင်လာတဲ့ သဘောကလည်း စိစစ်မှုကို ဖျက်ချင်ပြီ။ စိစစ်ခြင်း ဖျက်လိုက်ရင် ဒါကို လူကြီးတွေ စိတ်ပူတယ်။ စိစစ်ခြင်းမရှိဘဲနဲ့ ဒီအတိုင်းကြီး သူတို့ကို ဘယ်လိုထိန်းကျောင်းမလဲ။ ဒါကြောင့်ပါ။

**Press Council ကို မျိုးစုံဝေဖန်နေကြတာရှိတယ်။ တကယ့်ဂျာနယ်လစ်တွေပါမှာလား။စာပေစိစစ်နဲ့ပြန်ကြားရေးနဲ့နီးစပ်သူတွေပဲ ဒီကောင်စီကို ချုပ်ကိုင်သွားမှာလား။ တစ်နည်းအားဖြင့် Press Council က တစ်ဖက်လှည့်နဲ့ နာမည်ကောင်းယူပြီး ပြန်ကြားရေးက ပြန်ကိုင်တာမျိုးလား စတဲ့ဝေဖန်မှုတွေအပေါ် သုံးသပ်ပေးပါဦး။**

အဲဒါကတော့ လုံးဝအဆိုးမြင်တာပဲ။ စာပေလောကကို စာပေစိစစ်ကို တိုက်ရိုက်ကိုင်တွယ်မှုတွေရှိမှာ မဟုတ်တော့ဘူး။ ထွက်သွားပြီ။ ဒါပေမဲ့ အဲလို ပြဿနာလေးတွေ ပေါ်လာမယ်ဆိုရင်တော့မှုတွေစစ်ဖို့မဟုတ်ဘူး။complain တွေကို ဘယ်သူကိုင်တွယ်ပေးမလဲ။ အဲဒါက မှားတယ်။ တော်တော်များများက စိစစ်ရေးက ပုံစံခွက်တစ်ခုထဲကို ချထားပေးတယ်လို့ ခံယူတယ်။ လုပ်စေချင်တယ်။ တာဝန်ကိုတော့ ဒီဘက်က မြင်တဲ့ဟာကို ရေးတာပေါ့။ တကယ်တမ်းကျတော့ ကိုယ်လုပ်ချင်တဲ့ပုံစံကို ကိုယ်တိုင်ဆွဲရမှာပါ။

**ဒါဆို Press Council က လူတွေကို ပြန်ကြားရေးက ခန့်အပ်မှာလား။**

အကြမ်းဖျင်းကတော့ အဲဒီအသင်းအဖွဲ့တွေက ရွေးပေးတဲ့လူတွေကနေ သမ္မတဆီတင် သမ္မတရုံးက ရွေးပေးမှာပါ။

**မီဒီယာဥပဒေကရော ဘယ်လိုအခြေအနေရောက်နေပြီလဲ။**

ရှေ့နေချုပ်ရုံးကို ဒုတိယအကြိမ်ပို့ထားတယ်။ ပထမအကြိမ်ပို့တုန်းက အဲဒီဥပဒေကြမ်းက အားလုံးကို မခြုံမိဘူးဖြစ်နေတယ်။ အားလုံး ဆွေးနွေးကြည့်လိုက်တော့။ ရှေ့နေချုပ်ရုံးကလည်း အကြံပြုတယ်။ **တစ်ဖက်သို့**

တစ်ဖက်သို့

# ရန်ကုန်မြို့တွင်း လပ်မီးအချို့အတွက် မီးစက် မောင်းပေးမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၉**

လျှပ်စစ်မီးပြတ်တောက်ချိန်တွင် လူထုလုံခြုံမှုရှိစေရန် လူနေထူထပ်သော အမှောင်ကျသော နေရာများတွင် မီးစက်များ ထားရှိကာ လမ်းမီးများ ပြတ်တောက်မှု မရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် အရေးကြီးနေရာများကို မီးပေးထားသော်လည်း လမ်းဆုံ၊ လမ်းခွများတွင် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရန်အတွက် ယခုကဲ့သို့ မီးစက်များထားကာ စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မီးပြတ်တောက်ချိန်တွင် လူထုလုံခြုံမှုအတွက် မီးအလင်းရောင်ရရှိစေရန် ယခုကဲ့သို့ မီးစက်များ စီစဉ်ပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

လက်ရှိတွင် မီးပွိုင့်များနှင့် အရေးကြီးနေရာများအတွက် မီးစက် ၈ လုံးဖြင့် အလှည့်ကျ မီးပေးစဉ်မီးပြတ်တောက်ပါက စက်မောင်း၍ ပေးသွားမည်ဖြစ်သည်။ ယင်းနေရာများမှာ ဆိပ်ကမ်းနှင့် ကမ်းနားလမ်းများရှိလမ်းမီးများအတွက် မော်တင်ဓာတ်အားခွဲရုံ၌ မီးစက်တစ်လုံး၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းဆုံတွင် မီးစက်တစ်လုံး၊ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင် မီးစက်တစ်လုံး၊ ဗဟိုလမ်းအဝင်ဖြစ်သောပြည်လမ်း စော်ဘွားကြီးကုန်း CNG ဆိုင်ရှေ့တွင် မီးစက်တစ်လုံး၊ မြို့တော်ခန်းမနှင့် ကျောက်တံတားမြို့နယ် လုံခြုံမှုအတွက် ဆူးလေဘုရားလမ်းနှင့် မြဝတီဘဏ်ဘေးတွင် မီးစက်တစ်လုံး၊ ရန်ကင်းနှင့် တောင်ဥက္ကလာမြို့နယ်များအတွက် ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့်တွင် မီးစက်တစ်လုံး၊ လူဦးရေ ထူထပ်သော ကမာရွတ်မြို့နယ်အတွက် လှည်းတန်းလမ်း စည်ပင်ရုံးရှေ့၌ မီးစက်တစ်လုံး၊ သာကေတမြို့နယ်အတွက် သာကေတအဝိုင်းစသော နေရာများတွင်ဖြစ်သည်။

# မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အထူးကိုယ်စားလှယ်ဒဲရစ်မစ်ချယ်ကို ခန့်အပ်သွားမည်

**အေးမြကျော်**

**ရန်ကုန်၊ မေ-၂၀**

မြန်မာနိုင်ငံတွင် ၂၂နှစ်အတွင်း ပထမဆုံးသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် အထူးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သူ မစ္စတာဒဲရစ်မစ်ချယ်ကို နာမည်တင်သွင်း လိုက်ကြောင်း မေလ ၁၇ရက်က ဝါရှင်တန်တွင်ပြုလုပ်သော အမေရိကန်နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးနှစ်ဦး၏ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။

“အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်က ရာထူးသစ်အတွက်မြန်မြန်ဆန်ဆန် အတည်ပြုပေးဖို့ကျွန်မတိုက်တွန်းပါတယ်”ဟု သတင်းစာ ရှင်းလင်းပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်အဖြစ် အမေရိကန် အထက်လွှတ်တော်မှ အတည်ပြုပေးသည်နှင့် ရန်ကုန်မြို့ အမေရိကန် သံရုံးတွင် ရုံးထိုင်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး အထက်လွှတ်တော်မှ အတည်ပြုပေးမည်ကို စောင့်ဆိုင်းနေကြောင်း ရန်ကုန်မြို့ အမေရိကန်သံရုံးမှ သိရသည်။

ဒဲရစ်မစ်ချယ်သည် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ ဟီလာရီကလင်တန် သည် သမိုင်းဝင် ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်စဉ် ဇန်နဝါရီ ၁၃ရက်က မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် နှစ်ပေါင်း ၂၀ကျော်ကြာ ယာယီသံရုံး တာဝန်ခံသာ ထားရှိခဲ့ရာမှ အမေရိကန်သံအမတ် ခန့်အပ်သွားမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

# ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် နည်းဥပဒေများ အမြန်ပြဋ္ဌာန်းပေးရန်လို

**အိဖြူလွင်**

**ရန်ကုန်၊ မေ-၂၁**




ဓာတ်ပုံ-ညီညီဇော်

ယခုရက်ပိုင်း၌ဆက်တိုက်ဖြစ်ပေါ်နေသော ဆန္ဒဖော်ထုတ် စီတန်းလှည့်လည်မှုများ တရားဝင် ဖြစ်စေရန်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဆိုင်ရာ နည်းဥပဒေများ အမြန်ဆုံး ပြဋ္ဌာန်းပေးရန် လိုအပ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

ပြည်သူများ မိမိဆန္ဒကို ဒီမိုကရေစီ သဘောတရားအရ ထုတ်ဖော်ခွင့် ရရှိစေရန်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သော်လည်း နည်းဥပဒေအသေးစိတ်များအား ရေးဆွဲနေဆဲဖြစ်သည်။

ဆန္ဒပြခွင့်မပြုခဲ့သည့် သတင်းများလည်း သိရှိရသည်ဟု ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောကြားသည်။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို ပြဋ္ဌာန်းပြီးနောက် အသေးစိတ်နည်းဥပဒေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။ လွှတ်တော်သို့တင်ပြသည့် နေ့မှစ၍ ရက်ပေါင်း ၉၀တွင် လွှတ်တော်မှ အတည်ပြုသည်ဖြစ်စေ အတည်မပြုသည်ဖြစ်စေ နည်းဥပဒေသည် အတည်ပြုသည်ဖြစ်သည်။

မေလ ၇ ရက်တွင် ရန်ကုန်မြို့ရှိ ဆံပင်တုစက်ရုံတစ်ရုံမှ အလုပ်သမားများ ဆန္ဒပြမှုမှ စတင်ခဲ့သော လူထုဆန္ဒ ဖော်ထုတ်သည့် ဆန္ဒပြမှုများသည် နေ့စဉ်ရက်ဆက်ဆိုသလိုပင် ဖြစ်ပွားခဲ့ပြီး မန္တလေးမြို့တွင်လည်း လျှပ်စစ်မီး လုံလောက်စွာ မရရှိမှုကြောင့် မြို့သူမြို့သားအများစုပါဝင်ခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။

ဆန္ဒပြမှုများသည် ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် ထူးဆန်းသည့် ကိစ္စမဟုတ်ဘဲ ဆန္ဒပြသူများ အနေဖြင့် ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် သက်ဆိုင်ရာ ဥပဒေများ ထုတ်ပြန်ရန် လိုအပ်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းရမည့် အဖွဲ့အစည်းများကိုလည်း အမြန်ဆုံးဖွဲ့စည်းပေးရန် လိုသည်ဟု ပွင့်လင်းသော လူ့အဖွဲ့အစည်း လှုပ်ရှားသူများ၏ ဦးဆောင်သူတစ်ဦးဖြစ်ပြီး ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် ကိုဂျင်မီက ပြောသည်။

အလုပ်သမားများ ဆန္ဒပြသည့် ကိစ္စများတွင်လည်း မတ်လတွင် ပြဋ္ဌာန်းလိုက်သည့် အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ဆိုင်ရာ ဥပဒေ၏ နည်းဥပဒေတစ်ခုဖြစ်သည့် အလုပ်သမားရေးရာ ဖြေရှင်းမှု နည်းဥပဒေ အခန်း ၃ ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရက ဖြေရှင်းပေးမည့် ကော်မတီကို ဖွဲ့စည်းပေးရမည်ဖြစ်သည်။

နည်းဥပဒေ ထွက်ရှိပြီးသော်လည်း ကော်မတီကို မဖွဲ့စည်းရသေးသည့်အတွက် အလုပ်သမားများ ဆန္ဒပြမှုများကို ထိရောက်စွာ မဖြေရှင်းပေးနိုင်ခြင်းဖြစ်ပြီး ဆန္ဒပြမှုများကိုလည်း ဥပဒေနှင့်အညီ မဟုတ်ဟု ပြော၍မရကြောင်း ကိုဂျင်မီက ပြောကြားသည်။

ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းသည် နိုင်ငံတော်အပေါ် တစ်စုံတစ်ရာ သက်ရောက်မှုများ မရှိနိုင်ဘဲ ဒီမိုကရေစီ အခွင့်အရေးအရ ဖြစ်ပေါ်လာခြင်းများသာဖြစ်သည်။ ထိုသို့ ဆန္ဒဖော်ထုတ်ခြင်းများသည် ဒီမိုကရေစီစနစ် ကျင့်သုံးနေသည့် မြန်မာနိုင်ငံတွင် ကြာပါက ရိုးသွားမည်သာဖြစ်သည့် သမားရိုးကျ ကိစ္စသာဖြစ်သည်ဟုလည်း ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

ထိုသို့ ဆန္ဒဖော်ထုတ်မှုများ ရက်ဆက်ဖြစ်လာနေခြင်းနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲနေသည့် နိုင်ငံရေးတွင် တစ်စုံတစ်ရာ ထိခိုက်မှုများရှိလာနိုင်မည်ကို စိုးရိမ်နေသည့် သူများလည်း ရှိနေပြီး “ကျွန်တော်တို့ကို ကိုယ်ချင်းမစာဘူးလို့ ဆန္ဒပြတဲ့ သူတွေက ပြောနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ကလည်း ဒါတွေအရမ်းများလာပြီး တစ်ချိန်စည်းကမ်း မရှိတဲ့ သူတွေပါလာရင် အခုဖြစ်နေတာတွေ နောက်ပြန်ရောက်သွားမှာကိုတော့ တကယ်စိုးရိမ်တယ်”ဟု အစိုးရဌာနတစ်ခုမှ လက်ထောက်မန်နေဂျာတစ်ဦးက ပြောကြားခဲ့သည်။

# ဆိုင်ခန်း ၂၀၀ကျော် မီးလောင်ခဲ့သော ငွေစျေးပြန်လည်တည်ဆောက်ရေး ညှိနှိုင်းမည်

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၂၂**

တစ်စျေးလုံးနီးပါး လောင်ကျွမ်းခဲ့သည့် စမ်းချောင်းမြို့နယ်တွင်းမှ ငွေစျေး(ရှမ်းလမ်းစျေး)ပြန်လည်တည်ဆောက်ရေးကိုမေလ ၂၄ ရက်တွင် စျေးသူစျေးသားများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီစျေးများဌာနတို့ အစည်းအဝေးပြုလုပ်ကာ ဆွေးနွေးညှိနှိုင်းသွားမည်ဟု စျေးတာဝန်ခံရုံးမှ စုံစမ်းသိရသည်။

မေလ ၁၈ရက် နံနက် ၁နာရီကျော်က စတင်လောင်ကျွမ်းခဲ့သော မီးကြောင့် ငွေစျေးရှိ ဆိုင်ခန်းပေါင်း ၂၂၃ ခန်း မီးလောင်ခဲ့ပြီး စျေးတောင်ဘက်ရှိ သားငါးတန်း အဆောင်သာ ကျန်ရှိခဲ့ကာ ကျပ် ၃၄၉ဒသမ၅သိန်းကျော်ဆုံးရှုံးခဲ့သည်ဟုရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနက ခန့်မှန်းတွက်ချက်သည်။ ယခုအခါ မီးလောင်ခဲ့သော စျေးအတွင်းပိုင်းကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စျေးအသစ်ပြန်ဆောက်မည့်ကိစ္စကိုမူ ဆုံးဖြတ်ချက်ချမှတ်ရခြင်း မရှိသေးကြောင်း စျေးတာဝန်ခံရုံးနှင့် စျေးသူစျေးသားများထံမှ သိရသည်။

မီးလောင်ကျွမ်းခဲ့ခြင်းကို စျေးသူစျေးသားအချို့က ရှို့မီးဟု သံသယရှိနေကြပြီး မီးမလောင်မီက စျေးကို အသစ်ပြန်လည်ဆောက်လုပ်ရန် ညှိနှိုင်းမှုများတွင် စျေးသူစျေးသား အများစုက ကန့်ကွက်မှုများ ရှိခဲ့ကြောင်း ငွေစျေးသူစျေးသားများက မီးလောင်ခဲ့သည့် နံနက်ပိုင်းက ပြောကြားသည်။

## တစ်ဖက်မှအဆက်

အဲဒါကြောင့် Print Media Law ပုံနှိပ်ဥပဒေပဲ လုပ်တော့မယ်။ အဲဒီအောက်မှာဆွဲလိုက်တယ်။ အဲဒီတော့မှ Press Council တို့ဘာတို့ပါလာတာ။ ဒုတိယအကြိမ်ပို့ထားတာ။ ရှေ့တစ်ပတ်ထဲ ကျွန်တော်တို့ သွားဆွေးနွေးရမယ်။ ဇွန်လထဲမှာ အစိုးရအဖွဲ့ကို တင်ပြမယ်။ အစိုးရက အတည်ပြုရင်ဇူလိုင်လလွှတ်တော်မှာ ထပ်တင်ပြမယ်။ လွှတ်တော်က အတည်ပြုလိုက်ပြီဆိုရင်ဩဂုတ်မှာနည်းဥပဒေထုတ်နိုင်အောင်လုပ်ရမယ်။ ဒါကဥပဒေဘက်ပေါ့။ တစ်ဖက်ကတော့ကောင်စီကရှိနေမယ်။

**အချို့မီဒီယာတွေကလည်း နေ့စဉ်ထုတ်အတွက်ပြင်ဆင်နေကြပြီဆိုတော့ သတင်းစာတွေရဲ့ အခြေအနေကရော ဘယ်လို ရှိပါလဲ။**

အဲဒါကတော့နှစ်ကုန်လောက်မှ ဖြစ်မလား ထင်ရတာပဲ။ ဥပဒေလည်း ထွက်ပြီးမှပေါ့လေ။ ချက်ချင်းလုပ်ဖို့တော့ မလွယ်ဘူးထင်တယ်။ တကယ်တော့ စာပေစိစစ်ဆိုတာ မရှိသင့်တော့ဘူး။ တကယ်လည်း စာပေစိစစ်က ပြောရင် နာလည်း နာခံတာမဟုတ်ဘူး။ စစ်သာစစ်နေရတာ။ တစ်ခါတလေ မူဝါဒအရဘာမှမဖြစ်ဘူး။ ပါသွားပြန်တော့လည်း ဘာမှမဖြစ်ဘူး။

ဒီခေတ်မှာ ဒါတွေကတော့ ဖျက်ဖို့ကောင်းပြီ။ အခုချိန်မှာ မထားနဲ့ ဆိုရင်တော့ ပြီးသွားပြီ။ စာပေစိစစ်က စာမစစ်တော့ရင် ဘာမှ ဝင်ပါစရာ မလိုတော့ဘူး။ မှတ်ပုံတင်ရတဲ့ဟာတော့ရှိမယ်။

**ပြင်ဆင်ဖတ်ရှုပါရန်**

7Day News ဂျာနယ် အတွဲ(11) အမှတ်(10) HIV ကူးစက်ခံရသူ တစ်နှစ်အတွင်း ၈,၀၀၀ ခန့်ရှိ သတင်းတွင် ၁၀၈,၀၀၀ နီးပါး သေဆုံးခဲ့သည်အစား ၁၈,၀၀၀ ဟုပြင်ဆင်သိမှတ်ပေးပါရန်နှင့်၊ Environment စာမျက်နှာတွင် ဖော်ပြခဲ့သည့် ‘ပတ်ဝန်းကျင်ကခပ်စိမ်းစိမ်း’ဆောင်းပါး၌ ဆောင်းပါးရှင် လွင်ချန်ဖြိုး(နတ်မောက်)ကလောင်အမည်၌မောင်ထွန်းလွင်(မိုးလေဝသ)ဟူ၍လည်းကောင်း မှားယွင်းဖော်ပြမိပါသဖြင့် ကာယကံရှင်နှင့် စာဖတ်ပရိသတ်အား အသိပေးတောင်းပန်အပ်ပါသည်။ **အယ်ဒီတာ**

7 DAY NEWS JOURNAL
Vol.11, No.11 • MAY 24 , 2012

# ကန်ဒေါ်လာ ၁၄၄ သန်း ကုန်ကျမည့် သုံးနှစ်စီမံကိန်းကို ဒုသမ္မတနှင့် ကုလဆွေးနွေး

အိဖြူမွန်

**ရန်ကုန်၊ မေ-၂၁**

အခြားနိုင်ငံများနည်းတူမြန်မာနိုင်ငံအား ပုံမှန်အကူအညီပေးမည့် အစီအစဉ်ကိုကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်UNDPကအကောင် အထည်ဖော်ရန် အမေရိကန် ဒေါ်လာ ၁၄၄ သန်း ကုန်ကျမည့် သုံးနှစ်စီမံကိန်း အဆိုပြုလွှာ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဆွေးနွေးခဲ့ကြောင်း UNDP မှပြန်ကြားရေးတာဝန်ခံဦးညီညီ ကပြောသည်။

မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ကုလသမဂ္ဂညွှန်ကြားရေးမှူးချုပ်၏ ပုံမှန်အကူအညီပေးရေး အစီအစဉ်ကိုUNDP ကပြင်ဆင်ထားရမည်ဟူသော ညွှန်ကြားချက်ထုတ်ပြန်အပြီးတွင် UNDP ဒုတိယအကြီးအကဲ အာရှပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုဒါရိုက်တာ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ လက်ထောက်က လုပ်ဆောင်ရမည့် လုပ်ငန်းများကို ထပ်မံလာရောက်ဆွေးနွေးခြင်း ဖြစ်သည်။

ကန်ဒေါ်လာ ၁၄၄ သန်း ကုန်ကျမည့်လုပ်ငန်းစီမံကိန်းများ၏ အဆိုပြုလွှာကို မြန်မာနိုင်ငံအနေဖြင့် လက်ခံ၊ မလက်ခံ သဘောထားကိုလာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း ရရှိလာသောသဘောထားမှတ်ချက် အဆိုပြုလွှာကို ဇွန်လတွင်ကျင်းပမည့် နိုင်ငံပေါင်း ၃၆ နိုင်ငံပါဝင်သော အစည်းအဝေးတွင် အကူအညီပေးရေးနိုင်ငံများနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းလင်းပြောကြားသည်။

"အခုသတင်းတွေထဲမှာ UNDPက မြန်မာနိုင်ငံကို ဒေါ်လာ ၁၄၄ သန်းက ကူညီပေးမယ်လို့ ဖော်ပြတယ်။ ကျွန်တော်တို့က Normal Country အစီအစဉ်အရအောင်ပြင် ဆင်နေတုန်း ဆွေးနွေးနေတုန်းပဲရှိသေးတယ်။ အခုကိစ္စကလည်း အဆိုပြုလွှာ Proposal တုန်းဆွေးနွေးတာပါ။ ၁၄၄ သန်းက လက်ထဲကို မရသေးပါဘူး။ အဆိုပြုလွှာကိုအခြားနိုင်ငံတွေရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ပိုက်ဆံအလှူခံရဦးမှာပါ" ဟု ဦးညီညီက ထပ်မံရှင်းပြသည်။

အဆိုပြုလွှာတွင် အမေရိကန်ဒေါ်လာ ၁၄၄ သန်းကိုသဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၊ အစိုးရအား နည်းပညာဆိုင်ရာ အကူအညီပေးရေး အစီအစဉ်ကို ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

UNDPက မြန်မာနိုင်ငံအား လူနေမှုဘဝ ဖွံ့ဖြိုးလာစေရန် စားနပ်ရိက္ခာထောက်ပံ့ခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ ဒေသအချို့တွင် တိုက်ရိုက်အကောင်အထည်ဖော်ကူညီခဲ့သည်။

UNDP ကပြည်တွင်း လူမှုရေးအဖွဲ့အစည်းမှတစ်ဆင့် အကူအညီပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တစ်နှစ်လျှင် ကန်ဒေါ်လာ ၂၅ သန်း နှုန်းဖြင့် ကူညီခဲ့သည်။ ယခုကူညီမည့် ပမာဏသည် ယခင်ကူညီထောက်ပံ့မှုထက်ပိုမိုများသော ပမာဏဖြစ်သည်။

အဆိုပြုလွှာတွင် ဖော်ပြထားသော ဒေါ်လာ ၁၄၄ သန်းသည် မြန်မာနိုင်ငံအစိုးရနှင့် UNDP မှ တိုက်ရိုက်အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် ကျခံသုံးစွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပထမအကြိမ် တွေ့ဆုံမှုအပြီး တိုက်ပွဲ ၁၇ ကြိမ်ဖြစ်ခဲ့ရခြင်းကို ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ရှင်းလင်း



**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ်** ဓာတ်ပုံ-သီဟ

သီဟ

**ကျိုင်းတုံ၊မေ-၁၉**

နေရာချထားရေးများကို ပီပီပြင်ပြင်လုပ်ဆောင်နိုင်ခြင်းမရှိ သည့်အတွက် ပထမအကြိမ်တွေ့ဆုံမှုအပြီးတွင် ထိတွေ့မှု ၁၇ ကြိမ်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောသည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် RCSS/SSA အဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ရွှေတြိဂံတိုင်းစစ်ဌာနချုပ်ညော့်ဂေဟာ၌ဒုတိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဦးအောင်မင်းက ပြောကြားသွားခြင်းဖြစ်သည်။

"အရင်က လက်မှတ်ထိုးတဲ့အချိန်တုန်းက နေရာချထားရေးကို ပီပီပြင်ပြင်မလုပ်နိုင်ခဲ့လို့ အချို့နေရာတွေမှာ တပ်ချင်းရောလို့ ထိတွေ့မှုဖြစ်တာပါ။ ထိခိုက်စေချင်လို့ သေစေချင်လို့မဟုတ်ပါဘူး" ဟု ဦးအောင်မင်းကပြောကြားခဲ့သည်။

ထို့ကြောင့် ယနေ့တွေ့ဆုံသည့် ဒုတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ကိုယ်တိုင်ပါဝင်၍ တပ်များနေရာချထားရေးနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ယခင်ဆွေးနွေးပွဲများတွင် ဒုတိုင်းမှူး၊စစ်ဦးစီးမှူးဗိုလ်မှူးကြီး အဆင့်ခန့်ဖြင့်သာ ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင်ပါဝင်ဆွေးနွေးသည့်အပြင် သက်ဆိုင်ရာတိုင်းသုံးတိုင်းမှ တိုင်းမှူးများလည်း ပါဝင်ကာ အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်ခဲ့သည့်အတွက် လာမည့်ကာလများတွင် မှားယွင်းမှုမရှိနိုင်တော့ကြောင်း ဦးအောင်မင်းက ပြောသည်။

# လက်နက်ကိုင်များအရေးသည် အနာဂတ်တွင် ဆွေးနွေးရမည့်ကိစ္စတစ်ရပ်ဖြစ်သည်ဟုဆို

သီဟ

**ကျိုင်းတုံ၊မေ-၁၉**

**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင်တာဝန်ထမ်းဆောင်နေကြသည့် လက်နက်ကိုင်များအရေးသည် အနာဂတ်တွင်ဆက်လက်ဆွေးနွေးရမည့်ကိစ္စရပ်တစ်ခုဖြစ်သည်ဟု ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့လုပ်ငန်းကော်မတီမှ ဒုတိယဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောသည်။**

ထာဝရငြိမ်းချမ်းရေး ရရှိပြီးနောက်တွင် တပ်မတော်သည် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်လာပြီးသည့်နောက် တိုင်းရင်းသားလက်နက်ကိုင်များအား တစ်ချိန်ကရှိခဲ့ဖူးသည့် ရှမ်းသေနတ်ကိုင်တပ်ရင်း၊ ကချင်သေနတ်ကိုင်တပ်ရင်း၊ချင်းသေနတ်ကိုင်တပ်ရင်း အစရှိသည့် တိုင်းရင်းသားလူမျိုးများ၏ နာမည်အလိုက် သေနတ်ကိုင်တပ်ရင်းများရှိခဲ့ဖူးသကဲ့သို့ ပြန်လည်ဖွဲ့စည်းမည်ဆိုကလည်း ဖြစ်နိုင်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါတိုင်းရင်းသားလက်နက်ကိုင်များသည် သက်ဆိုင်ရာနယ်မြေများတွင် အကောက်ခွန်ဌာနတွင်သော်လည်းကောင်း၊လူဝင်မှုကြီးကြပ်ရေးဌာနတွင်သော်လည်းကောင်း၊ ရဲတပ်ဖွဲ့တွင်သော်လည်းကောင်း တာဝန်ထမ်းဆောင်ခွင့်များရရှိနိုင်မည်ဟုပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကပြောသည်။

ပြည်ထောင်စုဝန်ကြီးက ကျိုင်းတုံမြို့နယ်ရှိ ရွှေတြိဂံတိုင်းစစ်ဌာနချုပ်၌ ပြုလုပ်သည့် RCSS/SSA အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်များ၏အနာဂတ်နှင့်ပတ်သက်၍ သတင်းထောက်တစ်ဦး၏မေးခွန်းအား ဖြေကြားရာ၌ အထက်ပါအတိုင်းဖြေကြားသွားခြင်းဖြစ်သည်။

# ရှမ်းပြည်တပ်မတော်က အစိုးရနှင့်ပူးပေါင်း၍ မူးယစ်တိုက်ဖျက်ရေးစီမံကိန်း ဆောင်ရွက်နေဟုဆို

သီဟ

**ကျိုင်းတုံ၊မေ-၁၉**

ဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ်ဦးဆောင်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကော်မတီ၊ရှမ်းပြည်တပ်မတော်(RCSS/SSA)က နိုင်ငံတော်အစိုးရနှင့်အတူ မူးယစ်ဆေးဝါးအမြစ်ဖြတ်တိုက်ဖျက်ရေးလုပ်ငန်း စီမံချက်တစ်ရပ်အား ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါး အမြစ်ဖြတ်တိုက်ဖျက်ရာတွင် တိုက်ဖျက်ခြင်း ငါးမျိုး၊အားပေးခြင်း သုံးမျိုး၊တားမြစ်ခြင်း ခြောက်မျိုး နည်းလမ်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း စီမံကိန်းတွင် ရေးဆွဲပါရှိသည်။

အလားတူ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ရုံးများကိုလည်း ရှမ်းပြည်နယ်၏မြို့နယ် ၃၁ မြို့နယ်တွင် ထားရှိမည်ဖြစ်ပြီး အဆိုပါရုံးများတွင် RCSS/SSA အဖွဲ့မှ ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ RCSS/SSA အဖွဲ့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းကာလကို ခြောက်နှစ် သတ်မှတ်ထားကြောင်း သိရသည်။

RCSS/SSAအဖွဲ့က ယနေ့ပြုလုပ်သည့်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အဆိုပါ စီမံကိန်းအား တင်ပြလာခြင်းဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီက နိုင်ငံတော်အကြီးအကဲသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူကြောင်းပြန်ကြားခဲ့သည်။

# ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံက အပေါ်စီးယူထားခြင်းကို ကုန်သွယ်ရေးသဘောတူညီချက်ဖြင့် ထိန်းရန်လို

အောင်သူရ

**ရန်ကုန်၊ မေ-၂၁**

တရုတ်-မြန်မာကုန်သွယ်ရာတွင် တရုတ်နိုင်ငံက အပေါ်စီးပြုလုပ်မှုများရှိသဖြင့် Trade Agreement (ကုန်သွယ်မှုသဘောတူညီချက်) လုပ်ရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေးခေါင်းဆောင်ဒေါက်တာဦးမြင့်က ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်ရုံးတွင် မေ ၁၈ ရက်ကပြုလုပ်သော Rise of China and its Implication for Neighbouring Countries ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲ၌ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"Trade Agreement လုပ်ပြီးမှ သူတို့က ကျွန်တော်တို့ကို အပေါ်စီးလုပ်တာတွေ ပိတ်ပစ်ချင်တယ်။ ဒါတွေကိုပြန်ပြီးထိန်းချင်တယ်။ Agreement ထိုးလိုက်ပြီးတော့ပေါ့"ဟု ဒေါက်တာဦးမြင့်က ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော နိုင်ငံဖြစ်သော်လည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံက တင်ပို့သော ဆန်အပါအဝင် လယ်ယာထွက်သီးနှံများအား တရားဝင်တင်သွင်းခွင့်မပြုပေ။

ထိုအပြင် တရုတ်နိုင်ငံပြည်မမှ ကုန်သည်များအား တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး အဓိကလုပ်ကိုင်သော ရွှေလီမြို့သို့ လာရောက်ခွင့်မပြုပေ။

"ဖရဲသီးဆို တရုတ်က မြန်မာနိုင်ငံမှာ နည်းမျိုးစုံနဲ့ ဝင်ပြီးလာစိုက်တယ်။ တရုတ်တွေ စိုက်တဲ့ ဖရဲသီးကို တစ်လုံးတစ်ထောင်ပေးရင် အလုံးချင်းအတူတူ တိုင်းရင်းသားတွေ စိုက်တဲ့ ဖရဲသီးကို တစ်လုံး ငါးရာပဲပေးတယ်။ သူတို့ အချင်းချင်း ညှိလုပ်ကြတာ"ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

ထို့အပြင် အခြားတင်ပို့သော ပစ္စည်းများနှင့်ပတ်သက်၍ "သူတို့သဘောထားက ကျွန်တော်တို့ဆီက ကုန်ကြမ်းပဲယူမယ်။ ကုန်ချောလာမပို့နဲ့ သဘောမျိုးဗျ"ဟု ဆန်တင်ပို့နေသူ မူဆယ်ဒေသခံကုန်သည်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းအများဆုံးတင်ပို့သော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံသို့တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၂၅၈ သန်းတန်ဖိုးတင်ပို့ခဲ့ပြီး မြန်မာဖက်မှ ကုန်သွယ်မှုကွာခြားချက် အမေရိကန်ဒေါ်လာ ၆၄၁ သန်းရှိခဲ့သည်။